
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၉၆၀၀၆၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၂၈၀၆၀၉

◆◆◆

ပုံနှိပ်ခြင်း

ထုတ်ဝေသည့်အကြိမ် - ဒုတိယအကြိမ်

အုပ်ရေ - ၅၀၀

◆◆◆

မျက်နှာဖုံးဒီဇိုင်း - အောင်လွင်

◆◆◆

ပုံနှိပ်တိုက်

ဦးဇော်မင်းအေး (ဇော် - ပုံနှိပ်တိုက်)

၃၈၆/အင်ကြင်းမြိုင်လမ်း၊

သယ်န်းကျွန်း၊ ရန်ကုန်မြို့။

◆◆◆

ထုတ်ဝေသူ

ဦးကျော်ဟင်း (ယုံကြည်ချက်စာပေ)

အမှတ် ၁၁၁/၃၃ လမ်း၊ ကျောက်တံတား၊ ရန်ကုန်မြို့။

◆◆◆

တန်ဖိုး ၁၇၀၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com

**ထုတ်ဝေပြီးစာအုပ်များ**

၁။ ဂျပန်ခေတ် စစ်ပညာတော်သင်တစ်ဦး (ဗိုလ်မှူးကြီး (တောင်း) တင်မောင်) (တတိယအကြိမ်)

၂။ သွေးလမ်းသစ္စာ (နီလေးမောင်) (ဒုတိယအကြိမ်)

၃။ အဏ္ဏဝါစိုးမိုး၏ ဝတ္ထုတိုများ

၄။ ပြေးနှင့်ဂန္ထဝင်မြောက်ဝတ္ထုတိုများ (မောင်ထွန်းသူ) (ဒုတိယအကြိမ်)
FLIGHT AND OTHER CLASSICAL SHORT STORIES BY JOHN STEINBECK

**ယခု**

၅။ စိတ္တဇသားကောင် (ဝင်းနိုင်ဦး - ရေနံ) (ဒုတိယအကြိမ်)
THE NAKED FACE BY SIDNEY SHELDON

**ဆက်လက်ထုတ်ဝေမည့် စာအုပ်များ**

၆။ နတ်မိမယ်လား ဝိုးတဝါး (မောင်ထွန်းသူ)
THE MARK OF THE ANGEL BY NANCY HUSTON

၇။ ချစ်ပန်းဂန္ဓမာနှင့် ရွှေဂန္ထဝင် ဝတ္ထုတိုများ (ဝင်းနိုင်ဦး - ရေနံ)
THE CHRYSANTHEMUMS BY JOHN STEINBECK

၈။ နံ့သာနီတောင်ပိုင်းသခင်မ (ဝင်းနိုင်ဦး - ရေနံ)
THE DESCENT OF THE GOD BY MAURICE COLLIS

THE NAKED FACE
by
SIDNEY SHELDON

# စိတ္တဇသားကောင်

ဝင်းနိုင်ဦး (ရေနံ)
မြန်မာပြန်

(ဒုတိယအကြိမ်)

www.burmeseclassic.com

www.burmeseclassic.com



ဤစာရေးဆရာနှင့် ပတ်သက်၍ ...

"ဆစ်ဒနီရှယ်လ်ဒန်" . . . SIDNEY SHELDON

ဒီစာရေးဆရာအကြောင်း၊ ဘာကြောင့်လူတိုင်းပါးစပ်ဖျားမှာ၊ ဒီနေ့ရေပန်းစား ပြောနေကြပါလိမ့် . . . ဒီလိုလေ . . ကမ္ဘာ့လျှို့ဝှက်သဲဖိုမှုခင်း ဝတ္ထုလောကကို၊ ဂယက်ရိုက်သွားစေတဲ့ စာရေးဆရာတဲ့ . . .'

သူ့စာအုပ်အရောင်းစံချိန်က အုပ်ရေ (၆,၀၀၀,၀၀၀) ကျော်တဲ့ . . .

တစ်ခါမျှမကြားဘူးတဲ့၊ အရောင်းအစွံဆုံးစာအုပ်ရဲ့ စာရေးဆရာမို့၊ သူ့ကို (Super Seller) စာရေးဆရာလို့ အမည်ပေးလိုက်ကြတယ် . . .

သူ့ရေးဟန်က သွက်လက်တယ်။ ဇာတ်တောင်တွေရဲ့ သရုပ်ပီပြင်တယ်။ လှုပ်ရှားမှုတွေက မြန်ဆန်လွန်းတယ်။ ဇာတ်လမ်းအချိတ်အဆက်၊ အလှည့်အပတ်၊ ပိရိတယ်။ နောက်ဆုံး . . အဲ . . နောက်ဆုံးစာမျက်နှာအထိ၊ စာဖတ်သူတွေကို စာအုပ် လက်က မချနိုင်အောင် ဆွဲခေါ်သွားနိုင်တယ် . . .

သူ့စာအုပ်တွေ အရောင်းစွံလွန်းတော့ နေ့ချင်းညချင်း (မီလျံနာ) သန်းကြွယ်သူဌေးဖြစ်သွားလို့၊ စာမက်မရေးဘဲ၊ အနားယူနေထယ်။ ဒါပေမဲ့ ထုတ်ဝေသူတွေက သူ့နောက်ကို တကောက်ကောက်လိုက်ရင်း၊ စာမူခကြိုက်သလောက်ယူဖို့၊ (Blank Cheque) တွေ လက်မှတ်ရေးထိုး ပေးထားရတဲ့အထိတဲ့ . . .

ဒီတော့ . . .

Sheldon ဘာကြောင့်နာမည်ကြီးရတယ်ဆိုတာ သိရအောင် ဒီစာအုပ်ရဲ့အစ စာမျက်နှာလေးငါးရွက်ကို၊ ငါးမိနစ်လောက်၊ အချိန်ပေးပြီး၊ မြည်းစမ်းကြည့်ပါလို့ . . .





စာအုပ်နှင့်ပတ်သက်၍ ...

တကယ်တော့ Sidney Sheldon ကို စာပေနယ်အရောက် ထမဆုံးမြှင့်တင်ပေးလိုက်တဲ့ စာအုပ် (The Naked face) စာအုပ်ပါ။

သူ့ဝတ္ထုရေးတဲ့အချိန်မှာ သူ့အသက်က (၅၃) နှစ် . . . ဟောလိဝုဒ်ရုပ်ရှင်မြို့တော်မှာ၊ ဇာတ်ညွှန်းရေးဆရာအဖြစ် ၅) နှစ်ကျော်၊ ကျင်လည်ခဲ့ပြီးမှ၊ ဝတ္ထုစပြီးရေးတော့၊ သူ့အတွေ့ ကြုံတွေက ရင့်ကျက်ပြီး ဖြစ်နေပြီလေ . .

ပထမဆုံးစာအုပ်နဲ့ပဲ သူ့နာမည်ကြီးအောင်မြင်သွားတယ် . . .

ဇာတ်ညွှန်းရေးဆရာဘဝတုန်းကလဲ သူ ထင်ရှားခဲ့တာပဲ၊ သူ့ရဲ့ "The Bachelor and the Bobby Soxer" ဇာတ်ကား၊ ဇာတ်ညွှန်းဆိုရင်၊ အော်စကာရွှေစင်ဆုတောင် ရရှိခဲ့သေးတယ်။

သူ့ဘဝကို အသက် (၁၂)နှစ်ကစပြီး၊ ရုန်းကန်လှုပ်ရှားခဲ့တယ်၊

BURMESE CLASSIC .com

သူ့အသက် (၃၇) နှစ် . . .

အဲဒီအချိန်မှာ၊ သူမွေးဇာတိ၊ အမေရိကန်ပြည်၊ ရှိကာဂိုမြို့က နယူးယောက်မြို့တော်ကြီးကို၊ စတင်ခြေဆန့်ထွက်ခွာခဲ့တယ် . .

ပထမတော့ တေးပြုစာဆိုလုပ်မလို့ပေါ့။ ဒါ သူ့ရည်ရွယ်ချက် . .

ဒီလိုနဲ့ နယူးယောက်မြို့ (၁၄)လမ်းက၊ ဂျက်ဖာဆင်ဇာတ်ရုံမှာ လုပ်ဝင်လုပ်ခဲ့တယ်။ အဲဒီတုန်းက၊ သူ့ကိုဆီမှာ တာဇံ တောတွင်း တ်ကားတွေ၊ အတော်ခေတ်စားနေတယ်။ အဲဒီတာဇံ ဇာတ် ားတွေထဲက၊ တာဇံမင်းသားရဲ့အော်သံတွေကို၊ ပိတ်ကား ာက်ကွယ်ကနေ Sheldon ကအော်ပြီး ပေးခဲ့ရတာ သူ့မှတ်မိ တုန်းပဲတဲ့ . . .

နောက်တော့ ဟောလိဝုဒ်ရုပ်ရှင်မြို့တော်ကိုပြောင်းပြီး၊ ဇာတ် န်းတွေရေးတော့မှ၊ သူ့နာမည်ကြီးလာတယ်။ မကြာခင်မှာ



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ဘဝတူ၊ အနုပညာလောကက၊ ရုပ်ရှင်မင်းသမီး 'ဖေ
ဂျာကပ်တ်ရိုက်' ကို သူ့ဘဝခရီးဖော်အဖြစ် ရွေးချယ်လိုက်တ
သည့်နောက် . . ,

သူဝတ္ထုတွေ ဆက်ရေးတယ်၊ သိပ်တော့မများပါဘူး. . .

"The Stranger in the Mirror" "The Other Sid
of Midnight" စာအုပ်နဲ့ 'Bloodline' စာအုပ်တွေ . . အ
အတွက်နည်းပေမယ့် အောင်မြင်တာကတော့စံချိန်တင်ယူတယ်

သူ . . . ဝတ္ထုရေးဖို့ဆိုပြီး ရောမမြို့အနီးမှာရှိတဲ့ (၁၆) ရာ
နှစ်က ရဲတိုက်အိုကြီးကို၊ တစ်လဒေါ်လာ(၅၀၀၀)နှုန်းနဲ့ ငှားရမ်း
လိုက်တယ်။

ဒီနေ့ဆိုရင်၊ သူ့အဖိုမိလျှံနာ (သန်းကြွယ်သူဌေး) ဘဝ ရော
နေပြီ။ နောက်ပြီး ဂျပန်ပြည် တိုကျိုမြို့မှာ၊ ဖယောင်းရုပ် ပြတိ
ကြီးတစ်ခု တည်ဆောက်ထားတယ်။ အမေရိကန်ပြည် တင်နက်
နယ်မှာ ရုပ်မြင်သံကြားဌာနခွဲ (၅) ခု၊ ဖွင့်လှစ်တည်ထောင် ပိုင်ဆို
နေပြီလေ . . .

တကယ်တော့ Sheldon ရဲ့၊ ဝတ္ထုရေးပုံက၊ အားကျလော
တယ်။ စံနမူနာယူသင့်တယ်။ ဇာတ်လမ်းတစ်ပုဒ်မရေးခင်
နောက်ခံအချက်အလက်တွေကို၊ စုဆောင်းသုတေသန ပြုတယ်
ဇာတ်ဝင်ခန်းပါ၊ ဒေသ၊ အဆောက်အဦ၊ ခရီးစဉ်၊ ယာဉ်အမျိုး
အစားကအစ၊ အသေးစိတ် ချယ်မှုန်းတင်ပြတယ်။ ဇာတ်လမ်း
ကို ဘယ်မှာဆုံးမယ်လို့ တင်ကြိုသတ်မှတ်မထားဘူး။ ဇာတ်
ကောင်တွေရဲ့ အားရှိသလောက် လှုပ်ရှားစေတယ်။ နောက်ပြီး
ဇာတ်လမ်းတစ်ပုဒ်ကို အနည်းဆုံး (၁၅) ကြိမ်ပြန်ဖတ်ပြီး၊ အထပ်
ထပ်ပြင်တယ်။ ဖြတ်တယ်။ စကားလုံးတွေ အလှပဆုံး၊ အပြောင်
မြောက်ဆုံးဖြစ်အောင် ရွေးချယ်တယ်။

သူ့အားအရဆုံးစာအုပ်က "The Other Side of Midnight" ပ
တဲ့။ ဇာတ်လမ်းအကျဉ်းနဲ့ ပတ်သက်လို့ သူစကားလုံး ရွေးချယ်
တင်စား၊ ဖွဲ့နွဲ့ထားပုံလေးတွေကို ကြည့်ပါဦး . . ဒီလို. .





"ရေခြား၊ မြေခြား ...ဥရောပနှင့် အမေရိက ဒေသနှစ်ခုမှ
သားလေးဦး၏၊ ဆက်နွယ်ယှက်သန်းခဲ့သော၊ တရိုက်မက်မက်၊
ဇာတ်လမ်းတစ်ပုဒ် ...

သို့တည်းမဟုတ် ...

ပါရီနှင့် ဝါရှင်တန် ..ချမ်းငြိမ်းသော၊ ဥရောပအနောက် ရပ်ဝန်း
အသိုင်းအဝိုင်းကလေးတစ်ခု ...ဂရိနိုင်ငံ တစ်နေရာမှ စံအိမ်ကြီး...
နောက်ပြီး ..

လူမဆန်သော၊ ကြမ်းတမ်းမှု၊ ယုတ်မာမှု၊ ရက်စက်မှု၊ လှည့်ဖျား
လျှို့ဝှက်မှုများဖြင့် ဖွဲ့နှောင်ထားသည့်၊ မေတ္တာပင့်ကူ အိမ်ကြီး
တွင်းမှ လူသားသုံးဦး ...

သို့တည်းမဟုတ် ...

နာမည်ကျော် ရုပ်ရှင်မင်းသမီးချောလေးတစ်ဦး။ ဂရိသန်းကြွယ် သူဌေး
တစ်ဦးနှင့် မြူးပွေသူ လေယာဉ်မှူးလေးတစ်ဦးတို့အကြောင်း ...

သည့်နောက် ...

သူတို့သုံးဦးအကြား ဖျာများခဲ့ရသည့် အပြစ်မဲ့သော အချစ်ကို
ခွယ်တတ်သော၊ အမေရိကန်သူ လှပျိုဖြူကလေး 'ကက်သရင်း'

သို့တည်းမဟုတ် ...

ချုတ်ထွေးခြင်းနှင့် သစ္စာမဲ့ခြင်း။ မြတ်နိုးခြင်းနှင့် ရွံမုန်းခြင်း။
ရှားခြင်းနှင့် ချုပ်ငြိမ်းခြင်း။ စသည် ...စသည်... သမုဒယ
တာအလည်၌ မှောင်မှောင်မဲမဲ မရဲတုံတုံ လျှောက်လှမ်းရင်း ...
ယ်ချောက်များ ကြောက်အားပိကာ ဘဝစတေးခံခဲ့ရရှာသော
သားကောင်မလေးတစ်ဦး၏ ရင်နင့်နာကျည်းဖွယ်ရာ ဇာတ်လမ်း
ပုဒ် .." တဲ့။

အခု . . .

စိတ္တဇသားကောင် (The Naked Face) ဇာတ်လမ်းကျ
ဘူ . . . ,

မေတ္တာများစွာဖြင့်
ဝင်းနိုင်ဦး (ရေနံ)



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

အရှေ့တက် ကာလမှစ၍ နှင်းမှုံနှင်းဖွဲ့ကလေးများဖြင့် ဖြန့်ကြဲပိတ်ဖုံးနေခဲ့ရာမှ နံနက် ၁၁ နာရီထိုးရန် ၁၀ မိနစ်အလို ခန့်တွင် နှင်းမိုးများ ရွတ်တရက်ပိုမိုကျဆင်းကာ လွှမ်းခြုံသွားသည်။ နှင်းမိုးရည်များ အစဉ်မပြတ် ကျဆင်းမှုကြောင့် နယူးယော့မြို့ မန်ဟက်တန်ရပ်ကွက် လမ်းမကြီးငယ်များပေါ်တွင် ညိုညစ်သောနှင်းရည်ပျော့ပျော့များက ဖုံးအုပ်လျက်ရှိသည်။

တစ်ချက် တစ်ချက်တွင် ဆောင်းလေပြေလေရှူးက စူးစူးရှရှ ဝှေ့ရမ်းတိုက်ခတ်လိုက်လေရာ ခရစ္စမတ်ပွဲတော်အတွက် ဈေးဝယ်နေကြသူတို့မှာ နွေးထွေးခြောက်သွေ့မည့် မိမိတို့၏ နေအိမ်များသို့ အသော့အလျင် ပြန်ကြရန် ခြေဦးလှည့်နေကြ ပေပြီ။

လက်ဇင်တန်ရိပ်သာ လမ်းပေါ်တွင် ခရစ္စမတ်ပွဲတော်အတွက်ဈေးဝယ်သူများနှင့်အတူ ပိန်ပိန်ပါးပါး အရပ်ရှည်ရှည် မီးကာအင်္ကျီ အဝါရောင်ကို ဝတ်ထားသူတစ်ဦးသည်လည်း ရောနှောလျှောက်သွားလျက် ရှိသည်။ သူ့အဖို့ လျင်မြန်စွာ လျှောက်နေသော်လည်း အအေးဒဏ်မှ လွတ်မြောက်ရန် အိမ်သို့သုတ်ခြေတင်နေသူများထက် မမြန်ဆန်လှပေ။ သူသည် ဦးခေါင်းကို မော့လျက် သူ့ကိုတိုးဝှေ့သွားနေသူများကို သတိပြုဟန်မတူ။

သူ့ဘဝတွင် ယခုအချိန်၌ တစ်သက်လုံးခံစားနေရသည့် ဝဋ်ဒုက္ခကြီးမှ လွတ်ပြီကျွတ်ပြီဖြစ်သဖြင့် အိမ်သို့ပြန်ပြီး ဇနီးသည် မာရီကို သူတို့ဒုက္ခဇာတ်လမ်းမှာ အပြီးသတ်ပြီဟု ဝမ်းသာအားရ ပြောရန်အားခဲလာခဲ့သည်။ သူ့အတိတ်ကို မြှုပ်နှံခဲ့ပြီးဖြစ်ရာ အနာဂတ်



www.burmeseclassic.com

www.burmeseclassic.com



လင်းရောင်ခြည်မှာ တောက်ပြောင်လျက်ရှိနေပေပြီ။ ထိုမှသာ မက သည်သတင်းကို ပြောပြလိုက်ပါက မာရီ၏မျက်နှာကလေး ဝင်းထိန်သွားမည့်အရေး တွေးတောကြည်နူးနေမိသည်။

၅၉ လမ်းထောင့်အရောက်တွင် အချက်ပြလမ်းမီးက နီသွားသဖြင့် စိတ်မရှည်သောလူစုနှင့်အတူ ရပ်စောင့်နေလိုက်သည်။ ထိုစဉ်တွင် တစ်စုံတစ်ယောက်က သူ၏ကျောနောက်ပြင်ကို ရိုက်လိုက်ရာ သူတစ်ကိုယ်လုံး တုန်ခါသွားပြီး စူးရှနာကျင်သွားသည်။ ခရစ္စမတ်ပွဲတော်အကြို အပျော်လွန်လာသူ အမူးသမားတစ်ယောက်ယောက်က သူ့အားခင်မင်မှုကို ပြလိုက်တာများလေလား။

ဒါမှမဟုတ် သူ့သူငယ်ချင်း ဘရစ်ရှိုက်များလား။

ဘရစ်ရှိုက်သည် ကျန်းမာသန်စွမ်းပြီး ကလေးကလားနှင့် သူ့ကိုယခုကဲ့သို့ နာကျင်အောင်ပြုတတ်သည်။ သို့ပေတည့် ဘရစ်ရှိုက်နှင့် မတွေ့ခဲ့သည်မှာ တစ်နှစ်ကျော်ခဲ့ပြီ။

သူသည် မည်သူကများသူ့ကို ရိုက်လိုက်ပါလိမ့်ဟု ဦးခေါင်းကိုလှည့်လိုက်ရာ သူ၏ဒူးများမှာ မခိုင်တော့ဘဲ ပျော့ခွေလာသည်ကို အံ့အားသင့်စွာ ခံစားလိုက်ရသည်။

နောက် တဖြည်းဖြည်းနှင့် လမ်းနံဘေးသို့ ယိုင်လဲကျသွားတော့သည်။

သူ့ကျောမှဒဏ်ရာက နာကျင်စူးရှလာပြီး တဖြည်းဖြည်း တစ်ကိုယ်လုံးသို့ ပျံ့နှံ့သွားသည်။ အသက်ရှူရ ခက်ခဲလာသည်။ သူ့မျက်နှာရှေ့တွင်မူ တဒေါက်ဒေါက်နှင့်သွားနေကြသည့် ဖိနပ်များကိုမြင်ရပြီး ဖိနပ်သံများကြားနေရသည်။ လမ်းမပေါ်သို့ လဲကျ





နေရာမှ သူ့ပါးပြင်များသည် အေးစက်လာခဲ့သည်။ သည်နေရာတွင် လဲနေ၍တော့မဖြစ်။ အကူအညီတောင်းရန် ပါးစပ်ဟလိုက်စဉ် ပါးစပ်မှ သွေးများသည် ဟောကနဲကျလာသည်။ တဖြည်းဖြည်း ကျောမှဒဏ်ရာက နာလာသည်။ သို့သော်လည်း သူသည် ဒဏ်ရာကိုဂရုသိပ်မပြု။ သူ့အဖို့ ယခုအချိန်တွင် ဒုက္ခဝဋ်ကြီးမှ ချွတ်လွတ်ခဲ့ပြီမဟုတ်ပါလား။

သည်အကြောင်းကို မာရီသိလျှင်တော့ ဝမ်းသာအားရ ရှိလိမ့်မည်။ သူမကို ပြောပြရဦးမည်။ သို့သော် သူသည် နှင်းခဲနှင်းမှုံများမှ ဟပ်လာသာအရောင်ကို မကြည့်နိုင်တော့သဖြင့် မျက်စိကိုမှိတ်လိုက်သည်။ နှင်းများက တဖြည်းဖြည်း ခဲလာခဲ့ပေပြီ။

သူ့အဖို့လည်း မည်သည့်ဝေဒနာမျှ မခံစားရတော့ပြီ။ သူ ဘာမျှ မသိတော့။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂)

ကာရိုရောဘတ်သည် ဧည့်ခန်းတံခါး ဖွင့်သံ ပိတ်သံကြား လိုက်ရပြီးနောက် အတွင်းဘက်သို့ဝင်လာသည့် ခြေသံများ မော့မကြည့်ရဘဲ မည်သူတွေ လာနေပြီကို သူမအနေဖြ အတတ်သိလိုက်သည်။ ဝင်လာသူများက နှစ်ဦး။

တစ်ဦးက အသက်လေးဆယ်ကျော်၊ အရပ်ခြောက်ပေ သာသာ သန်မာထွားကြိုင်းသူဖြစ်သည်။ ဦးခေါင်းက ခပ်ကြီးကြီး မျက်တွင်းနက်နက်၊ တင်းမာသောအသွင်ဆောင်သည့် မျက်လုံး ပြာပြာ၊ နှုတ်ခမ်းလျားလျားနှင့် ဖြစ်သည်။

ဒုတိယလူက အသက်ငယ်သည်။ သူ့အင်္ကျီရုပ်က သာ နားထင်ရှားပေါ်လွင်သည်။ သူ့မျက်စိက ညိုမောင်းလျက် လှုပ်ရှား နေသည်။

သူတို့နှစ်ဦးမှာ ရဲစုံထောက်များဖြစ်၍ ၎င်းတို့နှစ်ဦး သူဆီသို့ လျှောက်လာကြရာတွင် ကာရိုမှာ ချွေးပြန်နေသည်။ သူမတွင် ဘာအပြစ်များရှိနေပါလိမ့်ဟူသော စိုးရိမ်စိတ်က ပေါ်လာသည်။

ချစ်အတွက်များလား။ 'ချစ်' သည်လွန်ခဲ့သော ခြောက်လ လောက်မှစပြီး ကောင်းကောင်းမွန်မွန် အပြစ်ကင်းအောင် နေ ထိုင်လာခဲ့သည်။

တစ်ည . .

သူ့အခန်းတွင် သူမကိုလက်ထပ်ဖို့ တောင်းဆိုခဲ့သည့် အချိန် က သူသည် သူ့ဂိုဏ်းသားများနှင့် အဆက်ဖြတ်ပါမည်ဟု ကတိ ပြုခဲ့သည်။

**သစ်ဆန်းတာပေ**



ဤသို့မှမဟုတ်လျှင် လေတပ်တွင်ရှိသော သူမအစ်ကို 'ဆန်မီ' တွက်လား။

သူ ဘာများဖြစ်ပါလိမ့်။ တစ်ခုခုဖြစ်လျှင်လည်း သတင်းပို့ရန် ကာပိုင်များအနေဖြင့် သည်ရဲစုံထောက်နှစ်ဦးကို လွှတ်ကြ ည်တော့ မဟုတ်တန်ရာ။

သည်အကြောင်းများကြောင့် လာကြခြင်းတော့ မဖြစ်နိုင် ။ ဒါဖြင့် သူမကိစ္စလား။ သူမအတွက်တော့ ဘာမျှကြောက် ရာမလိုဟု စိတ်ကိုတင်းလိုက်သည်။ သူမသည် ယခင်ကကဲ့သို့ ာလင်ရပ်ကွက်မှ အနံ့အဖျင်း အသားမည်း တေလေမလေး ဟုတ်တော့ပြီ။ တိုင်းပြည်တွင် နာမည်ကြီး စိတ်ခွဲပညာရှင်ကြီး၏ ည့်ခံစာရေးမတစ်ဦး ဖြစ်နေလေပြီ။

ရဲစုံထောက်နှစ်ဦးက သူမစားပွဲရှေ့သို့ လျှောက်လာခဲ့သည်။ ူမက အသံတည်တည်ငြိမ်ငြိမ်နှင့် ခရီးဦးကြိုပြုရသည်။

"ကျွန်မ ဘာကူညီနိုင်ပါမလဲရှင်"

ရဲစုံထောက်နှစ်ဦးအနက် အကြီးဖြစ်သူ လက်ဖတင်နင် င်ဒရူးမက်ဂရီဗီက အိတ်ထဲမှစာအိတ်တစ်ခုကို ထုတ်ယူပြီး ာရိုအား ပြလိုက်သည်။

"ကျုပ်က လက်ဖတင်နင်မက်ဂရီဗီပါ။ ၁၉ နံပါတ် ရပ်ကွက်၊ ူသတ်မှု စုံစမ်းရေးဌာနခွဲကပါ။ သူက စုံထောက် အင်ဂျယ်လီ"

အမှန်စင်စစ် သူတို့ကရှင်းလင်းပြသစရာမလို။ ကာရိုတို့ လာကနှင့် မက်ဂရီဗီတို့လောကသည် ဆက်စပ်နေခဲ့ဖူးသည် ဟုတ်လား။ မြင်ရုံနှင့် တစ်ဦးကိုတစ်ဦး သိကြသည်။ တစ်ဦး င့်တစ်ဦး နှစ်ပရိစ္ဆေဒများစွာကတည်းက သိကြသည်။

**သစ်ဆန်းတာပေ**

www.burmeseclassic.com

www.burmeseclassic.com



လူငယ်စုံထောက်က . . .

"ကျုပ်တို့ ဒေါက်တာဂျဒ်စတီဗင်နဲ့ တွေ့လိုပါတယ်" ဟု ဆိုသည်။ သူ့အသံက နူးညံ့သည်။ ယဉ်ကျေးသည်။ သူ့အင်္ကျီ နှင့် လိုက်ဖက်ညီသည်။ သူ့လက်ထဲမှ စက္ကူဖြင့်ထုပ်ထားသေ အထုပ်တစ်ခုကို သတိပြုမိလိုက်သည်။

သို့ဖြစ်လျှင် 'ချစ်' အကြောင်းနှင့် 'ဆန်မီ' ကိစ္စကြော လာကြခြင်းမဟုတ်ဟု ရုတ်တရက်တွေးမိလိုက်သည်။

"ဝမ်းနည်းပါတယ်ရှင် . . ဒေါက်တာ့အခန်းမှာ လူနာတစ် ရှိနေပါတယ်"

"ကျုပ်တို့ကိစ္စက သိပ်မကြာပါဘူး။ ဒေါက်တာ့ကို မေးခွ နည်းနည်းမေးချင်လို့ပါ။ ဒီမှာမေးချင်မေး ဒါမှမဟုတ် ရဲဌာန ခေါ်မေးရပါလိမ့်မယ်"

လက်ဖတင်နင်ဂရီဗီက လေသံမြှင့်၍ပြောလိုက်သည်။ ကာ က သူတို့နှစ်ဦးကို ငေးကြည့်နေမိသည်။ လူသတ်မှု စုံစမ်းရေးဌာ က လူတွေက ဘာကြောင့်ဒေါက်တာစတီဗင်နှင့် တွေ့ချင်ရတ လဲ။ သူတို့ဘယ်လိုပဲထင်ထင် ဒေါက်တာကတော့ မည်သည့် ဖြ မျှ ကျူးလွန်ခဲ့သူတစ်ဦး မဟုတ်ပါ။ ဒေါက်တာ့အကြောင်း သူကောင်းကောင်း သိခဲ့သည်။ လွန်ခဲ့သည့်လေးနှစ်လော ကပင် သိခဲ့ရသည် မဟုတ်ပါလား။

❖ ❖ ❖

သစ်ဆန်းစာပေ



ဒေါက်တာနှင့် စတင်တွေ့ရှိပြီး သိကျွမ်းရသည်က ညတစ်ည။ နေရာက တရားရုံးခန်းတစ်ခု။

အချိန်က ဝေလီဝေလင်း နံနက်သုံးနာရီ။

ရုံးခန်းတစ်ခန်းလုံး မီးများထိန်လင်းနေသည်။ အခန်းမှာ ဟောင်းနွမ်းပြီး နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်၍ ကြောက်ရွံ့ တ်လန့်ဖွယ် အနံ့ဆိုးများနှင့် ပောင်နေပေပြီ။

ကုသိုလ်ကံ ညံ့ဖျင်း၍လားမသိ။ ဤညတွင် ကာရိုက ရားသူကြီးမာဖီနှင့် ရင်ဆိုင်ရဦးမည်ဖြစ်သည်။ လွန်ခဲ့သည့် ပါတ်ခန့်ကပင် တရားသူကြီးမာဖီနှင့် တွေ့ကြုံခဲ့ရပြီး တစ်နှစ် တွင်း ကောင်းမွန်စွာနေရမည်ဟူသော အာမခံချက်နှင့် လွတ် ာခဲ့ရသည်။ ပထမပြစ်ချက်ဖြစ်သဖြင့် သက်သာသည်။ ယခု ကြိမ်မှာမူ သက်သာတော့မည်မဟုတ်။

မကြာမီ ရှေ့ဖတ်စာရေးက ကာရို၏နာမည်ကို ခေါ်လိုက် သူမသည် နေရာမှထလိုက်သည်။ ဒူးနှစ်ဖက်မှာ ဆတ်ဆတ် န်နေသဖြင့် ဒူးနှစ်ဖက်ကို ပူးနေအောင်ကပ်ထားလိုက်ရသည်။ ဖတ်စာရေးက စွဲချက်စာတမ်းကို တရားသူကြီးထံသို့ တင်ပြ လိုက်သည်။ တရားသူကြီးမာဖီက စွဲချက်ကိုကြည့်လိုက်၊ ကာရို ကြည့်လိုက်ပြုနေပြီးမှ . . .

"ကာရိုရောဘတ်၊ လမ်းပေါ်မှာမြူဆွယ်သည်၊ လေလွင့် ျက် အိုးခြေအိမ်ခြေ အတည်တကျမရှိ၊ ဆေးခြောက်နှင့်အတူ းမိသည်။ တရားဥပဒေအရ ဖမ်းဆီးမှုကို ခုခံသည်" ဟု အသံ ာက်၍ဖတ်လိုက်သည်။

သစ်ဆန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာ မတြာခင်က ဒီရုံးကိုရောက်ခဲ့သေးတယ် မဟု
လားကာရို"

"ဟုတ်ပါတယ်"

"ငါတ မင်းတိုတောင်းတောင်းမွန်မွန် နေပါ့မယ်ဆို
ခံဝန်ချက်နဲ့ လွတ်ပေးခဲ့တယ် မဟုတ်လား"

"ဟုတ်ပါတယ်"

"မင်း အသက်ဘယ်လောက်ရှိပြီလဲ"

ဤသို့မေးလိမ့်မည်ဟု ကာရိုက တင်ကူး၍သိထားသည်
မည်သို့အခွင့်အရေးယူရမည်ကိုလည်း ကြံစည်ထားပြီး ဖြစ်သည်

"ဆယ့်ခြောက်နှစ်ပါ၊ ဒီနေ့က ကျွန်မရဲ့ ဆယ့်ခြောက်နှ
ပြည့်မွေးနေ့ပါ။ ပျော်ရွှင်စရာ ဆယ့်ခြောက်နှစ်ပြည့်နေ့ပါပဲရှင်"

ထိုသို့ပြောပြီးနောက် ကာရိုသည် ချုံးပွဲချငိုလေတော့သည်

ထိုစဉ် . . .

စားပွဲအနီးတွင် အေးဆေးစွာရပ်နေသူ အရပ်မြင့်မြင့်လူ
တစ်ဦးက စာရွက်စာတမ်းများကို သူ့လက်ဆွဲအိတ်ထဲသို့ ထည့်နေ
သည်။ ကာရိုငိုကြွေးနေသည်ကို ခေတ္တမျှမော့ကြည့်ပြီး အက
ခတ်နေသည်။ ပြီးနောက် ထိုသူက တရားသူကြီးကို တစ်စုံတစ်
ရာပြောနေသည်။

တရားသူကြီးက တရားစစ်ဆေးခြင်းကို ခေတ္တရပ်နားမည်
ဟုပြောကာ ထိုအရပ်မြင့်မြင့်လူနှင့်အတူ စဉ်းစားခန်းထဲသို့
ဝင်သွားကြ၏။ မကြာမီမှာပင် တရားသူကြီးက တရားစစ်ဆေးမှု
ပြန်လည်စလေသည်။

"ကာရို . . မင်းကုသိုလ်ကံကောင်းသေးတယ်။ မင်းကို ငါ
ခွင့်အရေး တစ်ကြိမ်ထပ်ပေးလိုက်ဦးမယ်၊ ဒီရုံးက မင်းကို
ဒေါက်တာစတီဗင်ဆင်ရဲ့ ကြပ်တဲထိန်းသိမ်းမှုအောက်ကို လွှဲ
ပြောင်းပေးလိုက်တယ်"

သည်အမိန့်အတိုင်းဆိုပါက စောစောက အရပ်မြင့်မြင့်နှင့်
လူသည် ရှေ့နေမဟုတ်ပါ။ သူသည် ဆရာဝန်တစ်ဦးဖြစ်နေပေ
သည်။ အမှန်က သူဘယ်လိုပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ကာရို့အနေဖြင့်
ဂရုမစိုက်ပါ။

သူတို့အနေဖြင့် ယနေ့သည် သူမ၏ဆယ့်ခြောက်နှစ်မြောက်
မွေးနေ့ ဟုတ်မဟုတ် မသိမီ ဤရုံးခန်းက ထွက်ခွာသွားလိုသည့်
ဆန္ဒသာ ကာရို၌ရှိနေ၏။

ဒေါက်တာစတီဗင်က ကာရိုအားသူ၏အခန်းသို့ ကားဖြင့်
ခေါ်ဆောင်ခဲ့သည်။ လမ်းတစ်လျှောက်လုံးတွင်လည်း ကာရို
အား အရေးတယူနှင့် စကားပြောလာခဲ့သည်။ စင်စစ် ဤသို့
စကားဖောင်ဖွဲ့လာခြင်းမှာ သူမ၏စိတ်ကို တည်ငြိမ်သွားစေလျက်
စည်းစေနိုင်ရန်အတွက် အခွင့်ပေးခြင်းသာဖြစ်သည်။ စိတ်ပြေ
လျော့ပြီး သူမပြဿနာများကို ပြန်လည်စဉ်းစား၍ ကြည့်မြင်နိုင်
စေရန်ဖြစ်သည်။

ဟားကလေးသည် ၇၁ လမ်းရှိ အရှေ့မြစ်ကြီးကို ဆီး၍
မြင်နိုင်သော အဆောက်အဦကြီးရှေ့တွင် ရပ်လိုက်သည်။ ထို
အဆောက်အဦကြီးတွင် တံခါးစောင့်တစ်ဦးနှင့် ဓာတ်လှေကား
မောင်းသမားတစ်ဦး ရှိ၏။ ၎င်းတို့က ဆရာဝန်ကြီးကို ဆီးကြို
နှုတ်ဆက်ကြသည်။

ကာရိုအဖို့ ယခုကဲ့သို့သော ခန်းနားကြီးကျယ်သည့်





www.burmeseclassic.com

www.burmeseclassic.com

အနေဆောက်အဦမျိုးရှိ အခန်းကြီးမျိုးကို မမြင်ဘူးပါ။ သားနားခန့်ငြား၍ လှပစွာမွမ်းမံပြင်ဆင်ထားပြီး အိမ်ထောင်ပရိဘောဂများနှင့် ခင်းကျင်းထားသည်။ နံရံတွင် လှပသော ပန်းချီကားချပ်များချိတ်ဆွဲထား၍ ပြတင်းပေါက်မှ ကြည့်လိုက်ပါက မြစ်တွင်း၌ လှေငယ်များကူးခတ်သွားလာနေသည်ကို မြင်ရသည်။

"ရုံးတက်ပြီး ပြန်လာရင် ကျုပ်ကဆာတတ်တယ်။ ကဲ . . မင်းအတွက်ညစာ ငါစီမံလိုက်ဦးမှပဲ ကာရို။ အေးကွယ် . . စိတ်ထင်ရင်ထပြီး စားစရာတွေချက်ပြုတ်စားနိုင်တာက တစ်ကိုယ်တည်းသမားတစ်ဦးရဲ့ ဘဝစည်းစိမ်ပဲပေါ့ မဟုတ်ဘူးလား"

ညစာချက်ပြီး၍ စားသောက်နေရင်းက ကာရိုက စိတ်ကူးယဉ်မိသည်။ သူမှာ အိမ်သူသက်ထားမရှိသဖြင့် သူစိတ်ကြိုက်ဖြစ်အောင် အလိုက်သင့်ပြုမူလိုက်ရင်တော့ လာဘ်ကြီးတစ်ခုပဲဟုတွေးလိုက်သည်။

စားသောက်ပြီးသည့်နောက် ဒေါက်တာစတီဗင်က ကာရိုကို ဧည့်သည်များအတွက် စီစဉ်ပေးလေ့ရှိသော အိပ်ခန်းသို့ ခေါ်ဆောင်သွားပြီး . . .

"မင်းကို ငါထိန်းသိမ်းစောင့်ရှောက်ဖို့ ရုံးမင်းက အမိန့်ချထားပြီးပြီ မင်း ဒီညဒီမှာပဲ အိပ်ပေတော့" ဟုပြောကာ ညဝတ်အင်္ကျီကို ထုတ်ပေးပြီး ပြန်ထွက်လာခဲ့သည်။

ကာရိုသည် ရေမိုးချိုးပြီး ဧည့်ခန်းသို့ပြန်ထွက်လာသည်။ ဧည့်ခန်း၌ ဒေါက်တာစတီဗင်ကို မတွေ့ရသဖြင့် ဘေးအခန်းထဲသို့ဝင်ခဲ့သည်တွင် စားပွဲတစ်လုံး၌ထိုင်၍ စာဖတ်နေသူ ဒေါက်တာကိုတွေ့လိုက်ရသဖြင့် အနီးသို့ကပ်ပြီး ဝင်ရောက်ထိုင်သည်။





သို့နောက် သူမက ဒေါက်တာကို အလိုစမ်းခန်း ဖွင့်တော့သည်။

**သူမ၏လက်ချောင်းတလေးများဖြင့် စတီဗင်၏ပေါင်ကို အသာအယာတို့ထိလျက် ပွတ်သပ်ပေးသည်။** နောက် မချိုမချဉ်မျက်နှာပေးနှင့် မျက်လုံးကိုဝင့်ကာ ကြည့်လိုက်၏။ သူမအဖို့ညဥ့်ငှက်မကလေးဖြစ်ခဲ့သည်နှင့်အမျှ ညဥ့်ငှက်၏ပရိယာယ်ကွယ်ဝ လှပေသည်။ သိထားနားလည်သမျှ နည်းများကိုသုံးလျက်ဒေါက်တာစတီဗင်ကို မြူဆွယ်သည်။

ဒေါက်တာသည်လည်း ပုထုဇဉ်လူသား ယောကျ်ားပေပဲမဟုတ်ပါလား။

နုနယ်ရွှမ်းစို နူးနပ်နေသူကလေးအပေါ်၌ စိတ်မဝင်စား ဘဲနေပါမည်လား။

သူမ၏စိတ်ကူးများ မပြတ်ခင်မှာပင် ဒေါက်တာစတီဗင်ကအေးဆေးတည်ငြိမ်စွာ စကားပြောလိုက်သည်။

"မင်းအတွက် ခုတွေ့ကြုံနေရတဲ့ ဒုက္ခပြဿနာတွေက မလုံလောက်သေးဘူးလားကွယ့်၊ မင်းဟာ နိဂရိုးမလေးဖြစ်နေရတာကိုတော့ မင်းမတတ်နိုင်ဘူးပေါ့၊ ဒါပေမဲ့ မင်းဟာ လူ့အဖွဲ့အစည်းထဲမှာ ကျဆုံးနေသူဖြစ်ရမယ်လို့ ဘယ်သူကပြောခဲ့သလဲ၊ မင်းဟာ ဆေးခြောက်သမား ဆယ့်ခြောက်နှစ်အရွယ် ညဥ့်ငှက်မလေးဖြစ်ရမယ်လို့ ဘယ်သူပြောခဲ့သလဲ . . ဟင်"

ကာရိုက ဒေါက်တာစတီဗင်ကို စူးစိုက်ကြည့်နေမိသည်။ အလွန်တရာ အံ့သြခြင်းလည်း ဖြစ်မိသည်။ သူဘာများ အပြောမှားသွားပါလိမ့်မလဲဟု စဉ်းစားကြည့်သည်။

"ဆရာ ဘယ်လိုကြိုက်သလဲ ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com

"ငါ စကားတော့အများကြီး ပြောချင်တယ်"

"ပြော်"

နောက် သူတို့နှစ်ဦးသား စကားပြောကြသည်။ စကားပြောသည်ဆိုသည်မှာလည်း တစ်ညလုံးလိုလို ပြောခြင်းဖြစ်သည်။ ဒေါက်တာစတီဗင်က ဘာသာရပ်တစ်ခုမှ တစ်ခုသို့ ကူးပြောင်းပြီးပြောနေသည်။ သူတို့စကားပြောဆို မေးမြန်းရင်းမှ ဒေါက်တာသည် ကာရို၏စိတ်ထား၊ အခြေအနေ၊ အတွေးအခေါ် အယူအဆများကို စူးစမ်းရှာဖွေသည်။ စမ်းသပ်စစ်ဆေးသည်။ သူက ကာရို၏သဘောထားကို စူးစမ်းသည်။ ဗီယက်နမ် အမိကရှုဏ်းစသည်များနှင့် စပ်လျဉ်း၍မေးသည်။ ကာရိုက သူဘာဆိုလိုသည်ကို အရိပ်အယောင်မျှ ဖမ်းမိကာ ရှိသေးစဉ်ပင်နောက်အကြောင်းကိစ္စတစ်ရပ်သို့ ကူးပြောင်းသွားပြန်သည်။ ကာရိုတစ်ခါမျှ မကြားဘူးသေးသည့် အကြောင်းကိစ္စများကိုလည်း ပြောပြသည်။

နောက် . . .

လအတန်ကြာသည့်အချိန်တွင် သူမဘဝ ပြောင်းလဲစေလိုက်သည့်စကားများ အတွေးအခေါ်များသည် ဘာများပါလိမ့်ဟု အိပ်ရာဝင်ပြီးနောက် ပြန်လည်စဉ်းစားကြည့်မိသည်။ ကာရိုစဉ်းစား၍မရခဲ့။ အမှန်စင်စစ် ဒေါက်တာစတီဗင်က ရိုးရိုးရှင်းရှင်းပြုလုပ်လိုက်ခြင်းဖြစ်သည်။ ဒေါက်တာစတီဗင်က သူမကို လူတစ်လုံးသူတစ်လုံးအဖြစ် အရေးတယူပြုမူ၍ စကားပြောလိုက်ခြင်းသာဖြစ်သည်။ ဤကဲ့သို့ မည်သူကမျှ သူမကိုစကားမပြောခဲ့ဘူးပေ။ ဒေါက်တာစတီဗင်က လူသားတစ်ဦးအနေဖြင့် အသိအမှတ်ပြု တန်ဖိုးထား၍ ဆက်ဆံခြင်းဖြစ်သည်။





ကာရိုကလည်း မည်သူအားမျှမပြောပြခဲ့ဘူးသည့် ကိစ္စရပ်များကို ဒေါက်တာအားပြောပြခဲ့သည်။ ကာရို၏စိတ်ထဲ၌ နစ်မြုပ်နေခဲ့သည့်အကြောင်းများကို ပြန်လည်အံထုတ်ပြခဲ့၏။

နောက်ဆုံး အိပ်စက်လိုက်သည့်အချိန်တွင် ကာရို၏ရင်ထဲ၌ ဟာလာဟင်းလင်း တမြေ့မြေ့ဖြစ်ကျန်ရစ်ခဲ့သည်။ မည်သည့်အတွေးစိတ်ကူး အကြောင်းကိစ္စဟူ၍ ကာရို့ရင်တွင် လျှို့ဝှက်တစ်ရပ်အနေအထားမရှိတော့။ နစ်မြုပ်ငုတ်လျှိုးနေခြင်း မရှိတော့။

မိတ်ထဲတွင် သူမကိုယ်တွင်းမှ အဆိပ်အတောက်များကို ခွဲစိပ်ထုတ်ပြစ်လိုက်သည့်အလား ခံစားမိလိုက်သည်။

နံနက်တွင် ဒေါက်တာစတီဗင်က သူမကိုဒေါ်လာတစ်ရာလက်ဆောင်ပေးသည်။ ပထမ၌ ကာရိုကလက်ခံရန် တွန့်ဆုတ်နေမိသည်။

"ကျွန်မ လိမ်လည်ပြောခဲ့တာပါဆရာ . . ဒီနေ့ဟာ တကယ်တော့ ကျွန်မရဲ့မွေးနေ့ မဟုတ်ပါဘူး"

"ငါသိပါတယ်ကွယ် . . ဒါပေမဲ့ ဒီအကြောင်းကို တရားသူကြီးကိုတော့ မပြောကြစို့နဲ့လား။ ဒီငွေကိုယူသွားပြီး သွားပေတော့၊ ၁င်းကို ဘယ်သူမှမနှောက်ယှက်တော့ဘူး။ အေးလေ . . . နောက်တစ်ကြိမ် မင်းကို ရဲက အပြစ်တစ်ခုခုနဲ့ ဖမ်းမိတဲ့အချိန် အထိပေါ့ကွယ်၊ ပြော် ဒါနဲ့ ငါ့ရုံးမှာ ညှပ်ခံစာရေးတစ်ဦးလိုနေတယ်။ မင်းနဲ့တော့အသင့်လျော်ဆုံးပဲ လုပ်မလား"

"ဒါဆရာကကျွန်မကို အထင်ကြီးနေတာပါ၊ ကျွန်မက လက်ရေးတိုလဲမတတ်၊ လက်နှိပ်စက်လဲ မရိုက်တတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကျောင်းပြန်တက်ရင် လက်နှိပ်စက်ရော လက်ရေးတိုပါ တတ်ရမှာပေါ့ကွယ်"

ကာရီက ဒေါက်တာကိုခေတ္တမျှကြည့်နေသည်။

နောက်မှ စိတ်အားထက်သန်စွာ ပြောလိုက်သည်။

"အို . . ကျွန်မ ဒါကို မစဉ်းစားမိဘူး ဆရာရယ်"

စင်စစ် . .

ကာရီက ဒေါ်လာတစ်ရာကိုယူပြီး၊ အမြန်ဆုံး သည်အိမ်မှထွက်ခွာကာ သွားနေကြတာလင်ရပ်ကွက်၊ဖစ်မင်း၏စားသောက်ဆိုင်သို့သွားကာ ဒေါ်လာငွေတစ်ရာကို သူမ၏မိတ်ဆွေများအားပြပြီး ကြွားချင်လှပြီဖြစ်သည်။ ဤငွေများဖြင့် သူမသည် မူးယစ်ဆေးများကိုတစ်ပါတ်လောက်တော့ဝယ်ယူသုံးစွဲနိုင်မည်ဖြစ်သည်။

ဖစ်မင်းဆိုင်ထဲသို့ ဝင်ခဲ့သည့်အခါတွင် တွေ့မြင်နေကြမျက်နှာများကို မြင်ရပြန်သည်၊ ကြားနေကြ ညည်းညူသံများကို စိတ်ပျက်ဖွယ်ရာ ကြားရပြန်သည်၊ သူမက ဒေါက်တာစတီဗင်၏အခန်းကြီးကို ပြန်လည်တွေးကြည့်နေလိုက်မိသည်။ ဒေါက်တာ၏အခန်းက သန့်ပြန့်သည်။ နောက်ပြီး ငြိမ်းချမ်းသည်။ အခြားကမ္ဘာတစ်ခုမှ ကျွန်းငယ်တစ်ခုသဖွယ်ဖြစ်နေသည်။ ထိုအရပ်သို့ဝင်နိုင်ဖို့ ဒေါက်တာကခွင့်ပြုလက်မှတ်ပေးလိုက်သည်မဟုတ်ပါလား။ သူမအတွက်ဘာများနစ်နာဆုံးရှုံးစရာ ရှိမည်နည်း။ အနည်းဆုံး စမ်းကြည့်ဦးမည်။ ဒေါက်တာထင်သည့်အတိုင်း မဖြစ်ဘဲ သူမအနေနှင့် မစွမ်းဆောင်နိုင်လျှင်တော့ ရယ်စရာတစ်ခုပဲပေါ့။

ကာရီသည် မိမိကိုယ်မိမိ အံ့ဩနေမိသည်။





အဘယ်ကြောင့်ဆိုသော် . .

သူမသည် ညကျောင်းတစ်ကျောင်းတွင် စာရင်းသွင်းလိုက်သောကြောင့်ပင်။

နောက်၊

မိမိအခန်းကို ပြန်အပ်လျက် မိဘများနှင့် ပြန်နေတော့သည်။ ဒေါက်တာစတီဗင်ကလည်း ကျောင်းစရိတ်ကို ထောက်ပံ့သည်။ မကြာမီ ကာရီသည် အထက်တန်းပညာကို ထူးချွန်စွာအောင်မြင်လာခဲ့ရသည်။ အောင်လက်မှတ်ပေးအပ်ပွဲသို့ ဒေါက်တာစတီဗင်ကိုယ်တိုင် တက်ရောက်ပြီး သူမအတွက် ဂုဏ်ယူပြောကြားသည်ကို တွေ့မြင်ရသောအခါတွင် ကာရီသည် ဝမ်းသာသည်နှင့်အမျှ အားရလိုက်မိ၏။ သူမကို ယုံကြည်သူတစ်ဦး ဤလောကအတွင်း၌ ရှိနေပါသေးသည်ဟု ဝင့်ကြွားနေမိသည်။ ကျေနပ်နေမိသည်။

ထို့နောက် . . .

ကာရီသည် ဒေါက်တာစတီဗင်၏ စိတ်ခွဲပညာ ဆေးခန်းတွင် စာရေးမလေးအဖြစ် အလုပ်ဝင်လိုက်ပေပြီ။

❖❖❖

ယခုအချိန်တွင် အချိန်ကာလလေးနှစ်တာမျှ ကြာခဲ့ပြီ။ ဒေါက်တာစတီဗင်သည် သူမကိုလေးစားစွာ ဆက်ဆံသည်။ တစ်အားသမျှသူမ၏ အရည်အသွေးများကို ပေါ်ထွက်လာရန်ကူညီခဲ့သည်။ တစ်ကြိမ်တစ်ခါမျှပင် သူမ၏ဘဝဟောင်းအကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



အရိုပ်အမြွက်မျှ မပြောခဲ့တော့ပေ။ အခက်အခဲရှိလျှင်ပင် အကြံဉာဏ်များပေးခဲ့သည်။

ယခုအတောအတွင်း သူမနှင့် 'ချစ်' တို့အကြောင်းကို ဒေါက်တာစတီဗင်အား ဖွင့်ဟပြောပြရန် စိတ်ကူးမိသော်လည်း မပြောဖြစ်သေးပေ။ သူမအပေါ် ဒေါက်တာစတီဗင်၏ အထင်ကြီးမှုကို ဆက်လက်၍ရလိုသေးသည်။ သူမအဖို့ ဒေါက်တာ စတီဗင်အတွက်ဆိုပါက ဘာမဆိုလုပ်နိုင်သူဖြစ်သည်။ လူသတ်ရမည်လား ဒါမှမဟုတ် မိမိကိုယ်ကိုပဲ ပုံအပ်ရမည်လား။ အသက်ကိုပင် ဒေါက်တာနှင့်ပတ်သက်၍ စွန့်လွှတ်ရန်အသင့်။

ယခုတော့ ရဲအဖွဲ့မှ စုံထောက်နှစ်ဦးရောက်လာပြီး ဒေါက်တာစတီဗင်ကို တွေ့ရန်စောင့်နေကြပြီ။

မက်ဂရီဗီက အချိန်အတန်ကြာလာပြီဖြစ်၍ စိတ်မရှည်တော့။

"ဘယ်လိုလဲဗျ" ဟုမေးလိုက်မှ . . .

"ကျွန်မကို အမိန့်ပေးထားတာက ဆရာလူနာတစ်ဦးဦးနဲ့ တွေ့ဆုံနေချိန်မှာ သူ့ကိုမနှောက်ယှက်ရဘူးတဲ့ရှင့်"

မက်ဂရီဗီက မကျေနပ်သည့်အမူအရာ ပြနေသောကြောင့် ကာရီက ရုံးတွင်းတယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ ခေတ္တကြာလျှင် ဒေါက်တာစတီဗင်၏အသံ ပေါ်လာသည်။

"ဘာလဲဟေ့ ကာရီ"

"ဒီမှာ ရဲစုံထောက်နှစ်ဦး ဆရာနဲ့တွေ့ဖို့ ရောက်နေပါတယ်၊ သူတို့က ရဲဌာနချုပ် လူသတ်မှုစုံစမ်းရေးဌာနခွဲကတဲ့ ဆရာ"

ကာရီက တယ်လီဖုန်းထဲမှ သူ့ဆရာ၏တုန့်ပြန်မှုကို နားစွင့်ထောင်နေသည်။ ဆရာ၏ကြောက်ရွံ့သည့်ဟန်၊ ကသောင်းကနင်းဖြစ်သွားသည့် အသံအနေအထားများ ကြားရမည်လား။ သို့သော် ဆရာ၊ သူ့ဆရာပြန်ပြောလိုက်သည့်အသံက တည်ငြိမ်အေးချမ်းနေသည်။





"ခဏစောင့်နေကြပါလို့ ပြောလိုက်ပါ"

ကာရီက သူ့ဆရာအတွက် ဂုဏ်တက်သွားမိတော့သည်။ သူတို့ကို တွေ့လိုက်ရစဉ်က သူမကိုယ်တိုင် လန့်ဖြန့်သွားမိသည်။ သူမဆရာကိုတော့ မည်သည့်အခါမျှ စိတ်လှုပ်ရှားသွားအောင် ပြုနိုင်မည်မဟုတ်ပါ။

"ရှင်တို့ကြားတယ် မဟုတ်လား"

သူမအသံတွင် မထေမဲ့မြင်ဟန် ပါလာသည်။

"ခု လူနာက ဘယ်လောက်ကြာအုံးမှာလဲ"

အင်ဂျယ်လီက မေးလိုက်ခြင်းဖြစ်သည်။

ကာရီက စားပွဲပေါ်မှနာရီကို လှမ်းကြည့်လိုက်သည်။

"နောက် . . နှစ်ဆယ့်ငါးမိနစ်လောက်ဆို ပြီးပါပြီ၊ ဒီလူနာလဲ နောက်ဆုံးလူနာပါ"

ရဲအရာရှိနှစ်ဦးသည် တစ်ဦးကိုတစ်ဦး ကြည့်လိုက်ကြ၏။

"ကောင်းပြီ . . ကျုပ်တို့စောင့်ကြစို့"

မက်ဂရီဗီက ဆိုလိုက်သည်။ သူတို့နှစ်ဦး ကုလားထိုင်၌ ထိုင်လိုက်ကြ၏။ မက်ဂရီဗီက ကာရီကိုစူးစမ်းကြည့်နေပြီးမှ . .

"မင်းကို တွေ့ဖူးသလိုလိုပဲ"

ကာရီက ရဲပရိယာယ်များကို နားလည်ပြီးသူတစ်ဦးဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တို့ကြားဖူးမှာပေါ့ . . ကျွန်မတို့တတွေဟာ တစ်ဦး
တစ်ဦး ခွဲခြားလို့မရအောင် တူကြတယ်ဆိုတဲ့စကားလေ"

မက်ဂရီဗီသည် ဆက်၍ပြောရန် မလိုတော့ဟု သိလိုက်
နောက် နှစ်ဆယ့်ငါးမိနစ်တိတိတွင် ဒေါက်တာစတီဗင်
ဆေးခန်းမှ စင်္ကြံလမ်းဘက်သို့ထွက်သည့် သီးသန့်တံခါးဖွင့်သံ
ကြားလိုက်ရပြီး၊ မကြာခင်မှာပင် ဧည့်ခန်းဘက်မှတံခါး ပွင့်လာ
သည်။ ထို့နောက် ဒေါက်တာစတီဗင် ထွက်လာသည်။ မက်ဂရီ
ကို တွေ့မြင်လိုက်ရလျှင် အနည်းငယ် တုန့်ဆိုင်းသွားသည်။

"ကျုပ်တို့ အရင်ကတွေ့ဖူးကြသလားလို့၊ ဒါပေမဲ့ ဘယ်
ရာမှာ တွေ့ဆုံဖူးတယ်လို့တော့ သတိမရဖြစ်နေတယ်"

မက်ဂရီဗီက အသိအမှတ်ပြုသည့်အနေဖြင့် ခေါင်းညိတ်
လိုက်သည်။

"ဟုတ်ပါတယ် . . ကျွန်တော်က လက်ဖတင်နင်မက်ဂရီ
သူက စုံထောက်ဖရင့်အင်ဂျယ်လီ"

"ကဲ . . အထဲကြွကြပါခင်ဗျာ"

သူတို့သုံးဦးသား အတွင်းသို့ဝင်မိလျှင် တံခါးပိတ်လိုက
သည်။ ဒေါက်တာစတီဗင်၏ရုံးခန်းသည် မြင်သစ်တောနယ် ဧည့်
ခန်းပမာ ခင်းကျင်းပြင်ဆင်ထားသည်။ အလုပ်လုပ်ရန် စားပွဲပ
၍မရှိ၊ ဖုံကုလားထိုင်များသာ ရှိသည်။ ရှေးဟောင်းမီးအိမ်များ
ကိုလည်း တွေ့ရသည်။ ကြမ်းပျဉ်ကို လှပစွာအကွက်ဖော်ယ
ထားသည်။ ကော်ဇောများ ခင်းထားသည်။ အခန်းထောင့်တွင
သက်တောင့်သက်သာ လဲလျောင်းရန် အိပ်ရာကုတင်ရှိသည်။

"ဒီဟာ ကျွန်တော်ပထမဆုံးအကြိမ် ရောက်ဖူးတဲ့စိတ





ရောဂါကုခန်းပဲ၊ ကျွန်တော့်အိပ်ခန်းသာ ဒီလိုအခန်းမျိုးဆိုရင်
ဘယ်လောက်ကောင်းမလဲ" ဟု အင်ဂျယ်လီက ပြောလိုက်သည်။

"ဒီလိုအခင်းအကျင်းမျိုးမှ ကျုပ်လူနာတွေကို စိတ်ရော
ကိုယ်ပါ ဖြေလျော့စေနိုင်မှာ၊ နောက်ပြီး . . ကျုပ်က စိတ်ရောဂါ
ကု ဆရာဝန်မဟုတ်ဘူး။ စိတ်ခွဲပညာ ဆရာဝန်ပါ"

"ဘယ်လိုခြားနားပါသလဲ ဆရာ"

"ခြားနားချက်က တစ်နာရီမှာ ဒေါ်လာငါးဆယ်"

"ကျွန်တော့်လုပ်ဖော်ကိုင်ဘက်က ဒါတွေမသိသေးဘူးလေ"

လုပ်ဖော်ကိုင်ဘက်ဆိုသော စကားကြောင့် ဒေါက်တာ
စတီဗင်က ရုတ်တရက်သတိရလိုက်သည်။ မက်ဂရီဗီ၏ လုပ်ဖော်
ကိုင်ဘက်ဖြစ်သူတစ်ဦးသည် အရက်ဆိုင်လုယက်မှုတွင် သေနတ်
ထိခံရပြီး သေဆုံးသွားခဲ့သည်။ ဤအဖြစ်က လေးနှစ် ငါးနှစ်ခန့်
ကြာခဲ့ပြီထင်သည်။ ဤဖြစ်မှုကို ကျူးလွန်သူ လူသတ်သမား ဇစ်
ဖရင်ကို ဖမ်းမိသည်။ ဇစ်ဖရင်၏ရှေ့နေက သူ့တရားခံသည် စိတ်
ရောဂါသည်ဖြစ်ပါသည်ဟု ထုချေသည်တွင် တရားသူကြီးသည်
စိတ်ပညာရှင် ဆရာဝန်စတီဗင်ကို ဇစ်ဖရင်သည် စိတ်မနှံ့သူတစ်
ဦးဟုတ်မဟုတ် စစ်ဆေးစေခဲ့သည်။

ဒေါက်တာစတီဗင်က ဇစ်ဖရင်သည် စိတ်ရောဂါသည်တစ်
ဦးဖြစ်သည်ကို စစ်ဆေးတွေ့ရှိရသဖြင့် မိမိတွေ့ရှိချက်အတိုင်း
ထွက်ဆိုသက်သေခံခဲ့သည်။ သူ၏သက်သေခံချက်အရ ဇစ်ဖရင်ကို
သေဒဏ်မပေးတော့ဘဲ စိတ္တဇဆေးရုံသို့ ပို့ခဲ့လေသည်။

"ခင်ဗျားကို ကျုပ်သတိရပြီ၊ ဇစ်ဖရင်အမှု မဟုတ်လား
ခင်ဗျားကိုယ်ထဲမှာ ကျည်ဆံသုံးတောင့် ဝင်ခဲ့ပြီး ခင်ဗျားရဲ့လုပ်



www.burmeseclassic.com

www.burmeseclassic.com

ဖော်ကိုင်ဘက်က သေနတ်မှန်ပြီး သေဆုံးသွားခဲ့တယ် မဟု
လား"

"ကျုပ်လဲခင်ဗျားကို မှတ်မိပြီ၊ ကျုပ်တို့ကို ရန်မူတဲ့ လူသ
သမားကို လွတ်အောင်လုပ်ခဲ့တဲ့ ဒေါက်တာပဲ"

"တဲ . . တဲ . . ကျုပ်ဘာကူညီရမှာလဲ ပြောပါ"

"ကျွန်တော်တို့ သတင်းလိုချင်လို့ပဲ ဒေါက်တာ" ဟု ပြေ
ဆိုရာမှ အင်ဂျယ်လီဘက်သို့လှည့်ကာ ခေါင်းညိတ်ပြလိုက်သည

အင်ဂျယ်လီက သူကိုင်ထားသည့် အထုပ်၏ကြိုးကို ဖြ
နေသည်။

"ဒီပစ္စည်းအကြောင်းနဲ့ ပတ်သက်ပြီး ဒေါက်တာ့ကို
မြန်းစုံစမ်းချင်လို့ပါ"

အင်ဂျယ်လီက အထုပ်ကိုဖြည်လိုက်ပြီး အထုပ်အတွင်
မိုးကာအင်္ကျီအဝါတစ်ထည်ကို ထုတ်ပြလိုက်သည်။

"ဒီပစ္စည်းကို ဒေါက်တာအရင်က မြင်ဖူးလား"

မက်ဝရီဇီက မေးလိုက်သည်။

"ဒီဟာ ကျုပ်အင်္ကျီနဲ့တူတာပဲ"

"အင်္ကျီအတွင်းဝုတ်ပိုးမှာ ဒေါက်တာရဲ့နာမည် ရေးထား
တယ်"

"ဒီအင်္ကျီကို ဘယ်မှာတွေ့ခဲ့တာလဲ"

"ကျုပ်တို့ ဘယ်နေရာကတွေ့ခဲ့တယ်လို့ ဒေါက်တာ ထ
သလဲ"

၎င်းတို့နှစ်ဦးက ယခုအချိန်တွင် အမှတ်မထင် ခဏ ပြေ
နေကြသည်မဟုတ်တော့ပေ။ သူတို့၏မျက်နှာ အမူအရာမ





ည် မသိမသာ ပြောင်းလဲသွားကြပေပြီ။

ဂျဒ်က မက်ဝရီဇီကို ခေတ္တမျှ စေ့စေ့ကြည့်၍ အကဲခတ်
တ်သည်။ နောက်မှ စားပွဲရှည်ကြီးပေါ်မှ သူ့ဆေးတံကို ကောက်
ကာ အနီးရှိဗူးထဲမှ ဆေးကိုထုတ်၍ဖြည့်သည်။

"ဘာကိစ္စအကြောင်းတွေလဲဆိုတာ ခင်ဗျားက ပြောပြမှ
င်တယ်"

သူက ခပ်အေးအေး ပြောလိုက်သည်။

"ကိစ္စက ဒီမိုးကာအင်္ကျီအကြောင်းပဲ ဒေါက်တာ၊ ဒီအင်္ကျီ
ဒေါက်တာရဲ့အင်္ကျီ၊ ဘယ်လိုနည်းနဲ့ ဒေါက်တာ့ဆီက ပျောက်
သွားရသလဲဆိုတာကို ကျုပ်တို့သိချင်တယ်"

"ဒါကတော့ . . . ရှင်းရှင်းကလေးပါ။ ဒီနေ့မနက် ကျုပ်ရုံး
လာတဲ့အချိန်မှာ မိုးတဖွဲဖွဲရွာနေတယ်။ ဒီမိုးကာအင်္ကျီကို ဝတ်
တယ်။ ကျုပ်ရဲ့လူနာတစ်ဦးက မိုးကာယူမလာခဲ့ဘူး။ ပြန်မယ့်
ချိန်မှာ နှင်းတွေက သိပ်ကျလာတာနဲ့ ကျုပ်အင်္ကျီကို သူ့ကို
တ္တ ငှားလိုက်တယ်။ နေပါဦး . . သူက ဘာဖြစ်လို့လဲ"

"ဘယ်သူလဲ"

"ကျုပ်လူနာ ဂျွန်ဟန်ဆင်လေ"

အင်ဂျယ်လီက ကြားမှဝင်၍ပြောလိုက်သည်။

"ဟုတ်တယ်၊ မစ္စတာဂျွန်ဟန်ဆင်က ဒေါက်တာရဲ့ အင်္ကျီကို
လာမပေးနိုင်တော့ဘူး၊ သူ သေဆုံးသွားပြီ"

"ဟာင် . . သေသွားပြီ ဟုတ်လား"

"ဘတ်စ်ရုံတစ်ယောက်က သူ့ကျောကို ဓားနဲ့ထိုးသွားခဲ့
ယ်"


www.burmeseclassic.com

www.burmeseclassic.com



မက်ဂရီဗီက ရှင်းပြလိုက်၏။

ဒေါက်တာစတီဗင်က မယုံနိုင်သကဲ့သို့ မက်ဂရီဗီကို စေ့စေ့ကြည့်နေမိသည်။

မက်ဂရီဗီက အင်ဂျယ်လီထံမှ အကျီကိုယူကာ နော… ကျောကိုဖြန့်ပြလိုက်၏။ နောက်ကျောတွင် ဓားဖြင့်ဖြဲထားသ… အကွဲကြောင်းကြီးကို တွေ့ရသည်။ နောက်ပြီး သွေးများစွန်း… သည်။

ဒေါက်တာစတီဗင်သည် ရင်ထဲမှဖျို့တက်လာမိသည်။

"ဘယ်သူကများ သူ့ကိုရက်ရက်စက်စက် သတ်လိုက်… ပါလိမ့်ဗျာ"

"ဒေါက်တာက ဒီကိစ္စအတွက် ကျုပ်တို့ကို ပြောပြနိုင်မ… လို့ မျှော်လင့်ခဲ့တယ်။ ဒီအကြောင်းနဲ့ ပတ်သက်လို့ သူ့ကိုက… စိတ်ခွဲပညာရှင်ထက်ပိုပြီးဘယ်သူက သိနိုင်မှာလဲဗျာ"

ဒေါက်တာစတီဗင်က ခေါင်းကိုဖြည်းဖြည်း ရမ်းလိုက် သ…

"ဘယ်တုန်းက ဖြစ်ပျက်တာလဲ"

"ဒီနေ့မနက် ဆယ့်တစ်နာရီ ဖြစ်ပျက်တဲ့နေရာက ဒေါက်… ဆေးခန်းနဲ့ တစ်လမ်းကျော် လယ်ဇင်တန်ရိပ်သာလမ်းမှာ၊ လူ… က သူလဲကျသွားတာကို မြင်ကြလိမ့်မယ်။ ဒါပေမဲ့ ခရစ္စမ… ပွဲတော်အတွက် ဈေးဝယ်ပြီးအိမ်အမြန်ပြန်နေကြတော့ သူ… ဂရုပြုမိမယ် မဟုတ်ဘူး။ သူက နှင်းခဲတွေထဲ လဲနေရင်း သေ… သွားတာပါ" ဟု မက်ဂရီဗီက ဖြေသည်။

"ဟန်ဆင် ဆရာ့အခန်းကို ဘယ်အချိန်လောက် ရောက်… သလဲ"





အင်ဂျယ်လီက မေးလိုက်သည်။

"မနက်ဆယ်နာရီ"

"ကုသတဲ့အချိန်က ဘယ်လောက်ကြာသလဲ"

"မိနစ်ငါးဆယ်"

"ပြီးပြီးချင်း သူထွက်သွားသလား"

"ဟုတ်တယ်၊ နောက်လူနာတစ်ယောက် စောင့်နေလို့"

"ဟန်ဆင်က ဧည့်ခံအခန်းကဖြတ်ပြီး ပြန်သွားသလား"

"မဟုတ်ဘူး၊ လူနာတွေက ဧည့်ခံအခန်းကတဆင့် ဒီအ…းကိုဝင်ရတယ်။ ထွက်တဲ့လူက ဟို သီးခြားတံခါးကနေ စင်္ကြံ… တ်ထွက်ရတယ်။ လူနာချင်း မတွေ့ဆုံစေလိုတဲ့အတွက် စီစဉ်…ားရတာပဲ"

မက်ဂရီဗီက ခေါင်းညိတ်လိုက်သည်။

"ဒါဖြင့် ဟန်ဆင်က ဒေါက်တာ့ဆီကထွက်သွားပြီး မိနစ်…းအတွင်းမှာ အသတ်ခံရတာပေါ့၊ သူက ဘာကြောင့် ဒေါက်တာ့…မှာလာပြီး အကုအသ ခံနေသလဲ"

ဒေါက်တာစတီဗင် ပခုံးတွန့်သွားသည်။ ပြီးမှ ရှင်းပြသည်။

"ဆရာဝန်နဲ့လူနာ ဆက်ဆံရေးအကြောင်းကို ပြင်ပလူနဲ့ …ဆွေးနွေးနိုင်ပါဘူးခင်ဗျာ၊ ဝမ်းနည်းပါတယ်"

"တစ်စုံတစ်ယောက်က ဟန်ဆင်ကိုသတ်သွားခဲ့တာပဲ၊ …ဒေါက်တာက သူ့ကိုသတ်သွားတဲ့ လူသတ်သမားကို ဖမ်းမိဖို့အ…က် ကူညီနိုင်မယ်လို့ မျှော်လင့်ပါတယ်"

ဒေါက်တာစတီဗင်က မီးငြိမ်းသွားသည့် ဆေးတံကို မီး



www.burmeseclassic.com

www.burmeseclassic.com

ထပ်ညှိနေသည်။ ထိုစဉ်တွင် အင်ဂျယ်လီက မေးခွန်းထုတ်လို ပြန်၏။

"သူ ဒေါက်တာ့ဆီမှာ ဆေးအကုအသခံနေတာ ဘ လောက်ကြာပြီလဲ"

"သုံးနှစ်ရှိပြီ"

"သူ့ဝေဒနာက ဘာဝေဒနာလဲ"

ဒေါက်တာစတီဗင်က ခေတ္တတုန့်ဆိုင်းပြီးမှ ဖြေလိုက် သည်

"သူက မိန်းမရှာတစ်ဦးပါ။ ဒါပေမဲ့ သူ့ရောဂါက ပျော သွားခဲ့ပါပြီ၊ မနက်က သူ့ကိုနောက်လာဖို့ မလိုတော့ဘူးလို့ ဖြေ လိုက်ပြီးပြီ၊ သူ့အနေနဲ့ သူ့အိမ်ထောင်စုနဲ့အတူ ပြန်လည်နေထို ဖို့ အဆင်သင့်ဖြစ်သွားခဲ့တယ်၊ သူ့မှာဇနီးနဲ့သားသမီးသုံးယော ရှိတယ်"

"မိန်းမရှာက အိမ်ထောင်နဲ့ သားသမီးနဲ့လား"

မက်ဂရီဗီက မေးလိုက်၏။

"ဒါမျိုး ရှိတတ်ပါတယ်"

"ဒါဖြင့် သူ့မိန်းမရှာ အပေါင်းအသင်းထဲက သူဒီလိုထွ သွားမှာကို မကြိုက်လို့ သူနဲ့ခိုက်ရန်ဖြစ်ပြီး ဒေါသမထိန်းနိုင်လ ဓားနဲ့ထိုးသွားတာလား"

"ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ သူ့ကိုမိန်းမရှာထဲက သတ်မယ် လို့ ကျုပ်မထင်ဘူး"

"ဘာပြုလို့လဲ ဒေါက်တာစတီဗင်"

အယ်ဂျယ်လီကပင် ထောက်၍မေးလိုက်သည်။

"ဘာပြုလို့လဲဆိုတော့ ဟန်ဆင်က ဒီလို မိန်းမရှာတွေ





ဆက်ပြတ်နေတာ တစ်နှစ်ကျော်ပြီ။ ကျုပ်ထင်တာကတော့ ယောက်ယောက်က သူ့ကိုလုယက်ဖို့ ကြိုးစားတယ်နဲ့ တူ ယ်၊ ဟန်ဆင်က ဒီလိုအခါမှာ ပြန်ပြီးတိုက်ခိုက်တတ်တဲ့ လူစား ၁"

မက်ဂရီဗီက ဆေးပြင်းလိပ်ကို မီးညှိပြီးမှ ပြောလိုက်သည်။

"သတ္တိပြောင်တဲ့ အိမ်ထောင်ရှင်မိန်းမရှာကြီးပေါ့၊ ဒါပေမဲ့ ယက်တယ်ဆိုတဲ့ အယူအဆ မဖြစ်နိုင်တာက သူ့အိတ်ထဲမှာ လာတစ်ရာလောက် တွေ့ရတယ်၊ သူ့သားရေအိတ်ကို ကိုင် ည့်ပုံတောင် မပေါ်ဘူးဗျ"

စကားဆုံးသွားလျှင် မက်ဂရီဗီက ဒေါက်တာစတီဗင်၏ ၁၀ှာအမူအရာ အပြောင်းအလဲကို သတိထား၍ စေ့စေ့ကြည့် အကဲခတ်နေ၏။

"ကျွန်တော့်အထင်က ဒီအမှုမှာ စိတ်မနံ့သူတစ်ယောက် ကို ၁ရှာရင် ပိုနီးစပ်လိမ့်မယ်ထင်တယ်" ဟု အင်ဂျယ်လီက ၁၍အဆိုပြုသည်။

"ဒါလဲ မဖြစ်နိုင်ဘူး။ ဟိုလမ်းပေါ်မှာ သွားနေတဲ့လူတွေ ကြည့်စမ်း။ လူနှစ်ဆယ်ထဲက တစ်ယောက်ဟာ ရူးနေသူ၊ တော့မယ့်လူ၊ ရူးခဲ့သူလို့ ပြောနိုင်တယ်"

"လူတစ်ဦးက ရူးနေရင် ဘာပြုလို့"

"ရူးနေပေမယ့်လဲ အပြင်ပန်းက ရူးနေတဲ့ဟန်ပန် ပေါ်ချင် ပေါ်တာပဲ၊ တကယ်ရူးနေပါတယ်လို့ သိရတဲ့အဖြစ်တစ်ခုရှိရင် နေပြီလို့ လက္ခဏာစစ်ဆေးခြင်း မပြုနိုင်တဲ့ အဖြစ်မျိုးက နည်းဆုံးဆယ်ဦးလောက်ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



မက်ဂရီဗီက ဒေါက်တာစတီဗင်ကို တကယ်ပင် စိတ်ဝင်စ
စွာနှင့် လေ့လာကြည့်ရှုနေမိသည်။

"ဒေါက်တာက လူ့သဘာဝကို တော်တော်နားလည်
ပုဂ္ဂိုလ်တစ်ဦးပါပဲ၊ မဟုတ်လားခင်ဗျာ"

"လူ့သဘာဝဆိုတာ မရှိပါဘူးဗျာ၊ တိရစ္ဆာန်သဘာဝဆို တ
မရှိသလိုပေါ့၊ ဥပမာ ယုန်နဲ့ကျားမှာ တူညီနိုင်တဲ့ သဘာဝ တရ
ကို ရှာကြည့်လို့ရမလား။ နှစ်ကောင်စလုံးကတော့ တိရစ္ဆာ
ပဲမဟုတ်လား"

"ဒေါက်တာ စိတ်ခွဲပညာကုသမှုကို လုပ်လာတာ ဘယ
လောက်ကြာပြီလဲ"

"ဆယ့်နှစ်နှစ်ကြာပြီ၊ ဘာပြုလို့လဲ"

မက်ဂရီဗီက ပခုံးကိုတစ်ချက်တွန့်လိုက်ပြီးမှ ဖြေသည်။

"ဒေါက်တာက ရုပ်ရည်သန့်ပြန့်သူတစ်ယောက် မဟု
လား။ ဒေါက်တာရဲ့လူနာထဲက အတော်များများဟာ ဒေါက်တ
ကို ချစ်မိကြမှာပဲ မဟုတ်ဘူးလား"

"ခင်ဗျားပြောတာ ကျွန်တော် နားမလည်ဘူး"

"အိုဗျာ . . ဒေါက်တာနားလည်ပါတယ်။ မိန်းမရှာတ
ယောက်က ဒေါက်တာ့ဆီလာပြီး အကုအသခံတယ်။ သုံးနှစ်လုံ
လုံး ဒေါက်တာ့ဆီလာပြီး ကုသခံနေတဲ့ဟာ ဒေါက်တာ့အပေါ်
မှာ မေတ္တာစိတ်တွေ တိမ်းညွတ်မလာနိုင်ဘူးလား၊ ဒါက ဖြစ်နိုင်
တဲ့ကိစ္စမျိုးဘဲ၊ ဒီ့ပြင် ဘာဖြစ်နိုင်သေးသလဲဆိုတာ ပြောပြရအုံး
မယ်၊ ဒေါက်တာက ဂျွန်ဟန်ဆင်ကို နောက်ထပ်လာစရာ မလို
တော့ဘူးလို့ ပြောလိုက်တယ်။ သူက ဒါကိုမနှစ်မြို့က်နိုင်ဘူး၊ သုံး





နှစ်အတွင်းမှာ ဒေါက်တာ့အပေါ် မှီခိုအားထားလိုတဲ့ သံယောဇဉ်
စိတ် ဖြစ်လာခဲ့တယ်၊ ဒါကြောင့် ဒေါက်တာတို့နှစ်ယောက် ခိုက်
ရန်ဖြစ်ကြရော"

ဒေါက်တာစတီဗင်၏မျက်နှာက ဒေါသအရောင်ဖြင့် ညိုမဲ
သွားသည်။ အင်ဂျယ်လီက တင်းမာသောအခြေအနေကို ပြေ
သွားအောင် ဝင်ရောက်၍ပြန်ဖြေသည့်သဘောဖြင့် မေးလိုက်
၏။

"သူ့ကိုမုန်းတီးလောက်အောင် အကြောင်းရှိတဲ့လူတစ်ဦး
တစ်ယောက်ကို မတွေးမိဘူးလား ဒေါက်တာ၊ ဒါမှမဟုတ် သူ
ကိုယ်တိုင်က မုန်းတီးတဲ့လူတစ်ယောက်ကိုကော စဉ်းစားလို့ မရ
ဘူးလား"

"အဲဒီလို လူတစ်ဦးဦးရှိရင် ခင်ဗျားတို့ကို ကျုပ်ထုတ်ဖော်
ပြောပြမှာပေါ့၊ ကျုပ်အနေနဲ့ လူတစ်ဦးကိုသိနိုင်တဲ့အတိုင်းအတာ
ရှိသလောက် ဂျွန်ဟန်ဆင်ရဲ့အကြောင်းကို သိရှိခဲ့ပါတယ်။ သူဟာ
စိတ်ချမ်းသာနေပြီဖြစ်တဲ့ လူတစ်ယောက်၊ ဘယ်သူ့ကိုမျှလဲ မုန်း
တီးတဲ့လူ မဟုတ်ဘူး။ သူ့ကိုလဲ မုန်းတီးနေမယ့်လူ မရှိဘူးဆိုတာ
ကျုပ် အသေအချာသိတယ်"

"ဒါဆို သူ့အတွက် အလွန်ကောင်းတာပေါ့၊ ဒေါက်တာဟာ
လဲ အလွန်ကိုတော်တဲ့ ဆရာဝန်တစ်ဦးဖြစ်နေတာပေါ့။ သူနဲ့ ပတ်
သက်တဲ့ဖိုင်တွဲကို ကျုပ်တို့ယူသွားချင်တယ်"

"သူ့ဖိုင်တွဲကို ကျုပ်မပေးနိုင်ဘူး"

"တရားရုံးအမိန့်ကို ကျုပ်ယူလာနိုင်တယ်"

"ယူခဲ့ပေါ့၊ သူ့ဖိုင်တွဲထဲမှာလဲ ခင်ဗျားတို့အတွက် အထောက်



www.burmeseclassic.com

www.burmeseclassic.com



အကူဖြစ်နိုင်တာ ဘာမှမပါဘူး"

"ဒါဖြင့်ရင် ဒီဖိုင်ထွဲကို ကျုပ်တို့ကိုပေးအပ်လိုက်လို့ကော ဘာများ အန္တရာယ်ရှိမှာလဲ"

"ဒါက သူ့ဇနီးနဲ့ ကလေးတွေ အန္တရာယ်ဖြစ်စေနိုင်တယ်၊ အမှန်က ခင်ဗျားတို့ရေလိုက်လွဲနေပြီ၊ ဟန်ဆင်ကို လူစိမ်း တစ်ယောက်ယောက်က သတ်တာဖြစ်ရမယ်"

"ကျုပ် မယုံဘူး"

မက်ဂရီဗီသည် သီးသန့်တံခါးကို ဖွင့်လိုက်ရင်း . .

"ကျုပ်တို့မကြာခင် ခင်ဗျားနဲ့ဆက်သွယ်ရဦးမယ်"

ပြောပြောဆိုဆို ထွက်သွားသည်။ အင်ဂျယ်လီက ဒေါက်တာစတီဗင်ကို ခေါင်းညိတ်ပြပြီး ဂရီဗီနောက်သို့ လိုက်ပါသွားလေသည်။

ဒေါက်တာစတီဗင်က မတ်တပ်ရပ်၍ ကျန်ရစ်ခဲ့သည်။ သူ့ဦးနှောက်များ ချာချာလည်နေပြီ။ ထိုအတွင်း ကာရိုဝင်လာသည်။

"အားလုံး ပြေပြေလည်လည် ဖြစ်သွားပြီလား ဆရာ"

"တစ်ယောက်ယောက်က ဂျွန်ဟန်ဆင်ကို သတ်သွားတယ်တဲ့"

"ဟင် . . ဟုတ်လား"

"မားနဲ့ထိုးသတ်သွားတာတဲ့"

"ဘုရားရေ . . ဘာကြောင့်များလဲ"

"ရဲတွေက ဘာကြောင့်သတ်တယ်ဆိုတာ မသိသေးဘူး"

"အသဲထိတ်စရာကြီးပါလား၊ ကျွန်မ ဘာလုပ်ပေးရဦးမလဲ ဆရာ"





"ရုံးခန်းတွေ မင်းပဲပိတ်လိုက်တော့၊ ဆရာ မစ္စစ် ဟန်ဆင်ဆီ သွားလိုက်ဦးမယ်။ သတင်းဆိုးကို ဆရာကိုယ်တိုင်ပဲ သွားပြောဦးမှဖြစ်မယ်"

"ဟုတ်ကဲ့ . . စိတ်ချသွားပါဆရာ"

စတီဗင်သည် အခန်းတွင်းမှထွက်သွားလေသည်။ မိနစ်သုံးဆယ်အကြာတွင် ကာရိုသည် ဖိုင်တွဲများကို နေရာတကျ ပြန်လည်သိမ်းဆည်းထားခဲ့ပြီး စားပွဲအံဆွဲကို သော့ခတ်နေစဉ် စကြံဝေက်မှ အခန်းတံခါးပွင့်လာသည်။ အချိန်က ညနေ ခြောက်နာရီထိုးပြီ။ အဆောက်အဦး တံခါးကြီးကို သော့ပိတ်ထားခဲ့ပြီး ဖြစ်သည်။ ကာရိုက အံ့ဩစွာမော့အကြည့်လိုက်တွင် လူတစ်ယောက်က ပြုံးလျက်သူမဆီသို့ လျှောက်လာသည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

မေရီ[illegible]ဟန်ဆင်သည် အရုပ်ကလေးသဖွယ် သေးသေး သွယ်သွယ်နှင့် လှပသည့်အမျိုးသမီးတစ်ဦးဖြစ်သည်။ အပြင်ပန်း အနေဖြင့် နူးညံ့သိမ်မွေ့လျက် မိန်းမဆန်သလောက် အတွင်း စိတ်များကမူ မာကြောသူပင်။

စတီဗင်က သူ့ယောက်ျား ဆေးအကုအသမခံမီ တစ်ပါတ် ခန့်က သူမနှင့်တွေ့ဆုံခဲ့ရသည်။ သူမက ဟန်ဆင် စိတ်ခွဲကုသရေး ကို အတိုက်အခံကန့်ကွက်နေသဖြင့် စတီဗင်အား သူ့မိန်းမကို တွေ့ဆုံဖျောင်းဖျပေးရန် ဟန်ဆင်က တောင်းပန်သဖြင့် လာ ရောက်တွေ့ဆုံရခြင်းဖြစ်သည်။

"ခင်ဗျားက ဘာပြုလို့ခင်ဗျားယောက်ျား စိတ်ခွဲကုသဖို့ ကန့် ကွက်နေရတာလဲ"

"ကျွန်မမိတ်ဆွေတွေက အရူးတစ်ယောက်ကို လက်ထပ် ယူထားတယ်လို့ အပြောမခံနိုင်ဘူးရှင့်၊ သူ့ကိုပြောလိုက်ပါ၊ ပထမ ကျွန်မကို ကွာရှင်းပေးပါ၊ နောက်မှ သူ့ဘာသာ လုပ်ချင် လုပ်လို့"

ဒေါက်တာစတီဗင်က ယခုကဲ့သို့စိတ်သောကဖြစ်နေစဉ် အချိန်အတွင်းမှာ ကွာရှင်းမှုပြုလိုက်ပါက ဟန်ဆင်၏ဘဝသည် ပျက်စီးပြိုကွဲသွားနိုင်သည့် အကြောင်းများကို ရှင်းပြသည်။

"အို . . သူ့ဘဝအတွက် ပျက်စီးပြိုကွဲစရာ ဘာများကျန် ရှိတော့လို့လဲ၊ ကျွန်မက သူဟာမိန်းမရှာတစ်ဦးဖြစ်မှန်း သိခဲ့ရင် သူ့ကိုလက်ထပ်ယူခဲ့ပါ့မလား၊ သူက 'မိန်းမ' ရှင့်"

"လူတိုင်း လူတိုင်းဟာ တစိတ်တစ်ဒေသ မိန်းမစိတ် ရှိကြ သလို မိန်းမတိုင်းဟာလဲ တစ်စိတ်တစ်ဒေသ ယောက်ျား သဘာဝ





တွေ ရှိတတ်ကြပါတယ်၊ ခင်ဗျားယောက်ျားကိစ္စမှာတော့ ခက်ခဲ တဲ့စိတ်ခံစားပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ အရေးကြီးနေတယ်။ သူကလဲ ကြိုးစားနေတာပါပဲ၊ ခင်ဗျားဟာ သူ့အတွက်ရော သား သမီးတွေအကျိုးအတွက်ပါ သူ့ကို ကူညီဖို့ တာဝန်ရှိပါတယ်"

သို့နှင့် . . .

ဒေါက်တာစတီဗင်က မေရီနှင့် သုံးနာရီကျော်ကျော် ပြော ဆိုခဲ့ရာ နောက်ဆုံးတွင် ကွာရှင်းဖို့ကိစ္စကို ဆိုင်းငံ့ထားရန် သဘော တူလိုက်သည်။ ထို့နောက် မေရီကိုယ်တိုင်က ၎င်းဟန်ဆင်၏ စိတ်ခံစားတိုက်ပွဲတွင် ပါလာသည်။ နောက်ဆုံးတွင် သူမကိုယ် တိုင်ပင် စိတ်ခွဲကုသမှုကို ခံယူခဲ့ရာတွင် ဇနီးသည် တစ်ဦးအဖြစ် သူမ၏ချွတ်ယွင်းမှုများကို နားလည်သိမြင်လာရာ ဟန်ဆင်၏ တိုးတက်မှုသည် ပိုမိုမြန်ဆန်လာခဲ့လေသည်။

ယခုမူ သူမယောက်ျားသည် အမီပွါယ်မဲ့စွာ အသတ်ခံရ သည့်အကြောင်းကို ပြောပြလိုက်သည်။ သတင်းကိုကြားရသည် နှင့်တပြိုင်နက် စိတ်ကိုမထိန်းချုပ်နိုင်အောင် ဝမ်းနည်းပက်လက် ဖြစ်လျက် . .

"၎င်း ဘယ်တော့မှပြန်မလာတော့ဘူး" ဟု မြည်တမ်းငို ကြွေးပြီး သူမ၏အင်္ကျီများကို ဆုတ်ဖြဲပစ်တော့သည်။ သူ့ပုံပန်းက အနာတရာဒဏ်ရာရသည့် သားရဲတိရစ္ဆာန်ပမာကဲ့သို့ ဖြစ်နေ တော့သည်။ ထိုအတောအတွင်း ခြောက်နှစ်အရွယ် အမြွှာပူး ကလေးဝင်လာပြီး ငိုယိုလေတော့ရာ တစ်ခန်းလုံးမှာ ငရဲပြည် တမျှ ဆူညံပွက်လောရိုက်သွားလေတော့သည်။ ဒေါက်တာစတီဗင် က အိပ်ဆေးတစ်လုံး ထိုးပေးလိုက်ပြီး သူတို့၏မိသားစုဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com



ထံ တယ်လီဖုန်းဆက်ခေါ်လိုက်သည်။ ကလေးများကို ချော့မော့ပြီး အိမ်နီးချင်းမိတ်ဆွေထံ ခေါ်ယူသွားရန် အပ်နှံခဲ့သည်။

ထို့နောက် ကားမောင်းပြီး ထိုအိမ်မှထွက်ခဲ့ရာ ရည်ရွယ်ချက်မရှိ ဦးတည်ရာသို့ လျှောက်မောင်းနေမိသည်။

ဟန်ဆင်သည် သတ္တိရှိစွာ စိတ်အတွင်း ပဋိပက္ခ တိုက်ပွဲတိုက်ခဲ့ရာ အောင်မြင်ပြီးမှ ယခုကဲ့သို့ အမိပွါယ်ကင်းမဲ့စွာ အသတ်ခံလိုက်ရသည်။ ဘာမှအကျိုးအကြောင်း ဆက်စပ်၍မရသည့် သေဆုံးရခြင်းပင်။

ဟန်ဆင်ကို မိန်းမရှာတစ်ဦးဦးကများ သတ်ခဲ့လေရော့သလား။

ယခင်က သူနှင့်ရင်းရင်းနှီးနှီးဖြစ်ခဲ့သူ မိန်းမရှာတစ်ဦးဦးက ယခု ၎င်းကိုရှောင်ဖယ်သွားသဖြင့် စိတ်နာကျည်း၍ ခြေလွန်လက်လွန် ဖြစ်သွားခဲ့လေရော့သလား။

ဖြစ်နိုင်စရာတော့ရှိသည်။ ဒါပေမဲ့ စတီဗင်က မယုံကြည်နိုင်။ လက်ဖတင်နင်မက်ဝရိုဗီ၏ ပြောကြားချက်အရဆိုလျှင် သူ၏ရုံးခန်းမှ တစ်လမ်းကျော်လောက်တွင် အသတ်ခံရခြင်းဖြစ်သည်။ လူသတ်သမားသည် လိင်တူချင်းတပ်မက်သူ မိန်းမရှာဖြစ်ပါက ပထမ ဟန်ဆင်နှင့်တစ်နေရာတွင် ချိန်းဆိုတွေ့ဆုံပြီး သူ့ထံပြန်လာရန် သွေးဆောင်ရမည်။ သို့မဟုတ် ဟန်ဆင်ကို အဖြစ်တင်ကြိမ်းမောင်း ခြိမ်းခြောက်ဦးမည်သာ ဖြစ်သည်။ လူရှုပ်နေသည့် လမ်းမကြီးတွင် ပုန်းလျှိုး၍ ဓားနှင့်ထိုးပြီး ထွက်ပြေးသွားမည်တော့ မဟုတ်တန်ရာဟု တွေးမိသည်။

လမ်းအတွေ့တစ်နေရာအရောက် တယ်လီဖုန်းရုံးကလေးကို မြင်လိုက်မှ သူ၏မိတ်ဆွေ ဒေါက်တာပီတာဟက်ဒ်လီနှင့်သူ၏



နီး နိုရာကို အိမ်တွင် ညစာစားရန် ကတိပြုခဲ့သည်ကို သတိရလာသည်။

ဒေါက်တာဟတ်ဒ်လီတို့ လင်မယားနှင့်က အရင်းနှီးဆုံး ယ်သူငယ်ချင်းများဖြစ်ကြသည်။ သို့ပေမယ့် သူက ယခုအချိန် ွင် မည်သူနှင့်မျှ တွေ့ချင်စိတ်မရှိ။

သူသည် တယ်လီဖုန်းရုံးကလေးထဲသို့ဝင်ကာ ပီတာ၏အိမ်သို့ ဆက်လိုက်သည်။ တစ်ဖက်မှ နိုရာ၏အသံကို ကြားရ၏။

"နိုရာ ဒီနေ့ည ညစာစားပွဲကို မလာနိုင်တော့လို့ ခွင့်လွှတ် ါကွယ်"

"အို . . ဘယ်ဖြစ်မလဲဂျဒ်ရဲ့၊ ဒီမှာ အပျိုချောတစ်ဦးက ှင်ကိုတွေ့ချင်နေတာ၊ ကျွန်မက တမင်ရှင်တို့နှစ်ယောက် ရင်းနှီး အောင် အစီအစဉ်လုပ်ထားတာ"

"အေးပါ . . နောက်တစ်ခါမှ စီစဉ်ပါ၊ ကိုယ်က ဘယ်လိုမှ ညစာစားပွဲတက်ဖို့ မဖြစ်တော့လို့ နိုရာက ကိုယ့်အတွက် တောင်း ပန်ပေးပါလား"

"ရှင်တို့ဆရာဝန်တွေဟာ ဒီလိုချည်းပဲ၊ ခဏနေဦးနော်၊ ပီတာနဲ့ပြောဦး"

တစ်ဖက်မှ ပီတာ၏အသံ ကြားရသည်။

"ဂျဒ် တစ်ခုခုဖြစ်နေလို့လား"

"ဘာမှမဖြစ်ပါဘူး၊ ပင်ပန်းလွန်းလို့ပါ။ မနက်ဖန်ကျမှ အကျိုးအကြောင်း ပြောပြမယ်"

"အေးလေ . . ကောင်းပါပြီ"

တယ်လီဖုန်းကို နိုရာက ကိုင်လိုက်ပြန်သည်။

"ဒီမှာ ဂျဒ် . . အမျိုးသမီးက ခရစ္စမတ်ပွဲတော် စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



တက်ဦးမယ်တဲ့၊ အဲဒီကျမှ ရှင်လာမှာလား”

ဂျဒ်စတီဗင်က ခေတ္တမျှတုန့်ဆိုင်းသွားသည်။

“နောက်တော့မှ ပြောကြစို့လား နိုရာ၊ ဒီည မလာနိုင်တာ တော့ ဝမ်းနည်းပါတယ်”

နောက် တယ်လီဖုန်းကို ချလိုက်သည်။

နိုရာက အောင်သွယ်လုပ်နေသဖြင့် လိမ္မာပါးနပ်စွာ သူ ၏အလုပ်ကို ရပ်ဆိုင်းသွားအောင် သူကပြောလိုက်ချင်သည်။

ဂျဒ်သည် တက္ကသိုလ်တွင်နောက်ဆုံးနှစ်၌ သင်ကြား စဉ်က အယ်လီဇဘက်နှင့် တွေ့ဆုံပြီး လက်ထပ်ခဲ့ကြသည်။ သူ နှစ်ဦးစလုံးက ငယ်ရွယ်ကြပြီး တစ်ဦးကိုတစ်ဦး အလွန်အမင် ချစ်ခင်ခဲ့ကြသည်။ ရှေ့တွင် ပြန့်ပျူးနေသည့် ဘဝခရီးအတွက် သူတို့မှာ အစီအစဉ်များ အပြည့်နှင့်ဖြစ်သည်။ သူတို့၏ အိ ထောင်သက်တွင် ပထမဦးဆုံး ခရစ္စမတ်ပွဲတော်ချိန်၌ အယ် ဇဘက်နှင့် မမွေးသေးသော ကလေးတို့သည် ကားတိုက်မိရာ လူ့ပြည်ကို စွန့်ခွာသွားခဲ့ကြသည်။

ဖြေမဆည်နိုင်သူ ဂျဒ်သည် သူ့အလုပ်တွင် စုံးစုံးနစ်မြှ လိုက်သည်။ ထို့ကြောင့်လည်း ဂျဒ်သည် မကြာမီပင် နာမည်ကျေ ကြား လူသိများသော စိတ်ခွဲပညာရှင်တစ်ဦးအဖြစ်သို့ ရော လာခဲ့လေသည်။ သို့ပေမယ့် သူသည် ခရစ္စမတ်ပွဲတော်သို့ ရော လျှင် မည်သူနှင့်မျှ မတွေ့ချင်။ သူတကာတွေနှင့် ရောနှော ခရစ္စမတ်ပွဲတော်တွင် မပျော်နိုင်တော့ပေ။

တယ်လီဖုန်းရုံးတွင်းမှအထွက်တွင် အပြင်၌စောင့်နေ အမျိုးသမီးချောချောကလေးတစ်ဦးကို တွေ့လိုက်ရသည်။ သူ က သူ့ကိုဖော်ရွေစွာပြုံးပြသည်။ သူမ၏ မျက်စိအစုံတွင် သူ့အ





ခင်စုံမက်သည့် အရိပ်အယောင်များ သန်းနေသည်။ အမှန် သည်း အမျိုးသမီးများက သူ့ကိုချစ်ခင်မြတ်နိုးကြသည်ကို သူ သည်။ သူ၏စိတ်ခွဲကုသမှုယူသူ အမျိုးသမီးများကလည်း ဤ သူ့အပေါ် တိမ်းညွတ်သည့်စိတ်များ ဖြစ်ပေါ်လာသည့်အတွက် ာ အခက်အခဲနှင့် တွေ့ကြုံခဲ့ရဖူးသည်။

သူသည် ထိုအမျိုးသမီးလေးကို ကျော်ခိုင်းလိုက်ပြီး ကား တက်၍ မောင်းထွက်ခဲ့သည်။ ဘယ်ကိုဟူ၍ ရည်ရွယ် ဦး ည်ချက်တော့မရှိ။ နောက်ကျိတင်းကြပ်နေသောစိတ်ကို ဖြေ အတွက် စိတ်ကူးမိရာဘက်သို့ မောင်းနှင်နေခဲ့သည်။ အရှေ့ ကားလမ်းမှ ‘မားရစ်ဥယျာဉ်’ လမ်းသို့မောင်းသည်။ ထိုမှတ ကွန်နယ်တီကတ်ဘက်သို့ ဦးတည်လိုက်ပြန်၏။

တစ်လမ်းလုံး၌စိတ်ကို ကားလမ်းပေါ်မှာသာ စူးစိုက်ထား ည်။ ဟန်ဆင်အကြောင်းသို့ စိတ်ရောက်သွားလျှင် အခြားကိစ္စ ာသို့ စိတ်ကိုလွှဲပြောင်းပေးလိုက်သည်။

တဖြည်းဖြည်းနှင့် ညဉ့်သည်နက်လာခဲ့၏။ သူသည် ကား သူ့အိမ်ဘက်သို့ ပြန်လည်လှည့်၍ မောင်းခဲ့လေသည်။

သူ့အိမ်ခန်းမကြီးရှိရာ အဆောက်အဦးကြီးရှေ့သို့ ကား လိုက်ပြီး အဆောက်အဦးအတွင်းသို့ ဝင်ခဲ့သည်။ အမြဲတန်း ဆီးကြိုနှုတ်ဆက်ပြီး သူ့အိမ်သားအကြောင်း သားသမီးများ ကြောင်းပြောလေ့ရှိသူ တံခါးစောင့်မိုက်ခ်သည် ယနေ့တွင် ဆိတ်နေသည်။

အဆောက်အဦအတွင်းသို့ ရောက်လျှင် ဧည့်ခန်းကိုဖြတ် ာက်သွားသူ မန်နေဂျာဘင်တတ်ကို တွေ့မြင်သော်လည်း လက်ပြရုံပြ၍ ကပျာကသီ ထွက်သွားပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဘာတွေဖြစ်နေကြပါလိမ့်” ဟု သူကမတွေးတတ်အော ဖြစ်နေ၍ အံ့ဩမိသည်။ ဓာတ်လှေကားအတွင်းသို့ ရောက်သ အခါဟွင်လည်း ဓာတ်လှေကားမောင်းအက်ဒီကလည်းအမူအ ပျက်လျက် သူ့ကိုမကြည့် မျက်နှာလွှဲနေသဖြင့် ဂျဒ်သည် ပို စဉ်းစားရကြပ်လာသည်။

ဓာတ်လှေကားမှထွက်ခဲ့ပြီး သူ့အခန်းကိုဖွင့်၍ ဝင်လို သည်။

အခန်းတွင်း၌ မီးများထိန်ထိန်လင်းနေသည်။ မက်ဂရီဇီ သူ့ဧည့်ခန်းတွင်း၌ စားပွဲအံဆွဲကို ဖွင့်နေသည်ကို တွေ့လိုက် ရ အင်ဂျယ်လီက အိပ်ခန်းထဲမှထွက်လာသည်။ ဂျဒ်သည် မျ တရက် ဒေါသထောင်းကနဲထသွားသည်။

“ကျုပ်အိပ်ခန်းထဲမှာ ခင်ဗျားတို့ဘာလာလုပ်နေကြတာ

“ခင်ဗျားကိုစောင့်နေတာလေ ဒေါက်တာစတီဗင်”

မက်ဂရီဇီက လေအေးအေးနှင့် ဖြေလိုက်သည်။

ဂျဒ်သည် ခပ်သွက်သွက်လျှောက်လာပြီး ပွင့်နေသော အံ ကို ခပ်ကြမ်းကြမ်းပိတ်လိုက်သည်။

“ခင်ဗျားတို့ ဘယ်လိုနည်းနဲ့ ဝင်လာတာလဲ”

“ကျုပ်တို့မှာ ရှာဖွေဝရမ်းပါတယ် ဒေါက်တာ”

မက်ဂရီဇီက ဖြေသည်။

“ရှာဖွေဝရမ်း . . ဟုတ်လား”

“မေးခွန်းတွေကို ကျုပ်ကမေးရမှာဒေါက်တာရဲ့”

“ခင်ဗျားရဲ့ရှေ့နေ မရှိသေးလို့ မဖြေလိုရင်လဲ မဖြေ နေနိုင်ပါတယ်”

အင်ဂျယ်လီက ဝင်ထောက်လိုက်သည်။



“ခင်ဗျားရှေ့နေကို ခေါ်ချင်သလား”

မက်ဂရီဇီက မေးလိုက်သည်။

“ရှေ့နေမလိုပါဘူး၊ ကျုပ်ပြောခဲ့ပြီးပြီမဟုတ်လား။ ကျုပ်ရဲ့ ာအကျီကို ဒီနေ့မနက်က ဂျွန်ဟန်ဆင်ကိုငှားလိုက်တယ်လို့၊ က်ပြီး ဒီအကျီကို ခင်ဗျားတို့ကျုပ်ရုံးခန်းထဲ ယူလာမှပဲ ပြန် ရတာ၊ ကျုပ်တစ်နေ့လုံး လူနာတွေနဲ့အတူ ရှိနေတာပဲ၊ ကျုပ် ယ်အချိန်မှာ လူသတ်မှုကို ကျူးလွန်နိုင်ပါ့မလဲ၊ ဒီအကြောင်း ကျုပ်ရဲ့လူနာ မစ္စရောဘတ်က သက်သေခံနိုင်တယ်”

မက်ဂရီဇီနှင့် အင်ဂျယ်လီတို့သည် တစ်ဦးကိုတစ်ဦး လှမ်း ည့်လိုက်ကြသည်။

“နေ့လည် ခင်ဗျားရုံးကထွက်သွားပြီး ဘယ်ကိုသွားပါ သလဲ”

အင်ဂျယ်လီကမေးသည်။

“မစ္စဟန်ဆင်ဆီ သွားတယ်”

“ဒါကို ကျုပ်တို့သိပါတယ်။ အဲဒီကနေ ဘယ်သွားသလဲ”

မက်ဂရီဇီက မေးမြန်းလိုက်ပြန်သည်။

“ကျုပ် ကားလျှောက်မောင်းနေတယ်”

“ဘယ်ကိုလဲ”

“ကွန်နယ်တိကတ်ကို”

“ခင်ဗျားဘယ်မှာ ညစာစားသလဲ”

“ကျုပ်မဆာလို့ ဘယ်မှာမှ မစားခဲ့ဘူး”

“ဒါဖြင့် ခင်ဗျားကိုဘယ်သူမှ မမြင်မတွေ့ခဲ့ဘူးလို့ ဆိုလို ရာပေါ့”

“ဟုတ်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား တစ်နေရာရာမှာ ကား ခေတ်ဆီသွားထည့်ဦး
ပေါ့" ဟု အင်ဂျယ်လီက လမ်းကြောင်းပေးသည်။

"ဘယ်မှာမှရပ်ပြီးခေတ်ဆီမထည့်ပါဘူး"

"နေ့လည် ခင်ဗျားရုံးခန်းက ထွက်လာပြီးမှ ရုံးခန်း
ပြန်သွားသေးသလား"

မက်ဂရီဗီက ခပ်ပေါ့ပေါ့ မေးလိုက်သည်။

"မသွားပါဘူး၊ ဘာဖြစ်လို့လဲ"

"ခင်ဗျား ရုံးခန်းထဲကို တစ်စုံတစ်ယောက်က ဖျက်
ဝင်သွားတယ်"

"ဘာဗျ . . . ဘယ်သူဝင်သွားခဲ့တာလဲ"

"ကျုပ်တို့မသိရသေးဘူး။ ခင်ဗျား ကျုပ်တို့နဲ့အတူ လို
ပြီး ကြည့်စေချင်တယ်။ ခင်ဗျားရုံးထဲက ပျောက်ဆုံးတာ ရှိရင်
ခင်ဗျားပြောနိုင်မှာပေါ့"

"ပြောနိုင်ပါတယ်။ ဘယ်သူက ဒီအကြောင်းကို သတ
ပေးသလဲ"

"ညစောင့်က သတင်းပေးပါတယ်။ ခင်ဗျားရုံးခန်းထဲ
တန်ဖိုးရှိတဲ့ပစ္စည်းတွေ ထားသလားဒေါက်တာ၊ ဥပမာ ငွေ၊ ခ
ဝါး စသည်ဖြင့်ပေါ့"

ဤမေးခွန်းကို အင်ဂျယ်လီက မေးလိုက်ခြင်းပင် ဖြစ်သည

"ငွေအနည်းအကျဉ်းလောက် ရှိပါတယ်။ မူးယစ်ဆေး
မျိုးမရှိပါဘူး။ ခိုးယူစရာဆိုလို့ ဘာမှမရှိဘူး။ ရုံးခန်းထဲခိုးပြီး ဝ
ရောက်လာတာက အံ့ဩပါယ်မဲ့နေပါတယ်"

"ကဲ . . ဒါဖြင့်သွားကြစို့"

မက်ဂရီဗီက ပြောပြောဆိုဆိုနှင့် ရှေ့မှဦးစွာ ထွက်သွ





ည်။ အင်ဂျယ်လီက ဤသို့ဖြစ်ပျက်ရသည့်အကြောင်းကို အား
တောင်းပန်သည့်အမူအရာဖြင့် ဒေါက်တာဂျဒ်ကို ကြည့်သည်
ဂျဒ်ကလည်း နားလည်သည့်ဟန်ဖြင့် ဦးခေါင်းညိတ်ပြလိုက်
သည်။

နောက် သူတို့အခန်းတွင်းမှ ထွက်ကာ အောက်သို့ ဆင်း
ခဲ့ကြသည်။

ရဲများက သူ့ကို ကိုယ့်ရုံးခန်းကိုယ် ဖောက်ထွင်းဝင်ရောက်
သည်ဟု သင်္ကာမကင်းဖြစ်ကြလိမ့်မည်ဟုတော့ သူမထင်။ မက်
ဗီက သူ့လုပ်ဖော်ကိုင်ဖက် ရဲအရာရှိတစ်ဦး သေဆုံးခဲ့ရသည်
အခဲမကြေဘဲ ဂျဒ်ကိုအပြစ်ရအောင် တနည်းနည်းနှင့် သက်
ခံရှာနေသည်ဟု သူထင်မိသည်။ ထိုအဖြစ်ကလည်း ကြာခဲ့
ငါးနှစ်ခန့်ပင် ကြာခဲ့ပေပြီ။ ထိုကာလအတွင်းမှာ မက်ဂရီဗီ
မကျေမနပ်နှင့် ရန်ညိုးသိုထားခဲ့ပြီး သူ့ကိုတစ်နေ့တွင် လက်
ချေရန်အခွင့်ကို စောင့်ဆိုင်းရှာကြံနေခဲ့ရော့သလား။

အဆောက်အဦးရှေ့တွင် ရဲကားတစ်စီး ရပ်ထားသည်။
တို့ကားပေါ်သို့ တက်ခဲ့ပြီး ကားထွက်ခဲ့သည်။

ရုံးခန်းရှိရာ အဆောက်အဦးသို့ရောက်လျှင် ဂျဒ်က ရှေ့
မတက်ခဲ့ပြီး သူ့အခန်းကိုဖွင့်ရန် သော့ကိုအိတ်ထဲမှ နှိုက်ထုတ်
တ်သည်။

"တံခါးက သော့ဖွင့်ထားပြီးသားပဲ" ဟု အင်ဂျယ်လီက
ပြလိုက်သည်။ ဂျဒ်က တံခါးကိုတွန်းဖွင့်ပြီး အခန်းထဲသို့ ဝင်
ရာ ဧည့်ခန်းတွင် စာရွက်စာတမ်းများ ပြန့်ကျဲလွင့်ကျလျ
ဆွဲများလည်း ပွင့်လျက်ရှိသည်ကို တွေ့ရသဖြင့် အံ့ဩလျက်
ဆိုးသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ချိုးဖောက်ဝင်လာသူတွေက ဘာပစ္စည်း လာရှာ တယ်လို့ ဒေါက်တာထင်သလဲ" ဟု မက်ဂရီဗီက မေးလိုက်သ

"ကျုပ် မစဉ်းစားတတ်ဘူး"

ဂျဒ်သည် အတွင်းခန်းသို့ဝင်ရန် တံခါးဆီသို့လျှောက်ခဲ့ နောက်မှ မက်ဂရီဗီက ကပ်၍လိုက်ပါလာသည်။

ဆေးကုခန်းထဲတွင် စားပွဲများလဲလျက် ကြမ်းပြင်ပေ မီးအိမ်တစ်လုံးတွဲ၍ ကော်ဇောပေါ်တွင် သွေးများစွန်းနေသ

အခန်း၏ထောင့်တွင် ကြည့်မကောင်း ရှုမကောင်း အေ ဖြစ်ပျက်နေသည်။ ကာရိုရောဘတ်၏ ရုပ်အလောင်း တွေ့ရသည်။ ကာရိုသည် ဝတ်လစ်စလစ်နှင့်ဖြစ်ပြီး သူ လက်နှစ်ဖက်ကို နောက်ကျောတွင်ကပ်လျက် ဝိုင်ယာကြိုး တုပ်နှောင်ထားသည်။ ညာလက်လက်ချောင်းကလေးများ နေပြီး မျက်နှာတစ်ခုလုံး ယောင်ရမ်းနေလျက် ပါးစပ်တွ လက်ကိုင်ပုဝါ ကို ဆို့ထည့်ထားသည်။

ဂျဒ်က ထိုရုပ်အလောင်းကို စိုက်၍ကြည့်နေမိသ မက်ဂရီဗီနှင့် အင်ဂျယ်လီတို့က သူ့ကိုအကဲခတ်နေသည်။

"ခင်ဗျား စိတ်ထိခိုက်သွားပြီလား . . ကဲ ထိုင်လိုက်ပါ"

အင်ဂျယ်လီက နှစ်သိမ့်သည်။ ဂျဒ်က ခေါင်းကိုရမ်း လ အသက်ပြင်းပြင်း ရှူနေပြီးမှ စကားပြန်ပြောသည်။

"ဘယ်သူ . . ဘယ်သူကများ ရက်ရက်စက်စက် လုပ်သ ပါလိမ့်ဗျာ"

"ဒါကို ဒေါက်တာက ကျုပ်တို့ကို ပြောပြရလိမ့်မယ်"

ဟု မက်ဂရီဗီက ဆိုလိုက်သည်။

"ဘယ်သူမှ ကာရိုကို ရက်ရက်စက်စက် လုပ်စရာမရှိ



ဘူး။ ကာရိုက ဘယ်သူ့ကိုမှနာကျည်းအောင် ပြုခဲ့ဖူးတဲ့သူ တစ် ယောက်မဟုတ်ဘူး"

"ဒီမှာဒေါက်တာ . . ခင်ဗျားလေသံကို ပြောင်းဦးဗျာ။ ဆင်အသတ်ခံရတုန်းကလဲ ဘယ်သူကမှ သူ့ကိုရက်ရက် စက် လုပ်ချင်တဲ့သူ မရှိပါဘူးလို့ ပြောတယ်။ ခုလဲ ဒီလေသံအ င်းပဲ၊ ဘယ်သူကမှ ကာရိုကို နှိပ်စက်ချင်တဲ့လူ မရှိနိုင်ဘူးလို ဖြန်ပြီ။ ဒီမိန်းကလေးက ခင်ဗျားဆီမှာ လေးနှစ်တိုင်တိုင် လုပ်လုပ်ခဲ့တယ်။ ခင်ဗျားဟာ စိတ်ခွဲပညာဆရာဝန်၊ ဒါပေမဲ့ ဗျားက သူမအကြောင်း သူမရဲ့ဘဝကို မသိသလို ဂရုမစိုက် လို့ ပြောနေပြန်ပြီ"

မက်ဂရီဗီ၏အသံက အနည်းငယ်မာကြောလာသည်။

"ကျုပ် သူ့ကိုဂရုစိုက်ပါတယ်။ ဒီကလေးမလေးမှာ မကြာ င်လက်ထပ်မယ့် ချစ်သူတစ်ယောက်ရှိတယ်"

"ချစ် ဆိုတဲ့လူ မဟုတ်လား၊ သူနဲ့တွေ့ပြီး မေးမြန်းခဲ့ပြီးပြီ"

"သူကတော့ ဒီပြစ်မှုကြီးကို ကျူးလွန်ခဲ့သူ မဟုတ်ပါဘူး။ ာရိုကို သူတကယ်မေတ္တာရှိနေပါတယ်"

"ခင်ဗျားကာရိုကို နောက်ဆုံးဘယ်တုန်းက ဆိုပါတော့ ယ်အချိန်လောက်က အသက်ရှင်လျက် တွေ့ခဲ့ပါသလဲ"

"ကျုပ် ပြောခဲ့ပြီမဟုတ်လား။ မစ္စစ်ဟန်ဆင်ကို သွားတွေ့ဖို့ ကထွက်ခဲ့တဲ့အချိန်ပေါ့။ ကျုပ် ကာရိုကို ရုံးခန်း တံခါးတွေ တ်ဖို့ မှာထားခဲ့သေးတယ်"

"ဒီနေ့မှာ နောက်ဝေဒနာရှင်တွေကိုတွေ့ဖို့ ချိန်းထားတာ ား ရှိသေးသလား"

သစ်ဆန်းစာစု

www.burmeseclassic.com

www.burmeseclassic.com

"မရှိဘူး"

"ဒီလူသတ်မှုကို အရူးကြမ်းတစ်ဦးက ကျူးလွန်သွား
တယ်လို့ ဒေါက်တာထင်သလား"

အင်ဂျယ်လီကပင် မေးလိုက်သည်။

"အရူးကြမ်းတစ်ဦးက ဝင်ပြီးကျူးလွန်သွားနိုင်တယ်။ ဒါ
အရူးမှာလဲ ဒီပြစ်မှုကျူးလွန်ဖို့အတွက် အကြောင်းရှိရမှာပဲ"

"ဟုတ်တယ် . . ကျုပ်လဲဒီလိုပဲ ထင်တယ်" ဟု မက်ဂရီ
ပြောလိုက်သည်။

ဂျဒ်သည် ကာရိုအလောင်းရှိရာသို့ လှမ်းကြည့်လိုက်သ

"ခင်ဗျားတို့ ကာရိုကို ဒီလိုအတိုင်း ဘယ်လောက်ကြာ
ထားကြဦးမှာလဲ"

"မကြာခင် အလောင်းကိုလာသယ်သွားပါလိမ့်မယ်"

အင်ဂျယ်လီက ဖြေကြားလိုက်သည်။

ဂျဒ်က မက်ဂရီဇီဘက်သို့လှည့်ပြီး . . .

"သူ့အလောင်းကို ဒီအတိုင်းထားတာက ကျုပ်မြင်
အောင်ဆိုတဲ့ သဘောလား" ဟု မေးလိုက်၏။

"ဟုတ်ပါတယ်။ ဒါနဲ့ ဒေါက်တာ့ရုံးခန်းထဲမှာ လူသတ်
လောက်အောင် အရေးကြီးတဲ့ စာရွက်စာတမ်း ပစ္စည်းများ
သလား"

"မရှိပါဘူး"

"ခင်ဗျားရဲ့ ဝေဒနာရှင်တွေအကြောင်း မှတ်သားထား
မှတ်တမ်းတွေကရော"

ဂျဒ်က ဦးခေါင်းကိုရမ်းပြလိုက်သည်။

သစ်ဆန်းစာပေ



"ခင်ဗျားမှာ ကူညီချင်တဲ့ဆန္ဒ နည်းပုံရတယ်"

"ဘယ်သူပဲ ကျူးလွန် ကျူးလွန်၊ ဒီလူသတ်သမားကို ခင်
ဗျားတို့ဖမ်းမိအောင် ကျုပ်က ကူညီချင်တယ်ဆိုတာ ခင်ဗျားတို့
မသိကြဘူးလား။ ကျုပ်ဖိုင်တွေထဲမှာ ဒီလူသတ်သမားကို ဖမ်း
ဆီးမိနိုင်ဖို့ရာ သဲလွန်စအကြောင်း ဘာမှမရှိဘူး။ ကျုပ် ဝေဒနာ
ရှင်တွေအကြောင်း ကျုပ်သိတယ်။ သူ့ကိုသတ်ဖို့အကြောင်း လုံ
လုံလောက်လောက် ဘယ်သူ့မှာမှမရှိပါဘူး။ ဒီပြစ်မှုကို အပြင်က
လူတစ်ဦးဦးက ကျူးလွန်တာပဲ"

"ဒီလူသတ်သမားဟာ ဒေါက်တာရဲ့လူနာမှတ်တမ်း တစ်
ခုခုကို အလွန်အမင်းလိုချင်နေတဲ့သူ မဟုတ်ဘူးလို့ ဘယ်လို
ပြောနိုင်သလဲ"

"ကျုပ် ဖိုင်တွေကို သူကိုင်မှမသွားတာပဲ"

မက်ဂရီဇီသည် ရုတ်တရက်စိတ်မြင်စားစွာဖြင့် ဒေါက်တာ
ဂျဒ်စတီဗင်ကို ကြည့်လိုက်သည်။

"ခင်ဗျား ဘယ်လိုသိသလဲ၊ ခင်ဗျားစစ်ဆေးမကြည့်ရ
သေးတဲ့ဟာကို"

ဂျဒ်သည် တစ်ဖက်ရှိနံရံဆီသို့ လျှောက်သွားပြီး နံရံကပ်
တံခါးကိုဖွင့်လိုက်သည်။ အတွင်း၌ 'တိပ်' ခွေများထည့်ထားသည့်
ပင်အထပ်များကို မြင်ရသည်။

"ကျုပ်က စိတ်ဝေဒနာရှင်တွေ့ရဲ့ မှတ်တမ်းမှန်သမျှ ဒီအ
တွင်းမှ ထည့်ထားတယ်။ တိပ်ခွေတွေလဲ ဒီထဲမှာပဲ သိမ်းဆည်း
ထားတယ်"

"လူသတ်သမားတွေက ဒီတိပ်ခွေတွေကို လိုချင်ပြီ ထား

သစ်ဆန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့နေရာကိုပြောဖို့ ကာရိုကိုညှင်းဆဲ နှိပ်စက်တာကော မဖြစ်နိုင်ဘူးလား”

“ဒီတိပ်ခွေတွေထဲမှာ သူတို့လိုချင်တဲ့ အချက်အလက် တွေဘာမှမရှိပါဘူး။ တခြားအကြောင်း တစ်ခုခုကြောင့် သတ်တာ ဖြစ်ပါလိမ့်မယ်”

ဂျဒ်သည် ကာရို၏အလောင်းကို လှမ်းကြည့်လိုက်ပြီးမှ ပြောလိုက်သည်။

“ခင်ဗျားတို့ သူ့ကိုဘယ်သူသတ်တယ်ဆိုတာ ရအောင် စုံစမ်းကြစမ်းပါဗျာ”

“စိတ်ချပါ . . ကျုပ် လူသတ်သမားကို ရအောင်ရှာမယ်”

မက်ဂရီဗီက ဂျဒ်ကိုစူးစိုက်ကြည့်ပြီး ပြန်ပြောလိုက်သည်။

ထို့နောက် သူတို့သည် အဆောက်အဦး အောက်ထပ်သို့ ဆင်းလာကြသည်။ မက်ဂရီဗီက အရေးတကြီးကိစ္စတစ်ခု ရှိသောသည့်အတွက် ဒေါက်တာဂျဒ်စတီဗင်ကိုလိုက်ပို့ရန် အင်ဂျယ်လီကိုပြောလိုက်သည်။ နောက် နှုတ်ဆက်ပြီး ထွက်သွားလေ၏။

အင်ဂျယ်လီက ကားနှင့်ဒေါက်တာစတီဗင်ကို လိုက်ပို့ သည်။ ကားပေါ်၌ ရုတ်တရက် စကားမပြောကြ။ အတွေးကိုယ်စီနှင့် ရှိနေကြသည်။

အတန်ကြာမှ အင်ဂျယ်လီက စကားစ၍ပြောလေသည်။

“မက်ဂရီဗီဟာ ရဲအရာရှိကောင်းတစ်ယောက်ပါပဲ။ ဇစ်ဖရင်ဟာ သူ့လုပ်ဖော်ကိုင်ဖက်ကို ပစ်သတ်တဲ့အတွက် လျှပ်စစ်ကုလားထိုင်မှာ သေဆုံးသင့်တယ်လို့ ယုံကြည်နေတယ်ဗျ”

“ဇစ်ဖရင်ဟာ ရှုံးသွပ်နေသူတစ်ဦးပဲ”

“ကျွန်တော့်အနေနဲ့တော့ ဒေါက်တာ့ရဲ့ယူဆချက်ကို လက်ခံပါတယ်”

“ဒါဖြင့် မက်ဂရီဗီက လက်မခံ” ဟု အဓိပ္ပါယ်ရသည်ဟု ဂျဒ်က ဆက်တွေးလိုက်သည်။

ငါးမိနစ်ခန့်အကြာတွင် ဂျဒ်သည် သူ့အိပ်ခန်းသို့ ရောက်လာခဲ့သည်။

ထိုအချိန်တွင် လက်ဖတင်နင် မက်ဂရီဗီသည် ရင်ခွဲရုံသို့ ရောက်ခဲ့သည်။ ရင်ခွဲရုံ၌ ကာရို၏အလောင်းကို ဆရာဝန်က ခွဲစိပ်စစ်ဆေးကြည့်နေသည်ကို စောင့်ဆိုင်းနေသည်။ ပြီးစီးမှ ဆရာဝန်ကို မက်ဂရီဗီက မေးမြန်းစုံစမ်းလေသည်။

သိလိုသည်ကို မေးမြန်းစုံစမ်းပြီးမှ ရင်ခွဲရုံမှထွက်လာရာ တွင်အတော်ညဉ့်နက်နေပြီဖြစ်သည်။ တက္ကစီပင် မရှိတော့ပေရာ ပတ္တရောင်လှည့် ရဲကားတစ်စီးကိုတွေ့သဖြင့် ၎င်းကိုပင် ရပ်တန့်စေပြီး သူ့ရုံးရှိရာသို့ ပို့ခိုင်းရတော့သည်။

ဂရီဗီသည် ရုံးခန်းထဲသို့ဝင်လာသည်တွင် အခန်းထဲ၌ အင်ဂျယ်လီက သူ့ကိုစောင့်နေသည်ကို တွေ့လိုက်ရသည်။

“အလောင်းတော့ စစ်ဆေးပြီးသွားပြီ”

“ဒီတော့”

“ကာရိုဟာ ကိုယ်ဝန်ကြီးနဲ့ဆိုတာ တွေ့ရတယ်”

အင်ဂျယ်လီ အံ့အားသင့်ပြီး သူ့ကိုငေးကြည့်နေသည်။

“ကာရိုရဲ့ကိုယ်ဝန်က သုံးလရှိပြီတဲ့။ သုံးလဆိုတော့ ဖျက်ချဖို့အချိန်လဲ နှောင်းပြီ၊ ရုတ်တရက်လဲ သိနိုင်တဲ့ရုပ်လက္ခဏာ မပေါ်သေးဘူး”





www.burmeseclassic.com

www.burmeseclassic.com



"အဲဒါနဲ့ သူ့ကိုသတ်မှုနဲ့ ဆက်စပ်နေတယ်လို့ ထင် သလား

"အေး . . ဒါကမေးသင့်တဲ့ မေးခွန်းကောင်းတစ်ခုပဲ၊ ချစ်သူနဲ့ ရတဲ့ကလေးဆိုရင် သူတို့လက်ထပ်လိုက်ကြရုံပဲပေါ့ ဘာပြဿနာပေါ်စရာရှိသလဲ။ ဒါမျိုးဆိုတာ ဖြစ်နေကြအဖြစ်ပဲ မဟုတ်လား။ ဒါမှမဟုတ် သူ့ချစ်သူနဲ့ ကလေးရှိပြီး ဒီငနဲက သူ့ကို လက်ထပ်မယူချင်ဘူးဆိုရင်လဲ ဘာပြဿနာပေါ်စရာရှိသလဲ ကလေးမွေးလိုက်ရုံပဲ။ ယောကျ်ားမရှိလဲ ဘာကိစ္စရှိသလဲ။ ဖြစ် ရိုးဖြစ်စဉ် ဖြစ်နေကြတဲ့ ဇာတ်လမ်းတစ်ခုပဲ"

"ကျွန်တော်တို့ 'ချစ်' နဲ့တွေ့ပြီးမေးကြတော့ သူကလက် ထပ်ယူဖို့ စီစဉ်ထားတယ်လို့ ပြောတယ်"

"ဟုတ်တယ်လေ . . ဒီတော့ ကျုပ်တို့စဉ်းစားစရာက အသားမဲ မိန်းမပျိုတစ်ဦးက ကိုယ်ဝန်ရှိနေပြီ၊ သူ ဘာလုပ်မလဲ ကလေးအဖေဆီကိုသွားပြီး ကိုယ်ဝန်ရှိနေပြီဆိုတဲ့အကြောင်း ပြောမယ်။ ဒီတော့ ကလေးအဖေက သူ့ကိုသတ်လိုက်ရော"

"ဒီလူဟာ လူရူးပဲဖြစ်နေမှာပေါ့"

"ဒီလိုတွေးကြည့်စမ်း၊ ကာရိုက ကလေးအဖေဆီကို သွားပြီးတော့ သူ့မှာကိုယ်လေးလက်ဝန်ရှိနေပြီ၊ ဒါပေမဲ့ သူမက ဒီကိုယ်ဝန်ကို ဖျက်မချနိုင်ဘူး၊ ဒီကလေးကို မွေးရမယ်လို့ ပြော မယ်၊ တနည်းအားဖြင့်ဆိုရရင် ကိုယ်ဝန်ရှိနေလို့ သူ့ကိုလက်ထပ် ဖို့ အကြပ်ကိုင်မယ်၊ ဆိုပါစို့ . . ကလေးအဖေကလဲ သူ့မှာ အိမ် ထောင်နဲ့ဖြစ်နေလို့ လက်မထပ်နိုင်၊ ဒါမှမဟုတ် သူက လူဖြူ တစ်ယောက်ဖြစ်နေလို့ လက်မထပ်နိုင်၊ ဥပမာပေါ့ကွာ သူက နာမည်ကျော်ဆရာဝန်တစ်ဦး၊ သူနဲ့ကိုယ်ဝန်ရှိတဲ့အကြောင်း လူ





သိကုန်ကြရင် သူ့ဂုဏ်သရေပျက်မယ်၊ သူ့ရဲ့အလုပ်လဲ ထိခိုက် သွားမယ်၊ ပြီး သူ့ဘဝဟာ ပျက်စီးသွားတော့မယ်၊ ဒီလိုဆို ဘာ ဖြစ်လာနိုင်သလဲ"

"နေပါဦးဗျ . . စတီဗင်က ဆရာဝန်ပဲ၊ သူ့အပေါ် သက်ာ သေနမကောင်းမဖြစ်နိုင်အောင် သူမကိုသေစေနိုင်တဲ့ တခြားနည်း လမ်းတွေ အများကြီးရှိတာပဲ"

"ရှိချင်လဲရှိမယ်၊ မရှိချင်လဲ မရှိဘူး၊ ဘယ်နည်းကိုသုံးသုံး လေ၊ သင်္ကာမကောင်းဖြစ်စရာအချက် ရှိလာရင် သူ့ဆီကို ခြေ ရာခံလိုက်နိုင်တာပဲ၊ သူလွတ်အောင်ရှောင်ကွင်းဖို့ကတော့ အလွန် ခက်လွန်ခက်လိမ့်မယ်၊ သူက အဆိပ်ဝယ်တယ်ဆိုပါတော့ တစ်စုံ တစ်ယောက်ကတော့စာရင်းမှတ်ထားရမှာပဲ မဟုတ်လား"

"ဘာပဲဖြစ်ဖြစ် . . ခင်ဗျားတွေးဆပြတဲ့ အမှုသွားအမှု လာဟာ မခိုင်လုံသေးပါဘူး"

"နေပါဦးလေ . . အပြီးမသတ်သေးပါဘူး၊ သူ့ရဲ့စိတ်ဝေ ဒနာရှင် ဂျွန်ဟန်ဆင့်ကိစ္စကို စဉ်းစားကြည့်စို့လား၊ ဒါက ခမ်ိပ္ပါယ်မဲ့အမည်မသိ အရူးကြမ်းက သတ်သွားတယ်လို့ ဆို တယ်၊ ခု ကာရိုသတ်မှုကိုလဲ ဒီအတိုင်းပဲဖြစ်နေတယ်လို့ ဆိုပြန် တယ်၊ ကျုပ်က တိုက်ဆိုင်မှုဆိုတာကို မယုံဘူး၊ ဒါကြောင့် ကျုပ် က ဂျွန်ဟန်ဆင့်သတ်မှုနဲ့ ကာရိုကိုသတ်မှုနှစ်ခုမှာ ဘာများ ဆက်အစပ်ရှိသလဲလို့ တွေးကြည့်မိတယ်၊ ဟော ဒီနှစ်မှုဟာ တိုက်ဆိုင်မှုမဟုတ်ကြောင်း ပေါ်လွင်လာတယ်၊ ဒီလို စိတ်ကူး ကြည့်စမ်း . . . ကာရိုက သူ့ရုံးခန်းထဲဝင်လာပြီး သူမမှာ ကိုယ် ဝန်ရှိနေတဲ့အကြောင်း ပြောပြလိုက်တယ်၊ သူတို့စကားများ ရန် ဖြစ်ကြရော . . သူမက သူ့ကိုခြိမ်းခြောက် ငွေတောင်းမယ်၊ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် သူမကိုလက်ထပ်ဖို့ တောင်းဆိုမယ်၊ တစ်ခုခုပေါ်လေ ဒီအချိန်မှာ ဂျွန်ဟန်ဆင်ဟာ ညည့်ခန်းထဲရောက်နေပြီး ချောင်းနေ ထောင်နေမယ်၊ နောက် သူကစိတ်ခွဲကုသခံနေစဉ်မှာ စိတ်ထဲ သမျှတွေကို ဖွင့်အံထုတ်တဲ့အခါမှာ သူကြားခဲ့တဲ့အကြောင်းတွေ ပြန်လည်ပြောရင်းနဲ့ သူခံစားရတဲ့ ဒေါသစိတ်ပါ ပေါ်လာပြီး ဆရာဝန်ကို ကြိမ်းမောင်းမိလိမ့်မယ်"

"ခင်ဗျားဟာကလဲ ရမ်းဆချက်တွေချည်းပါကလား"

"ဒါပေမဲ့ အဖြစ်အပျက်နဲ့ ကိုက်ညီနေတယ် မဟုတ်လား ဟန်ဆင်ထွက်သွားတဲ့အခါမှာ သူကနောက်ကနေ တိတ်တဆိတ် လိုက်ပြီး နှုတ်ပိတ်သွားအောင် မားနဲ့ထိုးသတ်လိုက်တာပေါ့ နောက်တစ်ခါရုံးခန်းထဲပြန်လာပြီးကာရိုကိုပါကိစ္စတုံးပစ်လိုက်ရော"

"ကျုပ်တော့ လက်မခံနိုင်ဘူး၊ ခင်ဗျားက သက်သေ အထောက်အထားမရှိဘဲနဲ့ လူသတ်မှုတစ်ခုထင်နေတာပဲ"

"ဒီထက်ဘာသက်သေခံ အထောက်အထား လိုသေးသ လဲ ကျုပ်တို့ဆီမှာ သက်သေခံအဖြစ် အလောင်းနှစ်လောင်း ရှိ လေ။ တစ်လောင်းက စတီဗင်ဆီမှာအလုပ်လုပ်တဲ့ ကိုယ်ဝန် အမျိုးသမီး၊ နောက်တစ်လောင်းက သူ့ရဲ့စိတ်ဝေဒနာရှင်တစ်ဦး သူ့ရုံးနဲ့ တစ်လမ်းကျော်မှာအသတ်ခံရတယ်။ နောက်ပြီး သူ့ဆီ ကတိပ်ခွေတွေကို နားထောင်ပါရစေဆိုတော့လဲ သူကငြင်းတယ် ဘာပြုလို့လဲ၊ သူက ဘယ်သူ့ကို ကာကွယ်နေသလဲ၊ ကျုပ်ကတော့ လူသတ်မှုတရားခံအဖြစ် ဒေါက်တာစတီဗင်ကိုပဲ ရှာနေတာပဲ"

"ခင်ဗျားက သူ့ကိုတပ်အပ် ဖွတ်အတင်းစွပ်စွဲပြီး တရားခံ လုပ်တော့မှာလား"

"အေး . . သူကလူသတ်မှုကျူးလွန်တဲ့ တရားခံအစစ်"





"သူ့ကို ခင်ဗျား ဖမ်းတော့မှာလား"

"ခဏတော့ သူ့ကိုကြိုးရှည်ရှည်နဲ့ လှန်ထားရဦးမယ်၊ ဒီ အတော်အတွင်းမှာ မလှုပ်နိုင် မရှားနိုင်အောင် သက်သေခံ အကြောင်းအချက်တွေ၊ အထောက်အထားတွေကို စုံအောင်ထပ် ရှာဖွေရမယ် သူ့ကိုတရားခံအဖြစ်နဲ့ ဖမ်းပြီဆိုရင် လွတ်ပေါက် တစ်ကွက်မှ မရှိစေရဘူး"

ပြောပြောဆိုဆို မက်ဂရီဗီက အခန်းတွင်းမှထွက်သွား လေသည်။ အင်ဂျယ်လီက သူ့ကိုကြည့်လျက် အတွေးများစုံနေမိ သည်။ သည်အတိုင်းကြည့်နေပါက မက်ဂရီဗီသည် တစ်နည်း နည်းဖြင့် ဒေါက်တာစတီဗင်ကို တရားခံလုပ်၍ အချုပ်ထဲသို့ ဆွဲ သွင်းတော့မည်။ ဤအဖြစ်မျိုးကို သူကမလိုလားနိုင်ပေ။ နံနက်ကျ လျှင်တော့ ကပ္ပတိန်ဘာတယ်လီကို ပြောပြရမည်ဟု စိတ်ပိုင်း ဖြတ်လိုက်သည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

နံနက်ထုတ် သတင်းစာကြီးတိုင်းတွင် ကာရိုအား ရက်ရက် စက်စက်သတ်မှုကြီးအကြောင်းကို ရှေ့ဆုံးစာမျက်နှာတွင် စာလုံး မည်းကြီးများနှင့် ဖော်ပြကြသည်။

ဂျဒ်သည် ထိုနေ့အဖို့ ဝေဒနာရှင်အားလုံးအား ချိန်းဆိုထား ချက်များကို ဖျက်လိုက်ရန် စိတ်ကူးမိသည်။ ညကလည်း တစ်ည လုံးအိပ်မရ။ မျက်စိများကျိန်းစပ်နေသည်။ သို့သော်လည်း ဝေဒနာရှင်စာရင်းတို ပြန်လည်ကြည့်ရှုစစ်ဆေးရာတွင် ဝေဒနာ ရှင်နှစ်ဦးမှာ အရေးကြီးနေသည်။ ယနေ့ ကုသမှုပျက်ကွက်လျှင် အခြေအနေ ဆိုးရွားသွားနိုင်သည်။ အခြားသုံးဦးမှာ ကုသမှု မပြု နိုင်ပါလျှင် မတည်မငြိမ်ဖြစ်၍ ရောဂါဆိုးနိုင်သည်။ ထို့ကြောင့် လုပ်ရိုးလုပ်စဉ်အတိုင်း ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်လိုက် သည်။ သူ့အတွက်လည်း စိတ်ကိုအအားမပေး။ အလုပ်ထဲ၌ စူး စိုက်နေခြင်းအားဖြင့် ခံစားနေရသည့် စိတ်ဒုက္ခများ ခေတ္တမျှ မေ့ပျောက်နေဝေမည်။

ရုံးသို့ ဂျဒ်သည်စောစောပင် ရောက်လာသည်။ သူရုံး မရောက်မီဝင် မှူးဝ၌ သတင်းထောက်များ ရောက်နှင့်နေကြ သည်။ မနေ့တဖြစ်ပျက်ခဲ့သည့် လူသတ်မှုအကြောင်းကို မေးမြန်း ကြရန် ဖြစ်သည်။ ဂျဒ်က တစ်လုံးတစ်ပါဒမျှအဖြေမပေး။ အတွေ့ လည်းမခံဖြင့် အတန်ကြာမှ သတင်းထောက်များ စိတ်ပျက် လက်ပျက်နှင့် ပြန်သွားကြတော့သည်။

သူ့ဆေးကုခန်းမှ တော်ဇောများကိုလည်း လဲထားပြီး ယခု





သအခြေအနေအတိုင်း ပြန်လည်ပြုပြင်ထားပြီးဖြစ်လေသည်။ ဆးကုစဉ်က မူမှန်ပုံစံအတိုင်းဖြစ်နေသည်။

တံခါးပွင့်လာပြီး ပထမဦးဆုံးဝေဒနာရှင် ဝင်လာသည်။ ၁တ 'ဟဲရစ်ဆင်ဘတ်' ဖြစ်သည်။

ဟဲရစ်ဆင်ဘတ်သည် ထူးခြားသောအင်္ဂါရုပ်ရှိသူ တစ်ဦး သည်။ သူက နိုင်ငံတကာသံမဏိရောင်းဝယ်ရေး ကော်ပိုရေး ကြီးမှ ဒုဥက္ကဋ္ဌတစ်ဦးဖြစ်သည်။ သူ့ရုပ်သွင်ကလည်း ထိုရာထူး ၏ ပုံစံမျိုးနှင့် ကိုက်ညီသူတစ်ဦးပင်။

သူသည် ခုတင်ရှည်ကြီးပေါ်တွင် လဲလျောင်းလိုက်သည်။ ခဲ့ကုသမှုတွင် ဤသို့ခုတင်ရှည်ကြီးပေါ်၌ သက်တောင့်သက် သာနှင့် လဲလျောင်းပြီး မိမိ၏စိတ်တွင်း၌ ပေါ်လာသမျှ ရောက် သမျှအတွေး၊ ခံစားမှု စသည်တို့ကို အချုပ်အတည်းမရှိ ပြောဆိုရသည်။

'ဘတ်' ကိုဆရာဝန်ပီတာဟက်ဒလီက သူ့ထံသို့အကုသခံ ထောက်ခံပြီး လွှတ်လိုက်ခြင်းဖြစ်သည်။ 'ဘတ်' နှင့် ဆယ်မိနစ် စကားပြောမိသည်တွင် 'ဘတ်' သည် လူသတ်မှုကို စိတ်ညွတ် သည့်အပြင် စိတ်ချွတ်ယွင်း ပျက်ပြားနေသည့် ဝေဒနာရှင် ကြောင်း သိရှိခဲ့ရသည်။

ယနေ့ သတင်းစာကြီးများတွင် သူ့ရုံးခန်းတွင်း၌ ဖြစ်ပွားခဲ့ သည့် လူသတ်မှုအကြောင်းကို အကြီးအကျယ်ရေးသားဖော်ပြ သည်။ သို့သော် 'ဘတ်' သည် ဤအကြောင်းနှင့် စပ်၍ ခွန်းတစ်ပါဒမျှမပြော။ ဤသို့သောအဖြစ်မျိုးသည် မဆန်း သည် အခြားကိစ္စဟူသမျှကို စိတ်မဝင်စား။ သူကိုယ်ရေးကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



များတွင်သာ နစ်မြုပ်နေသည်မှာ သူ့ရောဂါ၏ အင်္ဂါရပ်တစ်ခု
သည်။

"ခင်ဗျားအရင်က ကျုပ်ပြောတာတွေ မယုံခဲ့ဘူး။ ခု သူ
က ကျုပ်ကိုသတ်ဖို့ လိုက်နေတာ၊ သက်သေခံအချက်တွေ
ပြီ"

"ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်တို့အပြီးသတ် မဆုံးဖြတ်
သဘောတူထားတယ်မဟုတ်လား၊ မနေ့က ကျုပ်တို့သဘော
ချက်ရခဲ့တာက စိတ်အစွဲအလန်းက အမျိုးမျိုး အထင်အမြင်
အောင်"

"ဒါက အစွဲအလန်းမဟုတ်ဘူး၊ သူတို့က တကယ်ပဲ ကျ
ကိုသတ်ဖို့ ကြိုးစားနေကြတာ"

"ကဲ၊ စိတ်ရောကိုယ်ရော ဖြေလျှော့ချလိုက်ပါဦး"

ဘတ်က လဲလျောင်းနေရာမှထလိုက်ပြီး မျက်မှောင်ကြု
လျှက်က ဆိုလိုက်သည်။

"ဒါပဲ ခင်ဗျားပြောတတ်တယ်မဟုတ်လား၊ ခင်ဗျာ
ကျုပ်မှာရှိတဲ့ သက်သေခံအချက်တွေကိုတောင် နားမထောင်
ဘူး၊ ခင်ဗျားလဲ ကျုပ်ကိုသတ်ဖို့ ကြိုးစားနေတဲ့လူထဲက တစ်
မဟုတ်ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ"

"ကျုပ်က အဲဒီထဲမှာပါတဲ့ လူတစ်ယောက်မဟုတ်ဘူးဆို
ခင်ဗျားသိပါတယ်၊ ကျုပ်က ခင်ဗျားကို ကြိုးစားပြီး ကူညီနေ
လူပါ။ ကျုပ်က ခင်ဗျားရဲ့မိတ်ဆွေတစ်ဦးလေ"

ဂျဗ်သည် စိတ်ဓာတ်ကျသွားသည်။ တဖြည်းဖြည်း





ဂါအခြေအနေ ကောင်းမွန်လာခဲ့ရာမှ ယခုတွင် တိုးတက်မှု
ပျက်ပြယ်သွားရပြန်ပြီ။

ယခုအနေအထားမျိုးဆိုလျှင် ပထမဦးဆုံး ရောက်လာ
ညီအချိန်က အခြေအနေသို့ပြန်ဆိုက်နေပေပြီ။ အလွန်
ာက်ရှို့ထိတ်လန့်နေသည့် စိတ်ချွတ်ယွင်းပျက်ပြားနေသော
တစ်ဦးအနေအထားပုံစံ ဖြစ်နေပြန်သည်။

'ဘတ်' သည် နိုင်ငံတကာ သံမဏိရောင်းဝယ်ရေး
ပိုရေးရှင်းတွင် အောက်ခြေမှစတင်ဝင်ရောက်ခဲ့သည်။ အမှုထမ်း
် (၂၅) နှစ်အတွင်း သူ၏ထူးခြားသော ဥပဓိရုပ်နှင့် ဖော်ရွေ
ာစိတ်ထားတို့ကြောင့် ထိပ်တန်းသို့ရောက်လာခဲ့သည်။
တ်တစ်ဆင့်မှာ ကော်ပိုရေးရှင်းကြီး၏ ဥက္ကဋ္ဌရာထူးရဖို့သာ
ာသည်။

လွန်ခဲ့သော လေးနှစ်ခန့်က သူ၏ဇနီးနှင့် ကလေးသုံးဦး
ဆောက်သင်တန်းမြို့ 'နွေရာသီဂေဟာ' တွင် မီးလောင်၍
ုံးသွားခဲ့ကြရရှာသည်။ ထိုအချိန်က 'ဘတ်' သည် 'ဘဟား
ကျွန်းတွင် သူ၏အမြောင်မယားကလေးနှင့် ပျော်နေခဲ့သည်။
ကြေကွဲဖွယ်ရာအဖြစ်ကြောင့် အများကထင်သည်ထက်
ကို ထိခိုက်ခဲ့သည်။ သူက ဘုရားတရားကြည်ညိုသော
ာက်သလစ်တစ်ဦးဖြစ်၍ ဤအဖြစ်ဆိုးအတွက် သူသည်
ရှိသည်ဟု အရိုးစွဲအောင် ယုံကြည်နေသည်။ သူသည်
ည်းဖြည်း ယင်းအဖြစ်ကိုပင် အမြဲတွေးနေပြီး စိတ်လက်
ကျိုလျက် မှိုင်တွေချနေတတ်သည်။

သူ၏မိသားစု သေဆုံးသွားရသည့်အတွက် သူက သူ့ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကို အပြစ်တင်သည်။ သူကမူ မယားငယ်နှင့် ပျော်ပါးနေသ
သူ့မိသားစုမှာမူ မီးလောင်သေဆုံးသွားခဲ့ရသည်။ ဒါကို သူ
သည်။ သူသိသလို ဘုရားသခင်ကလည်း သိမည်။ နောက်
အခြားသူများကလည်း သိကြမည်သာဖြစ်သည်။ သူတို့က
မုန်းတီးကြမည်။ အဘယ်ကြောင့်ဆိုသော် သူကိုယ်တိုင်က
ကိုယ်ကိုသူ မုန်းတီးနေပြီဖြစ်သောကြောင့်ပင်။

သူတို့တတွေက တစ်နေ့နေ့တွင် သူ၏ယုတ်မာမှုကြ
ဖော်ထုတ်ကြဖို့ စောင့်နေသည်။ သူကိုအကွက်ဆင်ပြီး ဖမ်
မည်။ ဒါပေမဲ့ သူကအလွန်ပါးနပ်သူတစ်ဦး မဟုတ်ပါလား။
ထောင်သည့် ထောင်ချောက်မှာ မမိဖို့အတွက် သူသည်
ဆောင်များ နေ့လည်စာစားသည့် အခန်းသို့ပင် မသွားေ
သူ့ရုံးခန်းထဲမှာသာ စားသည်။

နောက်ပြီး သူသည် တတ်အားသရွေ့ လူများနှင့်မတွေ့
ရအောင် ရှောင်နေသည်။

လွန်ခဲ့သောနှစ်နှစ်ခန့်က သူတို့၏ကော်ပိုရေးရှင်းတွင် ဉ
နေရာ လစ်လပ်ခဲ့သည်။ ထိုနေရာတွင် သူကိုမခန့်ထားဘဲ ပြ
လူကိုခေါ်၍ ခန့်ထားခဲ့ကြသည်။ တစ်နှစ်ခန့်အကြာတွင် အမှုဆေ
ဒုဥက္ကဋ္ဌနေရာ လစ်လပ်ပြန်သည်။ ထိုနေရာကိုလည်း သူကို
ဘဲ သူကိုကျော်၍ အခြားလူတစ်ဦးကို ခန့်ထားလိုက်ကြသ
ထိုအခါတွင် လူများသည် သူကိုလုပ်ကြံနေခြင်း ဖြစ်သည်ဟူ
သူ့အထင်အမြင်ကို ပိုမိုခိုင်မာလာစေတော့သည်။

သူသည် ပတ်ဝန်းကျင်ရှိ လုပ်ဖော်ကိုင်ဘက်များကို
ဝှက်စွာ စုံစမ်းထောက်လှမ်းရေးများ လုပ်တော့သည်။ ည





ဖော်ကိုင်ဘက် အမှုဆောင်များ၏အခန်းထဲ၌ လျှို့ဝှက်အသံ
တ်များထားသည်။ မကြာခင် သူ့လုပ်ရပ်များကို သိသွားကြ
။ သူ၏လုပ်သက်ရှည်ခြင်း၊ ရာထူးကြီးခြင်းတို့ကြောင့်သာ
ကိုအလုပ်မှ မထုတ်ပယ်လိုက်ခြင်း ဖြစ်သည်။

သူ၏စိတ်များ ချွတ်ယွင်းပျက်ပြားလာသည်ကို ဒါရိုက်တာ
များက သိလာခဲ့ကြသည်။ နောက်ဆုံးတွင် ဥက္ကဋ္ဌက
တ်တာပီတာနှင့် တွေ့ဆုံစမ်းသပ်ကုသရန် စီစဉ်ပေးလေသည်။
တ်ခန့် စစ်ဆေးမိလျှင်ပင် 'ဘတ်' သည် စိတ်ရောဂါသည်
သိရှိသဖြင့် ဒေါက်တာဂျဒ်စတီဗင်ထံ သူကိုလွှတ်လိုက်ရလေ
ည်။

ယခုတော့ 'ဘတ်' အဖို့ ဂျဒ်ထံတွင် စိတ်ခွဲပညာအရ အကု
ခံနေပြီ။

'ဘတ်' သည် ခုတင်ပေါ် လဲလျောင်းနေသည်။ သို့သော်
ည် လက်နှစ်ဖက်စလုံးကို တင်းကြပ်စွာဆုတ်ထားသည်။

"ကဲ၊ ခင်ဗျားရဲ့သက်သေခံ အထောက်အထားတွေကို
ပြပါဦး" ဟု ဂျဒ်ကလိုက်လျောပြီး ပြောလိုက်သည်။

"သူတို့ညက ကျုပ်အိမ်ထဲကို ဖောက်ထွင်းဝင်ရောက်လာ
ဗျ၊ သူတို့က ကျုပ်ကိုသတ်ဖို့လာကြတာ၊ ဒါပေမဲ့ ကျုပ်က
ထက်လျင်တာပဲ၊ ဘာရမလဲ၊ ခုတော့ ကျုပ်က အိပ်ခန်းမှာ
ဘူး၊ စတိုခန်းထဲမှာအိပ်တယ်၊ သော့တွေ အထပ်ထပ်
ထားတယ်လေ"

"ခင်ဗျား အိမ်ခန်းကို ဖောက်ထွင်းဝင်လာတဲ့အကြောင်း
မတိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"တိုင်လဲအပိုပေါ့၊ ရဲတွေကိုယ်တိုင်က ဒီလူတွေနဲ့ အတူ
ပူးပေါင်းပြီး ကျုပ်ကိုသေကြောင်းကြံစည်နေတာဗျ၊ ကျုပ်
တွေ့ရင် သေနတ်နဲ့ပစ်သတ်ဖို့ သူတို့က အမိန့်ပေးထားတ
ဒါပေမဲ့ လူတွေရှိနေရင် မပစ်ရဲဘူး၊ ဒါကြောင့် ကျုပ်ကလဲ လူ
ထဲမှာ ရောနေရတယ်"

"ခင်ဗျား ဒီသတင်းကို ကျုပ်ကိုပြောပြလို့ ဝမ်းသာပါတ

"ဘာပြုလို့လဲ၊ ခင်ဗျားက ဒီသတင်းရတော့ ဘာ
မလို့လဲ"

"ကျုပ်က ခင်ဗျားပြောသမျှတွေကို သေသေချာချာ
ထောင်ခဲ့တယ်၊ နောက်ပြီး ခင်ဗျားပြောသမျှတွေကို ဟော
အသံဖမ်းစက်နဲ့ ဖမ်းထားပြီးပြီ၊ တကယ်လို့ သူတို့က ခင်ဗျာ
သတ်ဖြတ်ကြမယ်ဆိုရင် သူတို့ရဲ့ကြံစည်ချက်တွေ ဒီထဲမှာ
ဖြစ်လို့ ပြေးလို့မလွတ်ဘူးပေါ့"

"ဟာ၊ ဒီလိုဆို သိပ်ကောင်းတာပေါ့၊ သူတို့ဒုက္ခ ပြေးလ
တော့မလဲ"

"ကဲ၊ ကဲ၊ လဲလျောင်းနေလိုက်ဦး"

'ဘတ်' က ခေါင်းညိတ်ပြီး မျက်စိကို စုံမှိတ်လိုက်သည်

"ကျွန်တော် သိပ်ပင်ပန်းတယ်ဗျာ၊ မအိပ်ရတာလဲကြာ
ပြီ၊ မျက်စိမှိတ်ပြီး မအိပ်ရဲဘူးဗျာ၊ ဒီလို သူတို့နောက်က ချော
မြောင်းလိုက်နေပြီး ကြံစည်နေတာဟာ ဘယ်လိုဒုက္ခကြီးဆို
ခင်ဗျားသိချင်မှ သိမှာ"

"မသိဘဲနေပါ့မလား" ဟု ဂျဒ်က စိတ်ထဲကပြောမိသ





ကိုလည်း မက်ဂရီဗီက ချောင်းမြောင်းလုပ်ကြံနေသည် မဟုတ်
လား။

"ခင်ဗျား အိမ်ဖော်ကောင်လေးက အခန်းထဲကို ချိုးဖောက်
ဝင်လာသံတွေ မကြားဘူးလား"

"ကျုပ် ပြောခဲ့ပြီးပြီ မဟုတ်လား၊ ဒီကောင်ကို အလုပ်က
ထုတ်ပစ်ခဲ့တာ နှစ်ပတ်တောင်ရှိပြီ"

ဂျဒ်သည် သူပြောစကားကို ကြားလိုက်ရလျှင် ယခင်သုံး
ပါးရက်က ပြောခဲ့သည့်စကားကို သတိရလိုက်သည်။ ထိုနေ့က
'ဘတ်' က သူ့အိမ်စေကောင်လေးနှင့် သူတို့ရန်ဖြစ်ကြသည့်
အကြောင်းကို ပြောပြခဲ့သည်။ သူ၏အချိန်ကာလ အသိသည်
ဝဥ္စကလျှားဖြစ်နေပေပြီဟု သိလိုက်၏။

"ခင်ဗျားက ဘာပြုလို့သူ့ကိုအလုပ်က ထုတ်ပစ်ရတာလဲ"

"သူက ကျုပ်ကိုအဆိပ်ခတ်သတ်ဖို့ ကြိုးစားတယ်လေ"

"ဘယ်လိုအဆိပ်ခတ်တာလဲ"

"ကြက်ဥနဲ့ ဝက်ပေါင်ခြောက်ထဲမှာ အဆိပ်ထည့်ကျွေးတာ
ပေါ့ဗျာ"

"ခင်ဗျား မြည်းကြည့်သေးသလား"

"ဘယ်မြည်းမလဲ"

"ဒါဖြင့် ဘယ်လိုလုပ်ပြီး အဆိပ်ခတ်ထားတာ သိသလဲ"

"အနံ့ရတယ်ဗျ"

"ခင်ဗျားက သူ့ကို ဘာပြောသေးသလဲ"

"သူ့ကိုဘာပြောစရာလိုလဲ၊ သူ့ကိုတစ်ခါထဲ မှတ်လောက်
သားလောက်အောင် ရိုက်နှက်ပြီး မောင်းထုတ်လိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာဂျဒ်သည် စိတ်ပျက်လက်ပျက် ဖြစ်သွားမိသော
သည်။ 'ဘတ်' ၏အခြေအနေသည် ဆိုးရွားနေပေပြီ။ စော
ပိုင်းက သူ့ထံသို့ရောက်လာခဲ့လျှင်တော့ 'ဘတ်' ကိုသက်သာ
အောင် ကုသနိုင်မည်ဟု ထင်သည်။ ယခုအချိန်တွင်မူ ရော
ကျွမ်းနေခဲ့ပါပြီ။

စိတ်ခွဲပညာ ကုထုံးတွင် ဝေဒနာရှင်သည် မိမိစိတ်ကို
လျော့၍သက်သောင့်သက်သာထားပြီး မိမိစိတ်၌ ထင်မြင်လ
သော အာရုံများကို လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်းပြေ
ပြရသည်။ မိမိစိတ်ထဲ၌ တစ်ခုပြီးတစ်ခု ပေါ်လာသော အာ
များကို အဆက်မပြတ်ပြောရသည်။ ထိုသို့ပြောရင်း နောက်
တွင် မသိစိတ်၏ သဲလွန်စ ပေါ်လာတတ်သည်။ သို့သော်စိတ်
ပညာကုထုံးတွင် အန္တရာယ်တစ်ခု အမြဲတန်းကိန်းဝပ်နေသည်
အဘယ်ကြောင့်ဆိုသော် ဤကဲ့သို့ လွတ်လွတ်လပ်လပ် ထင်လ
သော အာရုံများကို ဆက်တိုက်ထွက်ပေါ်ပေး၊ ထုတ်အံပြေ
ဆိုရာတွင် စိတ်တွင်း၌ ကိန်းဝပ်နေသော အလိုရမက်ဆိုးမျ
စိတ်ယုတ်စိတ်ညံ့၊ စိတ်ကြမ်းတို့ပါ သားရဲတိရစ္ဆာန်ရိုင်းများကဲ့
တိုးထွက်လွတ်မြောက်လာတတ်သည့်အတွက် ဖြစ်သည်။

စင်စစ် . . .

လွတ်လွတ်လပ်လပ် ထင်လာသမျှ အာရုံများကို အံထု
ပြောပြခြင်းသည် စိတ်ခွဲပညာကုထုံးတွင် ပထမအဆင့်သာ ဖြ
သည်။ ဒုတိယအဆင့်က မသိစိတ်အလွှာအတွင်းအထိ ရော
အောင် ထိုးထွင်းဖော်ထုတ်ရဦးမည်။

'ဘတ်' ကိစ္စတွင် ပထမအဆင့်လွတ်လွတ်လပ်လပ် စိ





င်း၌ ဖြစ်ပေါ်လာသည့်အာရုံများကို ပြောပြရင်းမှ စိတ်ဆိုး
ာ်ညစ်၊ ဒေါသရမက်စိတ်တွေပါ အံထွက်လာခဲ့သည်။ သို့ပေ
ယ့် သူကအကုခံ ဝေဒနာရှင်ပီပီ စိတ်ခွဲကုဆရာကို ယုံကြည်
းစားမှုမရှိဘဲ လိမ်ညာခဲ့သည်။ ဂျဒ်ကိုပင် သူ့ကိုသတ်ရန် ကြံ
ည်သူများထဲ၌ ပါမပါ စစ်ကြောနေခဲ့သည်။

အမှန်က 'ဘတ်' သည် အချိန်ကိုက် ဗုံးတစ်လုံးပင် ဖြစ်နေပြီ။
ချိန်မရွေး ပေါက်ကွဲတော့မည်။

"ဟဲရစ်ဆင်၊ ကျွန်တော်ခင်ဗျားဆီက ကတိတစ်ခု တောင်း
ချင်တယ်"

"ဘာကတိလဲ ဆရာ"

"ခင်ဗျားကို ကြံစည်နေတဲ့လူတွေဟာ ခင်ဗျားကို ချုပ်နှောင်
ားနိုင်အောင် ပရိယာယ်တစ်ခု ဆင်မယ်၊ ခင်ဗျားက ကြမ်းကြမ်း
မ်းတမ်း အမှုတစ်ခုကို ကျူးလွန်လာအောင် သူတို့ထောင်လိမ့်
မယ်၊ ခင်ဗျားဉာဏ်ရှိတဲ့သူပဲ၊ ဒါကိုမြင်မှာပဲ၊ ဒါကြောင့် ဘယ်
လောက်ပဲ သူတို့က ခင်ဗျားကို နှိုးဆွနှိုးဆွ သူတို့ကို ဘာမှ
ိုယ်ထိလက်ရောက် မကျူးလွန်ပါနဲ့၊ ဒီလိုဆို သူတို့ခင်ဗျားကို
ာမှမလုပ်နိုင်ဘော့ဘူး"

'ဘတ်' က အလွန်ကျေနပ်သွားပုံရသည်။

"ဟုတ်ပြီ၊ ဆရာပြောတာ မှန်တယ်။ ဒါက သူတို့စိမ်ချက်ပဲ၊
ျုပ်တို့က ကြိုတင်သိထားတာက ဘယ်လောက်များ လျှင်ကြ
လဲနော်၊ မဟုတ်ဘူးလားဆရာ"

အပြင်ခန်းမှ တံခါးဖွင့်သံ ကြားလိုက်ရသည်။ နောက်
ဝေဒနာရှင်တစ်ဦး ရောက်လာပေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဒီနေ့တော့ တော်လောက်ပြီ"

"ဆရာ၊ ကျုပ်တို့ပြောတာတွေအားလုံး တိပ်ထဲမှာ သွ
ထားပြီးပြီနော်"

"အားလုံးသွင်းထားပြီးပါပြီ၊ ဘယ်သူမှ ခင်ဗျားကို အ
တရ မလုပ်နိုင်တော့ဘူး"

"ကောင်းတယ် . . ကောင်းတယ်"

ပြောပြောဆိုဆို 'ဘတ်' က ခုတင်မှထ၍ သီးသန့်တံခါး
ဖွင့်၍ထွက်သွားလေသည်။ သူထွက်သွားသည်ကို ဂျဒ်က ေ
ကြည့်နေမိသည်။ သူတာဝန်အတိုင်း ဆောင်ရွက်ရတော့မည်
ဖြစ်၍ ရင်ထဲ၌ နာကျည်းမိသည်။ 'ဘတ်' သာ ၆ လလော
စော၍ သူ့ထံလာခဲ့လျှင် မည်မျှကောင်းမည်နည်း။ ယခုတေ
လွန်ကုန်ပြီ။

နောက် . . .

ရုတ်တရက် အတွေးတစ်ခုက ဦးနှောက်ထဲသို့ ဝင်လာ
ကြက်သီးမွေးညှင်းများ ထသွားမိသည်။ ဟဲရစ်ဆင်သည် လူသ
သမားတစ်ဦးဖြစ်နေပြီလား။ ဂျွန်ဟန်ဆင်နှင့် ကာရိုတို့သတ်
တွင် သူပါဝင်နေခဲ့ပြီလား။ ဘတ်နှင့် ဟန်ဆင်တို့က သူ့ထံတွ
သူပါဝင်နေခဲ့ပြီလား။ ဘတ်နှင့် ဟန်ဆင်တို့က သူ့ထံတွင် အ
သခံနေသူ ဝေဒနာရှင်များပင် ဖြစ်ကြသဖြင့် သူတို့နှစ်ဦးသည်
တွေ့ဆုံနိုင်ခဲ့ကြသည်။ သူနှင့် ဟန်ဆင်တို့ စကြိုလမ်းတွင် တွေ
ဆုံရန် ကြိုစည်နေသူထဲ၌ ဟန်ဆင်ပါ ပါဝင်နေသည်ဟု ထင်မှ
မှားမိနိုင်သည်။ ဟန်ဆင်က သူ့နောက်မှလိုက်နေပြီး သူ့ကိုခြိ
ခြောက်နေသည်ဟု အာရုံထင်လျှား ဖြစ်လာနိုင်သည်။ သ



စားလွန်ဝေဒနာကြွလာလျှင် သူ့ကိုရန်ပြုမည့်သူဟု ထင်မြင်လာ
ပါက ထိုသူကိုသတ်ဖြတ်ရန် ဝန်မလေးတတ်ပေ။ သူက ဤ
များလွန် ဝေဒနာကို ခံစားလာရသည်မှာ မည်မျှကြာခဲ့သနည်း။
မိသားစုသည် မတော်တဆ မီးလောင်သေဆုံးခဲ့ကြသည်ဟု
သည်။ အမှန်ပင် မတော်တဆလော။ ဂျဒ်သည် ယင်းကိစ္စကို
သေချာအောင် စုံစမ်းရဦးမည်။

သူသည် အတွေးကိုဖြတ်ပြီး နေရာမှထကာ တံခါးကိုဖွင့်
လိုက်သည်။

"ဝင်ခဲ့ပါ" ဟုခေါ်လိုက်၏။

ဝင်လာသူက 'အန်ဘလိတ်' ဖြစ်သည်။ သူမသည် ပြေပြစ်
ချောမွေ့လှပသူတစ်ဦးပင်။ သူမကိုမြင်လိုက်ရလျှင်ပင် ဝမ်းထဲ၌
နွေးသွားပြီး စိတ်များလှုပ်ရှားသွားမိသည်။ အယ်လစ်ဇဘက်
နှင့်တွေ့ပြီးသည့်နောက် ယခုအကြိမ်မှာသာ သူ၏စိတ်များ လှုပ်
ရှားမိခြင်းဖြစ်သည်။

'အန်ဘလိတ်' သည် အရပ်မြင့်မြင့်၊ ပြည့်ဖြိုး၍ အချိုး
အဆစ်ပြေပြစ်လှပပြီး ခါး၊ ရင်၊ တင်တို့မှာ ထူးထူးခြားခြား ပေါ်
လွင်သည်။ သူမသည် ဉာဏ်ပညာလည်း ထက်မြက်ပုံရသည်။
သူမအသံက နူးညံ့သိမ်မွေ့လှသည်။

သူမသည် အသက် ၂၅ နှစ်ခန့်ရှိပြီ။ ဂျဒ်တွေ့ခဲ့ရသည့်
မိန်းမများထဲတွင် အလှပဆုံးဟုပင် ပြောရပေမည်။

သူမသည် ဂျဒ်ဆေးကုခန်းသို့ ရက်သတ္တသုံးပတ်ခန့်က
ကြိုတင်ချိန်းဆိုချက် မပြုဘဲနှင့် ရောက်လာသည်။ ကာရိုက
ဒေါက်တာစတီဗင်၏စိတ်ခွဲကု အစီအစဉ်များ ပြည့်နေပြီဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နည်းနှင့်မျှ လူနာသစ်ကို လက်ခံနိုင်မည်မဟုတ်ကြောင်း ပြောပြသည်။ သို့ပေမယ့် 'အန်' က အတင်းအကြပ်ပင် စာရင်း သွင်းပေးရန် တောင်းပန်တိုးလျှိုးနေသောကြောင့် သူမက ဒေါက်တာ့ဆီသို့ ပို့ပေးခဲ့ရသည်။

အန်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ကြောင်း ပြောပြသည်။ သူ့ပြဿနာကိုတော့ သူမကိုယ်တိုင် အတိအကျမသိ၍ မပြောနိုင်။ သူမမှာ ပြဿနာရှိနေသည်ဟူ၍ပင် အသေအချာ မပြောနိုင်ရှာ။ မိတ်ဆွေဖြစ်သူ ဆရာဝန်တစ်ဦးက ညွှန်လိုက်သောကြောင့် လာရ ကြောင်းပြောပြသည်။

ပထမ၌ ဂျဒ်က သူ့ထံတွင် ဝေဒနာရှင်များ ပြည့်နေသဖြင့် အချိန်မပေးနိုင်အောင် ရှိနေသည့်အကြောင်းကို ပြောပြပြီး အခြားသင့်တော်သူ စိတ်ခွဲကုဆရာဝန်ထံ ပို့ပေးမည်ဟု တာဝန် ယူသော်လည်း သူမက ဂျဒ်နှင့်ပင် အကုအခံပါရစေဟု ပြောနေ သည့်အတွက် နောက်ဆုံး၌ လက်ခံလိုက်ရသည်။

အပြင်ပန်းတွင် သူမအနေဖြင့် စိတ်ပုံမှန်ရှိပုံရသည်။ စိတ် သောကဖိစီးမှုတော့ ရှိတန်သရွေ့ ရှိနိုင်သည်။ သို့ဖြစ်၍ ဂျဒ်တ သူမ၏ စိတ်ဝေဒနာမှာ ရိုးရိုးရှင်းရှင်းသာဖြစ်၍ လွယ်လွယ်ကူကူ ကုသပျောက်ကင်းနိုင်မည်ဟု ယုံကြည်ခဲ့လေသည်။

အန်ဘာလိတ်သည် စိတ်ခွဲကုသမှုကို တပါတ်လျှင် နှစ်ကြိမ် ဖြင့် သုံးပါတ်မျှအကုသခံခဲ့သည်။ သို့သော် ဂျဒ်သည် 'အန်' အကြောင်းကို မယ်မယ်ရရ မသိခဲ့ရသေးပေ။ သို့သော်လည်း သူ့အကြောင်းကိုတော့ သူပို့ပြီး သိလာခဲ့ရသည်။ သူသည် အန် အား အယ်လီဇဘတ် ဆုံးပါးသွားပြီးမှ ပထမဦးဆုံးအကြိမ်





မေတ္တာသက်ဝင်ချစ်ခင်နေမိခြင်းပင်ဖြစ်သည်။

ပထမအကြိမ် ဆေးကုသခံယူသည့်အခါတွင် ဂျဒ်က သူမ အား . . .

"ခင်ဗျားယောကျ်ားကို ခင်ဗျားမေတ္တာရှိရဲ့လား" ဟု မေး လိုက်သည်။

"ရှိပါတယ်ဆရာ၊ သူကကြင်နာတတ်ပြီး ကြံ့ခိုင်တဲ့ ယောကျ်ား တစ်ယောက်ပါပဲ"

"သူက ခင်ဗျားအဖေနဲ့ ရုပ်ရည်တူတဲ့လူ၊ ဆိုလိုတာက 'ဖခင် ကိုယ်ပွားရုပ်' လို့ မှတ်ယူထားခဲ့သလား"

"မဟုတ်ပါဘူး၊ ကျွန်မက 'ဖခင်ကိုယ်ပွားရုပ်' ကို မရှာပါ ဘူး၊ ကျွန်မတို့မိသားစုက ပျော်မွေ့အေးချမ်းခဲ့တဲ့ မိသားစုပါ"

"ဘယ်မှာမွေးဖွားသလဲ"

"ရိုဒီယားမှာ"

"မိဘနှစ်ပါးစလုံး ရှိသေးလား"

"ဖေဖေတော့ ရှိပါတယ်၊ မေမေကတော့ ကျွန်မ ၁၂ နှစ် သမီးမှာ ဆုံးသွားပါတယ်"

"ခင်ဗျား မိဘနှစ်ပါးက ချစ်ချစ်ခင်ခင်ပဲလား"

"ဟုတ်ပါတယ်၊ တစ်ဦးကိုတစ်ဦး ချစ်ခင်မြတ်နိုးကြပါတယ်"

"မွေးချင်းပေါက်ဖော် ရှိသလား"

"မရှိပါဘူး၊ ကျွန်မက တစ်ဦးတည်းသမီးပါ"

နောက် သူမက နိုင်ငံခြားရေးဌာနတွင် အမှုထမ်းနေသူ ဖခင်နှင့်အတူ နိုင်ငံခြားတွင် သွားရောက်နေထိုင်ပြီး သူမ၏ဖခင် နောက်အိမ်ထောင်ပြုသည့်အချိန်တွင် သူမသည် ကုလသမဂ္ဂ



www.burmeseclassic.com

www.burmeseclassic.com

နှံ့၍ စကားပြန်အဖြစ် အလုပ်ဝင်လုပ်ခဲ့သည့်အကြောင်း၊ 'ဘဟာ မား' တွင် သူ့ယောကျ်ားနှင့် တွေ့ဆုံချစ်ကြိုက်ပြီး လက်ထပ်ခဲ့ သည့်အကြောင်းများကို ပြောပြသည်။ သူတို့လက်ထပ်ခဲ့သည်မှာ ၆-၈နှစ်ကြာပြီး ယခုအခါ နယူးဂျာစီတွင် နေထိုင်သည်ဟု ပြော ပြသည်။

သူမအကြောင်းနှင့် ပတ်သက်၍ ဂျဒ်က ဤမျှလောက် သာသိရသည်။ သူမ၏ဝေဒနာနှင့် ဆက်စပ်ပြီး သဲလွန်စဟူ၍ ဘာတစ်ခုမှ ရှာမရနိုင်။ သူမအနေဖြင့် သူမပြဿနာကို ထုတ် ဖော်ရန် စိတ်တွင်းခုခံမှုများ ရှိနေသေးသည်။

'အန်' ပထမအကြိမ်ရောက်စဉ်က သူမေးခဲ့သည့်မေးခွန်း များကို ပြန်လှန်စဉ်းစားမိသည်။

"မစ္စစ်ဘာလိတ်၊ ခင်ဗျားရဲ့စိတ်ပြဿနာဟာ ခင်ဗျား ယောကျ်ား နဲ့ ပတ်သက်တယ်လို့ ထင်သလား"

အဖြေမပေး။

"ခင်ဗျားတို့လင်မယား အိမ်ထောင်ရေးမှာ ကျေနပ်နှစ်သိမ့်မှု ပေးနိုင်ခဲ့ကြသလား"

ရှက်ကိုးရှက်ကန်းနှင့် 'ဟုတ်ကဲ့' ဟုဖြေသည်။

"ခင်ဗျားယောကျ်ားက တခြားမိန်းမ ရှုတ်ပွေနေသလား"

"မရှုတ်ပါဘူး"

"ခင်ဗျားကတော့ တခြားယောကျ်ားတစ်ဦးနဲ့ မေတ္တာဇာတ် ခင်းခဲ့သလား"

"မခင်းပါဘူး"

ဂျဒ်မှာ အကြံအိုက်လာသည်။ သူ့ပြဿနာကို မည်သည့်





ဘက်ကစပြီး ဝင်ရမည်မသိတော့။ သူမစိတ်တွင်း တံတိုင်းကြီး မည်သို့ဖြိုချရမည်ကို စဉ်းစားသည်။

"ခင်ဗျားတို့ ငွေရေးကြေးရေးကိစ္စနဲ့ ရန်ဖြစ်ဖူးသလား"

"မဖြစ်ဖူးပါဘူး၊ သူက ငွေကိုရက်ရက်ရောရော ပေးအပ် ထားပါတယ်"

"ယောက္ခမတွေနဲ့တော့ ပြဿနာရှိသလား"

"မရှိပါဘူး"

"ခင်ဗျားယောကျ်ားက မူးယစ်ဆေးဝါး မှီဝဲသလား"

"မမှီဝဲပါဘူး"

"ခင်ဗျားယောကျ်ားက လိင်တူတပ်မက်သူများ ဖြစ်နေ သလား"

သူမက ရယ်လိုက်သည်။

"မဟုတ်ပါဘူး"

သူက လက်မြှောက်ရတော့မလို ဖြစ်သွားခဲ့သည်။ သာမန် အားဖြင့်ဆိုပါက သူလက်လျှော့လိုက်ရပေတော့မည်။ သို့ရာတွင် ခု အန်ကို လက်မလျှော့ချင်ပါ။ အမှန်ကိုဆိုရပါမူ အန်ကို မြင်တွေ့နေချင်သည့်ဆန္ဒ သူ့ရင်တွင်း၌ ကိန်းအောင်းနေခဲ့ပြီ။

ယခုအကြိမ် အန် သူမအခန်းသို့ဝင်လာသောအခါ ဝမ်းသာ သည်။ အန်ကို တွေ့မြင် စကားပြောနေရဦးမည် မဟုတ်ပါလား။ အန်က ရုံးခန်းထဲသို့ဝင်လာခဲ့ပြီး ထုံးစံအတိုင်း ခုတင်ပေါ်၌ လျောင်းခြင်းမပြုသေး။

"ကျွန်မ ခုလာခဲ့တာက ဝေဒနာရှင်အဖြစ် မဟုတ်ပါဘူး။ မိတ်ဆွေတစ်ဦးအနေနဲ့ပါရှင်"



www.burmeseclassic.com

www.burmeseclassic.com

"ဩော် . . ဆိုပါအုံး"

"သတင်းဆိုးကြီးကို ကြားလိုက်ရလို့ ကျွန်မဘာများကူ
နိုင်မလဲလို့တွေးရင်း လာခဲ့တာပါ"

သူ့ကို စာနာပြီး အရေးတကူ အကူအညီပေးရန် လာ
သည်ကိုကြားရသည့်အခါ ဂျဒ်မှာ ဝမ်းသာဝမ်းနည်း ကြေ
သလိုလို ခံစားမိသည်။ သူ့တွင် ကျရောက်ခဲ့ရသည့် အဖြစ်
များကို အားလုံးအံထုတ်ပြောပြလိုက်ချင်သည့်ဆန္ဒများ တဖွ
ဖွားပေါ်ခဲ့ရသည်။ သို့သော် သူကဆရာဝန်။ သူမက သူ၏လူ
ဖြစ်နေသဖြင့် ပြောရန်ခက်နေပြန်သည်။ မက်ဂရီဗီက လူသတ်
များနှင့်ပတ်သက်၍ သူ့ကိုသက်သေမကင်းဖြစ်နေသည့်အကြော
သူ့မှာ ညဥ့်လည်းအိပ်မက်ဆိုးပမာ ထိုလူသတ်မှုကြီးများက ဖြ
ခြောက်နေပုံကို ပြော၍မဖြစ်နိုင်။ ပြီးနောက် ဂျဒ်က သူမသိ
တစ်ဦး၏ ဆွတ်ခူးရန်ခက်ခဲလှသူလေးကို မေတ္တာသက်ဝင်နေ
ဖြစ်၍ ပိုမိုခက်ခဲရပြန်သည်။

သူစဉ်းစားနေသည်ကို အန်က ခပ်ထွေထွေကလေး ငေးကြ
နေရင်းက စကားစလိုက်သည်။

"ကာရီကို ကျွန်မ တော်တော်ခင်မင်မိခဲ့တယ်၊ ဘယ်
လူကများ ရက်ရက်စက်စက် ပြုရက်ပါလိမ့်"

"ကျွန်တော်လဲ မသိရဘူး"

"ရဲတွေကကော မသိကြဘူးလား ဆရာ"

"သူတို့မှာတော့ ထင်မြင်ချက်တွေ ရှိမှာပေါ့လေ"

"ဆရာ၊ ဘယ်လိုခံစားနေရမယ်ဆိုတာ ကျွန်မ စာနာ
နားလည်ပါတယ်ရှင်။ ဒါကြောင့်လဲ ဒီအဖြစ်တွေနဲ့ပတ်သက်





တွေ့ကြုံရောက်နေရသူကို တတ်နိုင်သမျှ ဖြေသိမ့်ဖို့ လာခဲ့ရတာ"

"ကျေးဇူးတင်ပါတယ် အန်ရယ်"

"ကျွန်မအတွက်ကတော့ ဆက်ပြီးလာစရာ မလိုတော့ဘူးလို့
ပါတယ်။ ကျွန်မတို့ဇနီးမောင်နှံ ဥရောပတိုက်ကို နောက်
တ်မှာ အလည်ထွက်ကြတော့မလို့ စီစဉ်ထားပါတယ်"

"ဩော် . . ကောင်းပါတယ်"

"ကျွန်မ ဆရာ့အချိန်တွေကို လာဖြုန်းတီးနေမိသလားရှင်၊
င်းပန်ပါတယ်"

"အို . . မဟုတ်တာကွယ်၊ ဒါပေမဲ့ အန် နောက်တစ်ခေါက်
ာ့ လာစေချင်ပါသေးတယ်"

"ဘာပြုလို့လဲရှင်"

ဘာပြုလို့လဲဆိုသည့် မေးခွန်းကို သူဖြေကြားရန် ရင်ထဲ
ငံစကားလုံးများ အပြည့်ရှိနေပါသည်။ အားလုံးဖွင့်ဟပြောဖို့
တော့ မည်သည့်နည်းနှင့်မျှ မဖြစ်နိုင်။ ထိုစကားလုံးများကို
ထဲ၌ပင် သိမ်းဆည်းထားရမည်သာ ဖြစ်သည်။

"ဒီလိုလေ အန်ရဲ့၊ ပြဿနာ ပြေလည်အပြီးသပ်တဲ့သဘော
ခန်းသိမ်းနှုတ်ဆက်ပွဲသဘောမျိုးပေါ့"

"ဆရာက လာစေချင်ရင် လာခဲ့ပါ့မယ်"

"ကောင်းပါပြီ၊ သောကြာနေ့ ဆရာစောင့်နေပါ့မယ်"

"ဟုတ်ကဲ့ဆရာ"

အန်က နှုတ်ဆက်ပြီး ထွက်ခွာသွားလေသည်။

ဂျဒ်က ကုလားထိုင်ပေါ်သို့ ခြေပစ်လက်ပစ်နှင့် ထိုင်၍
တ်၏။ သူတစ်သက်တာတွင် ဤအချိန်လောက် လောကကြီး


www.burmeseclassic.com

www.burmeseclassic.com



တွင် တစ်ယောက်ထီးတည်း ရှိနေရသည့် ခံစားမှုမျိုး တစ်ခ
မဖြစ်ပေါ်ခဲ့ဖူးပေ။ လောကပြင်ကျယ် လူများအလယ်တွင် သူ
တစ်ယောက်ထီးတည်း။ ဒုက္ခများဝေလျက် စိတ်ညှိုးငယ်
သည်ကို သူနားလည်လိုက်သည်။ သို့ပေမယ့် သူအဖို့ ဘာ
မတတ်နိုင်။ လက်မှိုင်ချရတော့မည့် အခြေအနေတွင် ရှိနေသ

သူကို ဝိုင်းဝန်းထားသည့် အဖြစ်ဆိုးများတွင် အဖြေ
ခုတော့ ရှိရမည်။ မက်ဂရီဗီက ထိုအဖြေကို မရှာနိုင်သေး
သူကဦးအောင် ရှာဖွေရပေမည်။ သို့မဟုတ်က သူဘ
မက်ဂရီဗီက ဖျက်ဆီးဖြစ်ပေတော့မည်။

လက်ဖတင်နှင်မက်ဂရီဗီက လူသတ်မှုကြီးနှစ်မှုတွင် သ
သက်သေမကင်း ဖြစ်နေသည်။ သူက ဤလူသတ်မှုကြီးများ
ကင်းရှင်းပါသည်ဟူသော သက်သေအထောက်အထားကိုလ
မပြနိုင်။ သို့ဖြစ်လျှင် မကြာမီ သူကိုဖမ်းဆီးချုပ်နှောင်တော့မ
ထိုအခါ၌ သူလုပ်ငန်းသည် ပျက်စီးရတော့မည်။ လူသတ်မှုကြ
ပါဝင်သည်ဟု သက်သေမကင်း၍ ဖမ်းဆီးချုပ်နှောင်ခံရသူ ဆရာ
ထံ မည်သည့်ဝေဒနာရှင်များက လာရောက်ကြဦးမည်နည်း

နောက်ပြီး . . .

အိမ်ထောင်ရှင်မတစ်ဦးကို ချစ်ခင်မိနေသည့် သူဘဝ
ဘာများမျှော်လင့်စရာ ရှိပါဦးမည်နည်း။

❖❖❖





## အခန်း (၅)

မစ္စစ်ဘလိတ် ထွက်သွားပြီးနောက် ချိန်းဆိုထားသည့်
အားအတိုင်း ဝေဒနာရှင်များ ရောက်လာသည်။ ၎င်းတို့ကို
မြန်းခြင်း၊ သူတို့အား လဲလျောင်းစေပြီး သူတို့အာရုံ၌ ထင်လာ
ကို လွတ်လွတ်လပ်လပ် ပြောပြခိုင်းသည်ကို နားထောင်နေ
သော်လည်း တစ်ခါတစ်ခါ စိတ်ကလွင့်သွားသည်။ ညနေပိုင်း
ပင် ဝေဒနာရှင်များ စဲသွားတော့သည်။

အချိန်က ၇ နာရီခန့်ပင် ရှိလေပြီ။ ဂျဒ်သည် စိတ်မော
မာဖြင့် ပင်ပန်းနွမ်းနယ်သွားသဖြင့် နံရံကပ်ဘီရိုတွင်းမှ ဝီစကီ
င်းကိုထုတ်ပြီး တစ်ခွက်သောက်ချလိုက်မိသည်။ ရုတ်ချည်း
ဦးခေါင်းထဲတွင် ရီဝေလာသဖြင့် နံနက်ကတည်းက မည်သည့်
ာမျှ မစားရသေးသည်ကို အမှတ်ရတော့သည်။

သူသည် ကုလားထိုင်တစ်လုံးတွင်ထိုင်လိုက်ပြီး လူသတ်မှု
အကြောင်းကို စဉ်းစားကြည့်၏။ အမှန်က သူ့လူနာများ
နာမှတ်တမ်းများထဲတွင် လူသတ်မှုကျူးလွန်လောက်အောင်
ဖိုးရှိသည့်အချက်အလက်များ မရှိကြောင်း သူသိပါသည်။

ခြိမ်းခြောက်ငွေညှစ်သူတစ်ဦးက မှတ်တမ်းများကို တိတ်
ခိုးဝှက်နိုင်သည်ကို သူ မငြင်းလို။ သို့သော် ငွေညှစ်တတ်
ားသည် သူရဲဘောကြောင်သူများသာ ဖြစ်သည်။ တစ်ခြား
တစ်ဦး၏ ချွတ်ယွင်းချက်၊ အားနည်းချက်၊ အပြစ်အနာအဆာ
ကို အခွင့်အရေးယူပြီး ငွေညှစ်တတ်သူများသာ ဖြစ်သည်။
အကယ်၍ ထိုကဲ့သို့သောသူတစ်ဦး တိတ်တဆိတ်ရှိုးခန်း



www.burmeseclassic.com

www.burmeseclassic.com



ထဲသို့ဝင်အလာ ကာရိုနှင့်မမျှော်လင့်ဘဲ တွေ့ဆုံကြရာ၌ ကြော
အားလန့်အားဖြင့် လူသတ်မှုကို ကျူးလွန်သွားနိုင်သည်။ သို
မယ့် မည်သည့်နည်းနှင့်မျှ ရက်ရက်စက်စက် နှိပ်စက်ညှဉ်းပန်း
သတ်မှုမျိုးကိုတော့ ကျူးလွန်မည်မဟုတ်။

ဂျဒ်သည် ကုလားထိုင်၌ထိုင်ကာ လွန်ခဲ့သောနှစ်ရ
ဖြစ်ပျက်ခဲ့ရသည့်ကိစ္စများကို ပြန်ပြောင်းတွေးတော စဉ်ကြော
မိသည်။ နောက်ဆုံး၌ အဖြေရှာမတွေ့သဖြင့် သက်ပြင်းရှည်
ချလိုက်ကာ နေရာမှထလိုက်သည်။

သူ့ရုံးခန်းမှထွက်လာသည့်အချိန်တွင် ၉ နာရီထိုးနေပြီ
သည်။ သူအပြင်သို့ ထွက်လာချိန်တွင် ဆီးနှင်းများ တ
ကျနေ၏။ လမ်းတစ်ဘက်မှ ကုန်ပဒေသာဆိုင်ကြီးတွင် ဆိုင်းဘု
ကြီးဆွဲထားသည်ကို တွေ့ရသည်။ ဆိုင်းဘုတ်တွင် 'ခရစ္စမ
ပွဲတော်အတွက်ဝယ်ယူရန် ၆ ရက်သာရှိတော့သည်' ဟု ရေးသ
ထား၏။

လမ်းပေါ်၌ လူပါးနေပေပြီ။ သူသည် သူကားထားရာ
ဘက်ရှိ ကားရုံသို့ သွားရန်လမ်းကိုဖြတ်ကူးလိုက်သည်။ လ
အလယ်သို့အရောက် သူနောက်မှကားစက်သံ ကြားရသ
လှည့်အကြည့်တွင် အရှိန်ပြင်းစွာနှင့် ရှေ့မီးမှိတ်၍ မောင်း
သော ကားအနက်ကြီးတစ်စီးကို မြင်ရသည်။ အရက်မူးသ
တစ်ဦး မောင်းလာသည်ဟုထင်၍ ဂျဒ်က အလျှင်အမြန် တစ်ဘ
သို့ ခုန်လိုက်သည်။ ကားကလည်း သူရှိရာသို့ ခေါင်းလှည့်
မောင်းလိုက်ရာ သူကိုတမင်လိုက်ပြီး တိုက်နေပြီဟု သိလိုက်

သို့ရာတွင် နောက်ကျသွားလေပြီ။





သူ၏ရင်ဘတ်ကို ပြင်းထန်စွာတိုက်လိုက်သည်ကိုသာ သိ
ရပြီး မျက်စိများပြာသွားကာ လမ်းပလက်ဖောင်းပေါ်သို့
ကျသွားသည်။ ထိုသို့လဲကျသွားပြီး လုံးဝသတိလစ်မသွားမီ
ဦးနှောက်ထဲ၌ ဝင်းလက်သွားသည်။ ထိုအသိက အစရှာမရခဲ့
သော လူသတ်မှုပုစ္ဆာ၏ အဖြေပင်ဖြစ်သည်။

ဂျွန်ဟန်ဆင်နှင့် ကာရိုတို့ကိုဘာကြောင့်သတ်ခဲ့ကြသည်ကို
းလည်သဘောပေါက်သွားသည်။ ထိုခဏ၌ပင် ဝမ်းမြောက်
းမိသေးသည်။ သူသိသည့်အကြောင်းကို မက်ဂရီဗီကို ပြောပြ
ည်။ ထို့နောက်တွင် သူသည် ဤကမ္ဘာလောကကြီးကို လုံးဝ
သွားတော့သည်။

အပြင်မှကြည့်လျှင် အခန်း ၁၉ နံပါတ်ရဲစခန်းမှာ ရှေး
တ်ကဆောက်လုပ်ခဲ့ပြီး ရာသီဥတုဒဏ်ပြင်းထန်စွာ ခံခဲ့ရသော
သင်ကျောင်းကြီးနှင့် တူပေသည်။ ညိုမောင်းသော အုတ်ချပ်
းနှင့် ဆောက်လုပ်ထားကာ အင်္ဂတေကိုင်ထားသည်။ ၁၉
ပါတ်ရဲစခန်းသည် 'မန်ဟက်တန်' ရပ်ကွက် ၅၉ လမ်းမှ ၈၆
မ်းအထိဝင်း၊ ပဥ္စမရိပ်သာမှ အရှေ့မြစ်အထိပါဝင်သော နယ်
ကိုတာဝန်ယူရလေသည်။

ည ၁၀ နာရီမထိုးမီ ဆယ်မိနစ်အလိုတွင် ကားတစ်စီးက
တိုက်ပြီးထွက်ပြေးသွားသည့်သတင်းကို ဆေးရုံမှတယ်လီဖုန်း
ဆက်၍ အကြောင်းကြားလိုက်သည်။ ထိုတယ်လီဖုန်းလိုင်းကို
ရာစုံထောက်ဌာနသို့ ပြောင်းပေးလိုက်သည်။

တယ်လီဖုန်းမြည်သံကြားရလျှင် အင်ဂျယ်လီက ကောက်
ကိုင်လိုက်သည်။ ဆေးရုံမှ သူနာပြုဆရာမက ဆေးရုံသို့ကား



www.burmeseclassic.com

www.burmeseclassic.com



တိုက်မိ၍ ရောက်လာသော လူနာသည် သူ့အခန်းတွင်ရှိပြီး သူ လက်ဖတင်နင်မက်ဂရီဗီကို တွေ့လိုပါသည်ဟု ပြောနေကြောင်း သတင်းပို့သည်။ မက်ဂရီဗီအပြင်သို့ ရောက်နေကြောင်းပြန်ကြ ပြောဆိုပြီးမှ လူနာ၏အမည်ကိုမေးလိုက်သည်။ သူနာပြုဆရာ ထံမှပြန်ကြားသည့်စကားကို ကြားရလျှင်ပင် သူသည် ယ ချက်ချင်း လာခဲ့မည်ဟု ပြောလိုက်သည်။

တယ်လီဖုန်းကိုပြန်ချလိုက်စဉ် မက်ဂရီဗီပြန်ရောက်လာသည် အင်ဂျယ်လီက တယ်လီဖုန်းမှရသည့်သတင်းကို အလျှင်အမြ ပြောပြလိုက်သည်။

"ကျုပ်တို့ဆေးရုံသွားကြမှ ဖြစ်မယ်"

အင်ဂျယ်လီက မက်ဂရီဗီကို လောဆော်လိုက်သည်။

"ကိစ္စမရှိပါဘူး၊ ပထမဦးဆုံး ကားတိုက်မှုဖြစ်တဲ့ နယ်မြေ ကပ္ပတိန်ကိုဆက်ပြီး စုံစမ်းကြည့်လိုက်ဦးမယ်"

မက်ဂရီဗီက တယ်လီဖုန်းဆက်နေသည်ကို အင်ဂျယ်လီ အကဲခတ်ကြည့်ရှုနေသည်။ မက်ဂရီဗီ၏အကြောင်းကို ကပ္ပတိ ဘာကယ်လီအား မိမိပြောကြားခဲ့သည်တွင် ဘာကယ်လီက အားပြန်ပြောင်းပြောပြပြီးပြီကောဟု စဉ်းစားနေသည်။ သူ ဘာကယ်လီတို့ပြောခဲ့ကြစဉ်က တိုတိုနှင့်လိုရင်းကို ပြောပြခဲ့ ဖြစ်သည်။

အင်ဂျယ်လီက ဘာကယ်လီကို လိုရင်းကိုသာ ပြောခဲ့သည်

"လက်ဖတင်နင် မက်ဂရီဗီဟာ ရဲအရာရှိတစ်ဦးပါပဲ။ ဒါ ဒေါက်တာစတီဗင်ရုံးခန်းမှာ ဖြစ်ပွားခဲ့ရတဲ့အကြောင်း လူသ ကို စစ်ဆေးမယ့်ကိစ္စမှာ လွန်ခဲ့တဲ့ငါးနှစ်က ဖြစ်ပျက်ခဲ့





ကြောင်းတွေရဲ့ ဩဇာလွှမ်းမိုးနေပါတယ်"

ကပ္ပတိန် ဘာကယ်လီက သူ့ကိုခေတ္တမျှ ခပ်စိမ်းစိမ်း ကြည့်ပြီးမှ ပြန်လည်မေးလိုက်သည်။

"မင်းက မက်ဂရီဗီဟာ ဒေါက်တာစတီဗင်ကို လူသတ်မှု ရားခံဖြစ်အောင် အမှုဆင်နေတယ်လို့ စွပ်စွဲချင်သလား"

"ကျွန်တော်က ဘာမှမစွပ်စွဲလိုပါဘူး၊ ကပ္ပတိန်အနေနဲ့ ခြေအနေကိုသတိပြုထားနိုင်အောင် ပြောပြရုံခြင်းပါ"

"အေး၊ ငါသတိထားပါတယ်"

သူတို့နှစ်ဦး တွေ့ဆုံပြောကြခြင်းက ဤမျှနှင့် ပြီးဆုံးသွားခဲ့ ည်။

မက်ဂရီဗီက တယ်လီဖုန်းစကားပြောနေသည်မှာ သုံးမိနစ် ကြာသည်။ နောက်ဆယ်မိနစ်ခန့်အကြာတွင် သူတို့နှစ်ဦးသည် ားဖြင့် ဒေါက်တာစတီဗင်ရှိရာ ဆေးရုံသို့ထွက်ခွာလာခဲ့ကြ ည်။

ဒေါက်တာစတီဗင်၏အခန်းက ဆေးရုံကြီး၏ ခြောက်ထပ် င်ရှိသည်။ တယ်လီဖုန်းဆက် အကြောင်းကြားသူက မက်ဂရီဗီ အား လိုက်လံပို့သည်။

"လူနာရဲ့အခြေအနေက ဘယ်လိုနေပါသလဲ" ဟု မက်ဂရီဗီ သူနာပြုဆရာမကို မေးလိုက်သည်။

"ဆရာဝန်ကပြောပြပါလိမ့်မယ်၊ ဒီလူနာက အသက်ရှင် တာပဲ၊ အတော်အံ့ဩဖို့ကောင်းတာပဲရှင်၊ ဘယ်လက်မှာ ဒဏ် ရတယ်၊ နံရိုးအချို့ နာသွားတယ်၊ ခေါင်းမှာလဲ ဒဏ်ရာ တယ်ရှင့်"



www.burmeseclassic.com

www.burmeseclassic.com



"သူ သတိရနေသလား"

"သတိတော့ ရနေပါတယ်၊ သူ့ကို အိပ်ရာထဲမှာ လှဲနေ[illegible] ကျွန်မတို့အတော်ကြိုးစားနေရတယ်၊ သူက ရှင့်ကိုပဲ တွေ[illegible] ရစေလို့ တတွတ်တွတ်ပြောနေတာပဲ"

သူတို့ ဂျဒ်၏အခန်းတွင်းသို့ ဝင်လာခဲ့ကြရာ ဂျဒ်ခုတင်[illegible] လိုက်ကာများ ပတ်လည်ကာထားသည်ကို တွေ့ကြရသည်။

ဂျဒ်သည် ခုတင်ပေါ်၌ မှီအုံးများခံ၍ ထိုင်နေသည်။ မျက်နှာက ဖြူဖပ်ဖြူရော်ဖြစ်နေသည်။ နဖူးတွင် ပလာစတာ [illegible] ထား၏။

"ဆရာ၊ မော်တော်ကား မတော်တဆတိုက်ခံရတယ်[illegible] ကြားရတယ်" ဟု မက်ဂရီဇီက စကားစပြောလိုက်သည်။

"မတော်တဆ တိုက်မိတာမဟုတ်ဘူး၊ တစ်စုံတစ်ယောက်[illegible] တမင်အသေတိုက်တာဗျ"

"ဘယ်သူကလဲ"

"ဘယ်သူလဲဆိုတာတော့ မပြောတတ်ဘူး၊ သူတို့ စီမံ[illegible] အတိုင်းလုပ်တာ၊ လူသတ်သမားတွေက ကျွန်ုပ်ဟန်ဆင်နဲ့ ကာ[illegible] သတ်ချင်တာ မဟုတ်ဘူး၊ ကျုပ်ကိုသတ်ဖို့ လိုက်နေတာ"

"ဘာပြုလို့ ခင်ဗျားကဒီလို ထင်ရတာလဲ"

"ဟန်ဆင်အသတ်ခံရတာက ကျုပ်မိုးကာအင်္ကျီဝတ်ထား[illegible] ကျုပ်ကိုဒီမိုးကာအင်္ကျီကိုဝတ်ပြီး ရုံးထဲကိုဝင်လာတာ သူ[illegible] စောင့်ကြည့်နေရာက မြင်မယ်၊ နောက် ဟန်ဆင်က ဒီမိုး[illegible] အင်္ကျီကိုဝတ်ပြီး ထွက်သွားတော့ ကျုပ်ပဲလို့အထင်မှားပြီး နော[illegible] ကလိုက်သတ်တာ"





"ဒါကဖြစ်နိုင်တယ်" ဟု အင်ဂျယ်လီက ထောက်ခံလိုက်သည်။

"ဟုတ်ပြီ၊ သူတို့လူမှားပြီး သတ်မိမှန်းသိတော့ ခင်ဗျား ရုံးခန်းထဲဝင်လာပြီး ခင်ဗျားအဝတ်တွေ ဆွဲချွတ်လိုက်တော့မှ အမျိုးသမီးတစ်ဦးဖြစ်နေမှန်း သိရတာနဲ့ ဒေါသထွက်ပြီး တစ်ခါ သတ်ပြန်ရော ဟုတ်လား" ဟု မကျေမနပ်နှင့် မက်ဂရီဇီက ရိ၍ ပြောလိုက်သည်။

"ကာရိုကိုသတ်တာက ကျုပ်ရှိတယ်အထင်နဲ့ ရုံးခန်းထဲ ဝင်အလာမှာ သူမကိုတွေ့ပြီး နှုတ်ပိတ်တဲ့အနေနဲ့ သတ်သွားတာ ဖြစ်ရမှာပေါ့"

"နောက်ပြီး၊ မကြာခင်က ကားတိုက်မှုဖြစ်တဲ့ နယ်မြေ ရဲခန်းက စခန်းမှူးနဲ့ စကားပြောခဲ့တယ်၊ သူတို့ရဲ့ အစီရင်ခံစာမှာ ခင်ဗျား နမော်နမဲ့ လမ်းဖြတ်ကူးလို့ တိုက်တာလို့ဆိုတယ်"

"ဘယ်က နမော်နမဲ့ ဖြစ်ရမှာလဲဗျာ"

"ခင်ဗျားက လမ်းအလယ်ကနေ ဖြတ်ကူးတာပဲ မဟုတ်လားဒေါက်တာ"

"ဟုတ်တယ်၊ ဒါပေမဲ့ ကားတစ်စီးမှ မရှိဘူး"

"ကားတစ်စီးရှိတယ်၊ ခင်ဗျားမမြင်လို့၊ နှင်းတွေလဲ ကျနေတယ်။ ခင်ဗျားက ရုတ်တရက်လမ်းကိုအဖြတ်၊ ကားက အရှိန်နဲ့အလာ၊ ဘရိတ်ဖမ်းအရှိန်သတ်တဲ့အခါ လမ်းပေါ်မှာ ချော်သွားပြီး ခင်ဗျားကိုဝင်တိုက်မိရော၊ နောက်တော့ ကားမောင်းသမားဟာ လန့်ပြီး မောင်းပြေးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပုံက ဒီလိုမဟုတ်ဘူးဗျာ၊ ရွှေမီးကိုပိတ်ထားတာ၊ က
မြင်တယ်"

"ထားပါတော့၊ ခင်ဗျားကို ကားနဲ့ တမင်ဝင်တိုက်ခံရတာ
ဟန်ဆင်နဲ့ကာရိုကို ဒီလူသတ်သမားပဲ သတ်ပါတယ်လို့ ခင်ဗျာ
ကဆိုလိုသလား"

"တစ်ယောက်ယောက်က ကျုပ်ကိုသတ်ဖို့ ကြိုးစားခဲ့တာ

မက်ဂရီဗီက ခေါင်းကိုရမ်းနေသည်။

"မဖြစ်နိုင်ဘူး ဒေါက်တာ"

"ဘာမဖြစ်နိုင်တာလဲ"

"ခင်ဗျားက ယုံတမ်းစုံပြင်တစ်ခုထဲကလို စိတ်ကူးထဲ
လူသတ်သမားတစ်ဦးနောက်ကို ကျုပ်ကလိုက်ရှာနေမယ်
မျှော်လင့်နေသလား။ ခင်ဗျားရဲ့ ညှော်ခံစာရေးမဟာ ကိုယ်လေ
လက်ဝန်နဲ့ဖြစ်နေပြီဆိုတာ သိသလား"

မက်ဂရီဗီအသံက အနည်းငယ်မာကြောလာသည်။

"မသိဘူး"

ဂျဒ်၏ဦးခေါင်းဒဏ်ရာက အနာပြင်းထန်လာသည်။

"ကျုပ်မှတ်တမ်းတွေကို ပြန်ပြီးလှန်လှော ရှာဖွေကြည့်
တယ်၊ ခင်ဗျားရဲ့ ညှော်ခံစာရေးမလေးဟာ ခင်ဗျားဆီမှာ အလု
ဝင်မလုပ်ခင်က ညဥ့်ငှက်တစ်ဦးဖြစ်တယ်လို့ဆိုရင် ခင်ဗျား ဘာ
ပြောမလဲ၊ ခင်ဗျားဒါကို သတိပြုမိခဲ့ရဲ့လား ဒေါက်တာစတီဗင်
ခင်ဗျားမဖြေပါနဲ့လေ၊ ခင်ဗျားအစား ကျုပ်ဖြေမယ်၊ ခင်ဗျားတ
သူမအား ညဥ့်ငှက်ကလေးတစ်ကောင်ဆိုတာသိခဲ့တယ်၊ ဘာဖြ
လို့လဲဆိုတော့ ညဥ့်တရားရုံးမှာ လွန်ခဲ့တဲ့ ၃ နှစ်လောက်တ





ဆွယ်မှုနဲ့ ရုံးရောက်လာတုန်းမှာ ခင်ဗျားက သူမကိုခေါ်ဆောင်
သွားခဲ့တာကို၊ ဟဲ ခင်ဗျားလို ဂုဏ်သရေရှိ လူကြီးလူကောင်း
ရာဝန်တစ်ဦးက ညဥ့်ငှက်မကလေးကို ဆေးကုခန်းမှာ ညှော်ခံ
ာရေးအဖြစ် ခန့်ထားတာ နည်းနည်းဆန်းမနေဘူးလား"

"ဘယ်သူကမှ မွေးကထဲက ညဥ့်ငှက်ဖြစ်မလာဘူးဗျ၊ ကျုပ်
က ကလေးသာသာ ဆယ့်ခြောက်နှစ်အရွယ် သူငယ်မကလေး
တစ်ဦးကို ကယ်ဆယ်ပြီး ဘဝခရီးမှာ အခွင့်အလမ်းတစ်ခု ဖွင့်ပေး
ာ"

"ကယ်ဆယ်ရင်းနဲ့ ခင်ဗျားလဲဖြေဖျော်မှု ရသွားတာပေါ့
ဟုတ်လား"

ဂျဒ်က စိတ်ဆိုးစွာဖြင့် . . .

"ခင်ဗျားဟာ တော်တော်ယုတ်မာတဲ့ စိတ်ထားရှိတဲ့သူပဲ
က်ဂရီဗီ"

မက်ဂရီဗီက ခြောက်ကပ်ကပ်ရယ်သည်။

"ခင်ဗျားကာရိုကို ညဥ့်တရားရုံးမှာတွေ့ပြီး ဘယ်ကိုခေါ်
သွားတာလဲ"

"ကျုပ်အိမ်ကိုပဲပေါ့"

"ကာရိုက အဲဒီမှာအိပ်သလား"

"အင်း"

မက်ဂရီဗီက ပြုံးလိုက်သည်။

"ခင်ဗျားကတော့ တော်တော်ထူးတဲ့လူပါပဲ၊ ညဥ့်တရားရုံး
တနေ ညဥ့်ငှက်မလေးချောချောတစ်ယောက်ကို ခေါ်လာပြီး
ခင်ဗျားအိမ်ခန်းမှာ ညသိပ်တယ်၊ ဘာအတွက် ခေါ်လာရသလဲ



www.burmeseclassic.com

www.burmeseclassic.com



စစ်တုရင်ကစားဖော်အဖြစ်၊ သူမကိုခင်ဗျားအိမ်ဖော်အဖြစ်၊ ဒါ
မဟုတ်ရင် ခင်ဗျားဟာ မိန်းမရှာတစ်ဦးပဲ၊ ဒီလိုဆို ခင်ဗျား
ဆက်သွယ်နိုင်တဲ့လူဟာ ဘယ်သူဖြစ်နိုင်မလဲ၊ ကျွန်ဟန်ဆင်ဝေ
တကယ်လို့ သူမကိုအိမ်ဖော်အဖြစ်သုံးရင် နောက်လဲ ခင်ဗျာ
ရှောင်ကွင်းနေမှာတဲ့လား။ ဒီအခါမှာ သူမကိုယ်ဝန်ရှိလာတာဖေ
နောက်ပြီး ခင်ဗျားက မျက်နှာပြောင်တိုက်ပြီး အရူးကြမ်းတစ်ဦ
က ခင်ဗျားကိုကားနဲ့တိုက်၊ လူတစ်ကာကို လိုက်လံသတ်ဖြတ်ေ
ပုံ၊ ယုံတမ်းစကားတွေ ပြောနေတယ်"

ပြောပြောဆိုဆို မက်ဂရီဗီက နေရာမှထပြီး စိတ်ဆိုးဆိုးဖြ
အခန်းထဲမှ ထွက်သွားတော့သည်။

ဂျဒ်မှာ ဘာမျှမပြောနိုင်။ ခေါင်းထဲကဝေဒနာ ပြင်းပြင်
ထန်ထန် နာကျင်လာတော့သည်။

အင်ဂျယ်လီက သူ့ကိုကြည့်ပြီး ပူပန်သွားမိသည်။

"ဒေါက်တာ နေထိုင်ကောင်းရဲ့လား"

"ခင်ဗျား ကျုပ်ကိုကူညီစမ်းပါ။ တစ်စုံတစ်ယောက်က ကျုပ်ကို
သတ်ဖို့ ကြိုးစားနေတာ အမှန်ပဲ"

"ဘယ်သူက ဘာအကြောင်းကြောင့် ခင်ဗျားကိုသတ်ရမှာ
လဲ ဒေါက်တာရဲ့"

"ကျုပ် မသိဘူးဗျာ"

"ဆရာ့မှာ ရန်သူရှိသလား"

"မရှိဘူး"

"ဆရာ တစ်စုံတစ်ယောက်ရဲ့ မိန်းမနဲ့ အရှုပ်အရှင်း ရှိခ
လား"





"မရှိပါဘူး"

"ဆရာတို့မိသားစုထဲမှာ ချမ်းသာတဲ့လူရှိပြီး၊ မိသားစုထဲက
တစ်ယောက်ယောက်က ဆရာ့ကို ရှင်းပစ်ချင်သလား"

"မရှိဘူး"

အင်ဂျယ်လီက သက်ပြင်းချလိုက်သည်။

"ဒါဖြင့် ဘယ်သူကမှဆရာ့ကိုသတ်ပစ်ဖို့ အကြောင်းမရှိဘူး
ပါ၊ ဆရာ့ရဲ့လူနာတွေထဲမှာကော၊ ဆရာ့ရဲ့ လူနာစာရင်းကို
ကျွန်တော်တို့ကို ပေးလိုက်ပါလား"

"ဒါတော့ မဖြစ်နိုင်ဘူးဗျာ"

"ကျွန်တော်က နာမည်စာရင်းလောက် တောင်းတာပါ"

"ဝမ်းနည်းပါတယ်ဗျာ၊ ကျုပ်က သာမန်ဆရာဝန်ဆိုရင်တော့
ပေးနိုင်ပါတယ်၊ ကျုပ်က စိတ်ရောဂါကုဆရာဝန်၊ ကျုပ်လူနာ
တွေဟာ စိတ်ဓာတ်ပြဿနာတွေနဲ့၊ ခင်ဗျားတို့က သူတို့ကို
မေးလားမြန်းလားလုပ်ရင် သူတို့စိတ်ဓာတ်တွေ ချောက်ချားကုန်
ကြမယ်၊ ဒီပြင် ကျုပ်အပေါ်မှာလဲ ယုံကြည်ချက်ကင်းကုန်မယ်၊
ဒီအခါမှာ သူတို့ကို ကျုပ် စိတ်ဝေဒနာပျောက်ကင်းအောင်
ကုသဖို့မလွယ်တော့ဘူးဗျ"

အင်ဂျယ်လီက သူ့ကိုတည်ငြိမ်စွာနှင့်ကြည့်ပြီး မေးခွန်းတစ်ခု
ထုတ်လိုက်သည်။

"လူတိုင်းက သူ့ကိုလိုက်ပြီးသတ်ဖြတ်ဖို့ ကြံစည်နေကြတယ်
လို့ ထင်မြင်နေတဲ့လူတစ်ဦးကို ဘယ်လိုခေါ်သလဲ ဒေါက်တာ"

"ဒီလိုလူကို 'ပါရာနွိုက်' လို့ခေါ်တယ်။ ခင်ဗျားဆိုလိုတာ
က ကျုပ်ဟာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလေ ဆရာ၊ ကျွန်တော့်နေရာကနေကြည့်ပြီး ဆုံး ဖြတ်စမ်းပါ။ ကျွန်တော်က ဆရာ့နေရာမှာရှိပြီး ဆရာ့ကိုပဲပြော နေမယ်ဆိုရင် ဆရာဟာကျွန်တော့်ရဲ့ ဆရာဝန်အနေနဲ့ ဘယ်လို ထင်လဲ"

ဂျဒ်သည် ဝေဒနာပိုမိုပြင်းထန်လာ၍ မျက်စိကိုမှိတ်ထား လိုက်သည်။

"မက်ဂရီဗီက ကျွန်တော့်ကိုစောင့်နေတယ်"

ဂျဒ်က မျက်စိဖွင့်လိုက်ပြီး . . .

"ခဏနေပါအုံး၊ ကျုပ်ဟာ အမှန်ကိုပြောနေတယ်ဆိုတာ အထောက်အထားနဲ့ ပြပါရစေဦး" ဟု ပြောလိုက်၏။

"ဘယ်လိုလဲ"

"ကျုပ်ကိုသတ်ဖြတ်ဖို့ ကြိုးစားနေတဲ့လူဟာ နောက်တစ်ခါ လဲ ကြိုးမှာပဲ၊ ကျုပ်နဲ့အတူ အစောင့်တစ်ယောက် ထားပေးမ လား၊ နောက်တစ်ကြိမ် လူသတ်သမားက ကြိုလာရင် ဖမ်းဆီး နိုင်တာပေါ့"

"ဒေါက်တာစတီဗင်၊ တစ်စုံတစ်ယောက်က ဆရာ့ကို သတ် ကြံနေရင် ရဲအဖွဲ့တစ်ဖွဲ့လုံးကလဲ မကာကွယ်နိုင်ဘူး၊ သူ ဒီနေ ဆရာ့ကိုမသတ်နိုင်သေးရင် မနက်ဖြန်တော့ ဖြစ်အောင် သတ်မှာ ပဲ၊ အသက်ဆိုတာက အင်မတန်သေးသွယ်တဲ့ ကြိုးမျှင်ကလေးပါ ဒီကြိုးမျှင်ကလေးကို ဖြတ်လိုက်ဖို့က တစ်စက္ကန့်တောင် မကြာ ဘူး"

"ဒါဖြင့် ခင်ဗျားတို့က ဘာမှမလုပ်ပေးနိုင်တော့ဘူးလားဗျာ"

"ကျွန်တော်က အကြံဉာဏ်တော့ ပေးနိုင်တယ်၊ ဆရာ





အခန်းမှာရှိတဲ့ တံခါးတွေကို လုံခြုံအောင်သော့ခတ်ထားပါ။ ဆရာ သိတဲ့လူဆိုရင် အခန်းထဲကို လုံးဝဝင်ခွင့် မပြုပါနဲ့၊ ဘယ်သူဆို ဘယ်သူမှ ဝင်ခွင့်မပြုပါနဲ့"

ဂျဒ်က ခေါင်းညိတ်ပြသည်။

"ခင်ဗျားတို့ရဲ့ အဆောက်အဦကြီးမှာ တံခါးစောင့်နဲ့ ဓာတ် လှေကားမောင်းသမား ရှိတယ်မဟုတ်လား၊ သူတို့ကိုကော ယုံ ကြည်စိတ်ချရရဲ့လား"

"တံခါးစောင့်က လုပ်သက်ဆယ်နှစ်ရှိပြီ၊ ဓာတ်လှေကား မောင်းက ရှစ်နှစ်ရှိပြီ။ သူတို့ကိုတော့ လုံးဝယုံကြည်ရပါတယ်"

"ကောင်းတယ်၊ သူတို့ကို သတိနဲ့နေဖို့ ပြောထားပါ၊ သူတို့သာ အစိမ်းတွေကိုဂရုစိုက်ကြည့်နေရင် ဆရာ့အခန်းကို တိတ်တဆိတ် တက်လာဖို့ မလွယ်ဘူးပေါ့"

အင်ဂျယ်လီက ထွက်သွားရန်ဟန်ပြင်လိုက်ပြီးမှ တဖန် လှည့် လာပြီး . . .

"ကျွန်တော် အကြံတစ်ခုတော့ ရတယ်၊ ဒါပေမဲ့ ဆယ်ရေး သစ်ရေး ကိုးရေးတစ်ရာပေါ့" ဟု ပြောလိုက်သည်။

"ဆိုပါဦး"

"မက်ဂရီဗီရဲ့ လုပ်ဖော်ကိုင်ဖက်ကို ပစ်သတ်တဲ့လူ"

"ဇစ်ဖရင်လား"

"ဟုတ်တယ်၊ သူက တကယ်ရူးသွပ်နေသလား"

"ဟုတ်ပါတယ်၊ သူ့ကိုစိတ်ရောဂါသည် ရာဇဝတ်ကောင်တွေ ထားတဲ့ 'မက်တီးဝမ်း' ဆေးရုံမှာထားတယ်"

"မက်ဂရီဗီက ဇစ်ဖရင်ကို အဲဒီဆေးရုံပို့လိုက်ရတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားအပေါ် အမျက်သိုချင် သိုမှာပေါ့လေ။ ဇစ်ဖရင် အကြောင်းကို စုံစမ်းလိုက်ဦးမယ်၊ သူလွတ်များ ပြေးသွားသလား ရှိသေးသလားဆိုတာ မနက်ကျတော့ ကျွန်တော့်ဆီ တယ်လီဖုန်း ဆက်လိုက်ပါ"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ဒါ ကျွန်တော့် ဝတ္တရားပါ။ ဆရာသာ လူသတ်မှုမှာ အမှု တကယ် ပါဝင်နေရင်တော့ ကျွန်တော်ကလဲ ဆရာ့ကို ဖမ်း အောင်ဖမ်းဖို့ မက်ဂရီဗီကို ကူညီမှာပါ။ ဒါနဲ့ ကျွန်တော် ဆရာ့ အတွက် ဇစ်ဖရင်အကြောင်း စုံစမ်းထောက်လှမ်းမယ့်အကြောင်း မက်ဂရီဗီကိုတော့ မပြောလိုက်နဲ့ဦးနော်"

"မပြောပါဘူး"

အင်ဂျယ်လီ အခန်းထဲမှထွက်သွားသည်။

အခန်းထဲတွင် ဂျဒ်တစ်ဦးတည်းသာ ကျန်ရစ်တော့၏။ သူ့ နောင်ရေးအခြေအနေမှာ ဆိုးရွားနေပေသည်။ သူ့ကို လူသတ်မှု နှင့် ဖမ်းဆီးချုပ်နှောင်လိုလျှင် ချုပ်နှောင်နိုင်ပြီဆိုသည်ကို သူ သည်။

သို့သော် . . .

မက်ဂရီဗီက သူ့အပေါ်အမျက်သို ကလဲ့စားချေလိုစိတ် ည် ပြင်းပြနေ၍ သက်သေအထောက်အထားများကို ရေပက်မဝင် သည် နိုင်အောင် ရှာဖွေပြီး ပြေးမလွတ်အောင်စီမံနေ၍သာ သူ့ မဖမ်းဆီးသေးခြင်းဖြစ်သည်ဟု သူ နားလည်ထားသည်။

သူ့ကို ကားတိုက်မိသည်က မတော်တဆ တိုက်မိခြင်း ည်။ လား။





လမ်းပေါ်တွင် ဆီးနှင်းများဖုံးနေသဖြင့် ကားဘီးချော်ပြီး တ်မိခြင်းလည်း ဖြစ်နိုင်ပေသည်။ သို့ဖြစ်လျှင်လည်း ဘာကြောင့် မီးများကိုပိတ်ပြီး မောင်းလာရသနည်း။

နောက်ပြီး . . .

သည်ကားသည် ရုတ်တရက် မည်သည့်နေရာက ထွက် ခဲ့ရသနည်း။

သူ စဉ်းစား၍မရ။

မည်သို့ဆိုစေ . . .

လူသတ်သမားသည် သူ့ကိုလုပ်ကြံခြင်းဖြစ်သည်ကိုတော့ သူ ကြည်သည်။ တစ်ခါလုပ်ကြံပြီးလျှင် နောက်တစ်ကြိမ် လုပ် ဦးမည်မှာ မလွဲ။

သို့တွေးရင်းနှင့် အိပ်ပျော်သွားခဲ့သည်။

နောက်တစ်နေ့ နံနက်စောစောတွင် ပီတာနှင့်နိုရာတို့က းတိုက်မှုအကြောင်းကို နံနက်သတင်းစာများတွင် ဖတ်ရှုရ ဖြင့် ဆေးရုံသို့ ရောက်လာကြသည်။

ပီတာသည် ဂျဒ်နှင့် သက်တူရွယ်တူဖြစ်ပြီး ကိုယ်လုံးကိုယ် သူထက်သေးလျက် ပိန်ချုံးသူတစ်ဦးဖြစ်သည်။ သူတို့နှစ်ဦး တစ်မြို့တည်းသားများဖြစ်ကြပြီး ဆေးကျောင်းတွင် အတူ တ်ရောက်အောင်မြင်လာကြသူများဖြစ်၏။

နိုရာက အင်္ဂလိပ်အမျိုးသမီးဖြစ်ပြီး သွက်လက် ချက်ချာ

ပီတာက ဂျဒ်ကိုအသေအချာကြည့်ရှုပြီးမှ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ မသေရုံတမယ်ပါလားကွ၊ ဘယ်လိုဖြ
တာလဲ"

"အေးကွာ၊ ကားတစ်စီးက တိုက်ပြီး ထွက်ပြေးတာပဲ"

"ဩော် . . . ကာရီအကြောင်းလဲ သတင်းစာထဲမှာ
လိုက်ရတယ်။ တော်တော် ရက်စက်ကြတာပဲ၊ ဒီလူသတ်သ
ကို ဖမ်းမိဖို့ အခြေအနေရှိသလား"

"ရဲကတော့ လိုက်နေတုန်းပဲလေ"

"ဒီနေ့ သတင်းစာတွေထဲမှာ လက်ဖတင်နှင့် မက်ဂရိ
မကြာခင် လူသတ်ကောင်ကို ဖမ်းနိုင်တော့မယ်လို့ဆိုတယ်၊
ကြောင်းကို မင်းသိသလား"

"အေး၊ မက်ဂရီဂီက တိုးတက်မှု အခြေအနေကိုတော့
အမြဲလိုလို ပြောပြနေတာပဲကွ"

"ရဲတွေကတော့ အံ့ဩလောက်အောင် တော်ကြပါတ
ဟု နိုရာက ဝင်ပြောလိုက်သည်။

"ဒေါက်တာ ဟဲရစ်က မင်းရဲ့အိပ်(စ်)ရေးကို ငါ့ကိုပြ
ကွ၊ ပြင်ပဒဏ်ရာတွေချည်းပဲ၊ မကြာခင် ဆေးရုံက ဆင်
မယ်တဲ့"

သူတို့ဇနီးမောင်နှံသည် နာရီဝက်ခန့်စကားထိုင်ပြော
သည်။ ပီတာတို့ဇနီးမောင်နှံ ပြန်ကာနီးတွင် ဂျဒ်က ပီတ
နှစ်ယောက်ထဲ စကားပြောလိုသည်ဟု ပြောသဖြင့် နိုရ
အခန်းပြင်ဘက်သို့ထွက်ကာ စောင့်ဆိုင်းနေသည်။

ဂျဒ်က ပီတာကို ဟဲရစ်ဆင်ဘတ်၏ အခြေအနေ ဆို
လာပုံကို ပြောပြလိုက်သည်။





"ဝမ်းနည်းပါတယ်ကွာ၊ သူ့ကိုမင်းဆီပို့လိုက်ရတဲ့ အချိန်မှာ
ရောဂါကတော့ တော်တော်ဆိုးနေပြီဆိုတာ သိပါတယ်၊ ဒါပေမဲ့
သူ့ကို တတ်နိုင်သမျှကုရင်တော့ ပြန်လည် သက်သာလာ
ားလို့ မျှော်လင့်ချက်နဲ့ ပို့လိုက်တာပဲ၊ ခုအတိုင်း ဆိုရင်တော့
ဇဆေးရုံကို ပို့လိုက်ရဖို့ပဲ ရှိတာပေါ့၊ ဘယ်တော့လောက်
ပို့ပို့လိုက်မလဲ"

"ဆေးရုံက ဆင်းပြီးမှပေါ့"

အမှန်စင်စစ် ဂျဒ်သည် စိတ္တဇဆေးရုံသို့ မပို့ချင်သေးပါ။
မဦးဆုံး ဘတ်အနေဖြင့် လူသတ်မှုနှစ်ခုကို ကျူးလွန်ခဲ့သူ
နေမည်လားဟု စုံစမ်းကြည့်ချင်သေးသည်။

"အေးလေ၊ ငါ့အကူအညီလိုချင်ရင် ငါ့ဆီဖုန်းသာဆက်လိုက်"
ဟု အားပေးစကားပြောကြားပြီး ပီတာနှင့် နိုရာတို့သည်
းရုံမှထွက်သွားကြလေသည်။

ဂျဒ်သည် အိပ်ရာထဲ၌ လဲလျောင်းရင်းက သူမည်သို့ ဆက်
စခန်းသွားရမည်ကို ကြံစည်နေသည်။ သူ့ကိုသတ်လောက်
င် အကြောင်းတစုံတရာ မရှိသောကြောင့် လူသတ်သမား
ည် စိတ်ဓာတ်ချွတ်ယွင်းပြီး သူ့အပေါ်တွင် အထင်မှားချက်
အမျက်သိုကာ လူသတ်မှုကျူးလွန်နေသူသာ ဖြစ်နိုင်ပေ
ည်၊ ထိုကဲ့သို့သော စိတ္တဇဝေဒနာနှင့် လူသတ်မှုကျူးလွန်နိုင်သူ
မှာ ဟဲရစ်ဆင်ဘတ်နှင့် ဇစ်ဖရင်နှစ်ဦးသာ ဖြစ်နိုင်သည်ဟု
းစားမိသည်။ 'ဘတ်' သည် ဟန်ဆင်အသတ်ခံရသည့်နေ့
က်ပိုင်းတွင် အခြားတစ်နေရာရာ၌ ရှိနေသည်ဟု မပြောနိုင်ပါ
ရုံထောက် အင်ဂျယ်လီကို ဘတ်အကြောင်းစုံစမ်းခိုင်းရမည်။



www.burmeseclassic.com

www.burmeseclassic.com



အကာယ်၍ မှုခင်းဖြစ်ပွားသည့်အချိန်၌ 'ဘတ်' သည် တစ်ေ ရာတွင် ရှိနေပါက ဇစ်ဖရင်ကိုသာ စုံစမ်းရတော့မည်။

ဤသို့ စဉ်းစားမိသည့်အချိန်တွင် စိတ်ဓာတ်ကျနေ အနည်းငယ်အားတက်လာမိသည်။ ထို့ကြောင့် ဆေးရုံမှ အဖြ ဆင်း၍ သူ့အကြံအစည်အတိုင်း စတင်၍ လုပ်ငန်းလုပ်ေ ပေပြီ။

သူသည် ဘဲ(လ်) နှိပ်၍ သူနာပြုဆရာမကို ခေါ်လို ဒေါက်တာဟဲရစ်ကို အခေါ်ခိုင်းလိုက်သည်။ ဆယ်မိနစ် အကြာတွင် ဒေါက်တာဟဲရစ်ရောက်လာ၍ သူ့အနေဖြင့် ေ မှ ဆင်းလိုကြောင်း ပြောပြလိုက်သည်။

ဟဲရစ်က သက်ပြင်းချလိုက်သည်။

"အေးလေ၊ ခင်ဗျားလဲ ဆရာဝန်ပဲ၊ ခင်ဗျားသဘော အ ပါပဲ"

ဆယ်နာရီနှင့် ဆယ့်ငါးမိနစ်တွင် ဂျဒ်သည် သူ့ရုံးခ ပြန်လည်ရောက်ရှိလာခဲ့၏။

❖❖❖





## အခန်း (၆)

ထိုနေ့အတွက် ပထမဦးဆုံးဝေဒနာရှင်မှာ တီရီဝပ်ရှ်ဆန်း သည်။ သူမသည် စကြာလမ်း၌စောင့်လျက်ရှိ၏။ တီရီသည် ခဲ့သည့်အနှစ်နှစ်ဆယ်လောက်က ဟောလီဝုဒ်တွင် နာမည် ကြီးဆုံး ရုပ်ရှင်မင်းသမီးတစ်ဦးပင်။ သို့သော် သူမသည် ရုပ်ရှင် သမီးဘဝမှ ချက်ချင်းလိုလို ကျဆုံးသွားခဲ့ပြီး အော်ရီဂွန်မှ ကုန်သည်တစ်ဦးနှင့် လက်ထပ်လိုက်ပြီးသည့်နောက် ဇာတ် သွားခဲ့သည်။

တီရီသည် လင်ယောကျ်ား ဆယ်ဦးခန့်နှင့် လက်ထပ်ဖူးခဲ့ သခုအချိန်တွင် နောက်ဆုံးယောကျ်ားနှင့် နယူးယော့မြို့တွင် ထိုင်လျက်ရှိလေသည်။ သူမ၏ယောကျ်ားမှာ သွင်းကုန် သည်ကြီးတစ်ဦးဖြစ်၏။

ဂျဒ်ဝင်လာသည့်အချိန်၌ သူမသည် စောင့်နေရ၍ စိတ် သည့်အမူအရာဖြင့် မော့ကြည့်လိုက်၏။

"သြော် . . ခုမှလာသလား"

ဟု အပြစ်တင်သံနှင့် ဆိုလိုက်ပြီးမှ ဂျဒ်၏မျက်နှာကို မြင် ်ရသည်တွင် နှုတ်ဆိတ်သွားပြီး တအံ့တသြနှင့် မေးလိုက်

"ဆရာ . . ဘာဖြစ်လာသလဲ၊ မျက်နှာမှာလဲ ဒဏ်ရာ ဒဏ် ်တွေနဲ့ပါလား"

"မတော်တဆ ထိခိုက်မှုကလေးပါ၊ နောက်ကျသွားတာ နည်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဂျဒ်က တံခါးသော့ကိုဖွင့်၍ တီရိကို ဆေးကုခန်းထဲ
ခေါ်လာသည်။

"ကျွန်မ . . ကာရိအကြောင်း သတင်းစာထဲမှာ ဖတ်လို
ရတယ်။ ကာမ ရောင်းဝယ်မှုလား"

"မဟုတ်ဘူး၊ ကဲ . . ဆယ်မိနစ်လောက်ထိုင်ပြီး ခ
စောင့်နေဦးနော်"

သူသည် တံခါးကိုဖွင့်၍ အတွင်းခန်းထဲသို့ ဝင်သွားသ
နောက် ယနေ့ချိန်းဆိုထားသည့် လူနာစာရင်းကို လှန်ကြည့
ဌင်းတို့ထံ တယ်လီဖုန်းဆက်၍ ယနေ့ချိန်းဆိုချက်ကို ဖျက်
ကြောင်း ပြောလေသည်။ ဝေဒနာရှင်သုံးဦးကိုမူ တယ်လီဖု
ဆက်သွယ်၍မရခဲ့ပေ။ ထို့နောက် တစ်ကိုယ်လုံး နာကျင် ကို
နေပြီး ဦးခေါင်းထဲမှာလည်း မူးနောက်နောက်ဖြစ်နေ၍ ဆေ
သုံးပြားကို သောက်လိုက်ပြီး ဆေးခန်းထဲသို့ ဝင်ခဲ့၏။

တီရိသည် အိပ်ရာပေါ်တွင်လှဲ၍ စိတ်အာရုံတွင် ထ
သမျှကို ပြန်ပြောပြနေသည်။ သူမသည် သူမ၏စတ
အထက်သို့တမင် ပင့်တင်ထားသည်ကို တွေ့ရသည်။

လွန်ခဲ့သည့် အနှစ်နှစ်ဆယ်ကဆိုလျှင် တီရိသည် အ
စွဲမက်စရာကောင်းအောင် ချောမွေ့လှပသူတစ်ဦးပင်။ ယ
ထိုအလှ၏အရိပ်အယောင်များမှာ ထင်ဟပ်နေသေး၍ ခ
ဝိုင်းနှင့်ရှိရာ သူမတစ်ကိုယ်လုံး၌ အလှပဆုံးဖြစ်သည်။ ကို
ကိုယ်ထည်မှာလည်း ဖိုသတ္တဝါတို့ စွဲမက်စရာကောင်းလှ

ဂျဒ်အဖို့မှာကား . . .

သူ၏စိတ်ခွဲကုဆရာဝန်ဘဝ၌ ဝေဒနာရှင်များထဲမှ





မီးအချို့သည် သူ့ကိုမေတ္တာသက်ဝင် ချစ်ခင်မိပြီဟု ထင်မှတ်
သည်ကို ကြုံတွေ့ရဖူးသည်။ ဤကြုံတွေ့ရမှုမျိုးသည် စိတ်ခွဲ
ထုံးတစ်လျှောက် တွေ့ကြုံရမြဲသာဖြစ်ခဲ့သည်။ ထိုအဖြစ်က
ည်း ကြာရှည်မဟုတ်။ သို့ပေမယ့် တီရိအပြုအမူမှာ တစ်မျိုး
နေသည်။ ကုသမှုစကတည်းက သူမသည် ဆရာဝန်စတီဗင်
မြူဆွယ်၍ တိတ်တိတ်ပုန်း အချစ်ဇာတ်လမ်းစရန် ကြိုးစား
ခဲ့သည်၊ စတီဗင်၏စိတ်ကို နိုးကြွလာအောင် နည်းအမျိုးမျိုး
ပြီး ကြံစည်ခဲ့သည်။ ဤမြူဆွယ်နည်းများတွင်လည်း သူမသည်
သွန်ကျွမ်းကျင်လိမ်မာလှပေသည်။

နောက်ဆုံး ဂျဒ်သည် သူမကိုကောင်းကောင်းမွန်မွန် ဆေး
ကုသခံယူရန် သတိပေးခဲ့ရသည်။

ထင်ရှားသော အင်္ဂလိပ်ဆရာဝန်ကြီးတစ်ဦးမှတစ်ဆင့် တီရိ
ည် အင်တီဘီတွင် ရှက်ဖွယ်ရာအမှုအခင်းတစ်ခု ဖြစ်ပွားခဲ့ပြီး
ာက် ဂျဒ်ထံသို့ စိတ်ခွဲကုသမှုခံယူရန် လွှတ်လိုက်ခြင်းဖြစ်ပေ
ည်။

အဖြစ်အပျက်မှာ . . .

တီရိသည် ဂရိသင်္ဘောသူဌေးကြီးနှင့် လက်ထပ်ရန် စေ့စပ်
ာင်းလမ်းပြီး သူဌေးကြီး၏သင်္ဘောပေါ်သို့ အားလပ်သည့်
တွင်သွားရောက်လည်ပတ်နေသည်။ ထိုအချိန်အတွင်း၌
ဌေးကြီးသည် အလုပ်ကိစ္စဖြင့် ရောမမြို့သို့သွားနေခိုက် သူဌေး
၏ည် သုံးဦးစလုံးဖြင့် ကာမဇာတ်ခင်းသည့်အကြောင်းကို
သစ်သတင်းစာ၌ ဖော်ပြလိုက်သည်။ ဤကိစ္စကို ပြည်ဖုံးကား
ိုတ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တီရိက ဤအဖြစ်အပျက်များသည် အမှန်ဖြစ်ကြောင်း ဂျဒ်ကို ဝါကြွား၍ပင် ပြောပြခဲ့သည်။

"ကျွန်မက စည်းလွတ်ဝါးလွတ် နေတတ်တယ်။ ကာမဂုဏ် စိတ်ကို ချိုးနှိမ်လို့မရဘူးရှင့်၊ ဘယ်တော့မှလဲ မငြီးငွေ့နိုင်ဘူး"

ဟု သူမသည် ဂျဒ်ကိုပြောပြသည်။

"ကျွန်မအဖေက ပိုလန်လူမျိုး၊ သူက ညနေတိုင်းမူးပြီး အ ကို ရိုက်နှက်လေ့ရှိတယ်"

ဟု သူမဘဝကို ပြန်ပြောင်းပြောပြသည်။

သူမအသက် ၁၃ နှစ်အရွယ်သို့ ရောက်သောအခါ မိန်း ကြီးတစ်ယောက်ကဲ့သို့ ခန္ဓာကိုယ်ဖွံ့ဖြိုးလာခဲ့သည်။ ကျောက် သမားများနှင့် ကွယ်ရာကိုလိုက်သွားလျှင် ငွေတိုငွေစများ ရသ ကိုသိ၍ မကြာမကြာ လိုက်သွားခဲ့သည်။ ထိုအကြောင်းကို ထ နေ့တွင် သူ့ဖခင်က သိသဖြင့် တံခါးပိတ်ပြီး ရက်ရက်စက်စ ရိုက်နှက်လိုက်သည့်အတွက် တီရီသည် အိမ်မှထွက်ပြေးသွာ အိမ်ပြေးမလေးအဖြစ်သို့ ရောက်ရှိလာခဲ့သည်။

သည်နောက်တွင်တော့ . . .

တီရီ၏ဘဝသည် မုန်တိုင်းထန်သည့် ခရီးကြမ်းကို ဖြ သန်းခဲ့ရသည်။ သူမဘဝတစ်လျှောက်လုံးတွင် အရာရာအတွ တန်ဘိုးထက် ပိုမိုပေးဝယ်ခဲ့ရသည်ချည်း ဖြစ်သည်။

နောက်ဆုံး . . .

ဟောလီဝုဒ်သို့ရောက်လာခဲ့စဉ် စားပွဲထိုးအလုပ် ရခဲ့သ သူမ၏လခများထဲမှ အများစုကို ဇာတ်ဆရာကိုပေး၍ သ ဆောင်ပညာ အမူအရာ သင်ခဲ့သည်။ သို့ပေမယ့် ဇာတ်ဆ





သည် အမူအရာကို မသင်ကြား၊ သူမကိုသာ သိမ်းပိုက်ထားလိုက် တော့သည်။ ထိုလူ့ထံမှ ထွက်လာခဲ့ပြီး ဟောလီဝုဒ် 'ဘီဗာလီ တောင်ကုန်း' ဟော်တယ်တွင် ငွေကိုင်စာရေးမလေး လုပ်ပြန် သည်။ ရုပ်ရှင်လုပ်ငန်းပိုင်ရှင်တစ်ဦးနှင့်တွေ့၍ ရုပ်ရှင်ထဲသို့ ဝင် ရောက်နိုင်ရန်အတွက် ရုပ်ရှင်လုပ်ငန်းရှင်၏ အပျော်မယားဘဝ ကို ခံယူရပြန်သည်။

သူမ၏ရုပ်ကလည်း လှသည်၊ ကိုယ်လုံးကိုယ်ထည် အချိုး အစားကလည်း စွဲမက်လောက်သဖြင့် တတိယတန်းစား ရုပ်ရှင် ကားများ၌ ပါဝင်လာရသည်။ နောက်ဆုံး၌ ပထမတန်းစား ရုပ်ရှင်ကားများတွင် ခေါင်းဆောင်မင်းသမီး ဖြစ်လာခဲ့၍ နာမည် ကျော်လာခဲ့၏။

အချိန်များမှာ ကြာညောင်းခဲ့ပါပြီ။

ယခုမူ . . .

ရုပ်ရှင်လောကမှ သူမကိုမေ့ခဲ့ပါပြီ။ သူမအဖို့မှာမူ ကြွေ ပြီဖြစ်သော ကြယ်တစ်ပွင့်ပင် မဟုတ်ပါလော။

တီရီသည် သူမ၏အဖြစ်အပျက်များကို ပြန်ပြောင်း ပြောပြ ရာမှ ဝမ်းနည်းလာခဲ့ပြန်သည်။

"ကျွန်မကို ကူညီပါဆရာရယ်၊ ကျွန်မရဲ့ဘဝက ကာမဂုဏ် က်ရဲ့ ကျေးကျွန်အဖြစ် ရောက်နေပါပြီ။ ကျွန်မ မရှုန်းသာ ပ်သာဘူးရှင့်"

"ခင်ဗျား အိမ်ပြန်သွားပြီးတော့ ကာမရမက်နောက် လိုက် ကြနေတုန်းမှာ ခင်ဗျားဘယ်လို ခံစားရတယ်ဆိုတာကို ကြာစဉ်းစားကြည့်ပါ။ ဘာပြုလို့ အာသာရမက်ကို ခံစားချင်ရ



www.burmeseclassic.com

www.burmeseclassic.com



သလဲဆိုတာ တွေးတောကြည့်ပါ။ စဉ်းစားကြည့်လို့ သိရှိလာရင် ခင်ဗျားရဲ့အဖြစ်ကို ခင်ဗျားနားလည်သဘောပေါက်လာမယ်"

"ဟုတ်ကဲ့၊ ကျွန်မသွားပါဦးမယ်၊ နောက်တစ်ပတ်မှ တွေ့ကြ ဦးစို့နော် ဆရာ"

"ကောင်းပါပြီ"

ဂျဒ်က စင်္ကြံလမ်းဘက်ရှိ တံခါးကိုဖွင့်ပေး လိုက်ရာ တီရီသည် ထိုလမ်းအတိုင်း ထွက်သွားလေသည်။

ဒေါက်တာစတီဗင်အဖို့ တီရီ၏စိတ်ဝေဒနာအဖြေကို သိ[...] သည်။ သို့ပေသည့် တီရီကိုယ်တိုင် လိုက်နာကျင့်သုံးမှသာလျှ[...] အကျိုးသက်ရောက်နိုင်ပေမည်။ ပထမဦးဆုံး၊ သူမအနေဖြ[...] မေတ္တာကို ဝယ်ယူ၍မရ၊ မေတ္တာဆိုသည်မှာ စေတနာသ[...] သက်ဖြင့် ပေးလာမှလက်ခံယူနိုင်သည်ဟူသော အသိတရားကို[...] အောင် သင်ကြားယူရပေလိမ့်မည်။ နောက်ပြီး သူမကိုယ်တိုင်[...] ချစ်မေတ္တာနှင့်ထိုက်တန်မှသာ မေတ္တာကိုလက်ခံရယူနိုင်သည်[...] ၍ ယုံကြည်ရပေလိမ့်မည်။ ဤသို့ ယုံကြည်နားလည်မှုမရ[...] သမျှကာလပတ်လုံး သူမသည် အချစ်ကိုဝယ်ယူရန် ကြိုးစားနေ[...] မည်။ ဝယ်ယူရန်ငွေမှာ သူမ၏ခန္ဓာကိုယ်သာ ဖြစ်နေသည်။

သူမ ခံစားနေရသည့် ပြင်းပြသည့်ဒုက္ခဝေဒနာကို သူနာ[...] လည်ပေသည်။ သူမ၏ ဒုက္ခဝေဒနာမှာ မိမိကိုယ်မိမိ ရွံရှာလ[...] ၍ မျှော်လင့်ချက်ကင်းမဲ့ခြင်းကြောင့် ခံစားရသည့် စိတ်ဝေဒ[...] ပင်တည်း။

တီရီထွက်သွားပြီး၊ သူမ၏ကုသမှုတိပ်ခွေကို အံဆွဲ၌ထ[...] ၍ သော့ခတ်လိုက်မှပင် သူ၏ပြဿနာက စိတ်ထဲ၌ပေါ်လ[...]





[...]တော့သည်။ သူသည် တယ်လီဖုန်းရှိရာသို့လာခဲ့ပြီး ၁၉ ရပ်ကွက် ရဲစခန်းသို့ တယ်လီဖုန်းဆက်လိုက်သည်။ တယ်လီဖုန်းထဲမှ မက်ဂရီဗီ၏အသံ ပေါ်လာသည်။

"လက်ဖတင်နင် မက်ဂရီဗီ စကားပြောနေပါတယ်"

"စုံထောက်အင်ဂျယ်လီနဲ့ စကားပြောပါရစေ"

"ကိုင်ထားပါ"

မကြာခင် တယ်လီဖုန်းကို ကောက်ယူသံနှင့်မရှေးမနှောင်း အင်ဂျယ်လီ၏အသံ ကြားရသည်။

"စုံထောက်အင်ဂျယ်လီပါ ခင်ဗျာ"

"ဂျဒ်စတီဗင် ပြောနေတာပါ။ ခင်ဗျား ဟိုသတင်း စုံစမ်း[...]သို့ရပြီလား"

တစ်ဖက်မှ ခေတ္တမျှတုန့်ဆိုင်းနေသည်ကို သတိထားမိ[...]သည်။

"ကျွန်တော် သေချာ စုံစမ်းကြည့်ပြီးပြီ"

"ခင်ဗျားက 'ဟုတ်တယ်' 'မဟုတ်ဘူး' ဆိုတဲ့စကားသာ [...]ဖြန်ပြောပါ"

"ဇစ်ဖရင် ခုထက်ထိ 'မတ်တီစန်' ဆေးရုံမှာပဲ ရှိသလား"

"ဟုတ်တယ်"

"သြော်"

"ဝမ်းနည်းပါတယ်"

"ကျေးဇူးတင်ပါတယ်"

ဂျဒ်က တယ်လီဖုန်းကိုချလိုက်သည်။ သို့ပြင်လျှင် သူမျှော်[...]လင့်ချက်ကြီးတစ်ခု ဆုံးရှုံးသွားခဲ့လေပြီ ဟဲ့ချစ်ဆင်ဘာသာလျှင်



www.burmeseclassic.com

www.burmeseclassic.com



ကျန်တော့သည်။ 'ဘတ်' က လူတိုင်းလူတိုင်းက သူ့ကိုသတ်ရန် ကြံစည်ကြိုးစားနေသည်ဟု ထင်မှတ်မှားနေသူ စိတ်ဝေဒနာသည် တစ်ဦးဖြစ်သည်။

သူ့ကိုသတ်ရန် ကြံစည်ကြိုးပမ်းနေသည်ဟု ထင်မှတ်နေရာမှ သူက ဦးအောင်သတ်သည့်အဖြစ်မျိုး ရောက်ခဲ့သည်လား။ ဂျွန်ဟန်ဆင်သည် ဂျဒ်၏ ရုံးခန်းမှ တနင်္လာနေ့ ဆယ်နာရီ ငါးဆယ်မိနစ်တွင် ထွက်ခွာသွားသည်။ မိနစ်အနည်းငယ်အကြာတွင် အသတ်ခံရသည်။ ထိုအချိန်တွင် ဟဲရစ်ဆင်ဘတ်သည် သူ့ ရုံးခန်းထဲ၌ရှိနေသည် မရှိသည်ကို သူစုံစမ်းကြည့်ရတော့မည်။ တယ်လီဖုန်းအညွှန်းစာအုပ်ကို လှမ်း၍ ဘတ်၏ရုံးတယ်လီဖုန်းနံပါတ်ကို ရှာဖွေပြီး တယ်လီဖုန်းဆက်လိုက်သည်။ တစ်ဖက်မှ တယ်လီဖုန်းလက်ခံသူမက 'အင်တာနယ်ရှင်နယ် စတီး' ဟု ပြန်ထူးသည်။

"မစ္စတာဘတ်ကို ဆက်ပေးစမ်းပါ"

"မစ္စတာဘတ် . . ဟုတ်ကဲ့ . . ခဏစောင့်ပါ"

မကြာမီ မစ္စတာဘတ်ရုံးခန်းကပါရှင်ဟု သူ့အတွင်းရေးမှူး၏ အသံကြားရသည်။

"ဒေါက်တာ စတီဗင်ပြောနေပါတယ်။ ကျွန်တော်သိချင်တာ တစ်ခုရှိလို့ပါ"

"ဟုတ်ကဲ့၊ ဒေါက်တာ"

သူမ၏ပြောပုံဆိုပုံကို အကဲခတ်ရသည်မှာ သူမသည် မိမိသည် ဘတ်၏စိတ်ခွဲကုဆရာဝန်မှန်း သိနေပုံရသည်။

"မစ္စဘတ်ရဲ့ ငွေစာရင်းနဲ့ပတ်သက်လို့ သိချင်တာနည်း





နည်းရှိလို့၊ ကျုပ်ရဲ့ ဧည့်ခံစာရေးမရှိတော့လို့ သူ့စာရင်းတွေ ရှုပ်နေတာ၊ သူ့စာရင်းထဲမှာ မစ္စတာဘတ်လွန်ခဲ့တဲ့ တနင်္လာနေ့က အကုသခံတဲ့ငွေကို ထည့်ထားလို့ မစ္စတာဘတ်ရဲ့ စာရင်းနဲ့ တိုက်ကြည့်ပေးပါလားဗျာ . . တဆိတ်လောက်"

"ဟုတ်ကဲ့ ကိုင်ထားပါဦး"

အတန်ငယ်ကြာမှ အတွင်းရေးမှူးက တယ်လီဖုန်းကို ကိုင်သံကြားရသည်။

"ဆရာ့ရဲ့ ဧည့်ခံစာရေးက မှားပြီး တနင်္လာနေ့အတွက် ဆေးကုသငွေ ထည့်ထားတာပါ။ မစ္စတာဘတ် ဘယ်နည်းနဲ့မှ ဒေါက်တာ့ရုံးကို တနင်္လာနေ့က မလာနိုင်ပါဘူး"

"သေချာရဲ့လား"

"သေချာပါတယ်ရှင်၊ မစ္စတာဘတ်ဟာ တနင်္လာနေ့ နံနက် (၈) နာရီကစပြီး ရုံးမှာအစည်းအဝေးတက်နေခဲ့ပါတယ်"

"ကျေးဇူးတင်ပါတယ်"

ဂျဒ်က တယ်လီဖုန်းချလိုက်သည်။

သို့ဖြစ်လျှင် သူ့အတွေးများ မှားခဲ့ပြန်ပြီ။ ဘတ်နှင့် ဖစ်ဖရင်တို့ လူသတ်မှုကျူးလွန်ရန် အထောက်အထား မသင်္ကာစရာ တစ်ခုမှမရှိလျှင် မည်သူကျူးလွန်သနည်းဆိုသည်ကို သူ စဉ်းစား၍ပင် မရနိုင်တော့ပေ။

သူသိသမျှ သူ့ကိုသတ်ဖြတ်ရန် အကြောင်း ဘာမျှမရှိ။ ရန်သူလည်းမရှိ။ သူ့ကိုမုန်းတီးသူလည်း မမြင်။ သူ၏ဝေဒနာရှင်များနှင့်လည်း ဆက်ဆံမှုအလွန်ပြေပြစ် ချောမောနေသည်။

သူ မတွေးတတ်တော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



မှောင်မှောင်မည်းမည်းတွင် စမ်းတဝါးဝါး လျှောက်နေရသူ
ကဲ့သို့ ခံစားနေရပြန်သည်။

ထိုအတောအတွင်း တယ်လီဖုန်းမြည်လာသဖြင့် ကောက်
ယူနားထောင်လိုက်သည်။ တစ်ဖက် 'အန်' ၏အသံကို ကြား
သည်။

"ဆရာ . . အလုပ်များနေသလား"

"မများပါဘူး၊ စကားပြောဖို့ အချိန်ရပါတယ်"

"ဆရာ ကားတိုက်ခံရတဲ့အကြောင်း သတင်းစာထဲမှာ ဖတ်
ရပါတယ်၊ ကျွန်မချက်ချင်း တယ်လီဖုန်းဆက်ဖို့ ကြိုးစားပါတယ်
ဒါပေမဲ့ ဘယ်ကိုဆက်ရမှန်းမသိလို့ ကြာသွားတယ်"

သူမအသံတွင် စိုးရိမ်ပူပန်သည့် အရိပ်အခြေ ပါလာသည်

"သိပ် ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ပါဘူး အန်၊ နော
နမော်နမဲ့ လမ်းဖြတ်မကူးဖို့ သတိပေးလိုက်တာပါပဲ"

"သတင်းစာထဲမှာ ကားကတိုက်ပြီးထွက်ပြေးလွတ်မြောက်
သွားတယ်လို့ ဖတ်ရပါတယ်"

"ဟုတ်တယ်"

"တိုက်ပြီးပြေးတဲ့ ကားမောင်းသမားကို ရဲက မိပြီလား"

"မမိသေးဘူး။ လူငယ်လေးတွေ အပျော်ကြူးရင်း ကား
ရမ်းမောင်းပြီး တိုက်သွားတာနဲ့ တူပါရဲ့"

"ဆရာက..သေချာရဲ့လား"

"အန်က ဘာဆိုလိုတာလဲ"

"ကျွန်မ မသိပါဘူးရှင်။ ပထမ ကာရိုအသတ်ခံရတယ်
ခုတစ်ခါ ဆရာ့ကိုကားတိုက်တယ်ဆိုတော့ ကျွန်မအထင်က
ကြမ်းတစ်ယောက် လွတ်နေပြီး တွေ့ရာမြင်ရာ ရမ်းကား
သလားလို့"





"ဒီလိုဆိုလဲ မကြာခင် သူ့ကိုရဲက ဖမ်းမိပါလိမ့်မယ်"

"ဆရာ့မှာ အန္တရာယ်ရှိနေသလားရှင်"

သည့်အမေးကို ကြားလိုက်ရသည့်အခါ သူ့စိတ်ထဲ၌ နွေး
သွားသည်။

"အန္တရာယ် မရှိပါဘူး"

ဂျဒ်သည် ခပ်ပေါ့ပေါ့တန်တန် လေသံနှင့် ပြောလိုက်ရ
သည်။

"သောကြာနေ့ကျရင် ကျွန်မ လာခဲ့ပါ့မယ်။ ဒါပါပဲ ဆရာ"

"ဒီလိုအရေးတယူ လှမ်းပြီးမေးမြန်းတာ ကျေးဇူးသိပ်တင်
ပါတယ်အန်"

သူက တယ်လီဖုန်းကိုချလိုက်ပြီး 'အန်' အကြောင်း ဆက်
တွေးတောနေမိသည်။ အန်က သူ့ယောကျ်ားနှင့် မဆွေးနွေး
တိုင်ပင်နိုင်သည့် မည်သို့သောပြဿနာများ ရှိနိုင်ပါလိမ့်။ သူမ
ယောကျ်ားနှင့်သာမက သူမ၏စိတ်ခွဲဆရာဝန်ကိုပင် ပွင့်ပွင့်လင်း
င်း ထုတ်ဖော်မပြောပြနိုင်ပါလား။ အန်ကဲ့သို့သော မိန်းမမျိုး
အခြားယောကျ်ားနှင့် အရှုတ်ဇာတ်ခင်းမည့်သူ မဟုတ်ဟု
သိသည်။ လက်ရှိယောကျ်ားနှင့် လက်မထပ်ခင်ကများ အချစ်
တ်ခင်းခဲ့၍ စိတ်ထဲတွင် နောင်တရ ယူကြုံးမရ ဖြစ်နေသည်
း။

ဂျဒ်သည် နေရာမှထပြီး ဘတ် ဆေးကုသခံစဉ်က အသံ
င်းထားသည့် တိပ်ခွေကို ပြန်ဖွင့်၍နားထောင်ရင်း မှတ်စုရေး
သည်။ တိပ်ခွေကို နားထောင်ပြီးသည့်အခါတွင် ပြန်လည်
းဆည်းထားလိုက်သည်။

နောက်တစ်နေ့နံနက်တွင် ဘတ်၏ရုံးအာကာပိုင်ထံသို့



www.burmeseclassic.com

www.burmeseclassic.com



ဘတ်၏စိတ်မာတ်အခြေအနေအမှန်ကို ဖွင့်ပြောရတော့မည်
ပြတင်းပေါက်မှ ပြင်ပသို့ကြည့်လိုက်ရာ မိုးပင်အတန်ချုပ်လာပြီ
တွေ့ရသည်။ အချိန်မှာ ည ၈ နာရီပင် ထိုးခဲ့ပြီးပြီ။

အလုပ်ပြီးပြီဖြစ်၍ နေရာမှထကာ အိမ်သို့ပြန်ရန် ဟန်ပြ
တော့သည်။ ဘတ်၏တိပ်ခွေကို အံဆွဲတစ်ခု၌ထည့်ပြီး သော့ခ
လိုက်သည်။ ထိုတိပ်ခွေကို ရုံးမှခန့်ထားသော စိတ်ရောဂါကု ဆ
ဝန်ထံ အပ်ရပေမည်။ သူသည် ကုတ်အင်္ကျီကိုယူ၍ ဝတ်လို
ပြီး တံခါးဝသို့ တက်အလာ တယ်လီဖုန်းက မြည်လာသည်။ တ
လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဒေါက်တာစတီဗင် စကားပြောနေပါတယ်"

တစ်ဘက်မှ ဘာသံမျှမကြားရ။

"ဟဲလို . . ဟဲလို"

ဂျဒ်က ထပ်၍ခေါ်သည်။ သို့သော် တစ်ဘက်မှအသံ တိ
နေ၏။ ဂျဒ်က တယ်လီဖုန်းကိုချထားလိုက်သည်။ ခေတ္တမျှ
အောင် ရပ်လျက် မျက်မှောင်ကုတ်၍ စဉ်းစားနေသည်။ နံပ
များမှားခေါ်ခြင်း ဖြစ်မည်လား။ ဟုတ်မှာပါပဲဟု တွေးလ
အခန်းရှိမီးများကို ပိတ်လိုက်သည်။ တံခါးများကို သော့ခတ်
မာတ်လှေကားရှိရာ ထွက်လာသည်။ အခြားအခန်းသူများ
ပြန်ကုန်ကြပေပြီ။

သူသည် မာတ်လှေကားရှိရာသို့ လျှောက်လာပြီး ခ
ကိုနှိပ်လိုက်သည်။ ဘာမျှမဖြစ်။ နောက်တစ်ခါ ထပ်နှိပ်သ
ဘာမျှလှုပ်ရှားမှုမရှိ။ နောက် စင်္ကြံလမ်းရှိမီးများအားလုံး
တရက် ငြိမ်းသွား၏။

❖❖❖



## အခန်း (၇)

ဂျဒ်သည် မာတ်လှေကားရှေ့တွင် ရပ်နေမိသည်။ ပတ်ဝန်း
ကျင်တွင် အမှောင်ထုက ထူထဲနေ၍ ထိတ်လန့်လာမိသည်။
လုံးခုန်နေသည်ကို ကြားရပြီး နှလုံးအခုန်နှုန်း ပို၍ မြန်လာ
သည်။ ရုတ်တရက် တစ်ကိုယ်လုံးတုန်လှုပ်သွားလောက်အောင်
ကြောက်သွားခဲ့၏။ သူသည် အင်္ကျီအိတ်ထဲသို့ လက်နှိုက်ပြီး မီး
ခြစ်ကိုစမ်းသပ်ရှာဖွေသည်။ မီးခြစ်မှာ အိတ်ထဲ၌ ပါမလာချေ။
ခန်းအတွင်းတွင် ထားပစ်မိခဲ့သည်။ အောက်ထပ်အခန်းများ
င်မှ မီးမပျက်ဘဲ လင်းနေလိမ့်မည်ဟု ထင်သည်။ ထို့ကြောင့်
တံကြီးစွာထား၍ လှေကားရှိရာသို့ တဖြည်းဖြည်း စမ်း၍
လျှောက်လာရသည်။ လှေကားတံခါးကို တွန်းဖွင့်လိုက်ရာ
အောက်ထပ်များတွင်လည်း မီးမှောင်ကျနေသည်ကို မြင်လိုက်ရ
သည်။ ထို့ကြောင့် လှေကားလက်ရမ်းကိုကိုင်ပြီး တဖြည်းဖြည်း
လျက် လှေကားမှဆင်းခဲ့သည်။ လှေကားအောက်မှ လက်နှိပ်
ဓာတ်မီးရောင် တစ်ချက်တစ်ချက်လက်ပြီး အပေါ်သို့ တဖြည်း
ည်း တက်လာသူတစ်ဦးကို မြင်လိုက်သည်တွင် အားတက်သွား
သည်။ ညစောင့် 'ဘစ်ချ်လော' ဖြစ်ရမည်။

"ဘစ်ချ်လော၊ ဟေး၊ ဘစ်ချ်လော၊ ငါ ဒေါက်တာ စတီဗင်
ဗျ"

ဟု လှမ်းအော်သည်။

လက်နှိပ်ဓာတ်မီးနှင့်လူသည် မည်သို့မျှပြန်မပြော။ တဖြည်း
ဖြည်းသာ လှေကားကိုတက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ . . ဘယ်သူလဲကွ . . မေးနေတာ မကြားဘူးလား"

ဟု ဂျဒ်ကလှမ်းအော်သေးသည်။ မည်သူကမျှ အဖြေမပေး သူ့အသံ၏ ပဲ့တင်သံကိုသာ ကြားရသည်။

ထိုအခါမှ ရုတ်တရက် အသိတစ်ခုက ခေါင်းထဲတွင် လ ကနဲလင်းသွားသည်။ လှေကားမှအသံမပေးဘဲ တိတ်ဆိတ် တက်လာနေသူသည် သူ့ကိုသတ်မည့်သူပါကလား။ သူတို့သ အနည်းဆုံး နှစ်ဦးရှိရမည်။ တစ်ဦးက လျှပ်စစ်လိုင်းကို ဖြ တောက်လိုက်ပြီး တစ်ဦးက သူလွတ်မသွားအောင် လှေကား ဆီးကြိုတက်လာမည်ဖြစ်ပေသည်။

လှေကားမှ မီးရောင်သည် တဖြည်းဖြည်း နီးလာနေ အောက်နှစ်ထပ် သုံးထပ်ခန့်မှာ ရောက်လာပေပြီ။ ဂျဒ်၏ ထိ တစ်ခုလုံးမှာ ကြောက်စိတ်ကြောင့် အေးစက်လာလေ၏။

နှလုံးမှာကလည်း လျှင်မြန်စွာခုန်နေသည်။ ဒူးများ တု အားနည်းလာသည်။ သူသည် နောက်သို့လှည့်၍ လှေကား ပြန်တက်၏။ ထို့နောက် မဲမှောင်နေသော စင်္ကြံလမ်းအ သူ့အခန်းရှိရာသို့ စမ်းလျှောက်သွားသည်။ အောက်မှ လှေကား တက်လာသောခြေသံများက မြန်လာပြီး ကျယ်လောင် လာသ သူသည် အခန်းတံခါးများကိုစမ်း၍ ရေတွက်၍ သူ့အခန်းဆီ လျှောက်နေ၏။ သူ့အခန်းသို့ရောက်လျှင် အိတ်ထဲမှသော့ ထုတ်၍ဖွင့်ရာ လက်များတုန်နေသောကြောင့် သော့က လွတ် သွားပြန်သည်။ မှောင်ကြီးမဲမဲ၌ သော့ကိုလိုက်စမ်းရှာဖွေ သည်။ သော့ကိုတဖန်ပြန်တွေ့မှ တုန်တုန်ချိချိနှင့် တံခါးကိုဖွ အခန်းထဲသို့ ဝင်လိုက်၏။ ပြီးမှ တံခါးကိုပိတ်၊ သော့ခတ်





ည်။ ယခုအခါတွင် မည်သူမျှ သူ့အခန်းတံခါးကို အထူးသော့ ဘဲ မဖွင့်နိုင်တော့ပါ။

အပြင်ဘက်စင်္ကြံလမ်းတွင် နီးကပ်လာသောခြေသံများကို းနေရသည်။ ဂျဒ်သည် သူ၏သီးသန့်အခန်းထဲဝင်ပြီး မီး တ်ကို ဖွင့်သည်။ မီးလင်းမလာပါ။ သူသည် အတွင်းတံခါး တဖန်သော့ခတ်လိုက်ပြန်သည်။ နောက် တယ်လီဖုန်းရှိရာသို့ သွားပြီး အော်ပရေတာကို ခေါ်သည်။

"အော်ပရေတာ . . အရေးတကြီးကိစ္စပေါ်နေတယ်။ က်တာစတီဗင်နေတယ် . . ၁၉ နယ်မြေရဲစခန်းက စုံ က် အင်ဂျယ်လီထံ ဆက်ပေးစမ်းပါ။ ခပ်မြန်မြန် ဆက်ပေး ပါ"

"ဟုတ်ကဲ့ . . နံပါတ်ပြောပါ"

ဂျဒ်က နံပါတ်ပြောလိုက်သည်။

"ခဏစောင့်ပါနော်"

စင်္ကြံလမ်းမှ တံခါးကိုအပြင်မှစမ်း၍ ဖွင့်နေသံကြားရ သည်။

"မြန်မြန်လုပ်ပါ အော်ပရေတာ"

မကြာမီ တယ်လီဖုန်းမှ . . .

"၁၉ နယ်မြေ ရဲစခန်းကပါ"

ဟူသောအသံ ကြားရ၏။

"စုံထောက်အင်ဂျယ်လီပေးပါ . . မြန်မြန်"

"စုံထောက်အင်ဂျယ်လီ မရှိပါဘူး။ ခု လက်ဖတင်နင် ရိုဗီ ပြောနေပါတယ်"

"ဂျဒ်စတီဗင်ပါ . . . ကျုပ် ရုံးခန်းထဲက ပြောနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာမီးတွေလဲ အကုန်မှိတ်ကုန်ပြီ။ တစ်စုံတစ်ယောက်တ
ကို သတ်ဖို့ ကြိုးစားနေတယ်"

"ဒီမှာ ဒေါက်တာ . . ခင်ဗျားဆင်းခဲ့ပြီး ကျုပ်တို့ဒွေ
ရအောင်"

"ကျုပ် အောက်ကိုလာလို့ မရဘူး။ တစ်စုံတစ်ယော
သတ်ဖို့စောင့်နေတယ်ဗျ"

တယ်လီဖုန်းတစ်ဘက်မှ ဘာသံမျှမကြားရသေးဘဲ ဇေ
တိတ်ဆိတ်နေပြန်သည်။ မက်ဂရီဗီအနေဖြင့် သူပြောသည်
ကို မယုံကြည်။ သူက ကူညီဖို့စိတ်ရှိမည်မဟုတ်။ အပြင်
တံခါးဖွင့်သံ ကြားလိုက်ရ၏။ သူတို့သည် ဂျဒ်၏ရုံးခန်း
ရောက်နေကြပြီ။ သူတို့တွင် သော့မရှိဘဲနှင့်တော့ မည်သ
နှင့်မျှ ဝင်လာနိုင်မည်မဟုတ်။ သူတို့ခြေသံများကို သူ၏
တွင် ကြားနေရပြီး သူတို့သည် သူ၏သီးသန့်ရုံးခန်းဆီသို့
သံကြားရသည်။

တယ်လီဖုန်းမှ မက်ဂရီဗီ၏အသံကို ကြားရသော်
ဂျဒ်က နားမထောင်တော့ပေ။ အခါနှောင်းသွားပေပြီ။ မ
က သူလာခဲ့မည်ဆိုသည့်တိုင် မည်သို့မျှ အရာရောက်တေ
မဟုတ်တော့။ လူသတ်သမားများ သူ့ဧည့်ခန်းထဲသို့ပင်
နေကြပြီမဟုတ်လား။ "လူ့အသက်ဆိုတာက အလွန်ဒေ
သည့် ကြိုးမျှင်တစ်ချောင်းပဲ။ ဒါကိုဖြတ်တောက်ပစ်လို
တစ်စက္ကန့်လောက်ပဲလိုတယ်"။

သူ့ကိုလွှမ်းမိုးနေသောကြောက်စိတ်သည် ချက်ချင်
သောဒေါသအဖြစ်သို့ ပြောင်းသွားသည်။ သူ့ကို ကျွဲတေ





သတ်သလို အသတ်မခံနိုင်။ ပြန်လည်ခုခံမည်။ ပတ်ဝန်းကျင်
လက်နက်သဖွယ်သုံးနိုင်သည့် ပစ္စည်းကို စမ်း၍ရှာဖွေသည်။
လိပ်ခွက်၊ စာအိတ်ဖွင့်သည့်ဓားငယ် အားလုံးအသုံးမကျ
ပစ္စည်းများ။ လူသတ်သမားများထံတွင်မူ သေနတ်ပါလာ
လွဲဖြစ်သည်။ သူ့ကိုတော့ ပုံပန်းသဏ္ဌာန်မှဖမ်းမရနိုင်သည့်
း က ပြစ်ဒဏ်ခတ်တော့မည်ဖြစ်၏။

လူသတ်သမားများ အတွင်းတံခါးအနီးသို့ တက်လာကြသံ
ကြားရပြန်သဖြင့် သူ့မှာ တစ်မိနစ်၊ နှစ်မိနစ်ခန့်သာ အသက်
နေရန် ကျန်တော့သည်ဟု တွေးမိလိုက်သည်တွင် သူသည်
က်စိတ်၊ စိုးရိမ်ပူပန်စိတ်များ ပျောက်ကုန်ပြီး တည်တည်ငြိမ်
င့် သူ၏နောက်ဆုံးအတွေးများကို ပြန်လည်စဉ်းစားနေမိ
။ သူသည် 'အန်' ကိုသတိရလိုက်သည်။ သူ၏ဝေဒနာရှင်
စဉ်းစားမိသည်။ နောက် ဟဲရစ်ဆင်ဘတ်အကြောင်း စိတ်
သွားခဲ့ပြန်သည်။ ထိုအခါကျမှ ဘတ်ကို စိတ္တဇဆေးရုံပို့
တွက် သူကုမ္ပဏီဒါရိုက်တာကို အကြောင်းမကြားရသေး
င်း သတိရမိသည်။ သူ့အကြောင်းပါသည့် တိပ်ခွေကို သူတို့
ာသည့်နေရာ ရုတ်တရက် လူသတ်သမားကို ပြန်လည်
က်ရန် လက်နက်အဖြစ်သုံးရန် စဉ်းစားလိုက်မိလေပြီ။
အပြင်မှ အခန်းတံခါးလက်ကိုင်ကို လှည့်နေသံကြားရ
တံခါးကိုသော့ခတ်ထားသည်မှန်သော်လည်း သော့က ခိုင်
ည်မဟုတ်။ အားစိုက်၍ လှည့်လိုက်လျှင် ပွင့်လာပေမည်။
သူသည် လျှင်မြန်စွာစမ်း၍ ဘတ်၏တိပ်ခွေ ထားသည့်
ဆီသို့ လျှောက်လာသည်။ တုန်ယင်နေသောလက်ဖြင့် စားပွဲ



www.burmeseclassic.com

www.burmeseclassic.com



အံဆွဲသော့ကိုဖွင့်ပြီး အတွင်းမှတိပ်ခွေကို ရှာဖွေနေသည်။ ထ ခွေကိုရ တိပ်ရကော်ဒါအတွင်းစမ်း၍ ထည့်လိုက်သည်။ နောက် ခလုတ်ကိုနှိပ်လိုက်သည်။ ဘာသံမျှမကြားရ။ လျှပ် လိုင်းဖြတ်ထားသည်ကို သတိရသည်။ ထို့နောက် သတိလ မလွတ်စေဘဲ စားပွဲပေါ်၌ မီးခြစ်ကိုစမ်းရပြန်သည်။ ထိုအခါ အပြင်မှလည်း တံခါးကိုအားစိုက်၍ ဖွင့်နေသံကြားရပြန်သ သူတို့က အားစိုက်ပြီးအဘယ်ကြောင့် တွန်းမဖွင့်ကြသေးသန အဖြေကိုစဉ်းစားနေဖို့ပင် အချိန်မရပါ။

မီးခြစ်ကိုတွေ့၍ ခြစ်လိုက်ပြီး ထိုမီးရောင်ဖြင့် တိပ်ရေ ဒါကိုကြည့်သည်။ 'ဓာတ်ခဲ' ဟူ၍ရေးသားထားသည့် ခလုတ် တွေ့ရမှ ဖိနှိပ်ချလိုက်သည်။ ထိုအချိန်တွင် တံခါးပွင့်သွားသံ ကြ ရ၏။ သူ၏ နောက်ခံတပ်မှာ ကျသွားခဲ့ပေပြီ။

ထိုအချိန်တွင် တိပ်ရကော်ဒါထဲမှ အသံက ကျယ်ကျ လောင်လောင် ထွက်လာသည်။

"ခင်ဗျားက ဒါပဲပြောဖို့ရှိသလား။ ခင်ဗျားက ကျုပ်ရဲ့ ထောက်အထား သက်သေခံချက်တွေကို နားမထောင်ချ လား။ ခင်ဗျားဟာ ကျုပ်ကိုသတ်ဖို့ ကြံစည်နေတဲ့လူတွေထဲ တစ်ယောက်မဖြစ်ဘူးလို့ ဘယ်လိုပြောနိုင်မှာလဲ"

ဂျဒ်ကတော့ အေးစက်နေပြီး မလှုပ်နိုင် မရှားနိုင်အော ဖြစ်နေပေပြီ။ သူ့နှလုံးကလည်း ကျယ်လောင်စွာ အသံမြည် ခုန်လိုက်သည့်ဖြစ်ခြင်း။

"ခင်ဗျားသိပါတယ်။ ကျုပ်က ခင်ဗျားရန်သူတွေထဲမှာ ဘူးဆိုတာလေ . . ကျုပ်က ခင်ဗျားရဲ့မိတ်ဆွေပါဗျာ။ ကျ





ဗျားကို ကူညီဖို့ကြိုးပမ်းနေတဲ့လူ . . ကဲ ခင်ဗျားရဲ့ သက်သေ ထောက်အထားတွေကို ပြောပါဦး"

တိပ်ခွေထဲမှ ဂျဒ်၏အသံဖြစ်သည်။

"လွန်ခဲ့တဲ့ညက သူတို့ကျုပ်အိပ်ခန်းထဲကို ချိုးဖောက်ဝင် ကြတယ်၊ သူတို့က ကျုပ်ကိုသတ်ဖို့ လာကြတာ၊ ဒါပေမဲ့ ပ်က သူတို့ထက်ပါးပြီပဲ၊ ကျုပ်က အခန်းငယ်ကလေးထဲမှာ နေတာ၊ ခုဆို သော့ခလောက်တွေပိုပြီး ထပ်ခတ်ထားတော့ တို့မဝင်နိုင်တော့ပါဘူး"

အပြင်မှအသံသည် တိတ်သွားခဲ့၏။

ဂျဒ်၏အသံက တိပ်မှပေါ်လာပြန်သည်။

"ခင်ဗျားအိမ်ကို ဖောက်ထွင်းဝင်ရောက်လာတဲ့အကြောင်း မတိုင်ဘူးလား"

"မတိုင်ပါဘူးဗျာ၊ ရဲတွေကလဲ သူတို့နဲ့ တစ်ဂိုဏ်းထဲပဲဟာ၊ တို့မှာ ကျုပ်ကိုပစ်သတ်ဖို့ အမိန့်ရထားတယ်၊ ဒါပေမဲ့ သူတို့က တွေကြားထဲမှာ ကျုပ်ကိုပစ်မသတ်ရဲဘူး၊ ဒါကြောင့် ကျုပ် အိပ်ထဲမှာရှောနေတယ်လေ"

"ခင်ဗျား ဒီသတင်းကိုပေးတာ ဝမ်းသာတယ်ဗျာ"

"ခင်ဗျားက ဘာလုပ်မှာမို့တုန်း"

"ကျုပ်က ခင်ဗျားပြောတာကို သေသေချာချာ နားထောင် တာ ခင်ဗျားပြောသမျှကို"

ရှေ့တွင် တိပ်ခွေထဲမှာဟူသော စကားထွက်ပေါ်လာတော့ ကို ရုတ်တရက် သတိရလိုက်၍ အမြန်ပင် စက်ခလုတ်ကို က်၍ ပိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကဆက်ပြီး အသံကျယ်ကျယ်နှင့် . . .

"နောက်ပြီး ကျုပ်တို့က ဘယ်လိုအကောင်းဆုံးနည်းလမ်း ကိုင်တွယ်ရမယ်ဆိုတာ တွက်ချက်ယူကြတာပေါ့"

ဟု ပြောလိုက်သည်·တီပ်ခွေကိုပြန်ဖွင့်ရန်မှာ ဘယ်နေရ စရမည်ကို မသိနိုင်၊ အပြင်မှလူသတ်သမားများက ဂျဒ်နှင့်အ လူနာတစ်ဦးရှိနေသည်ဟူသောအထင် ရှိလိမ့်မည်ဟုသာ မျှော် လင့်ရ၏။

ဂျဒ်သည်ဆက်၍ အသံကျယ်ကျယ်နှင့် ပြောပြန်သည်၊

"ဒီလိုအဖြစ်မျိုးဆိုတာက ခင်ဗျားထင်တာထက်ပိုပြီး ဖြ တတ်ပါတယ် ဟဲရစ်ဆင်ရယ်၊ အေးဗျာ . . မီးတွေမြန်မြန် ပြင်ပြီ စေချင်ပြီ၊ ခင်ဗျားကားမောင်းသမားက အောက်မှာစောင့်နေ တာကြာလာလို့ ဘာတွေဖြစ်ကုန်ပြီလဲလို့ တွေးပြီး တက်လာဦးမယ်

ဂျဒ်က စကားကိုရပ်ပြီး အသံဗလံများကို နားစွင့်ထော သည်။ တံခါးအပြင်မှ တီးတိုးပြောနေသံကြားရသည်။ သူ မည်သို့ဆုံးဖြတ်ချက် ချပါလိမ့်ဟု စဉ်းစားနေသည်။ အောက်လ မှ ရဲကား၏အသံကိုကြားလိုက်ရသည်။ တီးတိုးသံများ တိတ်သွာ ကြ၏။ တံခါးပြန်ပိတ်သံကို နားစွင့်နေသော်လည်း မကြား ရင်းတို့သည် အပြင်မှာပင် စောင့်နေကြသေးသလား။ ရဲကာ အချက်ပေးဥသြသံသည် ပိုမိုကျယ်လောင်လျက် အနီးသို့ရော လာခဲ့သည်။ နောက်အခုဆောက်အဦးရှေ့တွင် ရပ်လိုက်သံကြာ ရသည်။ နောက်ပြီး ရုတ်တရက် မီးများထိန်ထိန်လင်းသွားခဲ့

❖❖❖





## အခန်း (၈)

"အရက်ယူဦးမလား"

မက်ဂရီဗီက သုန်သုန်မှုန်မှုန်နှင့် ခေါင်းကိုရမ်းရင်းက ဂျဒ် ကြည့်ပြီး အကဲခတ်နေသည်။ ဂျဒ်က ဒုတိယအကြိမ် ဝီစကီ ခွက်ကို မော့ချလိုက်၍ မက်ဂရီဗီက စကားတစ်လုံးမျှ မပြော ကြည့်နေသည်။ ဂျဒ် လက်များ တုန်တုန်ရီရီ ဖြစ်နေတုန်းပင်။ က်ဝမ်းထဲသို့ဝင်သွားမှ နွေးထွေးသွားပြီး နေသာထိုင်သာ ာခဲ့သည်။

မက်ဂရီဗီသည် ဂျဒ်ရုံးခန်းသို့ မီးများပြန်လည်ပွင့်လာပြီး မိနစ်ကြာမှ ရောက်လာသည်။ သူနှင့်အတူ ရဲဆာဂျင်တစ် ာက် ပါလာသည်။ ဆာဂျင်က မှတ်စုစာအုပ်တွင် မှတ်သား သည်။

"ကဲ၊ ပြန်ပြီး ပြောစမ်းပါဦး ဒေါက်တာစတီဗင်"

ဂျဒ်က အသက်ပြင်းပြင်း ရှူရှိုက်ပြီးမှ ဖြစ်ပျက်ပုံကို အစမှ လှန်ပြောပြရပြန်၏။

"ကျုပ်က ရုံးခန်းကိုပိတ်၊ သော့ခတ်ပြီး ဓာတ်လှေကားဆီ ခဲ့တယ်။ အဲဒီအခါမှာ စင်္ကြံလမ်းမှာရှိတဲ့ မီးတွေငြိမ်းသွား ယ်။ ကျုပ်က အောက်ထပ်မှာရှိတဲ့ မီးတွေတော့ ပျက်မှာ တ်ဘူးလို့ထင်ပြီး လှေကားက ဆင်းလာတယ်။ လှေကား ာက်ကနေပြီး လူတစ်ယောက်က လက်နှိပ်ဓာတ်မီးနဲ့ အပေါ် တ်လာတာမြင်ရတယ်။ ကျုပ်က အော်ခေါ်ကြည့်တယ်။ ကျုပ် အစောင့် 'ဘီချ်လော' လားလို့ အော်မေးပေမယ့် မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"မသိဘူး။ သူတို့က စကားမပြန်ဘူး"

"သူတို့က ခင်ဗျားကိုလာသတ်ဖို့ တက်လာတယ်လို့ ဘာ ကြောင့်ပြောနိုင်ရတာလဲ"

"သူတို့က ကျုပ်နောက်ကနေပြီး ရုံးခန်းအထိလိုက်လာ တယ်"

"ခင်ဗျားကိုသတ်ဖို့လာတာ နှစ်ယောက်လို့ ထင်သလား"

"အနည်းဆုံး နှစ်ယောက်ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က သူတို့တီးတိုးပြောနေကြတာ ကြားရလို့"

"ခင်ဗျား ညှော်ခန်းထဲရောက်တော့ စကြိုလမ်းသွားတဲ့ ဘက်က တံခါးကို သော့ခတ်တယ်လို့ပြောတယ် . . မှန်သလား"

"မှန်ပါတယ်"

"နောက် အတွင်းခန်းကိုဝင်လာပြီးတော့ ညှော်ခံခန်းသွားတဲ့ တံခါးကို သော့ခတ်ခဲ့တယ်"

"ဟုတ်ပါတယ်"

မက်ဂရီဂီက ညှော်ခံခန်းမှဂျဒ်၏အတွင်းခန်းသို့ ကူးသော တံခါးဆီ လျှောက်သွားပြီး . .

"ဒီတံခါးကို အတင်းဖွင့်ဖို့ ကြိုးစားကြသလား"

ဟု မေးလိုက်သည်။

"အတင်းတွန်းမဖွင့်ဘူး"

သူကိုယ်တိုင်ကလည်း ဘာကြောင့်အတင်းတွန်းမဖွင့်ခဲ့ သည် ကို စဉ်းစားမရအောင်ဖြစ်ခဲ့ရသည်။

"ကောင်းပြီ၊ ခင်ဗျားက ညှော်ခန်းက စကြိုလမ်းကို သွားတဲ့ တံခါးကို ပိတ်တဲ့အခါမှာ အပြင်ကနေဖွင့်ချစ်ရင် အထူးသော့ နဲ့ ဖွင့်နိုင်တယ်မဟုတ်လား"

"ဟုတ်တယ်"

"ဒီသော့ ဘယ်သူ့ဆီမှာ ထားသလဲ"

"ကာရိုဆီမှာတစ်ချောင်း၊ ကျုပ်ဆီမှာတစ်ချောင်းထားတယ်"

"ကျုပ်တို့ညှော်ခန်းထဲကိုဝင်လာတော့ တံခါးပွင့်နေတယ်။ အတင်းအကြပ် ဖွင့်ထားတာမဟုတ်ဘူး။ သော့နဲ့ဖွင့်ထားတာ တွေ့ရတယ်"

ဂျဒ်က ဘာမှပြန်မပြော။

"ခုနင်က ခင်ဗျားပြောခဲ့တယ်၊ ဒီတံခါးသော့ကို ကာရိုဆီ ကရယ်၊ ခင်ဗျားဆီမှာရယ်ထားတယ်လို့၊ ကာရိုဆီက သော့က ကျုပ်တို့လက်ထဲမှာရောက်နေခဲ့ပြီ၊ စဉ်းစားပါဦး၊ ဒေါက်တာ စတီ ဗင်၊ တခြားဘယ်သူ့ဆီမှာ ဒီသော့ရှိသလဲလို့"

"ဘယ်သူ့ဆီမှာမှ မရှိပါဘူး"

"ဒါဖြင့်ရင် ဟိုလူတွေက ဘယ်လိုလုပ်ပြီး အခန်းထဲကို ဝင်လာနိုင်ခဲ့သလဲ"

"သူတို့က ကာရိုကိုသတ်ပြီးတဲ့အချိန်မှာ ကာရိုဆီက သော့ ကို ပုံတူယူသွားမှာပေါ့"

"ဒါဖြစ်နိုင်ပါတယ်၊ သူတို့က ကာရိုရဲ့သော့ပုံတူ လုပ်မယ် ဆိုရင် ဒီသော့မှာ ဖယောင်းအစအနတွေ ကျန်ခဲ့ရမယ်၊ ကျုပ်တို့ ဓာတ်ခွဲခန်းမှာ ဒီသော့ကို စစ်ဆေးကြည့်မယ်"

"ဒါဖြင့် ခင်ဗျားအမြင်က လူနှစ်ဦးက ခင်ဗျားကို အခန်း ထဲ ဝင်သတ်ဖို့ သော့တူလုပ်ယူလာခဲ့တယ်၊ ဟုတ်သလား"







www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

"နောက် ခင်ဗျားအတွင်းခန်းကို ဝင်ရောက်ပြီးတဲ့အခါမှာ အတွင်းခန်းတံခါးကို သော့ခတ်ခဲ့တယ် မှန်သလား"

"မှန်ပါတယ်"

"ဒါပေမဲ့ ကျုပ်တို့က အဲဒီတံခါးဟာလဲ သော့မခတ်ဘဲ ပွင့်နေတာ တွေ့ရတယ်"

"သူတို့မှာ သော့တူပါလာလို့ ဖြစ်မှာပေါ့"

"တံခါးကို သော့နဲ့ဖွင့်ပြီးတဲ့နောက် ခင်ဗျားကိုဘာပြုလို့ သတ်မသွားကြတာလဲ"

"ကျုပ် ပြောခဲ့ပြီးပြီ မဟုတ်လား၊ သူတို့က ကျုပ်ဖွင့်ထား တဲ့ တိပ်ရကော်ဒါက အသံတွေကြားပြီး . ."

"အလွန်ဆိုးသွမ်းတဲ့ လူသတ်သမားနှစ်ဦးက ဒုက္ခခံပြီး မီးတို ဖျက်၊ ခင်ဗျားကို ဒီမှာ ထောင်ဖမ်းတာ၊ ရုံးခန်းထဲကို ချိုး ဖောက်ဝင်လာပြီးမှ ခင်ဗျားကိုရန်မပြုဘဲ တစ်ခါထဲပျောက်ချင်း မလှ ပျောက်သွားကြသလား ဟင်"

မက်ဂရီဗီ၏အသံတွင် စက်ဆုတ်ရွံရှာသည့် သဘောများ ပါလာသည်။

"ခင်ဗျားတို့ ဘာဆိုလိုတာလဲ"

ဂျဒ်က ဒေါသထွက်လာသည်။

"ကျုပ် အဓိပ္ပါယ်ကိုရှင်းပြမယ်ဒေါက်တာ၊ ဒီကို ဘယ်သူမှ ဝင်ရောက်မလာဘူးလို့ ကျုပ်ထင်တယ်၊ ခင်ဗျားကို တစ်စုံတစ် ယောက်က သတ်ဖြတ်ဖို့ကြိုးစားနေတယ်ဆိုတာကိုလဲ ကျုပ်မယုံ ဘူး"





"ခင်ဗျား ကျုပ်ပြောတာချည်းပဲ ယုံရမယ်လို့ မဆိုပါဘူး၊ ပေမဲ့ မီးငြိမ်းသွားတာက ဘာသဘောလဲ၊ ညစောင့် 'ဘိချ်လော' ရော ဘယ်မှာလဲ"

"ညစောင့်က ဧည့်ခန်းမကြီးထဲမှာလေ"

"သေဆုံးနေပြီလား"

"မသေပါဘူးဗျာ . . သူပဲ ကျုပ်တို့ကိုတံခါးဖွင့်ပေးလိုက် တာ။ မိန်းပါဝါခလုတ်ဖျက်သွားလို့ သူက မြေအောက်ထပ်အခန်း မှာ ပြင်နေခဲ့တယ်။ ကျုပ်တို့ရောက်တော့ ပြင်ပြီးသွားပြီ"

"အို"

ဂျဒ်က ဤမျှပင် ပြောစရာရှိတော့သည်။

"ဒေါက်တာစတီဗင်၊ ခင်ဗျားက ဘာအကွက်တွေ ဆင်နေ သလဲတော့ မသိဘူး၊ ဒါပေမဲ့ ခုအချိန်ကစပြီး ကျုပ် မပါတော့ ဘူး၊ နောက် ကျုပ်ကိုမခေါ်ပါနဲ့တော့၊ ခေါ်စရာရှိရင် ကျုပ်ကပဲ ခေါ်ရလိမ့်မယ်"

မက်ဂရီဗီက အခန်းထဲမှထွက်သွားသည်။ ရဲဆာဂျင်က လည်း မှတ်စုစာအုပ်ကိုပိတ်လိုက်ပြီး နောက်မှလိုက်သွားလေ သည်။

ဂျဒ်မှာတစ်ယောက်တည်းကျန်ခဲ့ပြီး ဝိစကီအရှိန်များလည်း ပျက်ပြယ်သွားခဲ့လေပြီ။ ယခုတော့ စိတ်ဓာတ်အကြီးအကျယ် ကျ ဆင်းသွားခဲ့သည်။ သူ့ရှေ့ဆက် ဘာလုပ်ရမည်ကိုပင် မစဉ်းစား တတ်တော့ပေ။ သူက အဖြေမရှိသည့်ပြဿနာအလယ်တွင် ရောက်နေသူတစ်ဦး ဖြစ်နေရှာသည်။

ယခုအတိုင်းဆိုက ပုံပြင်ထဲမှ 'ဝံပုလွေဗျို့ . . ဝံပုလွေလာပြီ'



www.burmeseclassic.com

www.burmeseclassic.com



ဟုအော်နေသည့် ကလေးသဏ္ဌာန်ပင်ဖြစ်နေ၏။ ဒါပေမယ့် အ 'ဝံပုလွေ' တွေလာပြီဟုအော်ရာမှ ဝံပုလွေများက တကယ ကြောက်မက်ဖွယ်ရာ၊ မမြင်ရသည့် တစ္ဆေတွေပါ။ မက်ဂရိ ရောက်လာတိုင်း ကိုယ်ရောင်ပျောက်သွားကြပုံရသည်။ တစ္ဆေ မဟုတ်ချင်တော့ အခြားဖြစ်တန်ရာသည်က သူ့ပဲယုံမှား လွ စိတ်ဝေဒနာသည် ဖြစ်နေပြီလော။

စိတ်သောက ဖိစီးနေသူတစ်ဦးသည် ယုံမှားလွန်စိတ်ဖြ ပေါ်လာပြီး၊ ထိုယုံမှားလွန်ခြင်းကိုပင် တကယ်အစစ်အမှန် စွဲမြဲယုံကြည်တတ်သည်။ သူ အလုပ်ကို ပြင်းပြင်းထန်ထန်လုပ် သည်။ နှစ်အတန်ကြာ အနားယူအပန်းဖြေခဲ့ခြင်းမရှိ။ ဟန်ဆ နှင့်ကာရိုတို့ အသတ်ခံရသည့်ကိစ္စများက သူ့စိတ်ကို ချောက်ချ စေခဲ့ပြီး ဆင်ခြင်စဉ်းစားတတ်သည့် စိတ်တွေ ချောက်ကမ်းပါး ထိုးချခံလိုက်ရသလို ဖြစ်ကာ သာမန်နေ့စဉ်အဖြစ်အပျက်မျ ကို ပုံကြီးချဲ့မြင်လာသည်။ ကိုယ့်ကားယားထင်မြင်လာစေသည် ဆိုပါကလည်း ဖြစ်နိုင်ဖွယ်ရာအကြောင်းရှိသည်ဟု စဉ်းစား သည်။ စိတ်ယုံမှားလွန်သော ရောဂါရှင်သည် ဖြစ်ရိုးဖြစ်စဉ် ကိ များကို ကြောက်မက်ဖွယ်ရာအဖြစ် ထင်မြင်တတ်သည်။

ဥပမာ . . .

ကားတိုက်မှုကိစ္စကိုကြည့်ပါက၊ အကယ်၍ တမင်တက ကားဖြင့်တိုက်သတ်မည်ဆိုပါက၊ ကားမောင်းသမားသည် ကာ ပေါ်မှဆင်းပြီး သေချာအောင် သူ့ကိုလက်စတုန်းသွားမည် မဟုတ်ပါလား။

ယနေ့ည . . .





သူ့အခန်းထဲသို့ ဝင်လာသူနှစ်ဦးတွင်လည်း သေနတ်ပါလာ ည်ဟု သူအတိအကျ မသိခဲ့ပါ။ သူတို့သည် သူခိုးများသာ ဖြစ်နိုင်မည်မဟုတ်လော။ အတွင်းခန်းမှ အသံများကြားရ၍ တို့ ထွက်ပြေးကြခြင်းဖြစ်မည်။ အမှန်တကယ် သူတို့သာ သတ်သမားများဆိုပါက သော့ခတ်မထားသည့် တံခါးကိုဖွင့်ပြီး ကို သတ်သွားရုံသာရှိမည်မဟုတ်လော။ သူသည် တကယ့် မှန်တရားကို ဘယ်လိုရှာဖွေရပါမည်လဲ၊ ရဲကိုအကူအညီ တာင်းရန်မှာမူ မဖြစ်တော့ပါ။ သူ့အနေဖြင့် မည်သူ့ကို အားကိုး မ်းပင် မသိတော့ပြီ။

သူ့စိတ်ထဲ၌ ဝေ၍နေခဲ့ပေပြီ။ ထိုအတောအတွင်း စိတ်ကူး စ်ခုက ပေါ်လာသည်။ ထိုစိတ်ကူးမှာ စိတ်ပျက်အားငယ်ရာမှ ာမှုပမာဏမထားနိုင်တော့ဘဲ ထင်ရာမြင်ရာ လုပ်လိုသောစိတ် ပေါက်ဖွားလာခြင်းဖြစ်သည်။ သို့ပေမယ့် ထိုအကြံကို စစ်ကြော ည့်လေ အဓိပ္ပါယ်ရှိလေဟု ထင်မြင်လာသဖြင့် တယ်လီဖုန်း မ်းညွှန်စာအုပ်ကြီးကို နကောက်ယူပြီး လှန်လှောရှာဖွေနေတော့ ည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ညနေ ၄ နာရီအချိန်တွင် ဂျဒ်သည် ရုံးမှထွက်ခဲ့ပြီး အနော
ပိုင်းရပ်ရှိ စာရွက်များ ဟောင်းနွမ်းနေသည့် တယ်လီဖုန်းလ
ညွှန်စာအုပ်မှ တွေ့ရှိရသည့် လိပ်စာအတိုင်း ကားမောင်းလာ
သည်။

လိပ်စာပါ အဆောက်အဦမှာ ရှေးခေတ်က အဆော
အဦးကြီးဖြစ်၍ မပြုမပြင် ဖြစ်ထားခဲ့သဖြင့် ယိုယွင်းပျက်စီး
သည်။ ထိုအဆောက်အဦရှေ့တွင် ကားကိုရပ်လိုက်မိလျှင်
စိတ်လေးသွားမိသည်။ ထိုလိပ်စာသည် ဤအဆောက်အဦ
ဟုတ်ပါလေစဟု တွေးတောနေစဉ် အဆောက်အဦး၏ ပ
ထပ် အိပ်ခန်းတစ်ခုရှေ့မှ ဆိုင်းဘုတ်ကို တွေ့လိုက်ရသည်။

"နော်မင်ဇက်မူးဒီ
အလွတ်စုံထောက်
ကျေနပ်မှုရရမည်၊ တာဝန်ခံသည်"

ဂျဒ်သည် ကားပေါ်မှဆင်းလိုက်၏။ ထိုနေ့တွင် လေ
၍ အေးလှသည်။ ဂျဒ်သည် အဆောက်အဦး၏ ဆင်ဝင်အော
ထဲသို့ဝင်လာသည်။ ထိုအခန်းကလည်း ညှော်နံ့နှင့် သေး
ဟောင်နေသည်။ သူသည် အထက်ထပ်သို့ တက်လာခဲ့ပြီး
ဘုတ်ချိတ်ထားသည့် အိပ်ခန်းရှေ့တွင်ရပ်ပြီး လူခေါ်ဘဲလ်ကို
လိုက်ပြီး အခန်းထဲသို့ဝင်ခဲ့သည်။

အခန်းမှာ မွမ်းမံပြင်ဆင်ထားခြင်း မရှိရုံသာမက ရှု





သည်။ အခန်းထောင့်တွင် သတင်းစာဟောင်းများ မဂ္ဂဇင်း
ဟောင်းများဖြင့် ပြန့်ကျဲနေသည်။

အတွင်းခန်း တံခါးပွင့်လာပြီး 'နော်မင်မူးဒီ' ထွက်လာ၏။
ကာအရပ်ငါးပေ ငါးလက်မခန့်ရှိပြီး အလေးချိန်ပေါင် ၃၀၀
ကျော်ရှိ၏။ သူ လမ်းလျှောက်လာသည်က စည်ပိုင်းကို လှိမ့်လာ
သည်နှင့်ပင် တူလှတော့သည်။ သူ့မျက်နှာက ဝိုင်းဝိုင်းနှင့် ပျော်
တ် ရွှင်တတ်သည့်ပုံပင်။ သူ့ဦးခေါင်းက ကြက်ဥကြီးကဲ့သို့ပင်၊
ပ်ကပြောင်နေသည်။ သူ့အသက်ကိုမူ မခန့်မှန်းနိုင်။

"မစ္စတာ စတီဗင် ဟုတ်ပါသလား"

"ဒေါက်တာစတီဗင်ပါ"

"ထိုင်ပါ . . ထိုင်ပါ"

ထိုင်ရန်အတွက် ဂျဒ်က ကုလားထိုင်ကို မျက်စိကစား၍
ဖွေ နေသည်။ နောက်မှ ဟောင်းနွမ်းနေသည့်ကုလားထိုင်အို
ပေါ်မှ စာအုပ်အဟောင်းများကို ဖယ်ရှားပစ်ပြီး ထိုင်လိုက်၏။

"ကဲ . . ကျွန်တော်ဘာလုပ်ပေးရမလဲ"

ဂျဒ်က သူတော့အတွက်မှားပြီဟု ထင်လိုက်သည်။ တယ်
ဖုန်းနှင့် မူးဒီထံ ရက်ချိန်းယူစဉ်က အသေအချာ သူ၏နာမည်
ပြည့်အစုံကိုပြောခဲ့သည်။ ဒီနာမည်ကလည်း ယခုတလော
တင်းစာတိုင်း၌ ပါနေခဲ့သည်။ ယခုမူ သူရွေးချယ်လိုက်သည့်
လွတ်စုံထောက်ကတော့ သူ့နာမည်ကိုပင် မသိသူတစ်ဦးဖြစ်
သည်။ အကြောင်းတစ်ခုခုရှာ၍ ပြန်ထွက်သွားရန် စိတ်ကူးနေ
သည်။

"ဘယ်သူက ကျွန်တော့်ကိုထောက်ခံညွှန်လိုက်သလဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားနာခည်ကို တယ်လီဖုန်းလမ်းညွှန် အဝါကြီးထဲ
ရတာ"

မှူးဒီက ရယ်မောလိုက်သည်။

"အေးဗျာ . . ဒီစာအုပ်ဝါကြီးသာမရှိလျှင်လဲ ကျုပ်အ
ရှိမှာ မဟုတ်ဘူး၊ ဒီစာအုပ်အဝါကြီးက 'အရက်' ပြီးရင် ဒုတိ
လိုက်တဲ့ တီထွင်မှုကြီးပဲ"

ပြောရင်းက ထပ်၍ရယ်မောနေပြန်သည်။

ဂျဒ်က နေရာမှထလိုက်သည်။ မှူးဒီကတော့ တစ်တ
လူပေါကြီးပါကလားဟု စိတ်ပျက်သွားသည်။

"ခင်ဗျားအချိန်ကို ဖြုန်းမိလို့ ဝမ်းနည်းပါတယ် မစ္စတာ
ကျုပ်ကိစ္စကိုပြန်စဉ်းစားပြီးမှ . ."

"ဟုတ်ပါတယ်၊ နားလည်ပါတယ်ဗျာ၊ ကဲ ရက်ချိန်းပေ
တဲ့အတွက် ကျသင့်တဲ့အခကြေးငွေ ပေးခဲ့ပါဦး"

"ဟုတ်တာပေါ့ . . . ဘယ်လောက်ကျပါသလဲ"

"ဒေါ်လာငါးဆယ်"

"ဟင် . . ဒေါ်လာငါးဆယ် ဟုတ်လား"

ဂျဒ်သည် ဒေါသဖြစ်လာသည်။ မကျေမနပ်နှင့် အိတ်
မှ ငွေစက္ကူကိုထုတ်၍ ရေတွက်ပြီး ဒေါ်လာငါးဆယ် ပေးလိုက်
သည်။ နောက်တံခါးရှိရာသို့လှည့်ပြီး ထွက်လာရာ မှူးဒီက
လိုက်ပြန်သည်။

"ဒေါက်တာ . . ခင်ဗျား ဒေါ်လာငါးဆယ်အကုန်ခံပြီ
တော့ ခုဏထိုင်ပြီး ခင်ဗျားရဲ့အခက်အခဲကို ပြောပြပါလား၊





မှာရှိတဲ့ ခံစားမှုတွေကို ထုတ်အံပြစ်လိုက်တာဟာ စိတ်ပေါ့ပြီး
က်သာရာ ရစေတယ်ဗျ"

သူပြောနေကျစကားကို ပေါတောတောလူဝကြီးပါးစပ်က
က်လာသည့်အတွက် ရယ်ချင်သွားမိသည်။ သူဘဝ တစ်
လျှောက်လုံးတွင် ဝေဒနာရှင်များ၏ ရင်တွင်းမှ စိတ်ဒုက္ခများ
တ်အံပြောပြသည်ကို နားထောင်နေလာခဲ့ရသည် မဟုတ်ပါ
း။

သူက မှူးဒီကို ခေတ္တမျှ စေ့စေ့ကြည့်၍ အကဲခတ်နေသည်။
ခေတ္တထိုင်လိုက်၍လည်း ဆုံးရှုံးစရာမရှိ။ လူစိမ်းတစ်ဦးနှင့်
အခက်အခဲ စိတ်သောကများအကြောင်းပြောရသည်မှာလည်း
အတွက် စိတ်သက်သာရာ ရနိုင်သည်။ ဤသို့ စဉ်းစားမိ၍
သည် ကုလားထိုင်ရှိရာသို့ တဖြည်းဖြည်း ပြန်လျှောက်လာ
က် ထိုင်ချလိုက်သည်။

"ခင်ဗျားကြည့်ရတာက ကမ္ဘာကြီးကို ထမ်းထားရတဲ့ လူပုံစံ
ကျုပ် အမြဲပြောနေပါတယ်၊ ပခုံးလေးဘက်နဲ့ထမ်းရင် ပခုံး
ဖက်နဲ့ထမ်းနေရတာထက် သက်သာမယ်"

မှူးဒီက သူ့ကိုအကဲခတ်ကြည့်နေသည်။

"ခင်ဗျား ကျုပ်ဆီကိုလာရတဲ့အကြောင်းက ဘာလဲ၊ မိန်းမ
လား၊ ငွေကြေးပြဿနာလား၊ ကျုပ်အမြဲပြောနေပါတယ်၊
ကကြီးမှာ မိန်းမရယ် ငွေကြေးရယ်မရှိရင် လောကရဲ့
ဿနာတွေဟာ အားလုံးပြေလည်သွားမယ်"

အဖြေကိုစောင့်ရင်း မှူးဒီထ သူ့ကိုစေ့စေ့ကြည့်ပြီး လေ့
နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ထင်နေတယ်၊ တစ်စုံတစ်ယောက်က ကျုပ်ကို သ
ဖို့ကြိုးစားနေတယ်"

"ခင်ဗျားက ထင်နေတာပဲလား"

ဂျဒ်က သူ့မေးခွန်းကို ဂရုမပြုဘဲ ပြောလိုက်သည်။

"ကျေးဇူးပြုပြီး ဒီလိုကိစ္စမျိုးကို အထူးကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်
တစ်ဦးရဲ့နာမည်ကို ပြောစမ်းပါဗျာ"

"အိုး . . ပြောနိုင်ပါတယ်၊ သူ့နာမည်က နော်မန်မူးဒီ
ဒီတိုင်းပြည်မှာတော့ အတော်ဆုံး စုံထောက်ပဲဗျ"

ဂျဒ်က စိတ်ပျက်စွာနှင့် သက်ပြင်းချလိုက်သည်။

"ကျုပ်ကို ခင်ဗျားအခက်အခဲပြဿနာကို ပြောပြပါ
ကျုပ်တို့နှစ်ဦး ပြေလည်အောင် အဖြေရှာကြတာပေါ့"

ဂျဒ်က စိတ်ညစ်ညူးနေသည့်အထဲမှပင် ပြုံးမိလေသ
သူပြောပုံက ဂျဒ်ကိုယ်တိုင် စိတ်ဝေဒနာရှင်များကို ပြောသ
လေသံအတိုင်းပင်။

"လဲလျောင်းလိုက်ပါ၊ နောက်ပြီး ခင်ဗျားစိတ်အာရုံထဲ
လာသမျှတွေ ပြောပြလိုက်စမ်းပါ"

သို့ဖြစ်လျှင် ပြောပြရုံပေါ့ဟု တွေးလိုက်သည်။ ထို့နောက်
သူ့အဖြစ်အပျက်များကို တိုတိုနှင့် အတိအကျပြောပြနေ
သည်။ သူပြောနေစဉ်အတွင်း မူးဒီက အနီးတွင်ထိုင်၍
ထောင်နေသည်ကိုပင် သတိမရ။ သူကိုယ်ကိုသူပြန်၍ အ
အကျ စကားလုံးများ ရွေးချယ်၍ရှင်းပြနေသည်ဟု ထင်ရသ
သို့ပေမယ့် သူက သူ့လက်ရှိစိတ်ဓာတ်အခြေအနေကို စိုးရိမ်
နေသည်ကို ပြောမပြပါ။





"ဟုတ်ပြီ . . ခင်ဗျားမှာကတော့ တကယ့်အခက်အခဲ အရှုပ်
ထွေးပြဿနာနဲ့ ရင်ဆိုင်နေရတာပဲ၊ တစ်စုံတစ်ယောက်က
ခင်ဗျားကိုသတ်ဖို့ ကြံစည်နေတာ ဖြစ်ချင်ဖြစ်၊ မဖြစ်ရင် ခင်ဗျား
လူတစ်ကာက ခင်ဗျားကိုသတ်ဖို့ ကြံစည်နေတယ်လို့ ယုံမှား
နေတဲ့ စိတ်ဝေဒနာရှင်ဖြစ်မှာ ကြောက်ရွံ့နေတဲ့သူပဲ"

ဂျဒ်က အံ့သြစွာနှင့် ရုတ်တရက် မူးဒီကို မော့ကြည့်လိုက်မိ
သည်။

မူးဒီကို သူအထင်သေးခဲ့သည်မှာ လွဲသွားချေပြီ။

"ခင်ဗျားက ဒီလူသတ်မှုတွေကို စုံစမ်းနေတဲ့ စုံထောက်နှစ်
ယောက်ရှိတယ်လို့ ပြောခဲ့တယ်၊ သူတို့နာမည်တွေ ပြောစမ်းပါ"

ဂျဒ်က တုံ့ဆိုင်းနေသေးသည်။ သူက သူ့ကိစ္စကို မူးဒီထံ
တစ်ခါတည်းလွှဲအပ်လိုက်ရန် တွန့်ဆုတ်နေသေးသည်။

"ဖရင့် အင်ဂျယ်လီနဲ့ မက်ဂရီဗီ"

မူးဒီ၏မျက်နှာပေးမှာ အနည်းငယ် မသိမသာ ပြောင်းလဲ
သွားသည်။

"ခင်ဗျားကိုသတ်ဖို့ သူတို့မှာဘာအကြောင်းအချက်တွေ
ရှိသလဲ"

"ကျုပ်မသိဘူး၊ ကျုပ်သိသမျှတော့ ကျုပ်မှာ ရန်သူရယ်လို့
ရှိပါဘူး"

"အိမ်ထောင်ရှိသလား"

"မရှိဘူး"

"ခင်ဗျား မိန်းမရှာလား"



www.burmeseclassic.com

www.burmeseclassic.com

"နေစမ်းပါဦး၊ ဒီအမေးအဖြေတွေ ကျုပ်က ရဲနဲ့ ဖြေဆိုခဲ့ တာ ဖတ်ဖတ်မောနေပြီ"

"ဒါပေမဲ့ ခင်ဗျားကိုကူညီဖို့ ကျုပ်ကိုအခကြေးငွေ ပေး တာပဲ၊ ကဲ ထားတော့ အကြွေးမြေရှိသလား"

"မရှိဘူး"

"ခင်ဗျား စိတ်ဝေဒနာရှင်တွေကကော"

ဂျဒ်က ရှင်းပြလိုက်သည်။

"ကျုပ် ကုသနေတဲ့ စိတ်ဝေဒနာရှင်တွေက ရူးတဲ့သူ မဟုတ်ဘူးဗျ။ စိတ်ခံစားပြဿနာတွေရှိတဲ့ သူတွေသာ ဖြစ်တယ်"

"သူတို့ကကော ခင်ဗျားကို တခါတရံ စိတ်ပြိုငြင် စိတ်မဆို ကြဘူးလား"

"တခါတရံတော့ မှန်တယ်၊ သူတို့က ကျုပ်ကိုဒေါသဖြ ကြလိမ့်မယ်၊ ဒါပေမဲ့ ခုကျုပ်ကိုရှာဖွေတဲ့ တရားခံက စိတ်ဆိုး တဲ့သူတွေမဟုတ်ဘူး၊ လူသတ်မှုကျူးလွန်နိုင်တဲ့ စိတ်ပုံစံပျက် တဲ့သူ၊ သူတို့က လူနှစ်ဦးကိုသတ်ဖြတ်ခဲ့ပြီးပြီ၊ ခု ကျုပ်ကိုသတ် ဖို့ အကြိမ်ကြိမ် အားထုတ်ခဲ့တဲ့သူတွေ"

"ကျွန်တော်က ပထမဦးစားပေးရမယ့် ကိစ္စကို အရင် စဉ်ပြီး ကိုင်တွယ်တတ်တယ်၊ ပထမ စဉ်းစားရမှာက ခင်ဗျား ကိစ္စတုန်းဖို့ကြိုးစားအားထုတ်နေတဲ့လူ ရှိသလားဆိုတာ ရှာရမယ် ဒါမှမဟုတ် ခင်ဗျားဟာ ယုံမှားလွန်နေတဲ့သူလား၊ ဟုတ်ပြီလား"

"ဘယ်လိုရှာမလဲ"

"ရှင်းရှင်းကလေးပါ၊ ခင်ဗျားမှာ ကားရှိတယ် မဟုတ်လား"

"ရှိတယ်"





ဂျဒ်သည် မူးဒီ၏အခန်းထဲမှ ထွက်ခွာပြီး အခြားအလွတ် ာက်နှောက်တစ်ဦးကို ရှာဖွေရန်စိတ်ကူးကို မေ့သွားခဲ့လေ သူပုံပန်းဟန်ပန်က လူထုံလူထိုင်းကြီးဟု ထင်စရာဖြစ်သော် ်း ဦးနှောက်ကောင်း၍ ဉာဏ်ထက်မြက်သူတစ်ဦး ဖြစ် ာင်း သိမြင်လာခဲ့သည်။

"ခင်ဗျားဟာ စိတ်ပင်ပန်း နွမ်းနယ်နေတယ်၊ အားလပ်ချိန် း အပန်းဖြေပါ"

"ဘယ်တော့လဲ"

"မနက်ဖြန်နံနက်"

"ဟာ၊ မဖြစ်နိုင်ဘူး၊ ကျုပ်ရဲ့ဝေဒနာရှင်တွေကို. ."

"အစီအစဉ်တွေကို ဖျက်လိုက်ပါ"

"ဘယ်လိုအကြောင်းကြောင့် အပန်းဖြေသွားရမှာလဲ၊ ဘယ် ား"

"ခင်ဗျားအလုပ်ကို ဘယ်လိုလုပ်ရမယ်ဆိုတာ ကျွန်တော် ပြောပြသလား၊ ခင်ဗျားဒီကနေ ခရီးသွား ကိုယ်စားလှယ်ရှိရာ ်ရိုက်သွားပါ၊ နောက်ပြီး 'ဂရော့စင်နား' မှာ သီးသန့်နေရာ ်င်းလိုက်ပါ၊ ဂရော့စင်နားဆိုတော့ တော်တော့ကိုကားမောင်း ်းရလိမ့်မယ်၊ ခင်ဗျားနေတဲ့အိမ်ခန်း အဆောက်အဦကြီးမှာ ်းရုံရှိသလား"

"ရှိတယ်"

"ကောင်းပြီ၊ အဲဒီမှာ ခင်ဗျားကားကို အားလုံးအခြေအနေ ်ာင်းအောင် ပြင်ဆင်စီမံထားခိုင်းပါ၊ ဂရော့စင်နားကို ကားနဲ့


www.burmeseclassic.com

www.burmeseclassic.com



သွားမယ့်အကြောင်း ပြောပြပါ၊ လမ်းမှာ ကားပျက်တာ မလို
ဘူးလို့ပြော"

"ကျုပ် နောက်အပါတ်မှသွားလို့မဖြစ်ဘူးလား"

"နောက် ခင်ဗျားရုံးခန်းကိုသွားပြီး ဝေဒနာရှင်တွေ
ခင်ဗျားခရီးထွက်မည့်အကြောင်းပြောပြီး ကုသမှုအစီအစဉ်ေ
ဖျက်လိုက်ပါ"

"ကျုပ် ဒီလိုလုပ်လို့ ဖြစ်မယ် မထင် . ."

"နောက်ပြီး ခင်ဗျားအင်ဂျယ်လီကို တယ်လီဖုန်းဆက်
ခရီးထွက်မယ့်အကြောင်း ကြိုတင်အသိပေးပါ၊ ခင်ဗျားသွားဖြ
ရဲက လိုက်ရှာနေရရင် မကောင်းဘူး"

"ကျုပ်က ဒီအစီအစဉ်တွေကို ဘာဖြုလို့ လုပ်နေရတာယ

"ခင်ဗျားရဲ့ ဒေါ်လာငါးဆယ် အလဟဿ မဖြစ်အော
လေ၊ ဩော် . . တစ်ခုသတိရပြီ၊ ကျုပ်ကို စရံငွေအဖြစ် ဒေါ်လ
နှစ်ရာပေးခဲ့ပါဦး၊ နောက်ပြီး နေ့တွက်က ဒေါ်လာငါးဆ
ကုန်ကျစရိတ်က သပ်သပ်ပေါ့"

"ခင်ဗျား နံနက်စောစောထပြီးသွားမှ မိုးမချုပ်ခင်ရော
မှာ . . ခင်ဗျားနံနက် ၇ နာရီ ထွက်နိုင်မလား"

"ထွက်နိုင်ပါလိမ့်မယ် . . ဟိုကျတော့ ကျုပ်က ဘာတွေ
ရမှာလဲ"

"ခင်ဗျားရဲ့ အခက်အခဲ ပြဿနာရဲ့ အဖြေပေါ့"

ငါးမိနစ်ခန့်အကြာတွင် ဂျဒ်သည် သူ့ကားထဲသို့ ပြန်ရော
ပြီး မဒစ်ဆင်ရိပ်သာလမ်းရှိ ခရီးသွားကိုယ်စားလှယ် ရုံးသို့မော





သည်။ ထိုရုံး၌ ဂရော့စင်နားတွင် သူ့အတွက် အခန်း တစ်ခန်း
သန့်ထားရန် ပြောကြားခဲ့သည်။

ထို့နောက် သူ့ရုံးမှ ဝေဒနာရှင်များကို နောက်နေ့များတွင်
ခရီးထွက်မည်ဖြစ်၍ ကုသမှုအစီအစဉ်ကို ဖျက်လိုက်ကြောင်း
ကြောင်းကြားလိုက်သည်။ ပြီးမှ ၁၉ နယ်မြေ ရဲစခန်းသို့ ဆက်
အင်ဂျယ်လီကိုခေါ်ခိုင်းသည်။

"အင်ဂျယ်လီ အိမ်မှာဖျားနေပါတယ်။ သူ့အိမ် တယ်လီဖုန်း
ပါတ်ကို လိုပါသလား"

ဟုမေးသဖြင့် ယူလိုကြောင်းပြောပြရာ အင်ဂျယ်လီ၏ အိမ်
ယ်လီဖုန်းနံပါတ်ရလျှင် သူ့အိမ်သို့ တယ်လီဖုန်းဆက်လိုက်
သည်။

"ကျုပ် မြို့ကခေတ္တထွက်သွားပြီး အပန်းဖြေမလို့ ဆုံးဖြတ်
က်တယ်။ မနက်ဆို ကားနဲ့ထွက်ခွာပါ့မယ်။ ခင်ဗျားတို့သိ
အောင်လို့ သတင်းပေးရတာပါ"

"ကောင်းပါတယ် . . . ဘယ်ကိုသွားမှာလဲ"

"ဂရော့စင်နားကို ကားနဲ့သွားမလို့"

"ကောင်းပြီ . . စိတ်မပူပါနဲ့၊ ကျုပ် မက်ဂရီဗီကို ရှင်းပြထား
မယ်။ ခင်ဗျားရဲ့ရုံးမှာ ဖြစ်ပျက်တဲ့အကြောင်း ကြားရတယ်။
င်ဗျားကိုသတ်ဖို့ကြိုးစားတဲ့လူတွေကို မြင်လိုက်ရသလား"

"မမြင်လိုက်ရဘူး"

"သူတို့ကို ရှာဖွေနိုင်ဖို့ သဲလွန်စတစ်ခုမှ မရဘူးလား"

"မှောင်မဲနေတော့ ဘာမှမမြင်ရ၊ မတွေ့ရဘူးဗျာ"

"ကောင်းပါပြီ . . သတိဝီရိယနဲ့ သွားပါ"



www.burmeseclassic.com

www.burmeseclassic.com

နောက်မှဟု ဟဲရစ်ဆင်ဘတ်၏ လုပ်ငန်းရှင်ထံ ဆက်ဖြ[…]
သည်။

သူကို ဘတ်၏စိတ်ဖောက်ပြန်မှု အခြေအနေကို ရှင်းပြ[…] စိတ္တဇဆေးရုံကို အမြန်ဆုံးပို့ထားဖို့ အကြံပေးလိုက်သည်။

သူ၏လုပ်ငန်းကိစ္စများအတွက်ကတော့ ရှင်းလင်းသွား[…] ပေပြီ။ သူ စိတ်မကောင်းဖြစ်မိသည်မှာ သောကြာနေ့တွင် ‘အ[…] ဘလိတ်’ ကိုတွေ့ရတော့မည်မဟုတ်သည့် အကြောင်းပ[…] နောက်တွင်လည်း တွေ့ဆုံကြရဖို့ လမ်းမရှိတော့ပေ။

သူအိမ်ခန်းသို့ ကားမောင်း၍ပြန်လာခဲ့စဉ် မူးဒိအကြော[…] ကို စဉ်းစားမိသည်။ မူးဒိ၏ အစီအစဉ်မှာ မည်သည်ကို ဦးတည်[…] နေသည်ကို သူရိပ်စားမိသည်။ မူးဒိက အကယ်၍ သူ၏ဝေဒန[…] ရှင်ထဲမှ တစ်ဦးဦးသည် လူသတ်သမားဖြစ်နေပါက ဂျဒ်[…] သားကောင်အဖြစ်ထားပြီး ထိုလူသတ်သမားကို ထောင်၍ ဖမ်း[…] မည့်အစီအမံပင်ဖြစ်သည်။

မူးဒိက ဂျဒ်အား သူသွားရောက်အပန်းဖြေမည့်နေရာ လိ[…] စာကို တယ်လီဖုန်းဆက်သွယ်ရေးရုံးသို့ အကြောင်းကြားရန်[…] သူ့အိမ်ခန်းတည်ရာ အဆောက်အဦစောင့်ကိုပါ ပြောကြားထ[…] ခဲ့ရန် မှာကြားလိုက်သည်။ မူးဒိကတော့ အဘက်ဘက်မှ မလ[…] ဟင်းအောင် စီမံလိုက်ခြင်းဖြစ်သည်။ ဂျဒ်ခရီးထွက်တော့မည်[…] လူအများသိစေရန် စီမံချက်ပင်တည်း။

သူအိမ်ခန်း အဆောက်အဦရှေ့တွင် ကားရပ်လိုက်လျ[…] ‘မိုက်’ ကဆီး၍ကြိုသည်။

“ငါ မနက်စောစော ခရီးထွက်ရမယ်၊ ကားကို ကားရုံ[…]





[…]ပြင်ဆင်ထား။ ခတ်ဆီအပြည့်ထည့်ထားဖို့လဲ စီစဉ်လိုက်ပါ”

“ဟုတ်ကဲ့ . . ဘယ်အချိန်လောက် ကားကိုအဆင်သင့် လုပ် […]ထားရမလဲ”

“ကျုပ် မနက် ၇ နာရီမှာ ခရီးထွက်မယ်”

သူအိမ်ခန်းထဲသို့ ဝင်ရောက်လာခဲ့ပြီးလျှင် တံခါးများကို […]ခတ်သည်။ လှည့်လည်စစ်ဆေးသည်။ နောက်မှရေချိုး […]သည်။ ရေချိုးနေစဉ် စဉ်းစားနေသည်။

မူးဒိဘာကြောင့်လမ်းတွင် ကားမပျက်ရအောင် သေချာစွာ […]ဆင်ထားဖို့သတိပေးရသည်လဲ။ လမ်းမှာ ကားပျက်နေစဉ် […]တိုက်ခိုက်ဖို့ အခွင့်ရနိုင်သည်မဟုတ်လား။ ဒါဖြင့် သူ့ကို […]ခိုက်နေလျှင် မူးဒိက ဘယ်လိုကူညီနိုင်မှာလဲ။ မူးဒိက သူ့ […]အစဉ်ကို ပြောမပြပေ။ ဘယ်လိုပဲ စဉ်းစားကြည့်ကြည့် ဤ […]အစဉ်အတိုင်းဆိုလျှင် သူက ထောင်ချောက်ထဲ တိုးဝင်နေပြီ […]သူ ယုံကြည်လာသည်။

မူးဒိကတော့ သူ့အစီအစဉ်က ဂျဒ်နောက်သို့ လိုက်၍ […]ခိုက်မည့်သူများကို ထောင်၍ဖမ်းရန်ဟု ပြောသည်။ သို့ပေ […] ထောင်ချောက်က ဂျဒ်ကိုချောင်တွင်ပိတ်၍ လုပ်ကြံရန် ဖြစ် […]သည်ဟု သူကယုံကြည်လာခဲ့သည်။

သို့ပေမယ့် သူ့ကိုသေတွင်းတွန်းပို့ခြင်းဖြင့် မူးဒိမှာ မည်သို့ […]အကျိုးရှိမည်နည်း။ သူသည် မန်လက်တန် တယ်လီဖုန်း […]ညွှန်စာအုပ်ဟောင်းကြီးထဲမှ လှန်ပြီးတွေ့ရှိရသည့်အတွက် […]ာက်တစ်ဦးကို အရမ်းမဲ့ရွေးပြီး ဆက်သွယ်လိုက်မိသည်။ […] ယခုဂျဒ်ကို သတ်ဖြတ်ရန်အတွက် စီမံနေသည်ဟု ယုံကြည်


www.burmeseclassic.com

www.burmeseclassic.com



သည်။ သူသည် ယုံမှားလွန်စိတ်ဝေဒနာသည် ဖြစ်နေပြီလား
အတွေးများက ချာချာလည်နေပေပြီ။

မျက်လုံးများလေးလာပြီးတဖြည်းဖြည်း စင်းကျလာသည်
သူသည် အိပ်ရာထဲသို့ဝင်၍လှဲပြီး နာရီအချက်ပေးကို ခြော
နာရီတွင်ထားလိုက်သည်။ မကြာမီ အိပ်ပျော်သွားသည်။

နံနက်ခြောက်နာရီတွင် နာရီမှအချက်ပေး အသံမြည်လာ
သည်။ သူနိုးလာခဲ့သည်။ နိုးလျှင်ပင် အတွေးများက ဆက်
ဆက်၍ ဦးခေါင်းထဲ၌ ပေါ်လာပြန်သည်။

"ငါ မှုခင်းတွေဆက်တိုက်ဖြစ်ပွားခဲ့တာ တိုက်ဆိုင်မှု
ဖြစ်နေတယ်လို့ မယုံဘူး၊ ငါ့ရဲ့ ဝေဒနာရှင်တွေထဲက တစ်ဦးဦး
လူသတ်ကောင်လို့လဲ ငါမယုံဘူး၊ ဒါကြောင့် ငါဟာ ယုံမှားလွ
စိတ်ရောဂါသည်ဖြစ်နေပြီ၊ ဒါမှမဟုတ် ဖြစ်တော့မယ်"

ဟု စိတ်ထဲမှ မြည်တမ်းမိတော့သည်။

သူ့အတွက် ဤအခြေအနေဆိုလျှင် အမြန်ဆုံး စိတ်ခွဲ
ဆရာဝန်တစ်ဦးထံသွားပြီး အကုသခံဖို့ လိုနေပြီ။ ဒေါက်တာ 'ဒေ
ဘီ' ကိုတော့ တယ်လီဖုန်းဆက်မှ။ သူသာ စိတ်ခွဲဆရာဝန်တစ်
ထံတွင် အကုအသခံလိုက်လျှင်တော့ သူ့ရဲ့စိတ်ခွဲကုဆရာ
ဘဝကတော့ ပျက်ပြုန်းသွားတော့မည်ကို သူသိပါသည်။ သို့
မယ့် သူမတတ်နိုင်ပါ။ အကယ်၍ သူတွင် ယုံမှားလွန်စိတ်ဝေ
ဂါ စွဲကပ်မိလျှင်တော့ သူ့ကိုစိတ္တဇဆေးရုံထဲသို့ သွင်းလိုက်ရ
တော့မည်သာ ဖြစ်သည်။

မူးဒီက စိတ္တဇရောဂါသည်တစ်ဦးနှင့် ဆက်ဆံနေရသည်
သံသယများ ဖြစ်နေသည်လား။ ဂျဒ်ကို တစ်စုံတစ်ယောက်





သကြောင်းကြံနေသည်ဟု မူးဒီက မယုံဘဲ ဂျဒ်သည် စိတ်မာတ
က်ပြားနေသည့် လက္ခဏာကို မြင်၍လော။

အကောင်းဆုံးလမ်းစဉ်မှာ မူးဒီအကြံပေးသည့် အတိုင်းပဲ
က်(စ်)ကင်း' တောင်ခြေသို့ သွားရောက်ပြီး အနားယူရန် ဖြစ်
ည်။ ထိုနေရာတွင် မိမိ၏စိတ်အစဉ်များကို ပြန်လည်စစ်ကြော
ပေမည်။ မိမိစိတ်အခြေအနေကို ကောင်းစွာသိပြီး ပြန်လည်
ာသည့်အခါတွင်မှ ဒေါက်တာရော့ဘီနှင့်တွေ့၍ အကုသခံယူ
တော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

ဤသို့ဆုံးဖြတ်ချက်ချရသည်မှာလည်း မလွယ်ကူလှပေ။
ိုပေမယ့် တိတိကျကျ ဆုံးဖြတ်ချက်ချလိုက်နိုင်သဖြင့် စိတ်မှာမူ
နည်းငယ် ပေါ့ပါးသွားခဲ့သည်။ ဂျဒ်သည် အဝတ်အစားလဲပြီး
အိပ်တွင် အဝတ်အစားအနည်းငယ်ထည့်ပြီး အခန်းထဲမှ ထွက်
သည်။

ကားရုံဆီသို့ရောက်ခဲ့သည့်အခါတွင် အစောင့်အဖြစ် သူ
က်ဒီကိုမတွေ့ရ ကားရုံတွင်လည်း မည်သူ့ကိုမျှမတွေ့ပေ။ သူ
ားကိုကားရုံ၏ထောင့်တွင် ဆိုက်ထားသည်ကိုမြင်ရသဖြင့် ကား
ိသို့လျှောက်ခဲ့ပြီး ကားတံခါးကိုဖွင့်ကာ အဝတ်ထည့်သည့် ဆွဲ
တ်ကို သွင်းလိုက်သည်။ နောက် ကားတွင်းသို့ဝင်ကာ ကားကို
ရန်သော့ကိုဖွင့်မည်လုပ်စဉ် ကားဘေး၌ လူတစ်ယောက်ကပ်
ာသည်။ ရုတ်တရက် ဂျဒ်သည် ထိတ်လန့်တုန်လှုပ်သွားသည်။

"ခင်ဗျားက အချိန်ကိုက်ရောက်လာသားပဲ"

စကားပြောသူက မူးဒီဖြစ်၏။

"ခင်ဗျားက ကျုပ်သွားကာနီး လာနှုတ်ဆက်မယ်လို့ မထင်
ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က တစ်ခြားလဲ ဘာလုပ်စရာမှမရှိ၊ အိပ်လို့ မပျော်တာနဲ့ပဲဗျာ"

သူကပြုံးရယ်၍ ပြောလိုက်သည်။

ဂျဒ်က သူ့ပြဿနာကို လိမ္မာပါးနပ်စွာနှင့် ကိုင်တွယ်သ အတွက် မူးဒီကို ကျေးဇူးတင်မိ၏။ မူးဒီက ဂျဒ်၏အခက်အခဲ သည်မှာ စိတ္တဇနာဖြစ်သည်ဟု စိုးစဉ်းမျှမဟဘဲ တောနယ်သို့သ ပြီး အနားယူရန်သာ အကြံပေးခဲ့သည် မဟုတ်လား။

"ကျုပ်က နယ်ကိုထွက်ပြီး ပြဿနာရဲ့ အဖြေကိုကြည့် ဆုံးဖြတ်လိုက်တယ်လေ"

"ဒါအတွက် ခင်ဗျားသွားဖို့ မလိုတော့ပါဘူး"

"ကျုပ် ဘာမှနားမလည်တော့ဘူး"

"ရှင်းပါတယ်၊ ကျွန်တော်က ခင်ဗျားပြဿနာရဲ့ လျှို့ဝှ ရှုတ်ထွေးချက်ကို စဉ်းစားနေခဲ့တယ်ဒေါက်တာရဲ့၊ ဒါပေမဲ့ ဘ ကနေပြီး စကိုင်ရမလဲဆိုတာ စဉ်းစားလို့မရခဲ့ဘူး၊ ဒီတော့ ပ ဆုံးသိအောင် လုပ်ရမှာက ခင်ဗျားဟာ စိတ်ပုံစံ ပျက်ယွင်းနေ လား၊ ဒါမှမဟုတ် တစ်ဦးဦးက အမှန်ပဲ ခင်ဗျားအသက်ကို ရာယ်ပြုဖို့ ကြံစည်အားထုတ်နေသလားဆိုတာ ရှင်းရမယ်"

"အေးလေ . . . ဒါကြောင့် 'ကတ်(စ်)ကင်း' ကို သွားရမှာ

"သွားဖို့မလိုဘူး၊ ကဲ . . ဒေါက်တာ ကားထဲက ထွက်ခဲ့ ဦး"

ဂျဒ်က ကားတံခါးဖွင့်ပြီးအပြင်သို့ ထွက်လိုက်သည်။ စိတ်ထဲတွင်မူ ရှုတ်ထွေးနေသည်။

"ခင်ဗျား . . ကတ်(စ်)ကင်းသွားဖို့ဆိုတာက ကြော်ငြာ





တစ်မျိုးပဲဗျ။ လူတကာသိအောင်လေ . . . ခင်ဗျားမေန်းကို ဖမ်း ရင် ပထမရေကိုသွေးတွေနဲ့ရောနေအောင် လုပ်ရတယ်ဗျ"

ဂျဒ်ကမူ မူးဒီ၏မျက်နှာကို စေ့စေ့ကြည့်နေသည်။

"ခင်ဗျား ခရီးထွက်ရင်လဲ ကတ်(စ်)ကင်းကိုတော့ ရောက် မဟုတ်ဘူး"

မူးဒီက ကားဘေးမှပတ်လျှောက်ပြီး ကားအဖုံးကို မတင် လိုက်သည်။ ဂျဒ်က မူးဒီ၏အနီးသို့ကပ်လာပြီး ကြည့်၏။

ကား၏ဒစ်စတိဗြူတာထိပ်တွင် ယမ်းဘီလူးပုံးအတန်သုံး ချောင်းကို တိပ်နှင့်ကပ်ထားသည်။ ကားမီးသော့မှသေးငယ်သော ဝိုယာကြိုးနှစ်ချောင်းက တွဲလွဲကျနေသည်။

"ဗုံးထောင်ထားတာလေ"

"ခင်ဗျားက ဘယ်လိုလုပ်ပြီး . . "

"ခင်ဗျားကိုပြောခဲ့တယ်မဟုတ်လား၊ ကျွန်တော်က အိပ် ရတဲ့လူဆိုတာလေ၊ ကျွန်တော် သန်းခေါင်လောက်မှာ ဒီကို ရောက်လာတယ်၊ ညစောင့်ကိုပိုက်ဆံပေးပြီး တစ်နေရာရာမှာ သင်းထောင်ဖို့ လွှတ်လိုက်တယ်၊ ကျွန်တော်က မှောင်ထဲက စောင့်ကြည့်နေခဲ့တယ်"

"ဘယ်သူလာပြီး ဗုံးထောင်သွားတယ်ဆိုတာ တွေ့လိုက် လား"

"မတွေ့ရဘူး၊ ကျွန်တော်မလာခင်က ထည့်သွားတာဖြစ် မယ်၊ ခြောက်နာရီထိုးတော့ ဘယ်သူမှလာတော့မှာ မဟုတ် လို့တွေးပြီး ကားထဲကိုစစ်ဆေးကြည့်တာပဲ၊ ဟို . . တွဲချောင်း နေတဲ့ ဝါယာကြိုးနှစ်ချောင်းကိုမြင်ရဲ့လား၊ ခုဟာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဖြုတ်ထားတာ၊ ပထမတစ်ချောင်းကို ကားမီးသော့ကြိုးမှာ ဆ
ထားတယ်၊ တစ်ချောင်းကို ကားအဖုံးမှာကပ်ထားတယ်၊ ခင်ဗျ
ကားမီးသော့ဖွင့်လိုက်တာနဲ့ ဗုံးကပေါက်ကွဲမှာပဲ၊ ဒါမှမဟုတ်
ပထမကားကို စစ်ဆေးဖို့ အဖုံးမပြီး ဖွင့်လိုက်တာနဲ့ ဗုံးက ပေါ
ဦးမယ်၊ ဒီဗုံးတွေက ဘုံကားရုံတစ်ခြမ်းကို လွင့်စင်သွားစေ
တယ်"

ဂျဒ်သည် ထိတ်လန့်သွားသည်။ မူးဒီက စာနာစွာနှင့်သူ့
ကြည့်လိုက်သည်။

"စိတ်အားမငယ်ပါနဲ့ဗျာ၊ ခု ကျုပ်တို့သဲလွန်စကို စ
ပြီမဟုတ်လား၊ တိုးတက်မှုပေါ့၊ နောက်ပြီး ကျုပ်တို့အချက်
ချက်ကို သိရပြီ၊ ပထမအချက်က ခင်ဗျားဟာ စိတ္တဇရောဂါ
နေသူမဟုတ်ဘူး၊ ဒုတိယအချက်က ခင်ဗျားကို တစ်စုံတ
ယောက်က အမှန်ပဲသေကြောင်းကြံစည်အားထုတ်နေတယ်"

❖❖❖





## အခန်း (၁၀)

သူတို့သည် ဂျဒ်၏အိမ်ခန်းရှိညှော်ဆောင်တွင်ထိုင်၍ စကား
ကြသည်။ မူးဒီက စနက်တန်ဖြုတ်ထားသော ဗုံးများကို သူ့
နောက်ပိုင်း၌သေချာစွာထည့်ထားပြီး ဖြစ်သည်။

"ရဲတွေ စစ်ဆေးကြည့်ရှုနိုင်ဖို့ ဒီဗုံးတွေကို သူ့နေရာမှာပဲ
ားခဲ့ဖို့ ကောင်းတယ်"

"ကျွန်တော့်လက်သုံးစကားက လောကကြီးမှာ အလွန်
ထွေးပွေလီတဲ့အရာက သိစရာအချက်တွေ အလွန်များပြား
ပဲ"

"ဒါပေမဲ့ဗျာ၊ ဒီဗုံးတွေက ကျုပ်ပြောခဲ့တဲ့ စကားတွေဟာ
န်တွေဖြစ်ကြောင်း မက်ဂရီဗီကို သက်သေအထောက်အထား
နိုင်တာပေါ့"

"ခင်ဗျားက ထင်သလား"

မှန်ပေသည်။ မက်ဂရီဗီက ဂျဒ်ကိုယ်တိုင်ဗုံးများတပ်ထား
ည်ဟုဆိုပေလိမ့်မည်။ သို့ပေမယ့် အလွတ်စုံထောက်တစ်ဦး
ဲများမှသက်သေခံပစ္စည်း ထိန်ချန်ထားခြင်းကတော့ နည်း
တော့ထူးခြားသည်။

ဂျဒ်က မူးဒီသည် ပင်လယ်ထဲမှ ရေခဲတောင်နှင့်တူသည်ဟု
ထားမိသည်။ သူ၏အရည်အချင်းများက အောက်၌နစ်မြုပ်နေ
င့် မမြင်သာခဲ့။ ယခု မူးဒီက ပြောသမျှကိုနားထောင်ကြည့်
တွင် သူသည် စိတ်ဓာတ်အားတက်လာခဲ့သည်။

သူသည် စိတ္တဇနာ ကပ်နေသူမဟုတ်။ သည်လောကကြီး



www.burmeseclassic.com

www.burmeseclassic.com



မှာလည်း တိုက်ဆိုင်မှုများနှင့် ပြည့်လျှမ်းနေသည်မဟု လူသတ်ကောင်တစ်ဦး လွတ်နေသည်မှာ အမှန်ဖြစ်နေ နောက်ပြီး သူ့အကြောင်းရင်းခံနှင့်သူ ဂျုဒ်ကိုရွေးချယ်ပြီး သ ဖြတ်ဖို့ ကြိုးစားအားထုတ်နေခဲ့သည်။

မကြာသေးမီကလေးက သူ့ကိုယ်ကိုသူ စိတ်ချွတ်ရ ပျက်ပြားနေပြီဟု ယုံကြည်ခဲ့သေးသည်။ မူးဒီ၏ ကျေးဇူးမှာ မားလှပါသည်။

"ခင်ဗျားကဆရာဝန်၊ ကျွန်တော်ကအညတြအလွတ်စုံထော အို . . ကျွန်တော့်လက်သုံးစကားက ခင်ဗျားဟျားရည် လိုချ ဟျားအုံရှိရာသွား"

ဂျုဒ်က မူးဒီ၏ ဗန်းစကားကို တဖြည်းဖြည်း နားလည် သည်။

"ခင်ဗျားဆိုလိုတာက ကျုပ်ကို လိုက်လံသတ်ဖြတ်ဖို့ ပမ်းနေသူတွေဟာ ဘယ်လိုလူစားတွေဖြစ်တယ်ဆိုတဲ့ ကျ အမြင်လား"

"ဟုတ်ပါတယ်၊ သူတို့ဟာသွေးဆာနေတဲ့ အရူးကြမ်း လား၊ ဒါမှမဟုတ် ဒီ့ထက် အဓိပ္ပါယ်နက်တဲ့ အမှုမျိုးလား"

"အဓိပ္ပါယ်နက်တဲ့ မှုခင်းပဲ"

"ဘာကြောင့် ခင်ဗျားက ဒီလိုပြောနိုင်သလဲ"

"ပထမအချက်က မနေ့ညမှာ ကျုပ်အိမ်ခန်းကို လူ ချိုးဖောက်ဝင်လာတယ်၊ ဒါဟာ အရူးတစ်ယောက်ထဲ ဝင် တယ်ဆိုရင်တော့ ကျုပ်လက်ခံနိုင်မယ်၊ အရူးနှစ်ယောက် ပေါင်းကြံစည်လာတယ်ဆိုတာကတော့ မဖြစ်နိုင်ဘူး"





"ဟုတ်တယ် . . . ဟုတ်တယ်"

"ဒုတိယအချက်က စိတ်မှုမမှန်တဲ့လူတစ်ယောက်မှာ အစွဲ စ်ခုကပ်နိုင်တာတော့ မှန်တယ်၊ ဒါပေမဲ့ သူတို့အပြုအမူက ်းဟန်ပန် အတိအကျရှိတယ်၊ ဂွန်ဟန်ဆင်နဲ့ ကာရိုရောဘတ် ဘာပြုလို့သတ်တယ်လို့ ကျုပ်မသိဘူး၊ ဒါပေမဲ့ နောက်ဆုံး တ်ရမယ့်သားကောင်ကတော့ ကျုပ်ပဲလို့ ယုံကြည်တယ်"

"ခင်ဗျားဟာ နောက်ဆုံးအသတ်ခံရမယ့်လူလို့ ဘာပြုလို့ နိုင်သလဲ"

"ရှင်းပါတယ်ဗျာ . . သတ်ရမယ့်လူရှိသေးရင် ကျုပ်ကို သတ် ကြိုးစားရာမှာ မအောင်မြင်ခဲ့တဲ့အခါ တခြားလူကို သတ်ဖို့ပဲ တ်လား။ ဒီလိုမှမဟုတ်ပဲနဲ့ . . . ကျုပ်ကိုပဲစူးစူးစိုက်စိုက် ထပ် ကြံစည်နေတယ်လေ"

"မှန်တယ်ဒေါက်တာ . . ဒီမှာ ခင်ဗျားမှာအလွန်တော်တဲ့ ာက်ကျော်ဖြစ်နိုင်တဲ့ အရည်အချင်းတွေ ရှိတယ်"

"ကျုပ် စဉ်းစားလို့မရတာတွေ ရှိသေးတယ်ဗျာ"

"ဆိုပါဦး"

"ပထမ လူသတ်သမားရဲ့ လူသတ်မှုကျူးလွန်ရတဲ့ အကြောင်း ် အချက်"

"ဒါကိုခေတ္တထားလိုက်ဦးဗျာ . . နောက်မှဆွေးနွေးမယ်။ ကော . . ."

"တစ်စုံတစ်ယောက်က ကျုပ်ကိုဒါလောက်သတ်ချင်နေရင် ့တိုက်ပြီး လဲသွားတော့ ကားမောင်းသမားက ကားကို ်ပြန်ဆုတ်ပြီး တစ်ခါထဲတက်ကြိတ်လိုက်ရုံပဲ . . ကျုပ်က မှနေတဲ့လူပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အား . . ဒီနေရာမှာ မစ္စတာဘင်ဆင်အကြောင်း ဆို
လာပြီ"

"ဘယ်လိုဗျ"

"မစ္စတာဘင်ဆင်က ခင်ဗျားကိုကားတိုက်တဲ့အချိန်
ရောက်လာတဲ့ မျက်မြင်သက်သေလေ . . . ရဲအစီရင်ခံစာထဲ
သူ့အမည်ကိုတွေ့ပြီး သူ့ဆီကိုသွားစုံစမ်းခဲ့ပြီးပြီ"

"ဪ"

"ခင်ဗျား ကားတိုက်ခံရတဲ့နေ့ မစ္စတာဘင်ဆင်က သူ့ခ
ရှိတဲ့ အလုပ်တိုက်က ဆေးသွားယူပြီး ထွက်အလာမှာ ခင်ဗျား
ကားတိုက်တာနဲ့ ကြုံတယ်၊ သူက ကားနဲ့ခင်ဗျားကိုတိုက်လိုက်
တွေ့ရတော့ အကူအညီပေးဖို့ ပြေးလာတယ်၊ အဲဒီကား
နောက်ဆုတ်လိုက်ပြီး ခင်ဗျားကိုတစ်ခါထဲ နင်းမလို့အလုပ်
ကားသမားက ဘင်ဆင်ကိုမြင်သွားတာနဲ့ တစ်ခါထဲ မောင်း
တော့တာပဲ"

"အင်း . . . ဘင်ဆင်သာရောက်မလာရင်"

"အေးပေါ့ဗျာ . . . သူတို့က ကြံစည်နေတာမှ မဟုတ်
ခင်ဗျားကို မသေသေအောင် သတ်ဖို့ရည်ရွယ်လာတာပဲဟာ

"ဒါဖြင့် ကျုပ်ရုံးခန်းထဲကို ဝင်လာတုန်းက ဘာပြုလို့ထ
ကို အတင်းဖွင့်ပြီး ဝင်မလာသလဲ"

မူးဒီက အတန်ကြာစဉ်းစားနေပြီးမှ ပြောလိုက်သည်။

"ဒါဟာလဲ ပဟေဠိတစ်ခုပဲ၊ သူတို့တံခါးကို အတင်းဖွင့် ဝ
ခင်ဗျားနဲ့အတူ ဘယ်သူရှိရှိပေါ့၊ အားလုံးကိုကိုစွတ်တုံးပြီး ထွက်
နိုင်တာပဲ၊ အဲဒီတော့ တခြားဖြစ်ရပ်တွေနဲ့ မကိုက်ညီဘူး
တစ်ခုတော့ရှိတယ်"

သစ်ဆန်းစာပေ



"ဘာလဲဗျ"

"ဒါကိုတော့ ခဏထားဦးမယ်။ ပြောပြလို့မဖြစ်သေးဘူး။
န်တော်က ဒီလူသတ်မှုတွေ ကျူးလွန်ရတဲ့အကြောင်းရင်းခံကို
ရှမှ ယုတ္တိယုတ္တာရှိလာမယ်"

"ကျုပ်ကိုသတ်ဖို့အကြောင်း ဘယ်သူ့မှာမှ ရှိလိမ့်မယ်လို့
င်ပါဘူး"

"ဒေါက်တာ . . ခင်ဗျားရယ်၊ ဟန်ဆင်ရယ်၊ ကာရိုရယ်သာ
တဲ့ လျှို့ဝှက်ချက်များရှိသလား"

"မရှိပါဘူးဗျာ"

"ခင်ဗျားက ခင်ဗျားရဲ့ဝေဒနာရှင်တွေထဲက ရာဇဝတ်မှု
လွန်ချင်စိတ် အစွဲရှိနေတဲ့ရောဂါသည်တစ်ဦးကို ခိုလှုံခွင့် ပေး
သလား"

"မပေးထားပါဘူး၊ အမှန်အတိုင်းပြောရမယ်ဆိုရင် စော
ပိုင်းက ကျုပ်ကိုယ်တိုင်ပဲ စိတ္တဇနာ စွဲကပ်နေပြီး ခင်ဗျားက
ိုက်သင့်အလျားသင့် ပြောနေတယ်လို့ ထင်ခဲ့တာ"

"ကျွန်တော့်ဦးနှောက်ထဲကို အဲဒီအချက် ဝင်ခဲ့သေးတယ်၊
ားက ရက်ချိန်းတောင်းပြီးတဲ့အချိန်မှာ ခင်ဗျားအကြောင်း
ကျွန်တော့်မိတ်ဆွေ ဆရာဝန်တွေထဲမှာ စုံစမ်းသေးတယ်၊
ားက သတင်းကြီးတဲ့ဆရာဝန်တစ်ယောက်ဆိုတော့ သိခဲ့ရ
"

သို့ဖြစ်လျှင် သူနှင့်တွေ့စအချိန်၌ သူ့ကို 'မစ္စတာစတီဗင်'
ခေါ်ခြင်းက သူ၏တမင်ပရိယာယ်ဆင်ကွက်သာ ဖြစ်ကြောင်း
ိတော့သည်။

သစ်ဆန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဂျဒ်က အတွေးတစ်ခုရလာသဖြင့် မူးဒီကို ပြောပြလိုက်သည်။

"ခု ကျုပ်တို့ ရဲတွေဆီကို ကျုပ်တို့သိထားတဲ့အချက်တွေ ပြောပြရင် ဒီမှုခင်းတွေကို ကျူးလွန်တဲ့သူကို စတင်ရှာဖွေ သဲလွန်စ ရလာမှာပေါ့"

"ထင်သလားဒေါက်တာ . . ကျွန်တော်တို့သိတဲ့အချ တွေက ဘယ်လောက်များရှိသေးသလဲ"

သူပြောသည်မှာလည်း မှန်ပေသည်။

"ဒါပေမဲ့ ဒေါက်တာ စိတ်မပျက်ပါနဲ့၊ ကျွန်တော်တို့ စုံစ မှုမှာ တိုးတက်မှုတော့ရှိလာခဲ့ပါပြီ"

မူးဒီသည် မျက်နှာကြက်ကိုမော့ကြည့်နေပြီး ဦးခေါင်း ရမ်းလိုက်ရင်းက 'မိသားစုတွေ' ဟု အသံထွက်အောင်ဆိုလို သည်။

"မိသားစုတွေ . . ဟုတ်လား"

ဂျဒ်က နားမလည်သလိုမေးသည်။

"ဒီမှာဒေါက်တာ . . ခင်ဗျားက ခင်ဗျားရဲ့ဝေဒနာသည် တွေအကြောင်းကို အတွင်းအပြင် သိတယ်လို့ပြောတယ်၊ ယုံ တယ် . . နောက်ပြီး သူတို့ထဲမှာ ဒီအမှုတွေကို ကျူးလွန်မယ့် မရှိဘူးလို့ပြောတော့လဲ ကျွန်တော်က ယုံကြည်ရမှာပေါ့၊ ဒါ တစ်ခုလောက်ပြောပြစမ်းပါ . . ဒေါက်တာက ဝေဒနာရှင်တစ် ကို လက်ခံတဲ့အချိန်မှာ သူ့ရဲ့မိသားစုတွေကိုကော တွေ့ဆုံ မြန်းသေးသလား"

"မမေးမြန်းပါဘူး။ တစ်ချို့မိသားစုကတော့ သူတို့ရဲ့လ သို့မဟုတ် ဇနီးဟာ စိတ်ဥက္ကုသမှုခံယူနေတာတောင် မသိကြ

သစ်ဆန်းစာပေ



"အဲ . . ဟုတ်ပြီ"

"ခင်ဗျားက ဝေဒနာသည်တွေရဲ့ မိသားစုထဲက တစ်ဦးဦးက ကိုသတ်ဖို့ ကြိုးစားနေတယ်လို့ ဆိုလိုတာလား"

"ဟုတ်တယ်"

"သူတို့မှာလဲ ကျုပ်ကိုသတ်လောက်အောင် အကြောင်း ခံ မရှိပါဘူး"

"မပြောနိုင်ဘူးလေ၊ ဒီလိုလုပ်ပါ၊ လွန်ခဲ့တဲ့ တစ်လ နှစ်လ က်ကစပြီး ကုသနေတဲ့ဝေဒနာရှင်တွေရဲ့ စာရင်းကို ကျွန်တော့် ပးပါ။ ပေးနိုင်မလား"

"မဖြစ်ဘူး မစ္စတာမူးဒီ"

"ကောင်းပြီ၊ ကျွန်တော်လုပ်ရမယ့်အလုပ်ကို ခင်ဗျားပဲ ပေးစမ်းပါ"

"ဘာလုပ်စေချင်သလဲ"

"လွန်ခဲ့တဲ့လကစပြီး ဆေးကုသတဲ့ဝေဒနာရှင်တွေ ပြောတဲ့ ကြောင်းတွေ တိပ်ခွေထဲမှာရှိတယ်မဟုတ်လား၊ အဲဒီ တိပ်ခွေ ကို ပြန်ဖွင့်ပြီး နားထောင်ပါ၊ နားထောင်ဆိုတာက သေသေ နားထောင်ဖို့ပြောတာ၊ ဆရာဝန်တစ်ဦးအနေနဲ့ နားထောင် ဟုတ်ဘူး။ စုံထောက်တစ်ဦးကအထောက်အထားသက်သေ လွန်စရှာသလို နားထောင်ပါ"

းဒီက ကုတ်အင်္ကျီကိုကောက်ဝတ်လိုက်ပြီး တံခါးသို့ ထွက် မှ စိတ်ကူးတစ်ခုရသကဲ့သို့ တဖန် ပြန်လှည့်၍ပြောလိုက် ည်။

သစ်ဆန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာရဲ့ လူသတ်မှုပြဿနာထဲမှာ ဆန်းတဲ့အချ တစ်ချက်ကို ဒေါက်တာတွေးမိသလား"

"ဘာကိုလဲ"

"ဒေါက်တာက ဒေါက်တာ့ဆီကိုလာတဲ့ လူသတ်ကောင်ဟာ နှစ်ယောက်ဖြစ်တယ်လို့ ပြောခဲ့တယ်၊ အဲဒီအချက်က နည်းနည်း တော့ထူးခြားတယ်ဗျာ၊ လူတစ်ဦးတစ်ယောက်က ဒေါက်တာ ကိုမုန်းတီးလို့ဖြစ်ဖြစ်၊ အခြားအကြောင်းကြောင့်ဖြစ်ဖြစ် သတ် စိတ်ပြင်းပြင်းပျပျ ဖြစ်နေတယ်ဆိုတာကတော့ သဘာဝကျတ ဒါပေမဲ့ ဘာပြုလို့နှစ်ယောက်ဖြစ်နေရသလဲ"

"အဲဒါတော့ ကျုပ်မသိဘူးဗျာ"

မှူးဒီက ဒေါက်တာ့ကို စေ့စေ့ကြည့်နေရင်းက စဉ်းစား သည်။

"ဘုရားရေ"

"ဘာလဲဗျ"

"ကျုပ် စဉ်းစားမိလိုက်ပြီ၊ ကျုပ်အတွေးမှန်ရင်တော့ ဒေါက် ကိုသတ်ဖို့ကြံစည်ကြိုးစားနေတာ နှစ်ယောက်ထက်မကဘူး

"ခင်ဗျားဆိုလိုတာက ကျုပ်နောက်ကို အရူးကြမ်းတစ် လိုက်နေသလား၊ ဒါတော့ အဓိပ္ပါယ်မရှိဘူး"

"ဒေါက်တာ၊ ဒီလူသတ်မှုကြီးကို ဦးစီးနေတဲ့လူဟာ ဘယ် ဖြစ်နိုင်သလဲဆိုတာ တွေးမိပြီ၊ ဘယ်လိုအစီအစဉ်ဆိုတာ ကျွန်တော် ခုအချိန်မှာ မပြောနိုင်သေးဘူး။ ဘယ်သူလဲဆို တော့ တွေးမိပြီ"

"ဘယ်သူလဲ"



BURMESE CLASSIC .com



"ခုပြောလိုက်ရင် ဒေါက်တာက ကျုပ်ကိုအရူးထောင် ပို့လိုက် မိ့်မယ်၊ ကျွန်တော် နည်းနည်းသက်သေအထောက်အထား ရဦးမယ်၊ အချိန်ကျတော့ ကျွန်တော်ပြောမယ်"

"ခင်ဗျားတွေးထင်တာ မှန်ပါစေလို့ မျှော်လင့်ပါတယ်"

"မမျှော်လင့်နဲ့ ဒေါက်တာ၊ ကျွန်တော့်အတွေးမှန်ရင် ခင်ဗျား တော့ သက်သာလိမ့်မယ် မဟုတ်ဘူး"

မှူးဒီက ပြောပြောဆိုဆို ထွက်သွားလေသည်။ နောက် ဂျဒ် လည်း တက္ကစီတစ်စီးငှား၍ သူ့ရုံးခန်းသို့ လာခဲ့သည်။

အချိန်မှာ သောကြာနေ့ မွန်းလွဲအချိန်ဖြစ်သည်။

ခရစ္စမတ်ပွဲတော်အတွက် ဈေးဝယ်ကြရန်အတွက်အချိန် ည် ၃ ရက်သာကျန်တော့၍ လမ်းပေါ်တွင်လူများပြည့်နေ ည်။ ဆိုင်များမှာလည်း ပွဲတော်အတွက် မွမ်းမံပြင်ဆင်လျက် ကြသည်။ 'ခရစ္စမတ်ပွဲတော်သို့ ရောက်တော့မှာကလား' ဟု က တွေးမိလိုက်လျှင်ပင် တစ်ဆက်တည်း အယ်လီဇဘတ်ကိုပါ တိရလိုက်၏။ မကြာခင်တစ်နေ့တွင်တော့ သူလည်းငြိမ်းချမ်း ကို ကုန်လွန်ပြီးသော အတိတ်၏အရိပ်မှ ထွက် ရအောင် ပမ်းရဦးမည်၊ 'အန်' နှင့်အတူဆိုလျှင် ငြိမ်းအေးမှုကိုရအောင် းစားနိုင်လိမ့်မည်။ သူက အတွေးကိုဖြတ်ကနဲရပ်ပစ်လိုက်ရ ည်။ သူ့ယောကျ်ားကို ချစ်ပါသည်ဆိုသော အိမ်ထောင်ရှင် န်းမတစ်ဦးအကြောင်း စိတ်ကူးယဉ်နေရသည်မှာ မည်သို့အဓိ ယ်ရှိပါမည်နည်း။

တက္ကစီကားသည် သူ့တိုက်ကြီးရှေ့တွင် ရပ်လိုက်သည်။ ဒ်က ကားထဲမှထွက်ပြီး ဘေးပတ်ဝန်းကျင်ကို လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရှုသည်။ သို့ပေမယ့် သူကဘာကို ကြည့်ရှုရှာဖွေနေရပါလိ
အမှန်က လူသတ်သမားဆိုသည် မည်သို့သောလူစားဟူ၍လ
မသိ။ မည်သည့်လက်နက် ကိုင်လာမည်လည်း မခန့်မှန်းတ

သူရုံးခန်းသို့ရောက်သည့်အခါ အတွင်းသို့ဝင်ခဲ့ပြီး အ
တံခါးကို သော့ခတ်ပိတ်လိုက်သည်။ ထို့နောက် နံရံတွင် ထ
ထားသောဘီရိုထဲမှ စိတ်ခွဲကုသမှု ခံယူနေသူများ၏ တိပ်ခွေမျ
ထဲမှ အချို့ကို ရွေးထုတ်ပြီး ရကော်ဒါဆီသို့ ယူလာခဲ့သည်။ ယ
အဖို့ ချိန်းဆိုချက်များကို ဖျက်လိုက်ပြီးပြီဖြစ်၍ သူသည် တိပ်
များကိုဖွင့်ပြီး ထိုအထဲမှ ဝေဒနာရှင်များက လွတ်လပ်စွာ စိ
ထဲမှအတွေးအမြင် ခံစားမှုများကို အံထုတ်နေသည့်စကားမျာ
နားထောင်ရင်း သူတို့မိသားစု၊ မိတ်ဆွေ၊ ဆွေမျိုးများအကြော
ပြောပြချက်ထဲမှ လူသတ်မှုနှင့် ဆက်စပ်ကြည့်နိုင်သည့် သဲလွန်
များကို စူးစိုက်ရှာဖွေနိုင်ပြီ။

မူးဒီပေးသည့် ဓာတ်ကြိုးဓာတ်ကြဉာဏ်က အတွေးခေါင်လွန်းလှသည်
သူစိတ်ထဲ၌ မှတ်ထင်ရသည်။ သို့သော် သူကယခုအခါတွင် မူ
၏အရည်အချင်းကို အတော်ပင်လေးစားခဲ့ပြီဖြစ်သဖြင့် သူအ
ဉာဏ်ကို မပယ်နိုင်တော့ပေ။

တိပ်ခွေကို စက်ထဲသို့ထည့်မည်ပြုပြီးမှ ရုတ်တရက် အ
တစ်ခုဖြစ်ပေါ်လာခဲ့သည်။ သူသည် ယခုအချိန်အထိ တစ်ပါ
လျှင်တစ်မနက် ကုသိုလ်ဖြစ်ဆေးရုံတွင် သွားရောက်၍ စိတ်
ကုသမှုကို ပြုလုပ်ပေးခဲ့သည်။ ထိုကုသိုလ်ဖြစ်ဆေးရုံမှ သူဝေဒန
ရှင်များကို သူမေ့နေခဲ့သည်။ လူသတ်မှုက သူကိုယ်ပိုင်ဆေးကု
ခန်းတွင်သာ ဖြစ်ပွားခဲ့သဖြင့် ကိုယ်ပိုင်ဆေးကုခန်းတွင် အကုသ

သစ်ဆန်းစာပေ



သူများကို သူစစ်ကြောနေမိခဲ့သည်။ သို့ဖြစ်၍ တိတ်ခွေများ
ရာသို့ထပြန်သွားပြီး ကုသိုလ်ဖြစ်ဆေးရုံတွင် သူကုသနေသူ
ဒနာရှင်များ၏တိပ်ခွေများကို ရွေးထုတ်ခဲ့ပြန်သည်။ထို့နောက်
ပ်ခွေတစ်ခုကိုထည့်၍ ဖွင့်လိုက်သည်။

ရိုး(စ်) ဂရေဟမ်၏ အသံ။

". . . မတော်တဆ ဖြစ်မှုပါရှင်။ နန်စီက သိပ်ငိုတာ။ သူက
ကျိုကျိုငိုတတ်တဲ့ကလေးပဲ။ ဒါကြောင့် ကျွန်မက ရိုက်ပြီး
တာ။ ဒါက သူကောင်းဖို့ပဲမဟုတ်လား ဒေါက်တာ"

"နန်စီဘာပြုလို့ ဒါလောက်ငိုနေရတာလဲဆိုတာ အကြောင်း
ကြည့်ဖူးလား"

ဂျ်ဒ်၏အသံ။

"အား . . ဒါတော့ သူ့အဖေက သူ့ကိုဖျက်ဆီးလာတာပဲ၊
က်ပြီးတော့ ကလေးရော ကျွန်မပါ စွန့်ပစ်သွားတယ်လေ။
ကလဲ သူ့အဖေမှ သူ့အဖေရှင့်။ သူ့အဖေက သူ့ကိုချစ်ရင်
စွန့်ပစ်သွားမလား"

"ခင်ဗျားတို့ ဘယ်လောက်ကြာကြာ ပေါင်းနေခဲ့သလဲ"

"လေးနှစ်"

"ခင်ဗျားယောကျ်ား စွန့်သွားပြီးမှ ဘယ်လောက်အကြာမှာ
ဗျားက နန်စီ့လက်မောင်းကျိုးအောင် ရိုက်ခဲ့တာလဲ"

"တစ်ပါတ်အကြာလို့ ထင်တာပဲ၊ ကျွန်မက ကျိုးစေလို့တဲ့
နဲ့ရိုက်ခဲ့တာ မဟုတ်ပါဘူး၊ ငိုကြောရှည်နေတာ ရပ်သွား
င် တွေ့မိတွေ့ရာဆွဲပြီး ရိုက်လိုက်တာ"

"ခင်ဗျားယောကျ်ားက ကလေးကိုခင်ဗျားထက် ပိုချစ်တယ်
ထင်သလား"

သစ်ဆန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သူက ကျွန်မကိုချစ်တာပါ"

"ဒါဖြင့် သူကဘာပြုလို့ စွန့်ပစ်ထွက်သွားသလဲ"

"ဒါကတော့ သူက ယောကျ်ားကိုးရှင့်၊ ယောကျ်ားဆို ဘယ်လိုအစားလဲဆိုတာ သိမှာပေါ့၊ တိရစ္ဆာန်တွေ . . . ရှင့် ယောကျ်ားအားလုံးပဲ၊ ရှင်တို့တစ်တွေကို ဝက်လို ဝက်သတ်ရုံ အားလုံးသတ်ပစ်ဖို့ ကောင်းတယ်"

နောက် သူမကရှိုက်ကြီးတငင် ငိုနေသံ။

ဂျဒ်က တိပ်ရကော်ဒါကိုပိတ်ပြီး ရိုစ်ဂရေဟမ်အကြော ကို စဉ်းစားတွေးတောနေမိသည်။ သူမကတော့ လူကိုမုန်း နေသူ စိတ်ဝေဒနာရှင်ဖြစ်သည်။ ခြောက်နှစ်ခန့်ရှိ သူမ၏သ ငယ်ကို သေလုမြောပါး နှစ်ကြိမ်တိုင်တိုင် ရိုက်နှက်နှိပ်စက်ခဲ့သူ ဖြစ်သည်။

သို့သော် . . .

ယခုလူသတ်မှုပုံစံများတွင်တော့ အံမဝင်ပါ။

နောက် တိပ်တစ်ခွေကိုထည့်၍ ဖွင့်လိုက်ပြန်သည်။

ဝေဒနာရှင်က အလက်ဇင်ဒါးဖာလွန်။

သူက ပြဇာတ်မင်းသားကို ဓားနှင့်ထိုးရန် အားထုတ် အတွက် ရဲကဖမ်းဆီးခြင်းခံခဲ့ရသူဖြစ်သည်။ သူ၏စိတ္တဇနာ သူ့ကို ဘုရားသခင်က ဤလောကကြီးတွင် ကာမဂုဏ်အာရုံ နှင့် ညစ်ပေနေသူများကို ဆုံးမရန်ခိုင်းသည်ဟူသော အစွဲကပ် သူပင်။ သူ့ကိုယ်သူ အလွန်သန့်စင်သူဟု စွဲမှတ်ပြီး ဇာတ်ခုံပေါ် မင်းသမီးကိုပွေ့ဖက်နမ်းရှုပ်နေသည့် မင်းသားကို ပွဲအပြီးတွင် ဓားနှင့်ထိုးခြင်းဖြစ်သည်။





သူ့ပုံစံကလည်း ယခုဖြစ်ပျက်ခဲ့သော လူသတ်မှုနှင့် မဆီ လျော်ပေ။

အလက်ဇင်ဒါးဖာလွန်သည် သုံးဆယ့်ငါးနှစ်ခန့် ရှိပြီ။ ါင်မုန့်ဖိုတွင် အလုပ်လုပ်ခဲ့သည်။ သူသည် စိတ္တဇဆေးရုံတွင် ြာက်လခန့်နေခဲ့ရသည်။ သူ့ကို ဘုရားသခင်က မိန်းမရှာဖြစ်သူ န်ဆင်၊ ယခင်က ညဥ့်ငှက်မလေးဖြစ်ခဲ့သူ ကာရိုနှင့် ဂုင်းတို့ကို ည့်ရှုကုသနေသူ ဂျဒ်တို့အား သတ်ဖြတ်ရန် အမိန့်ပေးခဲ့ သား။

မဖြစ်နိုင်။ အလက်ဇင်ဒါး၏ စိတ်ကူးအတွေးများက ပြတ် ာင်းပြတ်တောင်းနှင့် အဆက်အစပ်မရှိ။ ယခု လူသတ်မှုများ ဖစ်အစဉ်နှင့် ကျနစွာ ကြံစည်မှုများဖြစ်သည်။

အခြားတိတ်ခွေများကို ဖွင့်ကြည့်သေးသည်။ သို့သော် ှသဲလွန်စရှာမရပေ။ သူကြုံနေရသည့် လူသတ်သမားများက သေချာချာ စီမံပြီးမှ လက်စားချေရန်သတ်ဖို့ ကြံစည်အား ်နေသူများသာဖြစ်သည်။ သူတို့က စနစ်တကျနှင့် သွေးအေး းဖြင့် သတ်မည့်သူများ၊ မရူးသော အရူးကြီးများသာ။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

တယ်လီဖုန်းသံမြည်လာ၍ ကောက်ကိုင်လိုက်သည် အဆောက်အဦတွင်းမှ တယ်လီဖုန်းအော်ပရေတာ၏ အ ကြားရသည်။ သူက သူ၏ဝေဒနာရှင်များကို တယ်လီဖုန်းဆ ရက်ချိန်းဖျက်ခဲ့ရာ 'အန်' ကိုတော့ဖျက်၍မရကြောင်း အကြေ ကြားခြင်းဖြစ်သည်။ သို့ဆိုလျှင် 'အန်' က သူ့ထံသို့လာတော့ ဖြစ်သည်။ သူ့စိတ်အနည်းငယ် ပျော်သလိုလို ခံစားလိုက်မိသ သူမကို သောကြာနေ့တွင်လာခဲ့ပါရန် ဂျဒ်က ဆရာဝန်အနေ ချိန်းဆိုထားခဲ့ခြင်းဖြစ်သည်။

'အန်' က သူ့ထံတွင် အကုအသခံနေသူ ဝေဒနာရှင်တ ဖြစ်ပေမယ့် အန်၏အကြောင်းကို သူမည်မျှလောက် သိထာ သလဲ။ တွေးကြည့်မှ သူဘာမျှ မယ်မယ်ရရ မသိကြောင်း တွေ သည်။ ထို့ကြောင့် အန် ပထမဆုံးအကြိမ် အကုသခံစဉ် အကြောင်းဖြစ်သည့် တိပ်ခွေကိုယူ၍ ပြန်ဖွင့်ကြည့်သည်။

"လဲလျောင်းနေရတာ သက်သောင့်သက်သာ ရှိရဲ့လာ မစ္စ်ဘလိတ်"

"ဟုတ်ကဲ့ . . ကျေးဇူးတင်ပါတယ်"

"ခင်ဗျားက လက်တွေကိုဆုပ်ထားပါကလား"

"ဟုတ်ကဲ့၊ နည်းနည်းစိတ်တင်းမာနေသေးတယ်ထင်ပါရဲ့"

"ဘာအတွက်ကြောင့်လဲ"

အတန်ကြာအောင် ဆိတ်ငြိမ်နေသည်။

"ကဲ . . ခင်ဗျားရဲ့အိမ်ထောင်အကြောင်းပြောပါ။ ခင်ဗျာ





ထောင်ကျခဲ့တာ ခြောက်လရှိပြီ ဟုတ်သလား"

"ဟုတ်ပါတယ်"

"ကဲ . . ဆက်ပြောပါ"

"ကျွန်မက အလွန်တော်တဲ့ယောကျ်ားတစ်ဦးနဲ့ လက်ထပ် ပါတယ်။ ကျွန်မတို့ လှပတဲ့အိမ်မှာ နေကြတယ်"

"ဘယ်လိုအိမ်လဲ"

"ပြင်သစ်တောကျေးလက် အိမ်ပုံစံမျိုးဖြစ်ပါတယ်၊ လမ်းမ နေပြီး ကျွန်မတို့အိမ်ကိုသွားရာလမ်းက ခပ်ရှည်ရှည်နဲ့ ကွေ့ ပြီးသွားတယ်၊ အိမ်အမိုးအထက်မှာ အမြီးမရှိတဲ့ ငှက်တစ် ာင် အသိုက်လုပ်နေတယ်၊ အိမ်ခြံက ငါးဧကလောက် ကျယ်ပြီး ပင်ကြီးတွေနဲ့ အုပ်ဆိုင်းနေတယ်"

"ခင်ဗျား ကျေးလက်တောရွာမှာနေရတာ နှစ်သက်သလား"

"ဟုတ်ကဲ့"

"ကျွန်မယောကျ်ားက ကျွန်မကိုမြတ်နိုးပါတယ်၊ နောက်ပြီး ရောပါတယ်"

"ကဲ . . သူ့အကြောင်း ပြောပြစမ်းပါ"

သူမက တိတ်ဆိတ်နေပြန်သည်။ ဂျဒ်ကဆက်၍မေးသံ လာသည်။

"သူက ရုပ်ရည်ချောမောသူလား"

"ဟုတ်ပါတယ်၊ အန်ထော်နီက တကယ့်ကိုချောမောတဲ့ တစ်ယောက်ပါ"

"ခင်ဗျားတို့ လင်ခန်းမယားခန်းကော ပြေပြေပြစ်ပြစ်ရှိရဲ့လား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား စာလေးလိုချင်သလား"

"ဟုတ်ကဲ့"

"ခင်ဗျားယောကျ်ားကကော"

"သူကလဲလိုချင်ပါတယ်"

ခေတ္တမျှတိတ်ဆိတ်နေကြသည်။

"မစ္စဘာလိတ်၊ ခင်ဗျားအရေးတကြီး စိတ်မာတ်ပြဿ ဖြစ်နေလို့ ကျုပ်ဆီကိုလာပြီး အကူသခံယူတယ်လို့ ပြောတ ဒီပြဿနာက ခင်ဗျားယောကျ်ားနဲ့ ပတ်သက်နေသလား"

ဘာသံမျှ မပေါ်လာ။ အတန်ကြာအောင် တိတ်ဆိတ် သည်။

"ကောင်းပြီ၊ ကျုပ်အနေနဲ့ ခင်ဗျားယောကျ်ားနဲ့ ဆက်စပ် ပြဿနာလို့ ယူဆပါတယ်၊ ခင်ဗျားပြောဆိုချက်တွေကို ကြည့် ခင်ဗျားတို့နှစ်ဦးဟာ တစ်ဦးကိုတစ်ဦး ချစ်ကြတယ်၊ လှပတဲ့ မှာ နေကြတယ်၊ ခင်ဗျားယောကျ်ားဟာ အောင်မြင်ပြီး ရုပ် ချောမောသူဖြစ်လျက်နဲ့ ခင်ဗျားကို အလွန်အလိုလိုက်တ ခင်ဗျားတို့လက်ထပ်တာကလဲ ခြောက်လပဲရှိနေသေးတယ်၊ ကဲ ဒါဖြင့် ဘယ်မှာလဲ ပြဿနာ"

အတန်ကြာအောင်ပင် စကားပြန်မရ။ တိတ်ဆိတ်နေသ နောက်ဆုံးကျမှ အန်၏အသံကို ကြားရသည်။

"ဒီအကြောင်းပြောရမှာ ခက် . . ခက်နေပါတယ်။ ကျ က သူစိမ်းတစ်ဦးနဲ့ ဒီပြဿနာတွေကို ဆွေးနွေးနိုင်မယ်လို့ မှတ်ခဲ့တယ်၊ ဒါပေမဲ့ တော်တော်ခဲယဉ်း ခက်ခဲနေတယ်ရှင့်၊ ကျ က အမှတ်တမဲ့ကြားလိုက်ရတဲ့ ပြောစကားတစ်ခုကြောင့်ပဲ၊ ကျ





မစဉ်းစားမဆင်ခြင်ဘဲနဲ့ အတွေးပေါက်သွားသလား မသိ ရှင်"

"ခင်ဗျားယောကျ်ားနဲ့ ပတ်သက်တဲ့ ကိစ္စလား။ မိန်းမကိစ္စလား"

"မဟုတ်ပါဘူး"

"သူ့အလုပ်နဲ့ ပတ်သက်သလား"

"ဟုတ်ပါတယ်"

"ခင်ဗျားက သူ့လုပ်ငန်းမှာ မရိုးမဖြောင့်လုပ်နေတယ်၊ အခြား ကို မတရားအနိုင်ယူလိုက်တယ်ဆိုတာမျိုးလား"

"အဲဒီသဘောပါပဲ"

"ဒါကြောင့် သူ့အပေါ် ယုံကြည်ကိုးစားမှုဟာ ယိုင်သွားပြီး ျားတစ်ခါမှ မတွေ့မမြင် မသိတဲ့သူရဲ့စရိုက်တစ်ခုကို သိမြင် ရတယ်မဟုတ်လား"

"ကျွန်မ . . ကျွန်မ ဒါကိုမဆွေးနွေးနိုင်ဘူး၊ ကျွန်မ ဒီကို တာကကိုပဲ သူ့အပေါ် သစ္စာမရှိရာရောက်နေတယ်၊ ဒီနေ့အဖို့ မကို ဘာမှမမေးပါနဲ့တော့ရှင်"

ဤသို့ဖြင့် ကုသမှုစခန်း ရပ်လိုက်သည်။ ဂျဒ်က ရကော်ဒါ ရပ်လိုက်သည်။

သို့ဖြစ်လျှင် 'အန်' ၏ယောကျ်ားသည် စီးပွားရေးကိစ္စတွင် မဖြောင့် လုပ်ခဲ့သည်။ အခွန်တော် စည်းကြပ်မှုကို ရှောင်ကွင်း ည်။ သို့မဟုတ် တစ်ဦးတစ်ယောက်ကို စီးပွားပျက်လောက် င် လှည့်ဖျားလုပ်ဆောင်ခဲ့သည်လော။ 'အန်' က ဤသို့ မဖြောင့် ကြံစည်လုပ်ကိုင်မှုများကို နှစ်မြို့နိုင်မည့်သူမဟုတ်။ ယောကျ်ားအပေါ် ယုံကြည်မှုက ယိမ်းယိုင်နေပြီလော။



www.burmeseclassic.com

www.burmeseclassic.com



ဂျဒ်က အန်၏ယောက်ျားအကြောင်းကို တွေးလိုက်မိသ
သူ့ကို လူသတ်မှုများတွင် သက်မကင်းဖြစ်စရာ သူတစ်ယော
အဖြစ် စိစစ်ကြည့်ပြန်တော့ အလွန်ဆက်စပ်မှု ကင်းနေသည်
မြင်နိုင်သည်။ သူက ဆောက်လုပ်ရေး လုပ်ငန်းကြီးပိုင်ရှင်တ
ဖြစ်သည်။ သူ့တွင် စီးပွားရေးပြဿနာများရှိလျက် မရိုးမ
စိတ်ဖြင့် ဖြေရှင်းချင်ရှင်းပေမည်။ သို့သော် ဟန်ဆင်နှင့် ကာ
ကိုသတ်ဖြတ်သည်အထိတော့စိတ်ကူးကိုဆန့်ထုတ်ကြည့်၍မ

သို့ဖြစ်လျှင် 'အန်' ကကော။

သူမသည် စိတ်ရောဂါဆန်သူတစ်ဦးဖြစ်သလော။ လူသ
မှု ကျူးလွန်စိတ် ကိန်းအောင်းနေနိုင်သလော။ ဂျဒ်က အန်
အကြောင်းကို စေ့စုံလင်စွာမသိရ။ သူမပြောပြသမျှသာ
သည်။ သူမအပြောအတိုင်း သူ့ဘဝ ဇာတ်လမ်းကကော
ကြီးသည့်ဇာတ်ကွက်မဖြစ်နိုင်သလော။ သို့ပေမယ့် ဤသို့ဇာ
ကွက်ဆင်ပြောနေခြင်းဖြင့် သူမမှာ ဘာအကျိုးရှိပါသလဲ။
ရည်ရွယ်ချက်ရှိပါသလဲ။ ဒါတွေကိုလည်း သူမမဖြေနိုင်။

ဂျဒ်သည် နေရာမှထကာ တီရီဝပ်ရှ်ဆန်း၏ တိပ်ခွေကို ယူ
ရကော်ဒါတွင်ထည့်၍ ဖွင့်လိုက်ပြန်သည်။

"ကဲ တီရီ . . . ခင်ဗျားရဲ့အိမ်ထောင်ရေးအကြောင်း
ပြောကြရအောင်လား . . . ခင်ဗျားက အိမ်ထောင်ပြုတာ
ကြိမ်ရှိပြီ မဟုတ်လား"

ဂျဒ်၏အသံပေါ်လာသည်။

"ခြောက်ကြိမ်ပါရှင့်၊ ဘယ်သူက ရေတွက်ထားမှာလဲ"

"ခင်ဗျားယောက်ျားအပေါ်မှာ သစ္စာရှိရဲ့လား"





ကျယ်လောင်စွာ ရယ်သံထွက်လာသည်။

"ကျွန်မကို ကျေနပ်နှစ်သိမ့်မှု ပေးနိုင်တဲ့ယောက်ျား မတွေ့
ပါဘူး"

"ခင်ဗျားတစ်စုံတစ်ယောက်ကို မေတ္တာထားပြီး ချစ်ဖူးသလား"

"ရှင့်ကိုတော့ မေတ္တာနဲ့ချစ်နိုင်မယ်ထင်တယ်"

တိတ်ဆိတ်သွားပြန်သည်။

ဂျဒ်သည် ရကော်ဒါကို ပိတ်လိုက်သည်။

တီရီသည် အချစ်တော်၍ တဏှာ၏ကျေးကျွန်ဘဝကို ရမ်းဆ
ေးရှူးထိုး တိုးဝင်နေသူဖြစ်၏။ သူမ၏ ပြဿနာက မေတ္တာ
ရာ မေတ္တာကိန်းအောင်းရာသို့ မသွား။ ညွှန်ဗွက်ကို တိုးနေ
ဖြစ်သည့်အတွက် သူမ၏ဘဝသည် ပြိုကွဲပျက်ယွင်းနေခြင်း
သည်။

တစ်ကြိမ်က သူမ၏ရုပ်ရှင်မင်းသမီးဘဝအဖြစ်ကို ဆွေး
ရာတွင် ဂျဒ်က ဘာပြု၍ ဟောလီဝုဒ်ကို စွန့်ခွာခဲ့ရသည့်
ကြောင်းကို မေးမြန်းကြည့်သည်။

"ဧည့်ခံပွဲတစ်ခုမှာ ဧည့်သည်တစ်ဦးက မူးနေပြီး ကျွန်မကို
လို့ ကျွန်မက ပါးရိုက်ခဲ့တယ်လေ၊ အဲဒီလူက ဟောလီဝုဒ်မှာ
ကြီးပုဂ္ဂိုလ်ကြီး ဖြစ်နေပါလေရော၊ သူက ကျွန်မကို ဟော
က ကန်ထုတ်လိုက်တာပေါ့"

ဂျဒ်က သူမပြောစကားကိုပဲ လက်ခံခဲ့ပြီးဆက်၍ စုံစမ်းမ
မိခဲ့ပေ။ သူ့အနေဖြင့် ဟောလီဝုဒ်ကို စိတ်ဝင်စားခဲ့သ
ခဲ့။ ယခုမှသာမူ သူမ၏ပြောစကားသည် မှန် မမှန် ဆက်
စုံစမ်းသင့်သည်ဟု သဘောရသည်။ ထိုအခါမှ 'ဒိုရာ' ကို



www.burmeseclassic.com

www.burmeseclassic.com



သတိရလိုက်သည်။ နီရာက ဟောလီဝုဒ်နှင့် ပတ်သက်လာ
ပါရဂူတစ်ယောက်မဟုတ်ပါလား။ သူမထံမှာ ဟောလီဝုဒ်
ပတ်သက်သည့် သတင်းစာ၊ မဂ္ဂဇင်းစာအုပ်များ ပုံနေသ
ဝါသနာကလည်း ကြီးလှသည်။

နီရာကိုလှမ်း၍ တယ်လီဖုန်းဆက်လိုက်သည်။ တစ်ဘ
နီရာ့အသံ ကြားရ၏။

"ဟဲလို . . နီရာ . . ဂျဒ်ပါ"

ဟုသူကပြောလိုက်၏။

"ဂျဒ် . . ညစာစားပွဲလာမယ်လို့ ပြောချင်လို့ တယ်လီ
ဆက်တာလား"

"မကြာခင်တော့ လာမှာပေါ့ နီရာရယ်"

"မြန်မြန်လာပါရှင်၊ ကျွန်မက 'အင်ဂရစ်'ကို ရှင်လာမ
ပြောထားပြီးပြီ၊ အင်ဂရစ်ကတကယ်လှတဲ့ဆွိဒင်သူကလေးရှ

"ဒီတစ်ခါ တကယ်လာမှာပါ"

"ရှင်တို့ အရေးကိစ္စတွေအားလုံး ပြီးကုန်ပလား"

"အေး . . အေး"

"ဂျဒ်ရေ . . ခရစ္စမတ်ပွဲနီးလာပြီ၊ ပီတာနဲ့ ကျွန်မက
ကျွန်မတို့နဲ့အတူတူ ပွဲတော်မှာလာပြီးပျော်စေချင်တယ်၊ လ
နော်"

ခရစ္စမတ်ပွဲတော်အကြောင်း ကြားရလျှင်ပင် ရင်ထဲ၌
ကြပ်လျက် နာကျည်းစိတ်များပေါ်လာမိသည်။ နှစ်စဉ်ပင်
သို့ဂျဒ်နှင့်ပီတာတို့ အခြေအတင်ပြောဆိုခဲ့ရသည်။ ပီတာနှင့်
တို့က သူ၏ရင်းနှီးသည့်မိတ်ဆွေသူငယ်ချင်းများ ဖြစ်သည်။





ပွဲတော်တွင် ဂျဒ်သည် တစ်ယောက်ထီးတည်း လူစိမ်း သူစိမ်း
ကြားတွင် လျှောက်သွားနေသည်ကို မလိုလားပေ။ ဂျဒ်က
ကအဖြစ်သနစ်ကို ပြန်လည်စဉ်းစားမိမှာ စိုးရိမ်၍ တစိမ်း
စာများကြားတွင် မောဟိုက်နွမ်းလျသွားအောင် ခြေဦး
ည့်ရာ လျှောက်နေခြင်းဖြစ်သည်ကို သူတို့နားလည်ကြသည်။

"ဂျဒ်"

"ဝမ်းနည်းပါတယ် နီရာရယ်၊ နောက် ခရစ္စမတ်ဆို မင်းတို့နဲ့
ပျော်ပါးပါး ဆင်နွှဲနိုင်ပါလိမ့်မယ်"

"အေးလေ၊ ကျွန်မ ပီတာကို ပြောလိုက်ပါ့မယ်"

နီရာက စိတ်လက်ပျက်သွားဟန်ရှိလေသည်။

"ကျေးဇူးတင်ပါတယ်၊ ဩော် . . ဒါနဲ့နီရာ . . တီရီ ဝပ်ရှ်ဆန်း
ည်သလား"

"တီရီဝပ်ရှ်ဆန်းလား၊ ရုပ်ရှင်မင်းသမီး၊ ဘာပြုလို့ မေး
ယ်"

"ဩော် . . အဲဒီမနက် သူ့ကိုမေဒစ်ဆင်ရိပ်သာလမ်းမှာ
လိုက်လို့"

"သူ့ကိုတွေ့ခဲ့တယ် ဟုတ်လား၊ သူက ရုပ် ဘယ့်နှယ့်နေ
ပဲ အိုလာပြီလား၊ အရွယ်ရှိတုန်းပဲလား"

နီရာက အလွန်စိတ်ဝင်စားပုံရသည်။

"တီရီကတော့ ရုပ်မပျက်ဘူး၊ လှပတုန်းပဲ၊ သူမက အရင်က
နိုထင်ပေါ်ကျော်ကြားတဲ့ မင်းသမီးမဟုတ်လား"

"ဟုတ်တယ်ရှင့်၊ ဟိုးလေး တကျော်ကျော်ဖြစ်တဲ့ မင်းသမီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူမက ဒါလောက်နာမည်ကျော်နေတာ ဘာပြုလို့ ဓ လိဝ္ဒ်ကို စွန့်ခွာလာရသလဲ"

"စွန့်ခွာလာတာ မဟုတ်ဘူး၊ ဟောလိဝုဒ်က ကန်ထုတ် တာရှင့်၊ အဲဒီတုန်းက ဟောလိဝုဒ်မှာ အုတ်အုတ်ကျက်ကျ ဖြစ်ခဲ့တာပေါ့ရှင်"

"ဟုတ်လား၊ ဘာဖြစ်ခဲ့လို့လဲ"

"လူအသက်ကို သတ်ခဲ့လို့ပေါ့"

❖❖❖





## အခန်း (၁၂)

နိုရာထံမှ ကြားသိလိုက်ရသည့်အတိုင်းဆိုပါက တီရီသည် သတ်ခဲ့သူတစ်ဦးဖြစ်နေသည်။ ဤအကြောင်းနှင့်ပတ်သက်ပြီး ...က တစ်လုံးတစ်ပါဒမျှ မဟာခဲ့။ သူမက တစ်ကြိမ်သတ်ခဲ့ဖူး ... . . .

...ဒ်သည် မှတ်စုစာအုပ်ကို ကောက်ယူလိုက်ပြီး တီရီဝပ်ရှဆန်း ... ခရေးထည့်ထား...က်...သည်။

သူ၏ဦးခေါင်းထဲ၌ အတွေးများ စီရရီဝင်လာသည်။ ထို ...က်မှာပင် တယ်လီ...ုန်းကမြည်လာသည်။ ကောက်ယူနား ...င်လိုက်ရာ တစ်...က်မှ . . .

"ဒေါက်တာစတီဗင်"

ဟု ခေါ်သံကြားရသည်။ အင်္ဂလိပ်လီ၏အသံဖြစ်သည်။

"ဒေါက်တာစတီဗင် . . ခင်ဗျားအရေးကိစ္စ ဘာမှမဖြစ်ဘူး ...တာ သိချင်လို့ တယ်လီဖုန်းဆက်တာပါ"

သူ့အသံက အအေးမိထားသူ၏အသံအတိုင်း ကွဲအက်နေ ...ည်။

"ဘာမှမဖြစ်ပါဘူး"

"ဘာတွေများ ထူးခြားသလဲဗျ"

...ဒ်က 'ခေတ္တမျှ တုံ့ဆိုင်းနေသေးသည်။ သူကြုံခဲ့ရသည့် ...ထောင်ခြင်းခံလိုက်ရသည့်ကိစ္စကို သိဝှက်ထား၍ အကြောင်း ...ည်မဟုတ်ဟု သူကတွေးလိုက်သည်။

"သူတို့တစ်ကြိမ် ကျုပ်အသက်ကို ကြံကြသေးတယ်။ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှာ ဗုံးထောင်ထားခဲ့တယ်ဗျာ။ ကံအားလျော်စွာ မူးဒီက တင်ကြိုစစ်ဆေးခဲ့လို့ သိရတာပေါ့။ ဒီအကြောင်း မက်ဂရ [illegible] သိရရင်တော့ ကျုပ်ပြောခဲ့တဲ့အကြောင်းတွေကို ယုံလောက်ပြီပေ [illegible]

"ဗုံးက ခုဘယ်မှာလဲ"

အင်ဂျယ်လီ၏အသံက လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။ [illegible] က ရုတ်တရက် ပြန်မပြောသေး။

"ဗုံးကိုဖြုတ်ထားလိုက်ပါပြီ"

"ဘာဗျ . . ဘယ်သူက ဖြုတ်ပစ်လိုက်တာလဲ"

"မူးဒီလေ . . ဒါက သိပ်အရေးမကြီးလို့ သူကပြောတယ် [illegible]"

"အရေးမကြီးဘူး ဟုတ်လား၊ ဒါဖြင့် ရဲအဖွဲ့ကြီးကို ဘာ [illegible] အတွက်ဖွဲ့စည်းထားရတော့မှာလဲ၊ ကျုပ်တို့ စစ်ဆေးကြည့်ရင် [illegible] ဘယ်သူထောင်ထားလဲဆိုတာ ပြောနိုင်မှာပဲ၊ ကျုပ်တို့ ရဲအဖွဲ့ [illegible] အမ်၊ အိုင်၊ ဖိုင်တွဲရှိတယ်"

"အမ်၊ အို ဟုတ်လား"

"ဒါက အတိုကောက်ပြောတာ၊ အရှည်က လူဆိုးတွေရဲ့ ရာဇဝတ်မှု ကျူးလွန်ပုံ ကျူးလွန်နည်းတွေဗျာ၊ သူတို့ဟာ တ [illegible] ယောက်နဲ့တစ်ယောက် ရာဇဝတ်မှုကျူးလွန်တဲ့ပုံစံ မတူကြဘူး [illegible] နောက်ပြီး လူဆိုးတွေဟာ ရာဇဝတ်မှုကို ကျူးလွန်ပုံ ဟန်ပ [illegible] တစ်မျိုးထဲရှိတယ်"

"ဩော် . . ဟုတ်ပါတယ်"

ဂျဒ်ကလည်း သူတို့၏အလေ့အကျင့်ကို နားလည်ပါသည် [illegible] မူးဒီက သာ၍ပင် နားလည်ပေဦးမည်။ သို့ပေမယ့် မူးဒီအနေဖြင့် ဗုံးကို ရဲအားမပြလိုသည့်အကြောင်း ရှိပေလိမ့်မည်။





"ဒေါက်တာစတီဗင် . . ခင်ဗျားမူးဒီကို ဘယ်မှာတွေ့ပြီး [illegible] ယ်သူက ထောက်ခံလို့ ငှားရတာလဲ"

"ကျုပ်က မန်ဟက်တန် တယ်လီဖုန်းအညွှန်းစာအုပ် ဟောင်း [illegible] ဲထဲ လှန်ကြည့်ပြီး တွေ့တဲ့အတွက် စုံထောက်ကို ငှားလိုက် [illegible] တာပဲ"

"အို . . ဒါဖြင့် ခင်ဗျားသူ့အကြောင်း ဘာမှမသိဘဲနဲ့ အရမ်း [illegible] ပ်လိုက်တာပဲ"

"ဟုတ်တယ်၊ ဒါပေမဲ့ ကျုပ် သူ့ကိုယုံကြည်ပါတယ်။ ဘာပြု [illegible] လဲ"

"ခုအချိန်မှာ ခင်ဗျားဘယ်သူ့ကိုမှ မယုံကြည်နဲ့ဗျ"

"ဒါပေမဲ့ မူးဒီက လူသတ်မှုအတွဲထဲမှာတော့ ဘယ်လိုမှ [illegible] ဆက်အသွယ်ရှိမှာ မဟုတ်ပါဘူးဗျာ၊ ကျုပ်ကလဲ တယ်လီဖုန်း [illegible] မ်းညွှန်စာအုပ်ကိုလှန်ပြီး တွေ့တဲ့အလွတ်စုံထောက်ကို ငှားရမ်း [illegible] တယ်"

"ခင်ဗျားက ဘယ်ကတွေ့တွေ့ . . ကျုပ်ကတော့ သင်္ကာ [illegible] မကင်းဘူး၊ မူးဒီက ခင်ဗျားကိုသတ်မယ့်လူကို အမိဖမ်းဖို့ [illegible] ထောင်ချောက်ထောင်တယ်လို့ဆိုတယ်၊ ဒါပေမဲ့ ထောင်ချောက် [illegible] မချလိုက်သေးဘူး၊ ကျုပ်တို့က အရေးမယူနိုင်အောင်ပေါ့၊ [illegible] ာက် ခင်ဗျားကားသဲက ဗုံးတစ်လုံးကိုပြလိုက်တယ်၊ ဒါ သူကိုယ် [illegible] င်ထည့်ထားတာပေါ့၊ ခင်ဗျားက သူ့ကိုယုံကြည်သွားအောင် [illegible] တွက်ဆင်တာပေါ့၊ မဟုတ်ဘူးလား"

"အင်း . . အဲဒီလိုတွေးကြည့်ရင်လဲ ရတာပေါ့"

"အေးလေ၊ ခင်ဗျားမိတ်ဆွေ မူးဒီက လူကောင်းဖြစ်ချင်လဲ



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်မယ်၊ ဒါမှမဟုတ် ခင်ဗျားကိုထောင်ဖမ်းမယ့်သူ ဖြစ်ချင်
ဖြစ်မယ်၊ ဒါပေမဲ့ ကျုပ်တို့စုံစမ်းစစ်ဆေးနေစဉ်မှာတော့ သ
ဝီရိယနဲ့နေပါ"

"ကျုပ် ဘာလုပ်ရမလဲဟင်"

"ခင်ဗျား ဒီမြို့က ခဏဖြစ်ဖြစ် ခွာသွားပါလား"

"မဖြစ်ဘူး၊ ကျုပ်ဝေဒနာသည်တွေကို ပစ်ထားလို့ မရဘူး"

"ဒေါက်တာ စတီဗင်"

"နောက်ပြီး . . ကျုပ်ဒီမြို့ ထွက်ခွာသွားလို့ကော ဘာ
အကြောင်းထူးမှာလဲ၊ ကျုပ်ကိုယ်တိုင် ဘာကိုရှောင်ပြေးနေ
သလဲမှ မသိ၊ ကျုပ်ပြန်လာတော့ တစ်ခါ ဒီအတိုင်း ဒီအခြေ
အနေမှာပဲ ရှိနေဦးမှာပဲ မဟုတ်လား"

ခေတ္တမျှ တိတ်ဆိတ်နေသည်။ တစ်ဘက်မှ အင်ဂျယ်လီ
သက်ပြင်းချသံကို ကြားလိုက်ရသည်။

"ခင်ဗျားပြောတာလဲ မှန်ပါတယ်လေ၊ မူးဒီထံက နော
သတင်း ဘယ်တော့လောက်ရမှာလဲ"

"မသိသေးဘူး၊ ဒါပေမဲ့ သူကဒီကိစ္စတွေကို နောက်
ကြီးကိုင်ဦးစီးနေတဲ့ လူကိုတော့ ခန့်မှန်းနိုင်ပြီလို့ ပြောတယ်"

"ဒီမှာဒေါက်တာ၊ ဒီလူသတ်မှုတွေကို ဦးစီးနေတဲ့လူ
ခင်ဗျား မူးဒီကိုပေးတဲ့ငွေထက် အများကြီးပိုပေးနိုင်တယ်ဆို
စဉ်းစားမိရဲ့လား၊ တကယ်လို့ သူ့ကိုလာတွေ့ဖို့ခေါ်ရင် ကျုပ်
ခေါ်ပါ၊ ဘယ်တော့မှ မူးဒီနဲ့ တစ်ယောက်ထဲသွားမတွေ့လေ

"ခင်ဗျားကလဲ ဘာအထောက်အထား အကြောင်းအချ
မှမရှိဘဲနဲ့ အမှုတစ်ခုလုပ်နေတာကိုး၊ မူးဒီက ကျုပ်ကားထဲ



တစ်လုံးဖြုတ်ပေးတာနဲ့များ"

"ခင်ဗျားသိတာထက်ပိုပြီး ကျုပ်ကသိနေပါတယ်။ ဘာပြော
ပြော ကျုပ်စိတ်ထဲမှာတော့ ခင်ဗျားဟာ လူမှားပြီး မိတ်ဆွေ
ဖွဲ့ထားပြီလို့ ထင်နေတယ်"

"ကောင်းပါပြီလေ၊ သူ့ဆီက သတင်းရရင် ခင်ဗျားဆီ
ချက်ချင်း ဆက်ပြောလိုက်မယ်"

ဂျဒ်သည် စိတ်ဓာတ်ကျဆင်းသွားခဲ့ရပြန်ပြီ။ အင်ဂျယ်လီ
ပဲ အလွန်အမင်းမယုံသင့်ဘဲ ဖြစ်နေသလား။ သို့မဟုတ် မူးဒီ
သင် တစ်ဘက်မှ ငွေကြေးပိုမိုရ၍ သူ့လူငါးဘက်သား လုပ်၍
သူ့ကိုထောင်ဖမ်းနေပြီလား။

သူ မတွေးတတ်တော့ပြီ။

အင်ဂျယ်လီ တွေးသကဲ့သို့ သူ့ကိုအယုံသွင်းလိုသည့် သဘော
သူ့ကားထဲတွင် မူးဒီကိုယ်တိုင် ဗုံးကိုထည့်ပြီးမှ သူ့ကို ပြခြင်း
လော။

ဤသို့ဖြစ်လျှင် နောက်တစ်ကြိမ်တွင် မူးဒီကအရေးတကြီး
ပြောစရာရှိ၍ လာပါဟုတစ်နေရာရာသို့ချိန်းကာ သူ့ကိုအေး
ဆေးဆေး အစဖျောက်လိုက်နိုင်သည်။ ဂျဒ်သည် ကျောချမ်း
မိသည်။ မူးဒီကို ပထမဆုံးအကြိမ် တွေ့လိုက်ရစဉ်က သူ့ကို
ထိုင်းထိုင်းကြီးဟု မှတ်ထင်ခဲ့ရာ နောင်တွင်အလွန်ဉာဏ်
မြက်၍ စိတ်ကူးကောင်းသည်ကို တွေ့ခဲ့ရ၏။ ဒါပေမဲ့ ဤ
ချက်ကြောင့် သူ့ကိုယုံကြည်ကိုးစားရမည်လော။ သူသည် စိတ်
ဝေခွဲ၍မရ ဖြစ်ရပြန်သည်။

ထိုအခိုက် တံခါးဖွင့်သံကြားရ၍ကြည့်လိုက်ရာ အန ကိုမြင်


www.burmeseclassic.com

www.burmeseclassic.com



လိုက်ရသဖြင့် စိတ်တက်ကြွ ကြည်နူးသွားတော့၏။ အန်ထ တံခါးဝ၌ ရပ်နေသည်။ ဝတ်စားဆင်ယင်ထားပုံက ရိုးရိုးရှင်း ယဥ်နေသည်။ သူမကိုကြည့်ရသည်မှာ တစ်စုံတစ်ခုကို စဥ်းစား နေသည့်ပုံ ဟန်ပန်ပင်ဖြစ်သည်။ ဂျဒ်က အတန်ကြာ အန်ကို လေ့လာ၍ ကြည့်နေမိသေးသည်။ နောက်မှ နေရာမှထကာ ခရီးဦးကြိုပြုသည်။

"ဟဲလို . . အန် . . လာအထဲကို"

အန်က အခန်းထဲသို့ဝင်လာခဲ့ပြီး ဂျဒ်ကိုငဲ့၍ကြည့်လိုက် ရင်းမေးသည်။

"သူတို့ရှင့်ကို တိုက်ပြေးတဲ့ကားမောင်းသမားကို ဖမ်းမိပြ ပြီလား"

သူမက ဂျဒ်အတွက် စိုးရိမ်ပူပန်သည့်လေသံဖြစ်သည်။

သူမ၏မျက်နှာတွင်လည်း ဂျဒ်အတွက် သောကဖြစ်နေ သည့် အရိပ်အယောင် တွေ့ရသည်။

ဂျဒ်က သူ့စိတ်ထဲတွင် ခံစားနေရသမျှကို အံထုတ်လိုက် လိုသော အာသီသပေါ်လာခဲ့ပြန်သည်။ သို့သော် သူ့အခြေအနေထ ဤသို့ပြောပြလိုက်၍ မဖြစ်ပါ။

သူ့အနေဖြင့် ဒုက္ခသုခများ ခံစားရသမျှကို ပြောပြလိုက် ခြင်းဖြင့် သူမ၏စာနာမှုကို ရယူမိလျှင် အပေါစားပရိယာယ် ဖြ နိုင်သည်။

ပြီးနောက် သူမ၏ကြင်နာသနားစိတ်ကို နှိုးဆွပြီး သူ့တို့ တွင်ပါဝင်လာပါက သူမမှာအန္တရာယ်ဖြစ်နိုင်သည်။ သို့ဖြစ်၍ သူ့ဆန္ဒကို မျိုသိပ်လိုက်ရ၏။

**သစ်ဆန်းစာပေ**



"ဟဲ . . ထိုင်ပါဦး၊ ကားသမားလဲ မမိသေးပါဘူး"

အန်က သူ့မျက်နှာကိုကြည့်၍ အကဲခတ်နေသည်။

"ဆရာ့ကြည့်ရတာက ပင်ပမ်းနွမ်းနယ်နေပုံရပါတယ်။ ဘာ ...လို့ ချက်ချင်းအလုပ်ပြန်စနေရတာလဲရှင်"

"ကျုပ် နေထိုင်လို့ကောင်းပါတယ်၊ ဒီနေ့အဖို့လဲ ရက်ချိန်း တွေဖျက်ခဲ့တယ်၊ အန်ကို တယ်လီဖုန်းနဲ့ဆက်လို့မရလို့သာ"

"ကြော် . . ဒါဖြင့်ရင် ကျွန်မက နှောက်ယှက်မိနေသလား ...ှင် ဒါဖြင့်ရင် . . ."

"အို မဟုတ်တာ၊ အန်လာတဲ့အတွက် ကျုပ်ကပိုပြီး ဝမ်းသာ ...ပါတယ်၊ အန် နေထိုင်ကောင်းရဲ့လား"

"ကျွန်မကတော့ နဲနဲစိတ်တွေ ရှုတ်ထွေးနေတာတစ်ခုပါ"

သူမက ဂျဒ်ကိုငေးကြည့်နေသည်။ သူမ၏အကြည့်က ရိုးရိုး ...န်းတန်း ဟုတ်မည်မထင်ဟု ဂျဒ်ကတွေးလိုက်သည်။

သူမ၏အကြည့်က တမ်းတနေသည့်အမိပ္ပါယ်လား။

သူ့ကို မေတ္တာစိတ်များ ယိုဖိတ်နေပုံပဲလား။

အို . . ဒါက သူ့စိတ်ထဲမှာဖြစ်ပေါ်နေတဲ့ စိတ်သဘော ...ားများကို အန်၏စိတ်သဘောထားအဖြစ် မြင်တာဖြစ်မှာပါဟု ...ဒ်က တွေးလိုက်ပြန်သည်။

"ခင်ဗျား ဘယ်တော့ ဥရောပကို ခရီးထွက်မှာလဲ"

"ခရစ္စမတ်နေ့မှာ၊ ဒါ ကျွန်မတို့ရဲ့ ဒုတိယ ပျားရည်ဆမ်း ...ိုးပေါ့"

ဒါပေမဲ့ သူမ၏အမူအရာမှာ အေးစက်စက်။ စိတ်တက်ကြွ ...င်မြူးသည့်လက္ခဏာ တစ်ခုမျှမပါသည်ကို သတိပြုမိလိုက် ...သည်။

**သစ်ဆန်းစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဂျဒ်က သူမကိုစေ့စေ့ကြည့်၍ အကဲခတ်နေသည်။ သူ ဟန်ပန်၊ အမူအရာက လင်ယောကျ်ားကိုချစ်ပြီး ဒုတိယ ပျားရည် ဆမ်းခရီးထွက်တော့မည့်ဇနီးသည်နှင့် အသွင်အားဖြင့် လုံးဝမတူ ပါ။ နောင်တစိတ်၊ ညှိုးငယ်စိတ်များဖြစ်နေသည်လား။

"တိုမှာ ဘယ်လောက်ကြာမှာလဲ"

"ကျွန်မလဲ အသေအချာမပြောနိုင်ပါဘူးရှင်၊ အန်ထော ရဲ့အစီအစဉ်တွေက တိတိကျကျမရှိသေးပါဘူး"

"ဩော် . . ဒါနဲ့မစ္စဘလိတ်"

"ရှင်"

"ခင်ဗျား ကျုပ်ဆီကို ဒီနေ့ပြန်လာဖို့ကို ကျုပ်ကညာက်ဆ လိုက်တာပါ၊ တကယ်တော့ ခင်ဗျားပြန်လာဖို့ မလိုအပ်တော့ ဘူး၊ ကျုပ်က ခင်ဗျားကို ခရီးမထွက်ခင် တွေ့ပြီး နှုတ်ဆက်ချ လို့ပါ"

"ကျွန်မသိပါတယ်၊ ကျွန်မကလဲ မသွားခင်မှာ ဆရာ တွေ့ပြီး နှုတ်ဆက်ချင်သေးလို့၊ ကဲ နှုတ်ဆက်ပြီးလို့ သွားတော့ မယ်နော်"

ဂျဒ်ရင်ထဲတွင် တနုံ့နုံ့ဖြစ်သွားရသည်။ အန်ကို ငေးကြည လျက် ရင်ထဲတွင်ရှိသမျှအားလုံး ဖွင့်ပြောပြီး သူမကို ရင်ခွင်ထ ဆွဲသွင်းလိုက်လိုစိတ်များ ဖြစ်လာသည်။

သို့ပေမယ့် သူ့ဘဝက မမြင်နိုင်၊ မသိနိုင်သည့် အန္တရာယ များ ဝိုင်းနေသေးသဖြင့် အန်ကို ဤဘဝရှုတ်ထဲ မပါဝင်စေချ ပါ။ သူက စိတ်ကိုမနည်းထိန်းချုပ်ထားရသည်။

"ရောမမြို့ကြီးရောက်ရင် နှုတ်ဆက်ကဒ်တစ်ခု ပို့လိုက်နော်"





အန်က သူ့ကိုအတန်ကြာအောင် ကြည့်နေပြီးမှ . .

"ဂျဒ် . . ကိုယ့်ကိုယ်ကိုလဲ ဂရုစိုက်နော်"

ဟု ပြောလိုက်သည်။

ဂျဒ်က စကားပင်မပြန်နိုင်။ ရင်ထဲ၌ ဆို့နေသဖြင့် ခေါင်း ညိတ်လိုက်ရသည်။

အန်က အခန်းထဲမှထွက်သွားခဲ့ပြီ။

တယ်လီဖုန်းကမြည်နေသည်။ ပထမအကြိမ်၊ ဒုတိယအ ကြိမ် မြည်သံကိုသူမကြား၊ တတိယအကြိမ်ကျမှ တယ်လီဖုန်းမြည် သံကိုကြားရသည်။ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။

"ဒေါက်တာလား"

မူးဒီ၏အသံဖြစ်သည်။ သူက အတော်ပင်စိတ်လှုပ်ရှားနေ သည်။

"ခင်ဗျားတစ်ယောက်ထဲလား"

"ဟုတ်တယ်"

မူးဒီ၏စိတ်အာရုံ လှုပ်ရှားမှုဟန်ပန်မှာ သတိထားခြင်းလား။ ထိတ်ပျာခြင်းလား။

"ဒေါက်တာ ခင်ဗျားကို ကျုပ်ပြောခဲ့တယ်မဟုတ်လား။ ဒီ မှုတွေရဲ့နောက်မှာရှိတဲ့လူကို ကျုပ်မှန်းလို့ရမယ်လို့ဆိုတာ"

"ဟုတ်ကဲ့"

"ကျုပ် တွေးတဲ့အတိုင်းမှန်ပြီဗျ"

"ဒါဖြင့် ဟန်ဆင်နဲ့ ကာရိုကိုသတ်တဲ့လူကို သိပြီပေါ့"

"ဟုတ်တယ်၊ ဘယ်သူလဲဆိုတာသိပြီ၊ နောက်ပြီးတော့ အာပြု သတ်ရတဲ့အကြောင်းရင်းခံကိုရောဗျ၊ နောက် အသက်ခံရမယ့်



www.burmeseclassic.com

www.burmeseclassic.com



လူက ခင်ဗျားပဲ"

"ပြောစမ်းပါဦး"

"တယ်လီဖုန်းကနေပြောလို့ ဘယ်ဖြစ်မလဲ၊ တစ်နေရာ မှာ ကျုပ်တို့တွေ့ပြီး ဆွေးနွေးကြစို့၊ ခင်ဗျားတစ်ယောက် လာပါ"

တစ်ယောက်ထဲလာဖို့ ချိန်းနေပြီကော။

ဂျဒ်က တုန်လှုပ်သွားသည်။

"ခင်ဗျား နားထောင်ရဲ့လား"

"နားထောင်နေပါတယ်။ ကျုပ်တို့ ဒီမှာဘာပြုလို့ မတွေ့ ရတာလဲ"

"ကျုပ်ကို နောက်ယောင်ခံလိုက်နေတယ်ဗျ၊ မနည်း သူ ကို မျက်ခြေပြတ်အောင် လစ်လာခဲ့ရတာ၊ ခု ကျွန်တော်က ကြ ငါးလုံးအသားထုတ်ပိုးရေး ကုမ္ပဏီကနေ စကားပြောနေတ ဒီအဆောက်အဦက နှစ်ဆယ့်သုံးလမ်းပေါ်မှာ သင်္ဘောကျ အနားမှာလေ"

ဂျဒ်က မူးဒီအနေဖြင့် သူ့ကိုထောင်ဖမ်းဖို့ ကြံစည်နေသ မယုံနိုင်သေး။ သူ့ကိုစမ်းကြည့်ဦးမည်ဟုတွေး၍ . . .

"ကျုပ် အင်ဂျယ်လီကိုခေါ်ခဲ့မယ်"

ဟု ပြောလိုက်သည်။

မူးဒီ၏အသံက မာသွားသည်။

"ဘယ်သူမှမခေါ်ခဲ့နဲ့။ ခင်ဗျားတစ်ယောက်ထဲ လာခဲ့ပါ"

ဂျဒ် ဦးနှောက်ထဲတွင် ဗလောင်ဆူနေတော့သည်။ မိတ်ဆွေဆိုသူကို အခကြေးငွေပေးထားသူက ယခုသူ့ကိုပဲထော

သစ်ဆန်းစာပေ



မ်းတော့မည်လား။

"ကောင်းပါပြီလေ၊ ကျုပ်လာခဲ့ပါ့မယ်။ ခင်ဗျားက ဒီလူ တ်မှုတွေကို ကျူးလွန်ဦးစီးနေတဲ့သူကို တကယ်သိပြီလားဗျ"

"အို . . အသေအချာသိပါတယ် ဒေါက်တာ၊ ခင်ဗျား ဉ်တန်ဆိုတာ ကြားဖူးမှာပေါ့"

မူးဒီက တယ်လီဖုန်းကို ချသွား၏။

ဂျဒ်က နေရာမှထလိုက်ပြီး သူ့ရင်တွင်း၌ ဖြစ်ပေါ်လာခဲ့သည့် ်အာရုံများကို စိစစ်ကြည့်နေရသည်။ သူ့ရင်ထဲတွင် စုပြုံ၍ ခဲ့သည်။

ထို့နောက် သူက ချက်ချင်းပင် အင်ဂျယ်လီအိမ်သို့ တယ်လီဖုန်း ဆ်လိုက်သည်။

"ဟဲလို"

အင်ဂျယ်လီ၏အသံ ပေါ်လာသည်။

"ဂျဒ်စတီဗင် ပြောနေတာပါ။ မူးဒီက ခုနတင် တယ်လီဖုန်း ဆ်တယ်"

"သူက ဘာပြောသလဲ"

အင်ဂျယ်လီက ရုတ်တရက် အလွန်အမင်း စိတ်ဝင်စားသွား သည်။

ဂျဒ်က ခေတ္တမျှတုန့်ဆိုင်းနေပြန်သည်။ သူ့စိတ်ထဲတွင် မူးဒီ င်မင်စိတ်ကလေးများ၊ လေးစားစိတ်ကလေးများ ကျန်နေဆဲ သည်။ မူးဒီကို သစ္စာဖောက်သကဲ့သို့ ဖြစ်သွားပြီလားဟု စိတ် ာင်းဖြစ်မိ၏။

"သူက ကြယ်ငါးလုံးအသားထုတ်ပိုးရေး ကုမ္ပဏီမှာ သူ့ကို

သစ်ဆန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



လာတွေ့ဖို့ ချိန်းလိုက်တယ်၊ တစ်ယောက်ထဲလာရမယ်လို့ ပြော
တယ်"

"သူ ဒီလိုချိန်းမယ်လို့ ကျုပ်မပြောလား၊ ဒေါက်တာရုံးက
တစ်လှမ်းမှမသွားပါနဲ့ ကျုပ် မက်ဂရီဇီကိုဆက်ပြီး သူနဲ့အ
ဒေါက်တာကိုလာခေါ်မယ်"

"ကောင်းပါပြီ"

ဂျဒ် စိတ်မကောင်းဖြစ်မိသည်။ သူက မူးဒီကို ခင်မင်
ယုံကြည်ခဲ့သည်။

ယခုတော့ . . .

မူးဒီက သူ့ကိုသတ်ဖို့ စောင့်နေပြီကော။

❖❖❖





အခန်း (၁၃)

မိနစ်နှစ်ဆယ်ခန့်အကြာတွင် ဂျဒ်အခန်းတွင်းသို့ မက်ဂရီဇီ
အင်ဂျယ်လီတို့ ရောက်ရှိလာကြသည်။

အင်ဂျယ်လီ၏အသံမှာ အက်နေပြီး မျက်နှာမှာ နီရဲနေ
ဖြင့် သူ့အဖျားမပျောက်သေးကြောင်း သိနိုင်သည်။ သူ့အိပ်ရာ
မှ ခေါ်လိုက်ရသည်ကို ဂျဒ်က စိတ်မကောင်းဖြစ်မိသည်။

မက်ဂရီဇီက ဝတ်ကျေတန်းကျေ နှုတ်ဆက်သည်။ လေသံ
တ်ပြတ်နှင့် မျက်နှာထားကလည်း ရှုတည်တည်ဖြစ်သည်။

"မူးဒီဆီက တယ်လီဖုန်းဆက်တဲ့အကြောင်း မက်ဂရီဇီ့ကို
ပြောပြခဲ့ပြီးပြီ"

ဟု အင်ဂျယ်လီက စကားစပြောလိုက်သည်။

"ကဲ ဘာတွေဖြစ်ကြသလဲဆိုတာ သိရအောင် သွားကြစို့"

မက်ဂရီဇီက စိတ်ချဉ်ချဉ်နှင့် ပြောလိုက်၍ အားလုံးအခန်း
ထွက်ကြကာ အောက်၌ရပ်ထားသည့် ရဲကားပေါ်သို့ တက်
သည်။

ကားကို အင်ဂျယ်လီက မောင်းသည်။ နှင်းများ တဖွဲဖွဲကျ
ရာမှ ရပ်စဲသွားပြီး နေရောင်ပြုလာသည်။ သို့ပေမယ့် မကြာ
င် မိုးခြိမ်းသံကိုကြားရပြီး မိုးကလေးတဖွဲဖွဲ ကျလာသည်။

တဖြည်းဖြည်း မောင်းခဲ့ရာ ယခုအခါတွင် အဆောက်
ကြီးများကို မမြင်ရတော့ဘဲ အိမ်တန်းလျားများကိုသာ တွေ့ရ
သည်။ ကားက နှစ်ဆယ့်သုံးလမ်းထဲသို့ ချိုးဝင်ခဲ့ပြီးအရှေ့ဘက်
သို့ဦးတည်ပြီး ဟဒ်ဆင်မြစ်ဆီသို့ မောင်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com

တဆယ်ရိပ်သာလမ်းထောင့်သို့အရောက် မက်ဂရီဗီ ကားကိုရပ်ခိုင်းလိုက်သည်။

"ကဲ . . ကျုပ်တို့ဒီမှာရပ်မှာ ဒေါက်တာ။ မူးဒီက သူနဲ့အ တခြားဘယ်သူရှိတယ်လို့ ပြောလိုက်သေးသလဲ"

"သူနဲ့အတူ ဘယ်သူမှ မရှိပါဘူး"

မက်ဂရီဗီသည် သူ့အပေါ်ကုတ်အင်္ကျီကို ကျယ်သီးဖြုတ် အတွင်းမှသေနတ်ကိုထုတ်ယူပြီး အိတ်ထဲသို့ပြောင်းထည့်လို သည်။

"ကဲ . . လာကြ . . ဒေါက်တာက နောက်ကလိုက်ပါ"

သူတို့သည် 'ကြယ်ငါးပွင့်အသားထုတ်ပိုးရေးကုမ္ပဏီ' ဆိုင်းဘုတ်ချိတ်ထားသော အိမ်ငယ်ယိုယွင်းနေသော အဆောက်အ ဆီသို့လာခဲ့ကြသည်။ အဆောက်အဦရှေ့၌ ထရပ်ကားလည်း မတွေ့။ အတွင်းတွင် မီးရောင်ကိုလည်း မမြင်ရပေ။

ရဲအရာရှိနှစ်ဦးက တံခါးမကြီးဆီသို့သွားပြီး မက်ဂရီဗီ တံခါးကိုဖွင့်ကြည့်သည်။ တံခါးမှာ သော့ခတ်ထား၏။ တံခါးအ တစ်ဝိုက်တွင် ဧည့်ခေါ်ဘဲ(လ်) ကိုရှာသော်လည်း မတွေ့။

သူတို့က နားနှင့်ကပ်၍ နားထောင်ကြည့်သည်။ ဘာသံ မကြားရ။ တိတ်ဆိတ်နေသည်။

"ပိတ်ထားပြီနဲ့ တူပါတယ်"

ဟု အင်ဂျယ်လီက ပြောလိုက်သည်။

"ဟုတ်လိမ့်မယ်။ ခရစ္စမတ်မတိုင်မီ သောကြာနေ့မှာ ဆို တိုင်းမွန်းလွဲမှာပိတ်ထားကြတယ်။ ကုန်တင် ကုန်ချ လုပ်တဲ့ ပေါက်တော့ရှိလိမ့်မယ်"





သူတို့သည် အဆောက်အဦကြီး၏ ဘေးမှလျှောက်လာကြ ည်။ နောက်ဘက်၌ အတွင်းသို့ဝင်ရန် လမ်းကြားကလေးတွေ ရပ်ပြီးကြည့်ကြ၏။

ထိုလမ်းကြားမှ အတွင်းသို့ဝင်ခဲ့ရာ စင်မြင့်မြင့်တစ်ခုကို တွေ့ရသည်။

"ကဲ ဒေါက်တာ . . အော်ခေါ်စမ်းဗျာ"

ဂျဒ်က . . မူးဒီဟု ခပ်ကျယ်ကျယ်အော်ခေါ်သည်။

ထူးသံလည်းမကြားရ။ လှုပ်ရှားသံလည်း မကြားရ။

စင်မြင့်ပေါ်၌ တွန်းတံခါးကြီးကို တွေ့ရသဖြင့် မက်ဂရီဗီ အင်ဂျယ်လီတို့က စင်မြင့်ပေါ်သို့ ခုန်တက်လိုက်ကြသည်။ တလည်း သူတို့နည်းတူ ခုန်၍တက်ခဲ့သည်။

အင်ဂျယ်လီက တံခါးကို တွန်းဖွင့်လိုက်သည်တွင် အသံ လျက် ပွင့်သွား၏။ ကုန်ရုံကြီးအတွင်း၌ မီးရောင်မရှိဘဲ မဲ င်နေ၏။

"မင်း လက်နှိပ်ဓာတ်မီး ယူလာသလား"

ဟု မက်ဂရီဗီက အင်ဂျယ်လီအား မေးလိုက်သည်။

"မပါဘူး"

"ငါ့လခွေးမှပဲ"

သတိထားပြီး မှောင်ကြီးထဲသို့စမ်း၍ ဝင်သွားသည်။ ဂျဒ် မူးဒီ . . မူးဒီ' ဟုအော်ခေါ်ပြန်သည်။ ဘာသံမျှ မကြားရ။

မက်ဂရီဗီက သူ့အိတ်ထဲမှ မီးခြစ်ဗူးကိုစမ်းပြီး ထုတ်ယူ ခြစ်လိုက်သည်။ မီးရောင်က တလှုပ်လှုပ်။ ဝါကျင့်ကျင့်ဖြင့် အမှ အမှောင်ထုကို ဖြိုခွင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟေ့ . . ဓာတ်မီးခလုတ်ရှာစမ်းကွာ"

အင်ဂျယ်လီက ဓာတ်မီးခလုတ်ကိုနံရံတွင်စမ်းလျက် ရှာ... နေသည်။ မကြာမီ မီးခလုတ်ကိုတွေ့၍ ဖွင့်လိုက်သည်။ သို့သေ... မည်သည့်မီးမျှ လင်းမလာ။

"မိန်းဆွစ်ချ်ကို ပိတ်ထားသလားမသိဘူး"

ဟု မက်ဂရီဗီက ပြောလိုက်သည်။

ထိုအချိန်တွင် ဂျဒ်က နဖူးနှင့်နံရံကို ဆောင့်မိလိုက်၏... နဖူးကို ကာကွယ်ရန်လက်မြှောက်လိုက်ရာ တံခါးခလုတ်ကို တို... မိသည်။

ထိုခလုတ်ကိုဆွဲလိုက်ရာ တံခါးကြီးပွင့်သွား၏။

"ကျုပ် တံခါးတစ်ခုကိုတွေ့ရပြီ"

ဟု သူကလှမ်းပြောလိုက်သည်။ နောက် သတိထား... အတွင်းသို့ဝင်ခဲ့သည်။ သူနောက်တံခါးပိတ်သွားသံ ကြားရသ... ကြက်သီးတဖြန်းဖြန်း ထသွားမိ၏။ အခန်းတွင်းက ပိုပြီးမှော... သည်ဟု ထင်မိ၏။

"မူဒီ . . မူဒီ"

ဟုအော်ခေါ်ပြန်သည်။

ဘာသံမျှမကြားရ။ တိတ်ဆိတ်လှသည်။ တစ်နေရာရာတွ... မူဒီကိုတွေ့ရမှာဖြစ်သည်။ အကယ်၍သာ မူဒီကို မတွေ့ရလျှ... မက်ဂရီဗီက သူ့ကိုဘယ်လိုထင်သွားဦးမည်နည်း။

"ဝံပုလွေလာပြီ"ဟု အော်သည့်ကလေးလိုများ ဖြစ်နေဦး... မည်လား။

ဂျဒ်သည် သတိထားပြီး တဖြည်းဖြည်း လှမ်းလိုက်ပြန်သည်...

သစ်ဆန်းစာပေ



...သူ့ပါးကို အေးစက်သောအရာကြီးက လာကပ်မိသည်။ ...လည်း လန့်ဖြန့်ကာ နောက်သို့ခုန်လိုက်မိသည်။ သူ့ဦးခေါင်း ...ဆံပင်များထောင်လာသည်ဟု ထင်ရသည်။

...နောက်မှ သူ့နှာခေါင်းတွင် သွေးနံ့ရလာသည်ကို သတိပြု...။ သူမှာ ထိတ်လန့်တုန်လှုပ်နေသည်။

...သွေးနံ့နှင့် သေမင်း။

...အမှောင်ထု။

...သူ့နှလုံးက တဆတ်ဆတ်ခုန်နေ၏။ တုန်ရီသောလက်များ ...အိတ်ထဲမှမီးခြစ်ကိုစမ်း၍ မီးခြစ်လိုက်ရာ သူ့ရှေ့တည့်တည့် ...နှာအနီးတွင် နွားခေါင်းကြီးချိတ်ထားသည်ကို မြင်လိုက် ...သည်။ အခြားသံချိတ်ကြီးများမှာလည်း အသားတုံးများ ချိတ် ...ထားသည်။

သူသည် တဖြည်းဖြည်း ရှေ့သို့တိုးလာခဲ့သည်။ တစ်ဖက် ...အနီးသို့အရောက်တွင် ချိတ်ဖြင့်ချိတ်ဆွဲထားသော အသေ ...ကောင်တစ်ခုနှင့် တိုက်မိပြန်သည်။

သူသည် နောက်ဆုံးကျန်သော မီးခြစ်ဆံကို ခြစ်၍ကြည့် ...လိုက်ရာသံချိတ်တွင် ချိတ်ဆွဲထားသော မူဒီ၏အလောင်းကို မြင် ...လိုက်ရသည်။ မီးခြစ်ဆံမှ မီးရောင်ကလည်း ငြိမ်းသွားလေသည်။

❖❖❖

သစ်ဆန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၄)

လူသေမှုကို လာရောက်စစ်ဆေးသည့်အရာရှိများလည်း ပြန်ကုန်ကြသည်။ မူးဒီအလောင်းကိုလည်း သယ်ယူသွားကြ... မက်ဂရီဗီနှင့် အင်ဂျယ်လီမှလွဲလျှင် အားလုံးပြန်ကုန်ကြသည်။

သူတို့သုံးဦးက မန်နေဂျာ၏ရုံးခန်းတွင် ထိုင်ကြသည်။ မီးများလည်း လင်း၍နေခဲ့ပြီဖြစ်သည်။

ထိုကုမ္ပဏီ၏ မန်နေဂျာကဲ 'ပေါမိုရက်တီ' ဆိုသူဖြစ်သည်။ 'ပေါ' ကို စစ်ဆေးမေးမြန်းရန်အတွက် လိုက်လံရှာဖွေခိုင်း... ခရစ္စမတ်ပွဲအကြို ပါတီတစ်ခုမှ ဆွဲခေါ်လာခဲ့ရသည်။

'ပေါ' မှာ အတန်ပင်မူးနေပြီဖြစ်သည်။ 'ပေါ' ကို စစ်ဆေး... မေးမြန်းရာတွင် သောကြာနေ့က ရက်သတ္တတစ်ပါတ်၏ အားလ... ချိန်ဖြစ်၍ ဆယ့်နှစ်နာရီတွင် အလုပ်ပိတ်လိုက်ပြီး အလုပ်သမ... အားလုံးကို ပြန်လွှတ်လိုက်ကြောင်း၊ ဆယ့်နှစ်နာရီခွဲတွင် သူလည်း အလုပ်ရုံကိုပိတ်ဆို့ပြီး ပါတီတစ်ခုကိုသွားခဲ့သည်ဟု ပြောပြသည်။

သူက တော်တော်ပင် မူးနေသဖြင့် အခြား ဘာမျှပိုပြီး အထ... အညီမပေးနိုင်တော့၍ သူ့အိမ်သို့လိုက်၍ ပို့ပေးလိုက်ရတော့ သည်။

ဂျဒ်အဖို့မှာတော့ အခန်းထဲ၌ ဘာဖြစ်နေသည်ကိုပင် သတိ မရနိုင်။ သူ့စိတ်ထဲ၌ မူးဒီအကြောင်းကိုသာ တွေးပြီးစိတ်မကောင်း ဖြစ်နေသည်။

မူးဒီက ပျော်ပျော်နေတတ်ပြီး လှုပ်လှုပ်ရှားရှား သွားလာဖြ... နေတတ်သူဖြစ်သည်။





ယခုတော့ . .

ဘဝဆုံးသွားရရှာလေပြီ။

ဤသို့ဖြစ်ရသည်က ဂျဒ်အတွက်ကြောင့်ဟု သူက ထင်မြင် ...သည်။ အကယ်၍သာ သူ့အရှုတ်ဇာတ်ကြီးထဲကို ခေါ်မသွင်း ...ါက မူးဒီသည် ဤသို့အသေဆိုးနှင့် သေရလိမ့်မည်မဟုတ်။

အချိန်က ညဉ့်သန်းခေါင်သို့ ရောက်ခဲ့ပြီ။

ဂျဒ်က မူးဒီတယ်လီဖုန်းနှင့်ခေါ်ယူသည့် အကြောင်းကို ...ယ်၍ပြောပြနေရပြန်သည်။ မက်ဂရီဗီက သူ့အပေါ် ကုတ်အကျႌကို ...တ်လျက်က ဆေးလိပ်ကို သည်းသည်းမည်းမည်းခဲနေရင်းက ...ဒ်ကို စူးစိုက်ကြည့်နေသည်။ နောက်တော့ သူက မေးခွန်းတစ်ခု ...တ်လိုက်သည်။

"ခင်ဗျား စုံထောက်ဝတ္ထုတွေ ဖတ်သလား"

ဂျဒ်က အံ့အားသင့်သွားသည်။

"မဖတ်ဘူး။ ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတာကို ကျုပ်ပြောပြမယ် ဒေါက်တာ စတီဗင်၊ ...ဗျားဟာ ဘာတစ်ခုမှ မှန်မှန်မပြောခဲ့ဘူး၊ အစ ပထမထဲက ...ဗျားဟာ ဒီလူသတ်မှုတွေနဲ့ ပတ်သက်နေတာ ကျုပ်သိခဲ့တယ်၊ ...ဒီအတိုင်းလဲ ပြောခဲ့တယ်မဟုတ်လား၊ အဲဒီတော့ ဘာဖြစ် ...သဲ၊ ခင်ဗျားဟာ ချက်ချင်းလူသတ်သမားကနေ သားကောင် ...ဖြစ် ပြောင်းလိုက်တယ်၊ ပထမ ခင်ဗျားကိုပဲ ကားနဲ့ လိုက်တိုက် ...ယ်လို့"

"ကားတစ်စီးက သူ့ကိုတိုက်သွားသားပဲ"

အင်ဂျယ်လီက ဝင်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ဒေါက်တာက လူတစ်ယောက်ယောက်နဲ့ စီစဉ်ယူရင် ဖြစ်တာပဲ"

နောက် ဂျဒ်ဘက်သို့လှည့်ပြီး . . .

"နောက်တစ်ခါ လူနှစ်ယောက် ခင်ဗျားအခန်းထဲ ဖောက်ချိုးဝင်လာပြီး သတ်ဖို့ကြံစည်နေပါတယ်လို့ အင်ဂျယ်လီကို လှမ်းတိုင်ကြားပြန်ရော"

"သူတို့ ချိုးဖောက်ဝင်လာသားပဲဗျ"

"မဟုတ်ဘူး၊ သူတို့က အထူးသော့ကိုသုံးပြီး ဖွင့်ဝင်တာ ခင်ဗျားက အားလုံးသော့နှစ်ချောင်းပဲရှိတယ်၊ တစ်ချောင်းက ခင်ဗျားဆီမှာ၊ တစ်ချောင်းက ကာရိုဆီမှာ ထားတယ်လို့ ပြောခဲ့တယ်၊ ကာရိုရဲ့သော့က ကျုပ်တို့ဆီမှာရှိတော့ ခင်ဗျားဆီမှာပဲ သော့တစ်ချောင်းရှိနေတယ် မဟုတ်လား"

"ဟုတ်တယ်၊ ကျုပ်ပြောခဲ့တယ်၊ သူတို့က ကာရိုဆီက သော့ကို ပုံတူလုပ်ယူသွားတာဖြစ်မှာပေါ့ဗျ"

"မဖြစ်နိုင်ဘူး၊ ကာရိုဆီကသော့ကို ကျုပ်တို့ခေတ်ခွဲ စမ်းသပ်ပြီးပြီ"

"သော့တူ ပုံစံကူးယူတဲ့ သက်သေခံ ဘာမှမတွေ့ရဘူး"

ဂျဒ်က စကားမပြောနိုင်ဘဲ ငေး၍သာကြည့်နေသည်။

"နောက် ခင်ဗျားက အရှုံးကြမ်းလွှတ်နေပြီ၊ လူသတ်မှု ကျူးလွန်နေသယောင်ယောင် ဖန်းတီးချက်ကို ကျုပ်က လက်မခံတော့ ခင်ဗျားက အဝါရောင်တယ်လီဖုန်းလမ်းညွှန်စာအုပ်ထဲမှာ တွေ့ရတဲ့ အလွတ်စုံထောက်တစ်ယောက်ကိုငှားတယ်၊ သူက ခင်ဗျားကားထဲမှာ ဗုံးတစ်လုံးထည့်ထားပြီး ခင်ဗျားကို လုပ်ကြံ သယောင်ဆောင်ဆိုပြန်ရော၊ နောက်တစ်ခါ ခင်ဗျားက မူးဒီက ခင်ဗျားဆီတယ်လီဖုန်းနဲ့ ခေါ်တဲ့အကြောင်း မူးဒီက လူသတ်မှုတွေကို ဦးစီးနေတဲ့လူကို သိတဲ့အကြောင်း အင်ဂျယ်လီကို ပြောပြန်ရော၊ ဟော . . အခုလာကြည့်တော့ သံချိတ်မှာ ချိတ်ဆွဲခံရတဲ့ မူးဒီသေကောင်ကိုတွေ့ရတာပဲ"





"ဒါတွေက ကျုပ်မှာ ဘာတာဝန်ရှိလို့လဲ"

မက်ဂရီဗီက ဂျဒ်ကို ခပ်ကြာကြာကလေး စိုက်ကြည့်နေသည်။

"ဒီမှာဒေါက်တာ၊ ခင်ဗျားကိုဖမ်းပြီး မချုပ်သေးတာ ဘာကြောင့်လဲသိလား၊ ဒီလူသတ်မှုတွေကို ကျူးလွန်တာ ဘာအကြောင်းကြောင့် ကျူးလွန်တယ်ဆိုတာ အတိအကျ မသိသေးလို့ပဲမှတ်ပါ၊ ဒါပေမဲ့ မကြာခင်တွေ့ရမယ်"

မက်ဂရီဗီက ပြောဆိုပြီး၍ နေရာမှထလိုက်သည်။

ဂျဒ်က တစ်စုံတစ်ခုကို ရုတ်တရက် သတိရလိုက်သည့်အတွက် 'ခဏနေပါဦး' ဟု တားလိုက်သည်။

"ဒွန်ဗင်တန်အကြောင်းကကော"

ဟု မေးသည်။

"သူက ဘာဖြစ်သလဲ"

"သူက ဒီအမှုတွေကို ဦးစီးကျူးလွန်နေတဲ့သူတဲ့"

"ဒွန်ဗင်တန်နာမည်နဲ့လူကို ခင်ဗျားသိသလား"

"မသိဘူး၊ ရဲကတော့ သိလိမ့်မယ်လို့ထင်တယ်"

"ကောင်းပြီ၊ ဒွန်ဗင်တန်ကိုစုံစမ်းဖို့ ရဲအဖွဲ့တိုင်း ဘိ



www.burmeseclassic.com

www.burmeseclassic.com



အိုင်ကော နိုင်ငံတကာရဲအဖွဲ့ကော သတင်းပို့လိုက်မယ်။ ကဲ .. ကျေနပ်ပြီလား"

ဂျဒ်က ခေါင်းညိတ်လိုက်သည်။ ဒီလူသတ်မှု ကျူးလွန်ခဲ့သည့် သူတစ်ဦးကတော့ ရာဇဝတ်ပြစ်မှုမှတ်တမ်းတွင် ရှိရမည်ဟု ယုံကြည်သည်။ သူ့ကို စုံစမ်းရှာဖွေဖို့ကတော့ ခက်ခဲလိမ့်မည် မဟုတ်။

ဂျဒ်က မူးဒီအကြောင်းကို ပြန်ပြောင်းစဉ်းစားမိပြန်သည်။ သူက စိတ်ကူးဉာဏ်လျှင်မြန်၍ ထက်မြက်သူတစ်ဦးဖြစ်သည်။ သူ့ကို ဤနေရာသို့ တစ်စုံတစ်ယောက်သောသူက နောက်ယောင်ခံလိုက်လာခြင်းဖြစ်ပေမည်။ သူကိုယ်တိုင်ကတော့ ဤနေရာတွင် ဂျဒ်နှင့်ချိန်းဆိုထားသည်ကိုတော့ အခြားသူကို ပြောပြလိမ့်မည် မဟုတ်။ သူကိုယ်တိုင်က ဤကိစ္စကို လျှို့ဝှက်စွာ ပြုလုပ်ရန် အလေးအနက်ထားခဲ့ခြင်း မဟုတ်ပါလား။

မည်သို့ပင်ဖြစ်စေ ယခုမှာမူ သူတို့ရှာဖွေနေသူ၏ အမည်ကို မူးဒီကြောင့် သိခဲ့ရပေပြီ။

နောက်တစ်နေ့တွင် သတင်းစာများ၌ နော်မန်ဇက် မူးဒီ အသတ်ခံရပုံအကြောင်းကို ရှေ့မျက်နှာတွင် ဖော်ပြကြသည်။ ဂျဒ်က သူ့ရုံးသို့အသွား လမ်းတွင်သတင်းစာတစ်စောင် ဝယ်ယူခဲ့၏။

သတင်းစာထဲ၌ သူ့ကိုရဲအဖွဲ့နှင့်အတူ အလောင်းတွေ့ရှိသူ သက်သေတစ်ဦးအဖြစ်သာ ဖော်ပြသည်။ မက်ဂရီဗီက အဖြစ် အပျက်အမှန်ကို သတင်းစာထဲ၌ အစုံအလင်မပါစေရန် စီစဉ် လိုက်ခြင်း ဖြစ်ဟန်တူသည်။

သစ်ဆန်းစာပေ



"အန်သာ ဖတ်မိလျှင် မည်သို့များ တွေးတောမည်နည်း" ဟု ဂျဒ်က ပူပန်လိုက်သေးသည်။

ဤနေ့က စနေနေ့ဖြစ်၍ ကုသိုလ်ဖြစ်ဆေးရုံတွင် သူ အလုပ် ...င်းရသည်။ သို့ပေမယ့် အခြားဆရာဝန်တစ်ဦးကို သူ့အစား ...ဝန်ယူပေးရန် စီစဉ်ပြီး သူ့ရုံးခန်းသို့ ပြန်လာခဲ့ရာ ဓာတ်လှေ ...ားထဲတွင်ရင်း၊ စင်္ကြံလမ်းတွင်ရင်း၊ သူ့ကိုကြံစည်သတ်ဖြတ် ...ည့်သူများ ပုန်းအောင်းနေမည်လားဟုတွေး၍ သတိနှင့် ကြည့် ...ာမိ၏။

သို့ပေမယ့် မည်မျှပင် သတိဝီရိယရှိရှိ အချိန်မရွေး နေရာ ...ရွေး သူ့ကိုသတ်မည့်သူ ရှိနေသဖြင့် သူသည် မည်မျှလောက် ...သက်ရှင် နေနိုင်ပါဦးမည်နည်း။

ထိုနေ့နံနက်တွင် ဂျဒ်သည် ဒွန်ဗင်တန်ကိုစုံစမ်း၍ရပြီလား ... အင်ဂျယ်လီကိုမေးရန် မကြာခဏ တယ်လီဖုန်းကို ကိုင်မိ ...ည်။ နောက်မှ စိတ်ကိုထိန်း၍ထားရလေသည်။ ဒွန်ဗင်တန်ကို ...မ်း၍ရလျှင် အင်ဂျယ်လီက သူ့ထံချက်ချင်း ဖုန်းဆက်၍ ...ကြောင်းကြားလိမ့်မည်ဟု သူကယုံကြည်သည်။

ဒွန်ဗင်တန်သည် သူ့ကိုသတ်ဖြတ်ရန် ဘာအကြောင်းများ ...ါလိမ့်ဟုလည်း စဉ်းစားကြည့်သည်။ သူသည် တစ်ကြိမ်က ...ူ့ထံတွင် အကုအသ ခံဖူးသော ဝေဒနာရှင်တစ်ဦးများ ဖြစ်နေ ...ည်လား။

ပြန်လည်စဉ်းစားကြည့်သည့်အခါတွင် ထိုနာမည်ကို လုံးဝ ...ာ်မရမိ။ ဒွန်ဗင်တန်သည် သူ့ထံ၌ ဆေးကုသခံစဉ်က သူက ...ခွတ်မထင် သူ့ကိုစော်ကားမိခဲ့သည်လား။ နစ်နာအောင် ပြုမိ

သစ်ဆန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်လား။ ခက်သည်က ဒွန်ဗင်တန် အမည်ရှိသောလူနာ သူ မကြုံတွေ့ရခဲ့ဘူးသည်မှာ အမှန်ပင်ဖြစ်သည်။

နေ့လယ်သို့ရောက်ခဲ့သည်တွင် ဧည့်ခန်းတံခါးကို စ လမ်းမှ တစ်စုံတစ်ယောက်က ဖွင့်လိုက်သည်ကို ကြားလိုက်သည် ဝင်လာသူက အင်ဂျယ်လီဖြစ်နေသည်။

သူ့မျက်နှာကို အကဲခတ်ကြည့်သော်လည်း ဘာမျှမရိပ်မ မိ။ သူ့မျက်နှာက ချောင်ကျနေသည်ကိုသာ တွေ့ရသည်။ နှာခေါင်းက နီရဲနေသည်။ သူက အတွင်းခန်းသို့ဝင်လာကာ လားထိုင်တွင် နွမ်းနယ်နေသည့်ဟန်ဖြင့် ပစ်၍ထိုင်ချလိုက်သည်

"ခင်ဗျား ဒွန်ဗင်တန်အကြောင်း စုံစမ်းလို့ရပြီလား"

ဂျဒ်က စိတ်အားထက်သန်စွာနှင့် မေးလိုက်သည်။

"ကျုပ်တို့အမေးကို ပြန်ကြားတဲ့စာတွေ အက်ဘီအိုင်ရဲ့ မှုတွေနဲ့ နိုင်ငံတကာရဲအဖွဲ့ဆီကတော့ ရပါပြီ၊ ဘယ်သူမှ ဗင်တန်အကြောင်း မကြားမိဘူးတဲ့"

ဂျဒ်က မယုံနိုင်သကဲ့သို့ အံ့သြစွာနှင့် ပြောလိုက်သည်။

"အဲဒါကတော့ မဖြစ်နိုင်တာဗျာ၊ တစ်ယောက်ယောက် တော့ သိရမှာပဲ။ ဒီလိုအမှုတွေ ကျူးလွန်နိုင်တဲ့ လူတစ်ဦး မိုးပေါ်ကတော့ ကျမလာနိုင်ဘူး"

"မက်ဂရိဗီကလဲ ဒီလိုပဲပြောတာပဲဗျာ၊ ဒေါက်တာ တ တို့တတွေဟာ ဒွန်ဗင်တန်အမည်ရှိတဲ့လူတွေကို မန်ဟက်တန် အခြားနယ်တွေမှာကော လိုက်လံစုံစမ်းခဲ့တယ်။ သေသေချာချာ စေ့စေ့စပ်စပ် လိုက်ရှာတယ်။ တစ်ယောက်ကိုတွေ့တော့ သူ ချာပါဒလိုက်နေတဲ့သူ ဖြစ်နေတယ်၊ နောက်တစ်ယောက်





နုံးကြီး၊ နောက်တစ်ယောက်က ဘဏ်ဒုဥက္ကဋ္ဌကြီး၊ နောက် တစ်ယောက်က အသက် ၈၀ ရှိတဲ့အဘိုးကြီး"

ဂျဒ်မှာ အာခေါင်ပင်ခြောက်သွားအောင် စိတ်မောမိသည်။ သူ့အတွက် ဤအချက်သည် နောက်ဆုံးအားကိုးစရာ ဖြစ်နေပြီ မဟုတ်လား။

မူးဒီက အသေအချာမဟုတ်ဘဲနှင့်တော့ ထိုနာမည်ကို သူ့ ကို ပြောသွားလိမ့်မည်မဟုတ်။ နောက်ပြီး သူက ဒွန်ဗင်တန်ဟာ ကြာရာပါတစ်ဦးမျှသာ မဟုတ်။ ယခု လူသတ်မှုကြီးကို စီမံကြိုး ကိုင်နေသူဟု ပြောခဲ့သည်။

ဤကဲ့သို့သော သူတစ်ဦးအကြောင်း ရဲမှာ မှတ်တမ်းမရှိဆို သည်က ယုံနိုင်စရာပင် မရှိဖြစ်နေသည်။ မူးဒီ အသတ်ခံရသည် မှာလည်း တရားခံအစစ်အမှန်ကို သိရှိသွားသည့်အတွက် ဖြစ် သည်။ ယခု မူးဒီမရှိတော့သည့်အချိန်တွင် ဂျဒ်မှာ တယောက်ထီး တည်းသာ ကျန်တော့သည်။

"ဝမ်းနည်းပါတယ် ဒေါက်တာ"

ဂျဒ်က အင်ဂျယ်လီကိုကြည့်လိုက်ရာ သူ့ခမြာ တစ်ညလုံးလုံး အိပ်ရဘဲ ဤကိစ္စကို လိုက်လံစုံစမ်းနေရသည်ကို သတိရသည်။

"ခင်ဗျားကြိုးစားဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင် ပါတယ်"

"ခင်ဗျား မူးဒီပြောတာကို သေသေချာချာမှတ်လိုက်သလား"

"သေချာပါတယ်ဗျာ"

"အခုအတိုင်းဆို လက်မြှောက်ရုံပဲ ရှိတော့တယ်"

"ခင်ဗျားလဲ ပင်ပန်းလှပြီ၊ ပြန်ပြီးအိပ်ပါတော့လား"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်"

အင်ဂျယ်လီက နေရာမှထလိုက်သည်။

"ဪ . . ဒါနဲ့ မက်ဂရီဇီနဲ့အတူအလုပ်လုပ်တာကြာပြီလား"

"ခုအမှုမှာ ပထမဆုံးတွဲခြင်းပဲ၊ ဘာပြုလို့လဲ"

"သူကကျုပ်ကို လူသတ်မှုနဲ့ အမှုဆင်ပြီး အရေးယူမယ်လို့ ထင်သလား"

"ဒါက မပြောနိုင်ဘူးပေါ့။ ကဲ . . ကျုပ်လဲပြန်အနားယူလိုက်ဦးမယ်"

"ကျုပ်ကတော့ တခြားလမ်းစ ရှာရဦးမယ်"

"ဆိုပါဦး"

ဂျဒ်က တီရီအကြောင်း ပြောပြသည်။

"ကြားရသမျှဆိုရင် သိပ်ပြီးအရာရောက်ပုံတော့ မပေါ်ဘူး ဒါပေမဲ့ လုံးလုံးထိုင်နေတာနဲ့စာရင်တော့ မဆိုးပါဘူး"

"ကျုပ်အနေနဲ့ ပစ်ကွင်းအဖြစ်နဲ့နေရတာ ငြီးငွေ့ ပင်ပန်းလာပြီဗျာ၊ ကျုပ်က ခုကစပြီး ပြန်တိုက်တော့မယ် ဒီလူသတ်သမားကိုရှာပြီး တိုက်ရမှာပဲ"

အင်ဂျယ်လီက သူ့ကိုကြည့်ပြီးမှ ပြောလိုက်သည်။

"ဘာနဲ့တိုက်မှာလဲ၊ နောက်ပြီး ခု ကျုပ်တို့က အရိပ်နဲ့ တိုက်နေရတာ မဟုတ်လား"

"ဒီလိုရှိတယ်၊ သက်သေတွေက သက်မကင်းစရာ တရားခံရဲ့ ပုံပန်းဖော်ပြတဲ့အခါ ပန်းချီဆရာက သူ့ပြောချက်အရ ပုံဆွဲတယ် မဟုတ်လား"

"ဟုတ်တယ် . . ဒါကိုအိုင်ဒင်းတီကတ်ခေါ်တယ်လေ"





"ကျုပ်က ဒီလူသတ်မှုတွေ ကျူးလွန်ခဲ့တဲ့လူရဲ့ အတ္တဖြစ်ပုံကို စကားနဲ့ရေးခြယ်ပြမယ်"

"ခင်ဗျားက ဘယ်လိုလုပ်ရေးခြယ်ပြနိုင်မှာ ခင်ဗျားမှ သူ့ကို မြင်ဘူးတာမဟုတ်သေးတာပဲ"

"မမြင်ရသေးပေမယ့် ဒီလူဟာ ထူးခြားတဲ့လူဆိုတာ သိသာတယ်"

"စိတ်မနှံ့တဲ့လူလား"

"စိတ်မနှံ့ဘူးဆိုတဲ့စကားက ယေဘူယျကျလွန်းတယ်၊ ဆေးပညာမှာ အဓိပ္ပါယ်မရှိဘူး၊ စိတ်မမှန်ခြင်းဆိုတာကလဲ အစစ်အမှန်လောကနဲ့ သင့်တင့်အောင် ပြုမူကျင့်ကြံနိုင်တဲ့ အရည်အချင်းပဲဗျ၊ ကျုပ်တို့က အစစ်အမှန်လောကနဲ့ လျော်ကန်အောင် နေနိုင်ဘူးဆိုရင် ကျုပ်တို့က အစစ်အမှန်တရားက ပုန်းကွယ်ရှောင်ရှားမယ်၊ ဒါမှမဟုတ် ဘဝရဲ့အထက်မှာ နေရာယူလိုက်မယ်၊ အဲဒီတော့ ကျုပ်တို့ဟာ မဟာလူသားလို့ ယူဆပြီးစည်းမျဉ်းသနားတွေကို မလိုက်နာတော့ဘူး"

"ကျုပ်တို့ရှာနေတဲ့လူဟာ မဟာလူသားလို့ ထင်နေတဲ့ လူ"

"ဟုတ်တာပေါ့၊ အန္တရာယ်ရှိတဲ့ အရေးအခင်းကို ကျုပ်တို့ဟာက သုံးမျိုးပဲရှိတယ်၊ တိမ်းရှောင် ပြေးမယ်၊ အပြုအမူသာနဲ့ ညှိနှိုင်းယူမယ်။ ဒါမှမဟုတ် တိုက်ခိုက်မယ်။ ကျုပ်တို့ရဲ့လူက တိုက်ခိုက်နေတယ်"

"ဒါဖြင့် သူကအရူးပေါ့"

"မဟုတ်ဘူး၊ အရူးက သတ်ဖြတ်မှုကိုကျူးလွန်ခဲ့တယ် သူတို့


www.burmeseclassic.com

www.burmeseclassic.com



ရဲ့ စိတ်စူးစိုက်မှုကာလက တိုတောင်းတယ်၊ ကျုပ်တို့ရှာနေ
လူရဲ့ စိတ်သဘောက ပိုပြီးရှုတ်ထွေးပွေလီတယ်၊ သူမှာ စိ
နာမျိုးစုံချင့်စုံနေမယ်၊ ဒါပေမဲ့ အဓိကအချက်က သူ့ရဲ့ပုံ
အပြုအမူကတော့ အများမျက်စိမှာ ပုံမှန်လို့ပဲ မြင်ကြတယ်

"ဒါဖြင့် ကျုပ်တို့က ဘယ်လိုလုပ်ပြီး သိရမှာလဲ"

"အများကြီး သိနိုင်တာတွေ ရှိတယ်၊ ကျုပ်က သူ့ရဲ့ပုံ
သဏ္ဌာန်ကိုပြောပြမယ်၊ ဒွန်ဗင်တန်ဟာ သာမန်လူထက် အ
မြင့်တယ်၊ အချိုးအစားကျတယ်၊ အားကစားသမားတို့ရဲ့
ကိုယ်မျိုးရှိတယ်၊ သပ်ရပ်တယ်၊ ဘာလုပ်လုပ် အသေးအဖွဲ
စပြီး ဂရုတစိုက်သေချာစွာ လုပ်တတ်တယ်၊ သူမှာ အနု
အရည်အသွေးမရှိဘူး၊ သူက ပန်းချီမဆွဲဘူး၊ စာမရေးဘူး၊ တူ
ဝါသနာမပါဘူး"

အင်ဂျယ်လီက ပါးစပ်အဟောင်းသားနှင့် ငေးကြည့်
သည်။

"သူက ဘယ်လူမှုရေးအသင်းအပင်းမှာမှ မပါဘူး
ကိုယ်တိုင် ဦးစီးမလုပ်ရရင် မပါဝင်ဘူး၊ သူက သနားကြ
စိတ်ကင်းတယ်၊ စိတ်မရှည်တတ်ဘူး၊ သူက ကြီးကြီးကျယ်
တွေးတယ်၊ ဥပမာဆိုပါတော့ အသေးအဖွဲ့ ခိုးမှုမျိုးမှာ
တော့မှမပါဘူး၊ သူ့ပြစ်မှုမှတ်တမ်းရှိခဲ့ရင် အဲဒီမှတ်တမ်း
ဘဏ်ကိုအနုကြမ်းစီးမှု၊ ပြန်ပေးဆွဲမှု၊ လူသတ်မှုတွေသာ
မယ်၊ သူ့ကို ဖမ်းမိတဲ့အခါမှာ စစ်ဆေးကြည့်ရင် သူငယ်
က သူ့မိဘတွေဟာ ပစ်ပယ်ထားတဲ့သူဖြစ်တာ တွေ့ရမ

"ဒေါက်တာ . . ခင်ဗျားရဲ့စိတ်ကူးယဉ်ကြီး မဖျက်





ပါဘူး၊ ဒါပေမဲ့ ဒီလူဟာ စိတ်ပုံမမှန်တဲ့ မူးယစ်ဆေးဝါး စွဲနေတဲ့
သူ ဖြစ်နိုင်တယ်"

"မဖြစ်နိုင်ဘူး၊ ဒီလူက မူးယစ်ဆေးဝါးကို မသုံးစွဲဘူး၊ သူက
ကျောင်းနေစဉ်က ကစားရင် ဘောလုံးတို့ ဟော်ကီ တို့ပဲ
ကစားမယ်၊ စစ်တုရင်ထိုးတာတို့ ပဟေဠိတို့ ဝါသနာမပါဘူး"

အင်ဂျယ်လီက သူ့ပြောစကားများကို မယုံကြည်သည့်
မျက်စိနှင့် ကြည့်နေသည်။

"ဒီလူသတ်မှုတွေမှာ လူတစ်ဦးထက်မနည်း ပါဝင်နေတယ်
လို့ ခင်ဗျားပဲ ပြောခဲ့တယ်မဟုတ်လား"

"ကျုပ်က ဒွန်ဗင်တန်ရဲ့သရုပ်ကို ဖော်ပြနေတာလေ၊ သူက
ကိစ္စတွေကို စီမံကြိုးကိုင်နေတဲ့လူ၊ သူ့အကြောင်းကို ပြော
ဦးမယ်၊ ဒီလူက 'လက်တင်အမျိုးအနွယ်' ထဲက ဖြစ်ရမယ်"

"ဘာကြောင့် ခင်ဗျားက ဒီလိုပြောနိုင်သလဲ"

"လူသတ်မှုတွေမှာ သုံးတဲ့နည်းတွေကြောင့်ပေါ့၊ ဓား၊ ငရဲ
ပုံးတွေလေ . . . သူက တောင်အမေရိကသား၊ အီတလီ
သားမျိုး၊ သို့မဟုတ် စပိန်ပြည်သားဖြစ်ရမယ်၊ အဲဒီလူက ဒီလူသတ်
တွေကို ကျူးလွန်တဲ့လူ၊ ကျုပ်ကိုသတ်ဖို့ ကြိုးစားနေတဲ့လူပဲ"

"ခင်ဗျား ဘယ်လိုလုပ်ပြီး ဒါလောက်သိနိုင်တာလဲ"

ဂျဒ်က ထိုင်ခုံလိုက်ပြီး အင်ဂျယ်လီဘက်သို့က ကိုင်းညွတ်
လိုက်ကာ . . .

"ဒါက ကျုပ်ရဲ့အသက်မွေးဝမ်းကြောင်းပညာပဲ"
ဟု ဆိုလိုက်သည်။

"ကောင်းပါပြီ၊ ခင်ဗျားက လူသတ်သမားရဲ့ စိတ်နေသ



www.burmeseclassic.com

www.burmeseclassic.com



ဘောထားကို ပြောနိုင်တာတော့ ထားပါတော့၊ ခင်ဗျားမမြင်ဘူး တဲ့ လူတစ်ယောက်ရဲ့ ပုံပန်းသဏ္ဌာန်ရုပ်သွင်ကို ဘယ်လိုလုပ် သိနိုင်တာလဲ"

"ဒါကလဲ ပညာတစ်ခုပဲလေ၊ 'ကရက်(ချ်)မား' ဆိုတဲ့ ဆေး ဝန်တစ်ဦး လေ့လာစူးစမ်းခဲ့ရာမှာ ပါရာနွိုက်ဆိုတဲ့ စိတ္တဇရော ဝေဒနာသည်ကို စမ်းသပ်တဲ့အခါမှာ ရှစ်ဆယ့်ငါးရာခိုင်နှုန်း ကိုယ်လက်ကြံ့ခိုင်ပြီး အားကစားသမားပုံပန်းရှိတဲ့ အချက် တွေ့ရတယ်၊ ပါရာနွိုက်ဝေဒနာရှင်ဆိုတာ ကြီးကျယ်တဲ့ ယုံ လွန်စိတ်ရှိနေတယ်လေ၊ သူက စိတ်ကြီးဝင်စိတ်ရူးရောဂါသည် သူ့ကိုယ်ကို သူကတရားဥပဒေရဲ့အထက်မှာရှိတယ်လို့ ထင် နေတယ်ဗျာ"

"ဒါဖြင့် သူ့ကိုဘာကြောင့် အရူးထောင်ထဲထည့်ပြီး လှော မထားကြသလဲ"

"သူက မျက်နှာဖုံးစွပ်ထားလို့"

"ဘာဗျ"

"အမှန်က ကျုပ်တို့တတွေအားလုံးဟာ လူမှန်းသိတဲ့ အရွ ကစပြီး မျက်နှာဖုံးစွပ်ပြီး ဘဝကိုကြောင်းလာခဲ့ကြတာပဲ၊ ငယ် ကတည်းကစပြီး ကျုပ်တို့ကို ကျုပ်တို့ရဲ့ အစစ်အမှန် ခံစားမှု ထိတ်လန့်စိုးရွံ့မှုတွေက ဖုံးထားအောင် ငယ်ငယ်ကတည်းက သ ပေးခဲ့ကြတယ်။ ဒါပေမဲ့ စိတ်ဖိစီးမှု ခံစားရတဲ့ အချိန်မှာ ဒွန်ဗင် ဟာ မျက်နှာဖုံးချွတ်ချလိုက်ပြီး ပကတိမျက်နှာပေးကို ပြလို တာပဲ"

"ဩော် . . ကျုပ်နားလည်ပြီ"





"သူ့ရဲ့ အတ္တပင်ကိုယ်စိတ်ထားဟာ သေကွင်းပဲ၊ အဲဒီ အတ္တ ကို ခြိမ်းခြောက်လာရင် သူဟာဖျက်စီးယိုင်လဲသွားမှာပဲ၊ အခုဆို ရင် သူ့အတ္တဖြိုပ်ဟာ တဲတဲကလေးပဲရှိတယ်၊ သူ့ကို ယိုင်လဲပြို ကွဲဖို့ သိပ်အားပြုဖို့ မလိုတော့ဘူး"

ပြောရင်းနှင့် စဉ်းစားကွက်များ တစ်ကွက်ပြီးတစ်ကွက် ပေါ်လာသည်။ လူသတ်မှုဖြစ်ရပ်များကလည်း သူ့နေရာနှင့်သူ ...သလာသည်ကို တွေ့ရသည်တွင် သူ ဤမျှလောက်ပဲ မတွေး ခဲ့ရကောင်းလားဟု အပြစ်တင်မိသေးသည်။

"ကျုပ် စဉ်းစားရင်းက လူသတ်မှုတွေရဲ့ ဖြစ်ရပ်ကလေး တွေကို သူ့နေရာနဲ့သူ အစီအစဉ်ကျနအောင် မြင်လာပြီဗျ၊ လူ သတ်မှုတွေက အစီပွါယ်မဲ့ သတ်ဖြတ်မှုတွေ မဟုတ်ဘူး၊ နောက် ရည်ရွယ်ချက်အကြောင်းခံရှိတယ်၊ တကယ်က ဒွန်ဗင်တန်က ပ်တစ်ယောက်ထဲကိုသာ သတ်ဖြတ်ဖို့ ရည်ရွယ်အားထုတ်ခဲ့ တာဗျ၊ ဝွန်ဟန်ဆင်အသတ်ခံရတာက လူမှားပြီး အသတ်ခံရ တာ၊ လူသတ်သမားက သူ့အမှားကို သူသိတဲ့အခါမှာ ကျုပ်ရုံး ခန်းထဲကိုနောက်တစ်ကြိမ် ကြံစည်ဖို့ဝင်လာရာမှာ ကာရိုကိုတွေ့ ပြီး သတ်ခဲ့တယ်"

"သူ ဘယ်သူလဲဆိုတာသိပြီး ပြောမှာစိုးလို့ သတ်သွားတာ လား"

"မဟုတ်ဘူး၊ ကျုပ်တို့ဖွေရှာနေတဲ့ လူသတ်သမားက ညှင်း ပန်းနှိပ်စက်ပြီးမှ ကာမဂုဏ်စိတ်ဖြေသူ မဟုတ်ဘူး၊ ကာရိုကို သတ်တာက သူလိုချင်နေတဲ့ သူ့အပြစ်ရောက်နိုင်မယ့် သဲလွန်စ ...စ္စည်းကို တောင်းမရလို့ဖြစ်မယ်၊ ကာရိုက မပေးနိုင်လို့ပဲ ငြစ်



www.burmeseclassic.com

www.burmeseclassic.com


ဖြစ်၊ ပေးတယ်ပဲဖြစ်ဖြစ်၊ တစ်ခုခုကြောင့်ပဲဖြစ်ရမယ်"

"ဘယ်လိုသက်သေခံပစ္စည်းလဲ"

"အဲဒါ ကျုပ်မသိဘူး၊ ဒီအချက်က အရေးအကြီးဆုံး သော့ချက်ပဲ၊ ဒီသော့ချက်ကို မူးဒီကတွေ့မြင်သိရှိခဲ့လို့ သူ့အသတ်ခံရတာ"

"ဒါပေမဲ့ ကျုပ်တွေးလို့မရတာက ခင်ဗျားကိုလမ်းပေါ် သတ်... ဖြစ်ရင် သူတို့လိုချင်တဲ့ဘက်က ပစ္စည်း ဘယ်လိုလုပ်ရမှာလဲ... ခင်ဗျား သိ၊ ရိုနဲ့ ဒီအချက်က အံမဝင်ပြန်ဘူးလေ"

"ဒီလိုဗျ . . . ဒီသက်သေခံပစ္စည်းက တိပ်ခွေထဲမှာရှိတယ်လို့ ဆိုကြပါစို့၊ သူ့အတိုင်းရှိနေရင် သူ့အတွက်ဘာမှ အန္တရာယ်မဖြစ်နိုင်ဘူး၊ ဒါပေမဲ့ ကျုပ်က အခြားအချက်အလက်တွေနဲ့ ဆက်စပ်လိုက်ရင် သူ့ကိုခြိမ်းခြောက်နိုင်တယ်၊ ဒါကြောင့် သူတို့အတွက်... လုပ်ရမယ့်လမ်းက နှစ်လမ်းရှိတယ်၊ ဒီပစ္စည်းကို ကျုပ်ဆီက ထ... နည်းနည်းနဲ့ရယူဖို့၊ နောက်တစ်နည်းက ကျုပ်ကိုကိစ္စတုံးဖို့... ပထမဦးဆုံး ကျုပ်ကို သတ်ပစ်ဖို့ ကြိုးစားတယ်၊ လူမှားပြီး ယ... ဆင်ကိုသတ်မိတယ်၊ နောက်တစ်ခါ ဒီပစ္စည်းကို ကာရိုဆီမှာ ရှာဖို့ကြိုးစားပြန်ရော ဒါလဲမအောင်မြင် . . ဒီတော့ နောက်တစ်ကြိမ် ကျုပ်ကိုသတ်ဖို့ အားထုတ်တယ်၊ ဒါက မော်တော်ကားနဲ့ တိုက်သတ်တာလေ၊ ကျုပ် မူးဒီဆီသွားတော့လဲ နောက်ယောင်ခံလိုက်ခဲ့တယ်၊ မူးဒီကိုလဲ နောက်ယောင်ခံလိုက်နေတယ်၊ မူးဒီက အမှန်ကို သိသွားတော့ သူ့ကိုသတ်ပစ်လိုက်တာပေါ့"

အင်ဂျယ်လီက ဂျဒ်ကိုစူးစိုက်ကြည့်နေသည်။ သူ့မျက်နှာတွင် ဒေါသရောင်သမ်းပြီး မျက်မှောင်ကြုတ်ထားသည်။ ရုတ်... ...် တစ်စုံတစ်ရာကိုဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချဖို့ ကြိုးပမ်းဟန်တူသည်။

"ဒီအကြောင်းတွေကြောင့်ပဲ လူသတ်သမားက ကျုပ်ကို သတ်ရမချင်းနေမှာမဟုတ်ဘူး၊ အင်မတန်ကြောက်ဖွယ်ရာကောင်းတဲ့ ကစားကွက်ကြီးပေါ့ဗျာ၊ ဒီလူဟာ အရှုံးဒဏ်ကိုတော့ ခံနိုင်တဲ့လူစားမျိုးမဟုတ်ဘူး"

အင်ဂျယ်လီက ဂျဒ်၏ပြောဆိုချက်များကို အပြန်ပြန် အလှန်လှန် စဉ်းစားပြီး ချိန်ဆကြည့်နေသည်။

နောက်ဆုံးတွင် တစ်စုံတစ်ခုကို ဆုံးဖြတ်လိုက်သည်။

"ခင်ဗျားပြောတာမှန်ရင်တော့ ခင်ဗျားဟာ အကာအကွယ် လိုအပ်နေပြီ"

ပြောပြောဆိုဆို သူ့အိတ်ထဲမှ ခြောက်လုံးပြူးကို ထုတ်လိုက်... ခါးမှချိုး၍ ကျည်ဆံအပြည့်ရှိမရှိ စစ်ဆေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် အင်ဂျယ်လီ၊ ကျုပ် သေနတ်မလိုပါ... ကျုပ်က ကျုပ်လက်နက်နဲ့ဘဲ တိုက်မှာပါ"

ထိုအခိုက်အတန့်မှာပင် အပြင်တံခါးဖွင့်သံ ကြားလိုက်ရသည်။

"ခင်ဗျားဆီ ဧည့်သည်လာမှာလား"

"လာစရာမရှိပါဘူး"

သေနတ်ကိုလက်မှကိုင်ပြီး အင်ဂျယ်လီက တံခါးရှိရာသို့ ...ပြေးလျှောက်သွားသည်။ တံခါးကိုဖွင့်လိုက်ရာတွင်ပီတာဟက်ဒ်...ကိုတွေ့ရသည်။ ပီတာကတော့ သေနတ်ကြီးကိုကိုင်၍ ဧန...ည်ကိုတွေ့ရ၍ အံ့ဩနေပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားက ဘယ်သူလဲ"

အင်ဂျယ်လီက ခပ်ဆတ်ဆတ် မေးလိုက်သည်။

ထိုအတွင်း ဂျဒ်က တံခါးဆီသို့ သုတ်သုတ်လျှောက်လာ

"ဒါ ကျုပ်မိတ်ဆွေပါ"

"ဟေး၊ ဘာတွေ ဖြစ်နေတာလဲ"

ပီတာက မေးလိုက်သည်။

"ဝမ်းနည်းပါတယ်"

ဟု အင်ဂျယ်လီက တောင်းပန်ရင်း သေနတ်ကို ကဗျာ အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

"ဒါက ဒေါက်တာဟက်ဒ်လေ၊ ဒါက စုံထောက် အင်ဂျယ်

"ဟေ မင်းရဲ့ဆေးကုခန်းက ဘယ်လို ဆေးကုခန်းလဲ

"အော် ဒေါက်တာစတီဗင်ရဲ့အခန်းကို ဖောက်ထွင်းသွား အဲဒီလူ ပြန်လာလိမ့်မယ်ထင်ပြီး စောင့်နေတာပါ"

အင်ဂျယ်လီက ဝင်၍ရှင်းလိုက်သည်။

"ဟုတ်တယ် ပီတာ၊ ဒါပေမယ့် သူတို့လိုချင်တာ ရမသွား

ဂျဒ်က ဆက်၍ လီဆယ်လိုက်သည်။

"အဲဒီ ဖောက်ထွင်းမှုက ကာရိုအသတ်ခံရတာနဲ့ ဆက်သွ နေသလား"

ဂျဒ်က အဖြေမပေးနိုင်ခင် အင်ဂျယ်လီက ဝင်၍ပြောလို သည်။

"ကျုပ်တို့ မသေချာသေးပါဘူး ဒေါက်တာဟက်ဒ်လေ၊ အတောအတွင်းမှာ ဒီကိစ္စကို မဆွေးနွေးဘို့ ဒေါက်တာစတီ ကို ပြောထားပါတယ်"

သစ်ဆန်းစာပေ



"ကျုပ်နားလည်ပါပြီ၊ ကဲ ဂျဒ် ကိုယ်တို့နေ့လည်စာ စားဖို့ ပြောထားတာ စားမှာလား"

"စားမှာပေါ့"

"ဒေါက်တာစတီဗင်၊ ဒါကို မလိုတော့ဘူးလား"

အင်ဂျယ်လီက သေနတ်ကိုပုတ်ပြပြီး မေးလိုက်၏။

ဂျဒ်က ခေါင်းခါပြသည်။ နောက် အင်ဂျယ်လီအခန်းထဲမှ ထွက်သွားလေသည်။ ဂျဒ်နှင့် ပီတာတို့လည်း နေ့လည်စာ စားရန် အတူသွားကြ၏။

နေ့လည်စာ စားနေကြစဉ်တွင် ဂျဒ်သည် သူ့အာရုံနှင့်သူ ဝင်စားနေ၍ နှုတ်ဆိတ်ငြိမ်သက်နေသည်။ ပီတာကလည်း အတင်းအကြပ် မမေးမြန်းပေ။ သူတို့က သူငယ်ချင်းများအ ကြောင်း လူနာမျှားအကြောင်းသာ ပြောသည်။

ပီတာက ဟဲရစ်ဆင်၏ စိတ်ဝေဒနာ ဆိုးရွားလာခဲ့သည့် အကြောင်းကို ကုမ္ပဏီသို့အကြောင်းကြားခဲ့ရာ ယခုအချိန်တွင် ဟဲရစ်ဆင်ကို စိတ္တဇဆေးရုံကို ပို့ထားခဲ့ပြီးဖြစ်ကြောင်း ပြောပြ သည်။

"ဒီမှာ ဂျဒ်၊ မင်းမှာ ဘာဒုက္ခမျိုးနဲ့ ကြုံတွေ့နေတယ်ဆို တာတော့ ငါမသိဘူး။ ဒါပေမဲ့ . . ငါ ကူညီနိုင်ရင်တော့ ငါ့ကို"

ဂျဒ်က ခေါင်းကိုရမ်းပြသည်။

"ကျေးဇူးတင်ပါတယ် ပီတာ၊ ဒီပြဿနာက ကိုယ့်ဟာကိုယ် ရှင်းမှရမှာ၊ ပြီးသွားတဲ့အခါမှာ ငါအကုန်ပြောပြပါမယ်"

"အေးလေ . . မြန်မြန်ပြီးစီးသွားပါစေလို့ ဆုတောင်းပါ တယ်၊ ဒါနဲ့ ဂျဒ်ရယ် . . မင်းမှာ တကယ်ပဲအန္တရာယ် ရှိနေ သလား"

သစ်ဆန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com


“အို . . . ဘယ်ရှိမှာလဲ”

ဟု ဂျဒ်က ပြန်ပြောလိုက်လေသည်။

နေ့လည်စာစားပြီးသည့်အခါ ဂျဒ်သည် သူ့အခန်းသို့ပြ လာသည်။ သူသည် တတ်နိုင်သမျှ သူ့ကိုအန္တရာယ်ဖြစ်စေနိုင် သည့် ဟာကွက်များကို သေချာစွာစစ်ဆေးကာကွယ်မှုများ ပြု သည်။ မည်မျှလုံခြုံမည်ကိုတော့ သူမပြောနိုင်။

ထို့နောက် ဒီလူသတ်မှုကြီးများ၏ သဲလွန်စ ရလိုရငြား ဝေဒနာသည်များ ပြောစကားကို အသံသွင်းထားသည့်တိပ်ခွေ များထဲမှ သံသယရှိနိုင်သည်ဟု ထင်မှတ်ရသူများ၏ တိပ်ခွေများ ကိုဖွင့်၍ နားထောင်မှတ်သားရင်းက လူသတ်သမား၏ ခြေရာ ခံသည်။

သုံးနာရီကြာမျှ လူနာများ၏ပြောသံများကို နားထောင်ပြီး မှ သံသယဖြစ်စရာ လူတစ်ဦးနာမည်ကို သူ့စာရင်းတွင် ထပ်ဖြည့် နိုင်သည်။

ပထမ တီရီဝပ်ရှ်ဆန်း။

ယခု ဘရုစ်ရှိုက်။

ဘရုစ်ရှိုက်က ဂျွန်ဟန်ဆင်နှင့်အတူ နေခဲ့သူ။

ဂျွန်ဟန်ဆင်၏ ချစ်သူငယ်ချင်း။

ဘရုစ်ရှိုက်အကြောင်းကို သိလို၍ ဟန်ဆင်၏တိပ်ခွေကို ပြန်ဖွင့်၍နားထောင်ရသည်။

“ကျွန်တော် ဘရုစ်ကို မြင်မြင်ချင်း ချစ်ခင်မိခဲ့တာပဲ၊ ကျွန် တော်တွေ့ခဲ့ရသမျှ သူတွေထဲမှာ သူကတော့ အချောဆုံးပဲဗျာ သူက စိုးမိုးလိုတဲ့စိတ် ပြင်းတယ်၊ ဒါကြောင့်လဲ ကျွန်တော် တိုခင်မင်ရတာပါ၊ သူက အင်မတန်သန့်စွမ်းတဲ့လူပဲ၊ သူက တစ်ပါးကို နာကျင်အောင်လုပ်ရမှ ကျေနပ်တဲ့သူ”

မှန်ပါသည်။ ဘရုစ်သည် သူတပါးကို ညှဉ်းပမ်းနှိပ်စက်လို ပြင်းပြသူဖြစ်ပြီး ငါစွဲမာနကြီးသူဖြစ်သည်။

ဂျဒ်သည် သူ့စာရင်းကိုပြန်ကြည့်ရာ ပထမ တီရီဝပ်ရှ်ဆန်း မည်ကိုတွေ့ရသည်။ သူမက ဟောလီဝုဒ်တွင် သူ့ချစ်သူတစ် ယောက်ကို သတ်ခဲ့သူဖြစ်သည်။ ထိုအကြောင်းကို သူ့ကိုမပြော ခဲ့။

နောက်တစ်ယောက်က ဘရုစ်ရှိုက်၊ သူက ဂျွန်ဟန်ဆင်၏ သူငယ်ချင်း။ လူသတ်မှုကို ကျူးလွန်သူသည် ဤနှစ်ဦးထဲမှ ဖြစ်နိုင်မည်နည်း။ သူစုံစမ်းကြည့်ရမည်။ မေးမြန်းတွေ့ဆုံ မှ အဖြေပေးနိုင်လိမ့်မည်။

ဂျဒ်သည် ပထမဦးစွာ တီရီ၏အိမ်သို့ လာခဲ့သည်။

သူမ၏အိမ်ခန်းတွင် အဖိုးတန်အိမ်ထောင်ပရိဘောဂများ လှပစွာမွမ်းမံခြယ်သထားသည်။ ထူးခြားချက်မှာ မွမ်းမံခြယ် ယ်ရာတွင် အားလုံးကို ပန်းရောင်က လွှမ်းမိုးနေသည်။ နံရံ င် တန်ဖိုးကြီးလှသော ပန်းချီကားချပ်များ ချိတ်ဆွဲထား၏။ ခန်းထဲ၌ စောင့်ဆိုင်းနေစဉ် တီရီဝင်လာသည်။

ဂျဒ်က တီရီကို သူလာလည်မည့်အကြောင်း ကြိုတင် ယ်လီဖုန်းဆက်ထားပြီးဖြစ်သည်။ တီရီက ဂျဒ်အလာကို စောင့် င်းက အစစပြင်ဆင်ထားခဲ့သည်။ ယခုဆိုပါက သူမသည် လှပ စွာ နူလှသည့် အင်္ကျီပွကို ဝတ်ထားသည်။ ထိုအင်္ကျီအောက် င် အောက်ခံအဝတ် တစ်ခုမျှမပါ။


သစ်ဆန်းစာပေ
www.burmeseclassic.com

www.burmeseclassic.com



"ရှင် တကယ်ပဲရောက်လာတယ်နော်"

တီရီက ဝမ်းသာအားရ နှုတ်ဆက်လိုက်သည်။

"ခင်ဗျားနဲ့ စကားနည်းနည်း ပြောချင်လို့"

"ရပါတယ်၊ ကဲ . . အရက်နည်းနည်းသောက်မလား"

"မသောက်ပါဘူး၊ ကျေးဇူးတင်ပါတယ်"

"ဒါဖြင့် ကျွန်မက ဝမ်းသာတဲ့အထိမ်းအမှတ်အဖြစ် နည်းနည်းသောက်လိုက်ဦးမယ်"

ဂျဒ်က သူမကိုကြည့်လျက် စဉ်းစားနေသည်။ တီရီက အရက်ငှဲ့ထည့်ပြီး ခွက်ကိုင်လျက် သူ့အနီး၌ ကပ်ထိုင်လိုက်သည်။

"နောက်ဆုံး ရှင်မနေနိုင်တော့လို့ ကျွန်မဆီရောက်လာတာ မဟုတ်လား။ ရှင်ကြာရှည် ဟန်လုပ်မနေနိုင်ဖူးဆိုတာ ကျွန်မ သိပါတယ်။ ကျွန်မကလဲ ရှင့်ကိုအရူးအမူး စွဲလန်းနေတာ ဆို . . ဘယ်လိုသဘောကျသလဲ"

ဂျဒ်က မျက်နှာတည်တည်ငြိမ်ငြိမ်ထားပြီး . . .

"ကျုပ်က ခင်ဗျားအကူအညီ လိုချင်လို့ပါ"

ဟု ပြောလိုက်သည်။

"ပြောစမ်းပါ . . ကျွန်မက နားလည်ပြီးသား။ ယောက်ျားကို မေ့သွားအောင်ဖြေဖျော်မယ်ရှင့်"

"အို . . တီရီ . . နားထောင်စမ်းပါ၊ တစ်စုံတစ်ယောက်က ကျုပ်ကိုသတ်ဖို့ ကြံစည်နေတယ်"

တီရီက မျက်စိပြူးသွားပြီး အံ့အားသင့်သွားသကဲ့သို့ အမူအရာ မျက်နှာထားများ ပြောင်းသွားသည်။

သူမက ဟန်ဆောင်သရုပ်ပြခြင်းလား။





အမှန်တကယ်ပင် ခံစားရသဖြင့် အမူအရာ ပြောင်းခြင်းလား။

တီရီက ရုပ်ရှင်မင်းသမီးတစ်ဦးမဟုတ်လား။ သရုပ်ဆောင်ခြင်းမှာ ထူးချွန်သူပေပဲ။

"ဘုရားရေ . . ရှင့်ကို ဘယ်သူကများ သတ်ချင်ရမှာတုန်း"

"ကျုပ်ရဲ့ လူနာနဲ့ ဆက်စပ်နေတဲ့သူတစ်ဦးဦးပေါ့"

"ဘုရား . . ဘုရား . . ဘာကြောင့်လဲ"

"ဒါကိုပဲ ကျုပ်က ရှာဖွေဖို့ကြိုးစားနေတာပဲ တီရီ၊ ခင်ဗျားမိတ်ဆွေထဲက တစ်ဦးဦးက လူသတ်တဲ့အကြောင်းများ ပြောဖူးသလား။ ဥပမာ ပါတီပျော်ပွဲမှာ ပျော်စရာအဖြစ်ပေါ့"

"မပြောဖူးဘူးရှင့်"

"ဒွန်ဗင်တန်ဆိုတဲ့ နာမည်နဲ့လူကိုကော သိသလား"

"ဒွန်ဗင်တန် ဟုတ်လား၊ ဘာပြုလို့ ကျွန်မက သိရမှာလဲ"

"တီရီ . . လူသတ်မှုနဲ့စပ်လျဉ်းပြီး ဘယ်လိုခံစားမှု ရှိသလဲ"

သူမ ကျောတစ်လျှောက် စိမ့်သွားသည်။ ဂျဒ်က သူမ၏ လက်ဆစ်ကိုကိုင်ထားသဖြင့် သွေးသွေးတိုးနှုန်းတို့ မြန်လာသည်။

"လူသတ်မှုက ခင်ဗျားကို အာရုံမကျစေဖူးလား"

"ဒါတွေ ကျွန်မမသိဘူး"

"လူသတ်တဲ့အကြောင်း စဉ်းစားလိုက်စမ်းပါ၊ နောက်ပြီး စိတ်လှုပ်ရှားမှုဖြစ်လာသလား၊ သတိထားကြည့်ပါ"

"ဘာမှမဖြစ်ပါဘူးရှင့်"

"ခင်ဗျား ဟောလီဝုဒ်မှာ ချစ်သူတစ်ဦးကို သတ်ခဲ့တဲ့အကြောင်း ကျုပ်ကိုဘာပြုလို့ မပြောခဲ့သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက် တီရီသည် သူမျက်နှာကိုလှမ်း၍ လက်သ ဖြင့်ကုတ်ခြစ်ရန်ဟန်ပြင်လိုက်သည်တွင် ဂျဒ်က လက်ကိုဖမ်း ထားလိုက်သည်။

"ရှင်ဟာ ခွေးမသား။ ဒါက လွန်ခဲ့တဲ့ အနှစ် ၂၀ အဖြစ်အပျက်ဟဲ့၊ ရှင်က ဒီအတွက်လာတာကိုး ဟုတ်လား။ အခုထွက်သွား၊ မြန်မြန်သွား"

ဟုအော်ဟစ်ရင်း ငိုကြီးချက်မနှင့် လှဲချလိုက်သည်။

ဂျဒ်က သူမကိုအတန်ကြာကြာ ရပ်၍ကြည့်ရှုအကဲခတ် သည်။

သူမ၏စိတ် အခြေအနေ၊ သဘောထားခံယူချက်၊ အ နည်းချက်များနှင့်ဆိုလျှင် . .

သူ့ကိုသြဇာလှမ်းမိုး ကောက်ယူသိမ်းပိုက်သူက လို ပုံသွင်းနိုင်သည့် ပုံပန်းခိုင်ခိုင်ခန့်ခန့်ရှိသူ မဟုတ်ရာပေ။

သူ့ကို မည်သူက နောက်ဆုံးကောက်ယူသိမ်းပိုက်လို သနည်း။

"ဒွန်ဗင်တန်လား"

"ဝမ်းနည်းပါတယ်"

ဟုဆို၍ ပန်းရောင်ခန်းမကြီးထဲမှ ထွက်ခဲ့လေသည်။

လူသတ်မှုများ ကျူးလွန်နိုင်သူစာရင်းတွင် ဒုတိယနာ က ဘရုစ်ရှိုက်ဖြစ်သည်။ ဂျဒ်က ဘရုစ်ရှိုက်ထံသွား၍ အ အကဲခတ် မေးမြန်းစုံစမ်းကြည့်ရဦးမည်။ ဘရုစ်ရှိုက်က ဟန် ၏ 'ချစ်သူငယ်ချင်း' ဖြစ်သည်။ တနည်းနည်းနှင့်တော့ ဆ သွယ်မှု ရှိနိုင်သည်ဟု တွေးမိသည်။





ဘရုစ်အိမ်သို့ရောက်လျှင် သူ့ဘတ်တလာက တံခါးဖွင့် ပေးပြီး ခေတ္တစောင့်ဆိုင်းရန် ပြော၍ သူ့ဆရာထံ သွားရောက် အကြောင်းကြားသည်။ ဂျဒ်က ဆယ်မိနစ်ခန့်ပင် စောင့်ဆိုင်း နေရသဖြင့် စိတ်အနည်းငယ် တိုလာသည်။

ဘရုစ်ထံသို့သွားမည့်အကြောင်း ရဲစုံထောက်အင်ဂျယ်လီကို ပြောထားဖို့ ကောင်းသည်ဟု တွေးမိသည်။ သူ၏ စဉ်းစား မှန်းဆ ချက်မှန်ပါလျှင် သူ့ကိုမကြာခင် ရန်ရှာဦးမည်ဖြစ်သည်။ ဤ အကြိမ်တွင်မူ သူ့ကိုသေချာအောင် စီမံပြီးမှ သတ်ဖြတ်တော့မည် ဖြစ်သည်။

မကြာမီ ဘတ်တလာပြန်လာပြီး ဂျဒ်ကိုအထပ်ထပ်သို့ ခေါ် ဆောင်သွားသည်။ ထို့နောက်စာကြည့်ခန်းထဲသို့ပို့ပြီး ပြန်ထွက် သွားသည်။ ဘရုစ်ကို စာကြည့်စားပွဲ၌ စာရေးနေသည်ကို တွေ့ သည်။

ဘရုစ်သည် ချောမွေ့သူတစ်ဦးဖြစ်သည်။ ထင်ပေါ်သော မျက်နှာပုံသွင်းနှင့် ပြည့်ဝသော နှုတ်ခမ်းများက ထူးခြားသည်။ ဂျဒ်အခန်းထဲသို့ ဝင်အလာတွင် သူက စားပွဲမှထလာခဲ့သည်။ အရပ်က ခြောက်ပေကျော်ကျော်ရှိ၍ အားကစားသမားတစ်ဦး ပုံစံဖြစ်သည်။

ဂျဒ်က သူ့ကိုလိုက်လံသတ်ဖြတ်နေသူ လူသတ်သမား၏ ပုံသွင်းကိုဖော်ခဲ့သည့်အတိုင်း အသွင်သဏ္ဍာန်ခြင်း ကိုက်ညီနေ သည်ထင်မိသည်။

ဘရုစ်၏အသံက နူးညံ့သိမ်မွေ့သည်။

"ဒီလို ခေတ္တစောင့်ဆိုင်းထားရတာ ခွင့်လွှတ်ပါ ဒေါက်တာ စတီဗင်၊ ကျွန်တော်က ဘရုစ်ရှိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလျက် နှုတ်ဆက်ရန် လက်ကိုကမ်းလိုက်သည်။

ဂျဒ်ကသူ့လက်ကို ဆွဲယူရန် လက်ကိုဆန့်အပေးတွင် ဘ
က သူ့ပါးစပ်တည့်တည့်ကို မာကျောသန်မာသော လက်သီး
လွှဲ၍ ထိုးလိုက်သည်။ မမျှော်လင့်သော တိုက်ခိုက်မှုဖြစ်သ
ဂျဒ်သည် ကြမ်းပေါ်သို့ပစ်၍ လဲသွားသည်။ ဘရစ်က သူလဲ
သည်ကို ငုံ့ကြည့်ရင်းက ...

"ဝမ်းနည်းပါတယ်ဒေါက်တာ၊ ဒါကတော့ ခင်ဗျားအပြစ်ထဲ
ခင်ဗျားကလဲ တော်တော်ဆိုးတာကိုး။ မဟုတ်ဘူးလား၊ ကဲ
လိုက်ပါဦး၊ ကျွန်တော် အရက်တစ်ခွက် ထည့်ပေးပါမယ်"

ဂျဒ်သည် မူးနောက်ရီဝေနေသဖြင့် ခေါင်းကိုရမ်းပစ်
ကြမ်းပြင်မှကုန်း၍အထ နောက်မှဘရစ်က ဖိနပ်ဦးချွန်
တအားကန်သွင်းလိုက်ပြန်ရာ ဂျဒ်သည် နာကျင်လွန်းသဖြင့်
ပြင်၌ တွန့်လိမ်နေတော့သည်။

"ကျွန်တော်ကလဲ ခင်ဗျားအလာကို စောင့်နေတာဗျ"

ဂျဒ်က နာကျင်သည့်ဝေဒနာကြောင့် ရီဝေနေသော
လုံးကိုဖြဲ၍ မော့ကြည့်ပြီး တစ်စုံတစ်ရာကိုပြောရန် ကြိုးစားသေ
လည်း အသံထွက်မလာချေ။

"စကားမပြောပါနဲ့ဗျာ၊ ခင်ဗျားမေးနေဦးမယ်။ ခင်ဗျ
ဘာဖြစ်လို့ ကျွန်တော့်ဆီလာတယ်ဆိုတာ သိပါတယ်။ ခင်ဗျာ
ဇွန်အကြောင်း ကျွန်တော့်ကိုမေးမလို့ မဟုတ်လား"

ဂျဒ်က ခေါင်းညိတ်လိုက်သည်။ ဘရစ်က သူ့ခေါင်း
ပစ်၍ကန်လိုက်ပြန်သည်။ ဂျဒ်သည် ပတ်လက်လန်၍ သွား
သည်။





ခင်ဗျား တွေးသလို ခင်ဗျားယူဆသလို မတွေးတော့
ဖူရင်တော့ ခင်ဗျားက အပြစ်ဒဏ်ခတ်နေတာပဲ၊ ကဲ ..
တော့ ဇွန်နီလဲသေပြီ၊ ခင်ဗျားကိုလဲ ကျွန်တော်သတ်ရမယ်ဗျ"

"ဒါတွေ မဟုတ်ပါဘူး။ ဟန်ဆင်မှာ အရင်ကရွေးချယ်ဖို့
ဘာမှမရှိခဲ့ဘူး။ ကျုပ်က ရွေးချယ်ဖို့ရာတွေကို ပြပေးခဲ့တယ်။
တ မင်းကိုမရွေးဘူး"

ဂျဒ်စိတ်ထဲမှ ပြန်လည်ဖြေကြားခြင်းဖြစ်သည်။ အသံက
က်မလာ။

ဂျဒ်က ယခင်က လူသတ်သမားသည် လက်တင်အမျိုးအ
ယ်ထဲက အသားညိုညိုဟု တွက်ပြခဲ့သည်။

ယခုမူ သူက အသားဖြူဖြူ။ ယခင်က လူသတ်သမားသည်
င်တဲ့ မိန်းမရှာဟု သေချာစွာစွဲမြဲထင်မှတ်ခဲ့သည်။ သူမှားခဲ့ပြီ၊
မှ သွေးဆာသည့်အရူးကြမ်းကို တွေ့ရပါပြီကော။

သူ့အမှားကြောင့် သူ သေရတော့မည်။

ဘရစ်က တဖန် သူ့နားအုံကို တအားလွှဲ၍ ကန်ထည့်
က်သည်တွင် သတိလစ်၍သွားတော့သည်။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ဂျဒ်သည် ဒဏ်ရာပြင်းလှ၍ သတိမရတစ်ချက်၊ ရ
ချက်ဖြစ်နေဆဲပင်။ သူ ဘယ်ရောက်၍နေသည်ကိုလည်း စဉ်း
ရန် သတိက မကောင်းသေး။ သူ့ဦးခေါင်းထဲတွင် အလွန်နာ
နေသေးသည်။

သို့ပေမယ့် သူ့အနီးတွင် ဒဏ်ရာရ၍နေသော
တိရစ္ဆာန်တစ်ကောင်၏ အသံမျိုးကို ကြားနေရသဖြင့် သူ မ
တတ်အောင်ဖြစ်နေသည်။ သူသည် အားတင်း၍ မျက်စိ
ကြည့်လိုက်သည်။

သူသည် အခန်းတစ်ခုထဲရှိ အိပ်ရာပေါ်၌ ရောက်နေသ
ကိုယ်ခန္ဓာကြီးမှာလည်း ဒဏ်ရာများကြောင့် နာကျင်လှသ
တဖြည်းဖြည်း သတိထားပြီး ကြိုးစား၍စဉ်းစားလိုက်ရာမှ
အဖြစ်ကို သတိရလာသည်တွင် ဒေါသအိုးကြီး ပေါက်ကွဲ
တော့သည်။

ဂျဒ်၏လှုပ်ရှားသံကြား၍ ဘရစ်က သူ့ဘက်သို့လှည့်
ပြီးကုတင်အနားသို့ ကပ်လာသည်။

"ဒါ ခင်ဗျားအပြစ်ပါဗျာ၊ ခင်ဗျားသာဝင်ပြီး မရှုတ်ရင်
က အသက်နဲ့ကိုယ်မြဲပြီး ကျွန်တော်နဲ့အတူ ရှိနေဦးမှာပါ

ဒေါသအရှိန် လက်စားချေလိုသောဇောကြောင့် ရုတ်
ထလိုက်ပြီး ဘရစ်၏လည်မျိုးကို ဖမ်းညှစ်လိုက်မိသည်။
ရှိသမျှအားကို အကုန်ဖြစ်ညှစ်ထုတ်ကာ ဘရစ်၏ လည
ညှစ်သည်။

သစ်ဆန်းစာပေ



သူ အံ့ဩသွားသည်။ ဘရစ်သည် သူ့ကိုယ်ကို ကာကွယ်
အတွက်ပင် လုံးဝအားမထုတ်။ ပြန်လှန်၍လည်း ရန်မပြု။
တပ်ကြီးရပ်ကာ မျက်ရည်များသာ ပါးပြင်ပေါ်သို့ စီးကျနေ
သည်။ ဂျဒ်က သူ့မျက်စိကိုကြည့်လိုက်ရာ ရီဝေနေပြီး စိတ်ဒုက္ခ
ကြီးအကျယ် ခံစားနေရပုံ ပေါ်နေသည်ကို မြင်လိုက်ရသည်။

ဂျဒ်သည် ဘရုဒ်၏ လည်မျိုကိုညှစ်ထားသည့် လက်ချောင်း
ကို လျော့၍ဖြေချလိုက်၏။

"ဘုရား . . ဘုရား၊ ငါဟာ ဆရာဝန်၊ စိတ်ရောဂါဖြစ်နေ
က ငါ့ကိုတိုက်ခိုက်တာကို ငါကပြန်ပြီး နှိပ်စပ်ဖို့ ကြိုးစားမိပါ
လား"

ဟု တွေးမိသည်။ ဘရစ်ကိုကြည့်လိုက်ရာတွင် စိတ်မာ
ထွေးပွေလီနေပြီး စိတ်ခံတတ်ယိုယွင်းနေသော ကလေးငယ်
သွင်ကို မြင်လိုက်ရသည်။

ထိုအခါမှ ရုတ်တရက်ပင် ဘရစ်၍ှက်သည် ဒွန်ဗင်တန်
တ်ပါကလားဟု အသိဉာဏ်ပေါ်လာခဲ့၏။ သူသာ ဒွန်ဗင်တန်
နေပါက ယခုအချိန်တွင် ဂျဒ်သည် အသက်နှင့်ကိုယ် တည်မြဲ
မည်မဟုတ်တော့ပေ။ ဘရစ်သည် လူသတ်မှုကို ကျူးလွန်
စွမ်းမရှိသူ။

"ခင်ဗျားကြောင့်သာ ဂျွန်နီသေရတာပါဗျာ"

ဟုပြောရင်း ဘရစ်သည် ကလေးငယ်ပမာ ငိုကြွေးနေသည်။
ဂျဒ်က ဖြစ်ရသည့်အကြောင်းများကို ကလေးငယ်ကို ရှင်းပြ
သို့ စိတ်ရှည်လက်ရှည် ရှင်းပြ၏။ ဂျွန်ဟန်ဆင် စိတ်မာ
င်းလဲသွားရပုံအကြောင်းကို နားလည်အောင် ပြောပြသည်။

သစ်ဆန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘရစ်က ငေးမှိုင်နားထောင်ပြီး တဖြည်းဖြည်း သဘေ
ပေါက်သွားပုံရသည်။

"ဆရာ . . . ကျွန်တော့်ကိုကူညီပါဦး"

ဟု တောင်းပန်၏။

"ကျုပ် ကူညီပါ့မယ်၊ စိတ်ချပါ"

"ကျွန်တော်က ပုံမှန်ယောကျ်ားအဖြစ် ပြန်ရောက်မှာလ

"ပြန်ရောက်နိုင်တယ်၊ ဒါပေမဲ့ မင်းကိုယ်တိုင်က
ချင်ချင်နဲ့ ကြိုးစားရလိမ့်မယ်"

"ဒါဖြင့် ဘယ်တော့ကျွန်တော်စပြီး အကုသခံရမလဲ"

ယခုမှဂျဒ်က သူ့အဖြစ်ကိုပြန်လည်သတိရလိုက်သည်။ ယခုအချိန်တွင် ဘရစ်အိမ်၌ စိတ်ဝေဒနာရှင်တစ်ဦးကို ကု အကြောင်းကိုပြောပြနေသည်။ သူ့အခြေအနေက နောက် နာရီအတွင်းတွင် တစ်စုံတစ်ယောက်သောသူက သူ့ကို ဖြတ်ရန် အားထုတ်တော့မည်။

သို့ပေမယ့် ယခုထက်တိုင် သူ့ကိုသတ်မည့်သူက မည် မည်ဝါ မည်သည့်ကိစ္စကြောင့် သတ်မည်ကို မသိသေးပါ။ စာရင်းတွင် သင်္ကာမကင်းရသူ နှစ်ဦးအဖြစ် စာရင်းတင် သူနှစ်ဦးဖြစ်သည့် တီရီနှင့် ဘရစ်ကို စာရင်းက ဖျက်လိုက်ရ မည်ဖြစ်သည်။

သို့ဖြစ်၍ ယခုအခါတွင်သူသည် ဒွန်ဗင်တန် ဘယ်သူ မည့်လဲဆိုသည့်အချက်ကို လုံးဝမပြောနိုင်။ မခန့်မှန်းနိုင် အခြေတွင်ပင် ပြန်ရောက်နေပြန်၏။

"ကဲ ဘရစ် . . တနင်္လာနေ့ကိုလာခဲ့"





ဟုသူက ရက်ချိန်းပေးပြီးမှ ဘရစ်အိမ်မှ ထွက်လာသည်။

လမ်းရောက်လျှင် တက္ကစီတစ်စီးငှား၍ သူ၏အိမ်သို့ လာသည်။ လမ်းတွင် သူ့အသက်ရှင်နိုင်ဖို့ရာ အခွင့်အလမ်း မည်မျှရှိသည် ချိန်ဆကြည့်မိ၏။ ရှေ့ခရီးအကြောင်းကတော့ မလှပေ။

ဒွန်ဗင်တန် သည်းသည်းမည်းမည်း လိုချင်သည့်အရာပစ္စည်း သူ့ထံမှာရှိသည့် မည်သည့်ပစ္စည်းဖြစ်ပါလိမ့်။ ဒွန်ဗင်တန်ဆိုသူ ကော မည်သူလဲ။ ဒါလောက်ဆိုးသွမ်းတဲ့လူတစ်ယောက်ရဲ့ မည်တမ်း ရဲဌာနမှာ မရှိသည်က ဘာကြောင့်လဲ။ သူ အခြား မည်ကို ခံယူထားသေးသလား။ မဖြစ်နိုင်။ မူးဒီက အတိအကျ န်ဗင်တန်ဟု ပြောခဲ့သည်။

တက္ကစီကားက လှုပ်လိုက်တိုင်း ဘရစ်ရိုက်နှက်ကန်ကြောက် ားသည့် ဒဏ်ရာများက နာကျင်လာသည်။ စိတ်ကို စူးစိုက်၍ းစားဖို့ပင် အတော်ခက်ခဲနေသည်။

သို့ပေမယ့် သူ့အဖြစ်ဒုက္ခက မစဉ်းစား၍မဖြစ်။ တနည်းနည်း း အဓိပ္ပါယ်ရှာပြီး ပြေလည်အောင်ဖြေပါမှ သူ့ဒုက္ခ ဝေဒနာများ ငြိမ်းနိုင်မည်ဖြစ်၏။

ဖြစ်ပွားခဲ့ပြီးသော လူသတ်မှုများကို ပြန်လည်စဉ်းစား ကြည့်လိုက်တော့လည်း အဓိပ္ပါယ်ရှိသည့် ပုံပန်းသဏ္ဌာန်တစ်ခုကို မှန်းဆ၍မရဖြစ်နေသည်။ ပထမ လူသတ်မှုတွင် ဓားနှင့် ထိုးသတ်သည်။ ဒုတိယအမှုတွင် နှိပ်စက်ညှဉ်းပန်းပြီး သတ်သည်။

နောက် သူ့ကိုသတ်ဖို့ကားနှင့်တိုက်သည်၊ နောက် ကားသ င် ဝုံးထောင်သည်။ နောက် လည်မျိုညှစ်သည်။ တစ်မျိုးစီ။



www.burmeseclassic.com

www.burmeseclassic.com



လူသတ်မှုများ၏ ရက်စက်ကြမ်းကြုတ်မှုများပေပဲလား။

သို့ဖြစ်၍ နောက်တစ်ကြိမ် သူ့အသက်ကိုလုပ်ကြံရာတ
မည်သည့်နည်း၊ မည်သည့်ဌာနက မည်သို့ကြိုးစားမည်ကို
မှန်းနိုင်။ ပိန်းပိတ်အောင် မှောင်မဲနေသည့် အခန်းထဲ၌ထိုင်
မည်သူက မည်သည့်လက်နက်နှင့် မည်သို့လုပ်ကြံခံရမည်ကို
သူပမာ ဖြစ်နေ၏။

သူ့ကိုလုပ်ကြံရန် ဖြစ်နိုင်သည့်နေရာ ဌာနက သူ့ရုံးခန်း
သူ့အိမ်ခန်းပဲဖြစ်သည်။ အင်ဂျယ်လီ ပေးထားခဲ့သည့်အကြံ
သတိရသည်။ သူ့အိမ်ခန်းတွင် ပိုမိုခိုင်ခန့် စိတ်ချရသည့် သော့
တပ်ရမည်။

နောက်ပြီး သူတို့၏အဆောက်အဦ၏ တံခါးစောင့် 'မိုး
နှင့် ခာတ်လှေကားမောင်းသူ 'အယ်ဒီ' ကို သတိဝီရိယနှင့် မျ
ကိုဖွင့်ပြီး လူစိမ်း၊ လူကျက်များကို စောင့်ကြည့်ရန်မှာထားရ
မည်။ သူတို့နှစ်ဦးကတော့ ယုံကြည်စိတ်ချရသူများ ဖြစ်သ

တက္ကစီကားက အိမ်ရှေ့တွင်ရပ်လိုက်သည်။ တံခါးစေ
က ထုံးစံအတိုင်း တက္ကစီတံခါးကိုဖွင့်ပေးသည်။ ထို တံခါးစေ
က 'မိုက်' မဟုတ်။ လူစိမ်းတစ်ယောက်။

❖❖❖





## အခန်း (၁၇)

တံခါးစောင့်အဖြစ် တွေ့လိုက်ရသူ လူစိမ်းက ထွားထွား
င်းကျိုင်း။ ကျောက်ပေါက်မများနှင့် အသားညိုညို၊ မျက်တွင်း
ာ်နက်နှင့်လူဖြစ်သည်။ လည်ချောင်းကိုဖြတ်၍ အမာရွတ်ကြီး
တွေ့ရသည်။ သူက မိုက်၏ဝတ်စုံကို ဝတ်ထားသဖြင့် သူ့အတွက်
င်းကြပ်နေသည်။

တက္ကစီကား ထွက်သွားလျှင် ဂျဒ်က ထိုလူစိမ်းတံခါးစောင့်
 ကျန်ရစ်သည်။ သူသည် တစ်ကိုယ်လုံးတုန်သွားမိသည်။
သွားကြိတ်၍ စိတ်ကိုထိန်းထားရင်းက မေးလိုက်သည်။

"မိုက် ဘယ်သွားလို့လဲ"

"အပန်းဖြေ အနားယူသွားပါတယ် ဒေါက်တာ"

ဩ . . ထိုလူက မိမိဆရာဝန်ဖြစ်ကြောင်းသိနေပြီ။
က်ပြီး ဒီဇင်ဘာလကြီးမှာ မိုက်ကအပန်းဖြေအနားယူသွားရ
ယ်ဟဲ့။ အလွန်ဆန်းကြယ်နေသည်။ ထိုလူကတော့ ကျေနပ်
သိမ့်သည့် အသွင်။ ပြုံးနေသည်။ ဂျဒ်က လမ်းတလျှောက်
ကို မျက်စိကစားကြည့်လိုက်သည်။

လူသူတစ်ဦးတစ်ယောက်မျှ မတွေ့ရ။ သူထွက်ပြေးရလျှင်
ာင်းမည်လားဟု စဉ်းစားသည်။ ဒါပေမဲ့ သူ့ခန္ဓာကိုယ်တစ်ခု
ာ ရိုက်နှက်ထိုးကြိတ်ကန်ကြောက်ခံထားရသဖြင့် နာနေ
 သည့်အခြေအနေမျိုးတွင် သူပြေးနိုင်မည်မဟုတ်။ အသက်
က်လျှင်ပင် နာကျင်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ့ကြည့်ရတာ မတော်တဆထိခိုက်မှု တစ်ခုခုဖြစ်
တယ်နဲ့တူတယ်"

ထိုလူစိမ်းက ဖော်ရွေစွာပြောသည်။

ဂျဒ်က မည်သို့မျှပြန်လှန်မပြောဘဲ အဆောက်အဦ
ဧည့်ခန်းမဆောင်ထဲသို့ဝင်လာခဲ့သည်။ အက်ဒီကိုရှာ၏။ သူ
အကူအညီတောင်းရမည်ဟု တွက်ထားသည်။ လူစိမ်းတံခါးစေ
ကလည်း ဂျဒ်နှင့်အတူ လိုက်ပါလာခဲ့သည်။

ဓာတ်လှေကားထဲတွင် အက်ဒီက ကျောပေး၍ ရပ်နေသ
ကို မြင်သည်။ ယခုအချိန်တွင် တွန့်ဆုတ် တွန့်ဆုတ်လုပ်နေ
မဖြစ်။ အရေးတကြီးသူလုပ်ရမည့်ကိစ္စက ထိုလူစိမ်းနှင့် နှစ်ယော
ချင်းမဆုံတွေ့ရအောင် ပြုလုပ်ရမည်။ သက်သေများ အနီးအ
ရှိနေလျှင် သူကအတင့်ရဲမည်မဟုတ်။

'အက်ဒီ' ဟုဂျဒ်ကလှမ်းခေါ်လိုက်သည်။

ဓာတ်လှေကားထဲမှသူက သူ့ကိုလှည့်ကြည့်လိုက်သည်။
သူကို ဂျဒ်ကတခါတရံမျှ မတွေ့ခဲ့ဘူးပါကလား။ သူက လူစိ
တံခါးစောင့်ထက် ကိုယ်လုံးကိုယ်ထည် သေးသည်။ သို့ပေ
ပုံပန်းသဏ္ဌာန်က အားလုံးတူညီသည်။ သူတို့နှစ်ဦးမှာ ညီအ
ဖြစ်နိုင်ပေသည်။

ဂျဒ်က ရုတ်တရက် ရပ်နေမိသည်။ လူစိမ်းညီအစ်ကိုနှ
ကြားတွင် ထောင်ချောက်မိနေပြီဖြစ်သည်။ ဧည့်ခန်းမကြီး
လူတစ်ဦးမျှလည်း မတွေ့မမြင်ရ။ ဂျဒ်က မန်နေဂျာရုံးခန်း
လှည့်သွားရန် ခြေလှမ်းပြင်လိုက်သည်။

"ကျုပ် မစ္စတာကာတ်နဲ့ တွေ့စရာအကြောင်း ရှိသေးတ





ဟု ပြောလိုက်သည်။

လူထွားကြီးက သူ့ရှေ့မှာကာဆီးထားလိုက်သည်။

"မစ္စတာကာတ် အလုပ်များနေတယ်ဒေါက်တာ"

"ကဲ . . လာ ခင်ဗျားကိုအပေါ်ထပ် ပို့ပေးမယ်"

ဓာတ်လှေကားထဲမှလူက ပြောသည်။

"မသွားဘူး . . ကျုပ် . . ."

"ခင်ဗျား . . သူပြောတဲ့အတိုင်း လိုက်နာလိုက်ပါ"

ထိုအခိုက်အတန့်တွင် လေအေးတိုက်သွင်းလိုက်သလို ခံစား
ပြီး ဧည့်ခန်းမကြီးတံခါးပွင့်လျက် အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး
စ်ဦး ဝင်လာကြသည်။

သူတို့တတွေက ပါတီတစ်ခုမှ ပြန်လာကြသူများဖြစ်သည်။
ာစ်ဦးနှင့်တစ်ဦး စကားပြောဆိုနေသည်မှာ ဆူညံသွားသည်။

"ဆိုက် ဘီးရီးယားထက် ပိုအေးပါလား"

အမျိုးသမီးတစ်ဦးက ဆိုသည်။

"အေးဗျာ၊ ဒီလိုညမျိုးမှာ ဘယ်သူမှ အပြင်ထွက်နေဖို့
ကောင်းဘူး"

ဟု သူနှင့်တွဲလာသူ ယောကျ်ားက ပြန်ပြော၏။ သူတို့အစုက
ာတ်လှေကားဆီသို့ လာနေကြသည်။ တံခါးစောင့်နှင့် သူ့
အဖော်က တစ်ဦးကိုတစ်ဦးကြည့်လိုက်ကြသည်။

ဒုတိယအမျိုးသမီးက . . .

"အလွန်ပျော်စရာကောင်းတဲ့ ပါတီပါပဲ၊ ကျေးဇူးအများကြီး
ာင်ပါတယ်ရှင်"

ဟု အမျိုးသားများကို နှုတ်ဆက်သည့်အနေဖြင့် ပြောလိုက်
ာည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အမြန်ပြန်သွားကြရန် သွယ်ဝိုက်၍ နှင်လိုက်ခြင်း ဖြစ်သည်။ ထိုအခါတွင် အမျိုးသားများက ဆူဆူညံညံနှင့် ကန့်ကွက်ကြသည်။

"အပြင်မှာ ဘယ်လောက်အေးသလဲဆိုတာ မသိဘူးလား ဗျ၊ ကျုပ်တို့ကို အနည်းဆုံးအအေးဒါဏ်ခံနိုင်အောင်တော့ အ... ရည်တိုက်လိုက်ကြဦးမှပေါ့"

"ဝီစကီတစ်ခွက်လောက် သောက်ပြီး ကျုပ်တို့ပြန်ကြမှာပေါ့"

ဟု အခြားတစ်ဦးက ပြော၏။

"ကဲ ဒါဖြင့်လာကြလေ၊ ဒါပေမဲ့ တစ်ခွက်သောက်ပြီး ပြန်ကြနော်"

အားလုံးရယ်မောပြီး ဓာတ်လှေကားထဲသို့ဝင်လာကြသည်။ ဂျဒ်ကလည်း အလျှင်အမြန် ၎င်းတို့နှင့်အတူရော၍ ဝင်လိုက်သည်။

လူထွားကြီးနှင့် သူညီက တစ်ယောက်ကို တစ်ယော... ကြည့်၍ နောက်ခြေလှမ်း ဘယ်လိုလှမ်းရမည်ကို စဉ်းစားနေ... တူသည်။ နောက်ဆုံးတွင် အငယ်ဖြစ်သူက ပခုံးကိုတွန့်လိုက်... ဓာတ်လှေကားတံခါးကိုပိတ်လိုက်သည်။ ခလုတ်နှိပ်လိုက်သ... ဓာတ်လှေကားက တက်သွားလေသည်။

ဂျဒ် အိမ်ခန်းက ပဥ္စမထပ်တွင်ရှိသည်။ အကယ်၍ အ... သမီးတစ်သိုက်က ပဥ္စမထပ်မရောက်ခင် ထွက်သွားပါက သူ... အန္တရာယ်နှင့် ရင်ဆိုင်ရတော့မည်။ အကယ်၍ သူထွက်ပြီးမှ သူ... ထွက်သွားလျှင် သူသည်အခန်းသို့ အရင်ရောက်အောင်သွား... တံခါးများကို လုံအောင်ပိတ်ပြီး အကူအညီတောင်းနိုင်လိမ့်မည်...

"ဘယ်အထပ်လဲ ခင်ဗျာ"





ဓာတ်လှေကားမောင်းက မေးလိုက်သည်။

အမျိုးသမီးက . . .

"၁၀ ထပ်"

ဟု ပြောလိုက်သံကြားရသဖြင့် ဂျဒ်မှာ အတော်စိတ်သက်သာရာ ရသွားသည်။

သူကလည်း . . .

"ပဥ္စမထပ်"

ဟု ပြောလိုက်သည်။

ဓာတ်လှေကားမောင်းက ဂျဒ်ကို မထိတထိ ကြည့်ပြီးမှ ...ဥ္စမထပ်သို့ရောက်လျှင် တံခါးကိုဖွင့်ပေးလိုက်သည်။ ဂျဒ်သည် ...တ်လှေကားတွင်းမှထွက် လာပြီး အမောတကော မိမိအခန်းရှိ ...သို့ လှမ်းခဲ့သည်။ ကိုယ်ခန္ဓာတစ်ခုလုံးကတော့ နာကျင်နွမ်းနယ် ...သည်။ ရင်တွင်း၌လည်း တဖျတ်ဖျတ်ခုန်နေသည်။ သူသည် ...သော့ကိုအိတ်ထဲမှထုတ်ယူ၍ တံခါးကိုဖွင့်ကာ အတွင်းသို့ဝင် ...ိုက်၏။

လူသက်သမားတို့မလာခင် သူစိစဉ်ပြင်ဆင် ခုခံဖို့အတွက် ...နစ်သာ အချိန်ရသည်ကို သူနားလည်သည်။ တံခါးကို ပြန် ...တ်လိုက်ပြီး သံကြိုးဖြင့်သော့ခတ်ရန် ဆွဲယူလိုက်သည့်အခါ ...ကြိုးဖြတ်ထားသည်ကို တွေ့ရသောကြောင့် ရင်ထဲတွင် ဒိန်း ...ပြိသွားမိ၏။

သို့ဖြစ်၍ ထိုသံကြိုးသော့ကို ပစ်ချလိုက်ပြီး တယ်လီဖုန်းရှိ ...သို့ လျှောက်သွားသည်တွင် ဦးခေါင်းထဲ၌ မူးနောက်သွား၍ ...ဘာမျှ မျက်စိမှိတ်၍ ရပ်နားရသေးသည်။ နောက်မှ အားရှိသမျှကို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ညှစ်ထုတ်ကာ တယ်လီဖုန်းရှိရာစားပွဲသို့ အားတင်းပြီး လာခဲ့ သည်။ ဦးခေါင်းထဲတွင် နောက်ကျိနေသည်။ တစ်ကိုယ်လုံးမှ လည်း ပြင်းပြင်းပျပျ နာကျင်လာသည်။

မည်သူ့ကို တယ်လီဖုန်းဆက်ရပါ့မည်လဲဟု စဉ်းစားသည့် အခါ အင်ဂျယ်လီကိုသာ သတိရသည်။ အင်ဂျယ်လီကလည်း သူ့အိမ်တွင် ဖျားနေသည်။ ပြီးနောက် သူ့ကိုဘာပြောရပါ့မည်လဲ

"ဒီမှာ တံခါးစောင့်နဲ့ ဓာတ်လှေကားမောင်း လူစိမ်းတွေ ရောက်နေတယ်၊ သူတို့က ကျုပ်ကိုသတ်လိမ့်မယ်လို့ထင်တယ်"

ဟုသာ ပြောနိုင်မည်မဟုတ်ပါလား။

ငင်းတို့ကကော ယုံမည်လား။ သူတို့လာဦးတော့ ဘာများ တတ်နိုင်မည်နည်း။ သူသည် တယ်လီဖုန်းကို ကောက်ယူ အတန်ကြာအောင် ကိုင်ထားပြီး စိတ်များဇဝေဇဝါနှင့် ရပ်နေ သည်။ အဖိုးတန်အချိန်က တရွေ့ရွေ့ ကုန်ခမ်းနေပြီ။

နောက် သူသည် လူထွားကြီး၏မျက်စိအစုံကို ကြည့် အကဲခတ်မိသည်ကို သတိရသည်။ လူထွားကြီးနှင့် သူညီတို့ သူကိုသတ်မည့်သူများဖြစ်သည်က မှန်သည်။ သို့ရာတွင် သူ ကိုယ်တိုင် လူသတ်မှုများကို ကြံစည်ကြိုးကိုင်ဦးစီးသည့် သူများ မတူ။

သူတို့က ကြေးစားလူသတ်သမားများသာ ဖြစ်နိုင်သည် သူတို့မှာ စီမံခန့်ခွဲနိုင်သည့်ဉာဏ်၊ အကွက်ချပြီး အလုပ်တစ် ကြိုတင်တွက်ဆနိုင်သည့် အရည်အချင်းတော့ မရှိနိုင်။ သူတို့ ယခုအရေးအခင်းတွင် ဉာဏ်ရည်သုံးပြီး အသာယူမှသာ မည်။ သူတို့အချိန်အဆ လွဲသွားအောင် စိတ်ဇဝေဇဝါ ဖြစ်သွား





အောင် ပြုလုပ်ကြံစည်ရပေမည်။

ဒါပေမဲ့ ဘယ်လိုဉာဏ်ရည်သုံးပြီး အသာယူရမည်လဲ။

သူသည် အောက်ထပ်ဧည့်ခန်းမကြီးကို ဆက်ထားသည့် ဘီဗီ ကိုဖွင့်ကြည့်လိုက်သည်။ တီဗီစက်ထဲ၌ ခမ်းမကြီးတစ်ခုလုံး တွင် မည်သူတစ်ဦးတစ်ယောက်မျှ မရှိသည်ကိုမြင်ရသည်။

ဂျဒ်သည် လက်ရှိပြဿနာကို ကြိုးစား၍စူးစိုက်စဉ်းစား သည်။ သူ့အခြေအနေက အရေးပေါ်အခြေအနေပါကလား။ ဆုတ်ပြီ။ သို့ဖြစ်လျှင် အရေးပေါ်အစီအစဉ်ကို လုပ်ရမည်ဟု တွေးမိလိုက်၏။

သို့ကြောင့် ဝေဒနာများကိုကြိုးစားပြီး မေ့ပျောက်ထားကာ တယ်လီဖုန်းမှ နံပါတ်များကိုလှည့်နေသည်။ မကြာမီ တစ်ဘက်မှ အသံကြားရသည်။ ဂျဒ်က ပြောပြလိုက်သည်။ တီဗီကားချပ်တွင် လူနှစ်ဦးက ဧည့်ခန်းမကြီးကိုဖြတ်၍ ဓာတ်လှေကားဆီသို့ သွား နေသည်ကို မြင်ရသည်။ သူ့အတွက်အချိန်ကတော့ စေ့ပြီဖြစ် သည်။

လူနှစ်ယောက်က ဂျဒ်၏အခန်းသို့ အသံမကြားအောင် လာခဲ့ပြီး တံခါး၏တစ်ဘက်တစ်ချက်တွင် ရပ်လိုက်ကြသည်။ လူထွားကြီးက ရှေ့ကဖြစ်၏။ သူက တံခါးဘုကို လှည့်ကြည့် သည်။ တံခါးသော့ခတ်ထားကြောင်း သိသွားသည်။ သူက အိတ် ထဲမှလဲချေးကဒ်အပြာကလေးကို ထုတ်ပြီး သော့ပေါက်ထဲသို့ ထည့်လိုက်သည်။

ထို့နောက် သူညီဖြစ်သူကို ခေါင်းညိတ်ပြလျှင် သူတို့နှစ်ဦး လုံး အိတ်ထဲမှ ခြောက်လုံးပြူးများ ကိုယ်စီထုတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ခြောက်လုံးပြူးသေနတ်များတွင် အသံတိတ်ကိရိယာများ တပ်ဆင်ထားသည်။

'ရော့ကီး' က တံခါးကို ကြိတ်၍တွန်းလိုက်ရာ တံခါးပွင့်သွားသည်။ သေနတ်ကိုယ်စီကိုင်ပြီး သတိနှင့် ဝင်လာကြသည်။ သူတို့ရှေ့တွင် သော့ခတ်ထားသော သော့တံခါး သုံးပေါက်ကို တွေ့ရသည်။ ဂျဒ်ကိုတော့ အရိပ်အယောင် မမြင်ရသေး။ ... ဖြစ်သူ 'နစ်' က ပထမတံခါးကို ဖွင့်ကြည့်ရာ သော့ခတ်ထားသည်ကို တွေ့ရ၏။ သူက သူ့အစ်ကိုကိုပြုံးပြလိုက်ပြီး သူ့သေနတ်... သော့ပေါက်ရှိရာတေ့ပြီး မောင်းခလုတ်ကို ဆွဲလိုက်သဖြင့် တံခါး ပွင့်လာသည်။

ထိုတံခါးက အိပ်ခန်းသို့ဝင်ရာတံခါးဖြစ်၏။ အိပ်ခန်းတွင်လည်း ဂျဒ်ကိုမတွေ့ရ။ သူတို့သည် အိမ်သာအခန်းပါမကျန် အောင် ကြည့်ရှုကြသည်။

ထို့နောက် ရော့ကီးက ပြန်ထွက်လာသည်။ သူတို့က ဂျဒ် အိမ်ခန်းထဲတွင် ရှိသည်ကိုသိသည်။ တစ်နေရာရာတွင် ပုန်းနေ ခြင်းဖြစ်သည်။ သူ ဘယ်မှထွက်ပြေးလို့ လွတ်စရာလမ်းမရှိ။ သူ က ခပ်အေးအေးပင် လိုက်လံကြည့်ရှု စစ်ဆေးနေသည်။

နစ်က ဒုတိယတံခါးကို စစ်ဆေးကြည့်ရာ သော့ခတ်ထား သည်ကို တွေ့ရသဖြင့် ယခင်အတိုင်း သော့ကိုသေနတ်နှင့်ပစ်၍ ဖွင့်သည်။ တံခါးကိုတွန်းဖွင့်ပြီး အတွင်းသို့ဝင်ကြသည်။

ထိုအခန်းကတော့ အခန်းငယ်ကလေးပင်။ ဤအခန်း ၌လည်း ဂျဒ်ကိုမတွေ့ရ။ သူတို့နှစ်ဦးက တစ်ဦးကိုတစ်ဦး ပြုံး ပြလိုက်သေးသည်။ ထို့နောက် တတိယတံခါးဆီ သွားကြသည်။





'တီဗွီ' စက်ကိုဖြတ်အလာတွင် ရော့ကီးက ဖြတ်ကနဲသူ့ညီ ၏လက်ကို ဖမ်းဆွဲထားလိုက်ပြီး တီဗွီကားကို မေးငေါ့ပြလိုက် သည်။ တီဗွီကားပေါ်၌ ညှော့ခန်းကြီးကိုဖြတ်၍ လူသုံးယောက် သာနေသည်ကို တွေ့ရသည်။ နှစ်ဦးက ဆေးရုံဆရာဝန်ဝတ်စုံ ... ဖြစ်သည့် ကုတ်အဖြူကိုဝတ်ထားပြီး ဘီးတပ်ထမ်းစင်ကို တွန်း လာသည်။ အခြားတစ်ဦးက ဆေးအိတ်ကိုဆွဲလာသည်။

"တယ်ကွာ . . အရေးထဲမှာ"

ဟုရော့ကီးက စိတ်မရှည်ဟန်ဖြင့် မြည်တွန်လိုက်သည်။

"စိတ်အေးအေးထားစမ်းပါ ရော့ကီး။ တစ်ယောက်ယောက် ... ခသဲအသန်ဖြစ်လို့ထင်တယ်။ ဒီအဆောက်အဦထဲမှာ အိပ်ခန်း ...ပါင်းတစ်ရာကျော်ရှိတာပဲ"

သူတို့နှစ်ဦးသည် တီဗွီထဲတွင် ပေါ်လာသောဆရာဝန်နှစ်ဦး ... ထမ်းစင်ကို ဓာတ်လှေကားထဲသို့ တွန်းသွင်းပြီးနောက် ဓာတ်လှေကားတံခါးပိတ်သွားသည်ကို ငေးကြည့်နေကြသည်။

"နှစ်မိနစ်လောက်တော့ ငြိမ်ငြိမ်နေဦးမှဖြစ်မယ်။ တစ်ယောက် ယောက် မတော်တဆ အနာတရဖြစ်တယ်နဲ့တူတယ်။ ဒီလိုဆို ...တွေပါလိုက်လာရင် လာဦးမယ်ကွ"

"ကုသိုလ်ကံကလဲ မလိုက်လိုက်တာကွာ"

"မပူပါနဲ့၊ စတီဗင်က ဒီအိမ်ခန်းထဲက ဘယ်မှထွက်မပြေး ...ပါဘူး"

ထိုအခိုက်မှာပင် သူတို့ဝင်နေသည့် အိမ်ခန်းတံခါး ပွင့် ...ပြီး ဆရာဝန်ကြီးနှင့် ဆေးရုံလက်ထောက် ဆရာဝန်နှစ်ဦး ...လာသည်။ ထမ်းစင်ကိုလည်း တွန်းသွင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လျှင်မြန်စွာလူသတ်သမားနှစ်ဦးသည် သေနတ်ကို အပေါ်ကုတ်အင်္ကျီ ကြီးအိတ်ထဲသို့ ထည့်လိုက်ကြသည်။

ဆရာဝန်က သူတို့အနီးသို့လာပြီး . .

"သူ . . သေပြီလား" ဟု မေးလိုက်သည်။

"ဘယ်သူလဲ"

"ကြိုးဆွဲချသေတဲ့လူလေ"

"သူ . . အသက်ရှိသေးသလား"

လူသတ်သမားနှစ်ဦးက တစ်ဦးကိုတစ်ဦးကြည့်လိုက်ပြီး အ အားသင့်နေကြသည်။

"ခင်ဗျားတို့ အိမ်ခန်းမှားနေပြီထင်တယ်"

ဆရာဝန်က ဘာမျှမပြောတော့ဘဲ သူတို့ကိုရှောင်ပြီး အိ ခန်းတံခါးကို ဖွင့်ရာတွင် သော့ပိတ်ထားသည်ကိုသိရသဖြင့် အတ ချိုးဖွင့်ရန် ကြိုးစားနေသည်။

လူသတ်သမားနှစ်ဦးက ဆရာဝန်မျှားတံခါးကို တွန်းဖ ဖွင့်နေသည်ကို ငေးကြည့်နေသည်။ မကြာခင် တံခါးပွင့်သွား ဆရာဝန်က အတွင်းသို့ဝင်သွားသည်။ နောက် ထမ်းစင်ကို တွ သွင်းလိုက်သည်။ ဆရာဝန်က အိပ်ရာပေါ်တွင် လှဲနေသူ အနီးသို့ ကပ်လာသည်။

"သက်သာရဲ့လား"

ဟုမေးလိုက်သည်။

ဂျဒ်က မော့၍ကြည့်သည်။ မျက်စိကို အားခဲပြီး ဖွင့်ရသ

"ဆေးရုံ"

ဂျဒ်ကပြောလိုက်သည်။





"ခု ခေါ်သွားမှာပဲ"

လူသတ်သမားနှစ်ဦးက အကြံပျက်သွားသဖြင့် စိတ်လက် က်ကာ ငေးကြည့်နေစဉ် ဂျဒ်ကိုထမ်းစင်ပေါ် တင်လိုက်ပြီး င်များဖြင့် ခြုံလိုက်သည်။

"တို့ လစ်ကြစို့"

ဟုရှော့ကီးကပြောပြီး ရှေ့မှထွက်သွားသဖြင့် နစ်က နောက် ိုက်ပါသွားလေသည်။ ဆရာဝန်က ထိုလူနှစ်ဦး ထွက်သွား ည်ကိုကြည့်နေပြီးမှ ဂျဒ်ဘက်သို့လှည့်ကာ . .

"သက်သာရဲ့လားဂျဒ်"

ဟု မေးလိုက်သည်။ သူ့အသံတွင် အလွန်ပူပန်နေသည့် ိပ်အယောင်ပါလာသည်။

"သက်သာပါတယ်။ ကျေးဇူးတင်ပါတယ် ပီတာ"

ပီတာက သူသူငယ်ချင်းကို ငုံ့ကြည့်လိုက်သည်။ နောက်မှ ာဝန်ကလေးများဘက်လှည့်ပြီး ခေါင်းညိတ်ပြသည်။

"တို့ သွားကြစို့"

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ဆေးရုံအခန်းက ယခင်အခန်းမဟုတ်ပေမယ့် သူနာ[ပြု] ဆရာမမှာမူ ယခင်သူဆေးရုံတက်ရစဉ်က တွေ့ခဲ့ရသူဖြစ်သည်။ သူမက ဂျဒ်၏ခုတင်ဘေးတွင်ထိုင်လျက် အကဲခတ်နေသည်။ ဂျဒ် မျက်စိဖွင့်လိုက်သည့်အခါတွင် သူပထမဆုံးမြင်လိုက်ရသူ[မှာ] ဤသူနာပြုဆရာမပင်ဖြစ်သည်။

"ဩော် . . နိုးပြီးလား။ ဒေါက်တာဟဲရစ်က ရှင့်ကို[တွေ့] ချင်နေတယ်။ ရှင်နိုးတဲ့အကြောင်း သွားပြောလိုက်ဦးမယ်[နော်]"

သူနာပြုဆရာမ အခန်းထဲမှထွက်သွားလေသည်။

ဂျဒ်သည် အိပ်ရာထဲတွင် အသာအယာရွေ့၍ ထိုင်[လိုက်] သည်။ သူ့လက်နှင့် ခြေတို့က လှုပ်ရှားမှုနှေးကွေးနေ[သော်လည်း] ချွတ်ယွင်းခြင်းမရှိသေး။ နံရံအနီးရှိ ကုလားထိုင်ကိုစမ်း၍ [ရှာ] ကြည့်သည်။ ပီပီပြင်ပြင် မမြင်နိုင်သေး။

"တစ်ခါ တစ်ခေါက် ရောက်လာပြန်ပြီလား"

အသံကြားသဖြင့် မော့ကြည့်လိုက်ရာတွင် ဒေါက်[တာ] ဆေးယားဟဲရစ်ဆင် အခန်းထဲသို့ဝင်လာသည်ကို တွေ့[ရ] သည်။

"ကဲ . . ခင်ဗျားကတော့ ကျုပ်တို့ရဲ့အကောင်းဆုံး [ဖော်]... သည်ကြီးဖြစ်နေပါပြီကော။ ခင်ဗျားရဲ့ ဒဏ်ရာချုပ်တဲ့ အ[ပ်ချုပ်ရိုး] က ဘယ်လောက်ရှိနေပြီလဲဆိုတာ သိရဲ့လား။ ခင်ဗျား[ကို] လျှော့ဈေးနဲ့ပေးရမလိုဖြစ်နေပြီ။ အိပ်ကောင်းရဲ့လား ဂျဒ်"

"ဆိုဒီယမ်လုမိနော် ထိုးထားတယ်"





"ဘယ်အချိန်ရှိပြီလဲ"

"မွန်းတည့်"

"ဘုရားရေ . . ကျုပ်သွားစရာရှိနေတယ်။ ကျုပ်သွားမှ ဖြစ် [မှာ]ယ်ဗျာ"

"အို . . ခင်ဗျားရဲ့ဒဏ်ရာတွေ ပြန်ကြည့်စမ်းပါဦး။ ဦးနှောက် [ဒဏ်]ရာက အသားစုတ်ပြတ်နေတဲ့ ဒဏ်ရာ၊ ရိုက်နှက်ထားတဲ့ [ဒဏ်ရာ]၊ အသားကြေဒဏ်ရာ"

"ကျွန်တော် နေထိုင်ကောင်းပါတယ်ဗျာ"

"ဂျဒ်၊ ခင်ဗျားတစ်ကိုယ်လုံးမှာ ဒဏ်ရာ ဒဏ်ချက်တွေ [မ]နည်းဘူးဗျ။ ခင်ဗျားထင်တာထက် ပိုဆိုးနေတယ်။ အနည်းဆုံး [တစ်]ပတ်သတ္တတစ်ပါတ်တော့ အနားယူဖို့ကောင်းတယ်။ နောက် [တ]စ်လလောက် အနားယူအပန်းဖြေရလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် ဒေါက်တာဆေးယား၊ ဒါပေမဲ့ . ."

"ဒါပေမဲ့ဆိုတော့ ခင်ဗျားဒီအတိုင်း မလိုက်နာနိုင်ဘူးဆို [တ]ာပေါ့"

"ကျုပ်မှာ အရေးကြီးတဲ့ အလုပ်တစ်ခုရှိနေတယ်"

"ကမ္ဘာပေါ်မှာ အပြောရအခက်ဆုံးလူနာဟာ ဘယ်သူလဲ [ဆို]တာ သိမှာပေါ့။ ဆရာဝန်လူနာပဲဗျ၊ ပီတာက တစ်ညလုံး [ခင်ဗျ]ားအနားမှာ လာစောင့်နေခဲ့တယ်။ သူကပြောတော့ ညက [ခ]င်ဗျားကို တစ်ယောက်ယောက်ကသတ်ဖို့ ကြံစည်အားထုတ် [ခဲ့တ]ယ်တဲ့"

"ခင်ဗျားသိတဲ့အတိုင်းပဲ၊ ဆရာဝန်ဆိုတာက လူတစ်[ယောက်]ကို [သ]တ်ပိုပြီး စိတ်ကူးယဉ်တတ်တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီလေ၊ ခင်ဗျားက စိတ်ခွဲကုဆရာဝန်ပဲ၊ ခင်ဗျ
ဘာလုပ်နေတယ်ဆိုတာ ခင်ဗျားအသိဆုံးပေါ့။ ခင်ဗျား ဆေ
ငါးရက်အနားမယူနိုင်ဘူးဆိုတာ ကျိန်းသေနေပြီလား"

"ဟုတ်တယ်"

"ကောင်းပြီ၊ ခင်ဗျားကို မနက်ဖြန် ဆေးရုံကဆင်းဖို့ ခွင့်
မယ်"

ဂျဒ်က သူမနက်ဖြန်အထိမနေနိုင်ကြောင်း ပြောသေးသ
သို့သော် ဒေါက်တာဟဲရစ်က လက်မခံ။

"ခင်ဗျားအစာကို စားခဲ့ရသလား"

"မစားရသေးဘူး"

"ဒီလိုဆို ခင်ဗျားဝဖီးလာအောင် ကျွေးခိုင်းလိုက်မယ်"

ဒေါက်တာဟဲရစ်က အခန်းထဲမှထွက်သွားလေသည်။
ကလည်းအနားယူရန် မျက်စိကိုမှိတ်လိုက်သည်တွင် အိပ်ပေ
သွားပြန်သည်။ ဖွန်းသံ ပန်းကန်သံကြားမှ နိုးလာပြီး မျက်
ကြည့်ရာ နပ်စ်မကလေးတစ်ဦးက စားသောက်ဖွယ်ရာများ
သယ်ယူလာသည်ကို တွေ့ရ၏။

"ဒေါက်တာ စတီဗင် နိုးလာပြီလား"

"ဟုတ်ကဲ့၊ ဒါနဲ့ဘယ်အချိန်ရှိသွားပြီလဲ"

"ခြောက်နာရီရှင့်"

သူက တစ်နေ့လုံးအိပ်ခဲ့ပြီ။ နပ်စ်မကလေးကျွေးသ
အစားများကို ပထမတွင်စားလိုစိတ်မရှိ။ စားရင်းစားရင်းနှင့်
နိုင်အောင် ဖြစ်မိတော့သည်။

**သစ်ဆန်းစာပေ**



နောက်တစ်နေ့ ၁၀နာရီတွင် ဒေါက်တာဆေးယားဟဲရစ်ဆင်
န်းထဲသို့ဝင်လာသည်။

"ကျုပ်လူနာကြီး ဘယ့်နှယ်နေသေးသလဲ၊ အောင်မယ်. .
တော့်ကိုတိုးတက်ကောင်းမွန်လာပါပြီကော"

"ဟုတ်တယ်၊ ပျောက်သလောက်ပါပဲ ဒေါက်တာ"

"ကောင်းတယ်၊ ခင်ဗျားကိုဧည့်သည်တစ်ယောက် လာတွေ့
မယ်"

ပီတာလော၊ နိုရာလော။ သူတို့ဇနီးမောင်နှံကတော့ သူ့ကိုပဲ
ာခဏ ဆေးရုံတွင်လာရောက်လူနာမေးရသည်နှင့် အချိန်
နေကြပြီ။

"ဧည့်သည်က လက်ဖတင်နင် မက်ဂရီဗီ"

ထိုအသံကိုကြားလိုက်ရလျှင်ပင် သူသည် အလွန်အမင်း
ပျက်အားလျော့သွားမိလေသည်။

"သူက ခင်ဗျားနဲ့အလွန်တွေ့ပြီး စကားပြောချင်နေတယ်၊
အခုလာနေပါပြီ။ ခင်ဗျားနိုးမနိုးမေးပြီးမှ ထွက်လာတာ"

ဟုတ်ပေပြီ။ မက်ဂရီဗီက သူ့ကိုဖမ်းဆီးချုပ်နှောင်ဖို့ လာ
ြင်းဖြစ်သည်။ အင်ဂျယ်လီက အိပ်ရာထဲမှာ ဖျားနာနေတော့
ဂရီဗီက သူလိုအပ်တဲ့သက်သေခံ အထောက်အထားများ
သူကြိုက်သလို ဖန်တီးနိုင်ခဲ့ဟန်တူသည်။

မက်ဂရီဗီက သူ့ကိုတွေ့၍ဖမ်းဆီးခဲ့လျှင်တော့ သူ့အတွက်
်လင့်ချက်ကုန်ဆုံးတော့မည်သာ ဖြစ်သည်။ မက်ဂရီဗီ
ရာက်လာခင် သူပြေးမှသာ သူ့လွတ်မြောက်ရေးအတွက် ဒြ
အချိန်ရပေမည်။

**သစ်ဆန်းစာပေ**

www.burmeseclassic.com

www.burmeseclassic.com



ဤဆေးရုံမှ အမြန်ဆုံးပြေးရန်အတွက်တွေးတော ကြံ
ရသည်။ လက်ငင်းက ဒေါက်တာဟဲရစ်ပြန်ရန် ပရိယာယ် ဆင်
ရတော့မည်။

"ဒေါက်တာ ခင်ဗျားအပြန်မှာ နပ်စ်တစ်ဦးဦးကို မှတ်ဆိတ်
ရိပ်သမားခေါ်ပေးဖို့ ပြောလိုက်စမ်းပါဗျာ"

ဟု ပြောလိုက်သောကြောင့် . .

"ကောင်းပြီ"

ဟုဆို၍ ဟဲရစ်ဆင် ထွက်သွားလေသည်။

ဟဲရစ်ဆင်ထွက်သွားပြီး တံခါးပြန်ပိတ်ခဲ့သည်နှင့် တစ်
နက် ဂျဒ်က အိပ်ရာပေါ်မှဆင်း၍ မတ်တပ်ရပ်သည်။ နှ
တိုင်တိုင် ကောင်းစွာအိပ်လိုက်ရပြီး အနားရခဲ့သဖြင့် သူ့အ
အနေက အံ့သြလောက်အောင် ကောင်းမွန်ခဲ့သည်။

မက်ဂရီဗီမရောက်ခင် ထွက်ခွာရမည်ဖြစ်သဖြင့် အ
အမြန် ပြင်ဆင်ရသည်။ သုံးမိနစ်အတွင်း အဝတ်အစား
အပြည့်အစုံ ဝတ်ဆင်ပြီးသွားခဲ့သည်။

တံခါးကို အသာဟ၍ အခြေအနေကိုကြည့်ရှုအကဲခတ်
လိုက်သည်။ အပြင်၌ မည်သူ့ကိုမျှမတွေ့ရသဖြင့် အခန်းပြင်
ထွက်ပြီး လှေကားရှိရာသို့ ခပ်သုတ်သုတ် လျှောက်ခဲ့၏။
လှေကားမှဆင်းလာတော့မှ မက်ဂရီဗီသည် ဓာတ်လှေကား
တက်လာပြီး သူ့အခန်းရှိရာသို့ ထွက်သွားသည်ကို တွေ့မြင်
ရသည်။

မက်ဂရီဗီက ခြေလှမ်းကြီးကြီးဖြင့် သွားနေပြီး သူ့နော
ယူနီဖောင်းအပြည့်နှင့် ရဲနှစ်ဦးအပြင် စုံထောက်နှစ်ဦးကိုပါ





ရသည်။ ဂျဒ်သည် လျင်မြန်စွာ လှေကားမှဆင်းခဲ့ပြီး အရေး
ကိစ္စအတွက် အသုံးပြုသည့်တံခါးမှ ထွက်ခဲ့သည်။ ဆေးရုံ
အတန်ငယ်အကွာသို့ရောက်မှ တက္ကစီတစ်စီးကို စီးပြီး ထွက်
သည်။

မက်ဂရီဗီသည် ဆေးရုံအခန်းတွင်းသို့ ဝင်ရောက်ခဲ့ပြီး
ရာလွတ်ကို တွေ့လိုက်ရလျှင်ပင် အဓိပ္ပါယ်ပေါက်သွားခဲ့
သည်။

"ပြေးပြီ"

ဟု သူ့နောက်မှပါလာသူများကို ပြောပြလိုက်သည်။

"သူ့ကို ဖမ်းမိနိုင်သေးတယ်"

သူသည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး ရဲဌာနသို့
ဆက်လိုက်သည်။

"အရေးကြီးတယ်၊ သက်ဆိုင်ရာတွေထံ ပြန်တမ်းတစ်ခု
အမြန်ပို့ပေးပါ၊ ဒေါက်တာစတီဗင်၊ ဂျာ အသက်"

တက္ကစီသည် ဂျဒ်၏အလုပ်ရုံရှေ့တွင် ရပ်လိုက်သည်။ ယခု
အချိန်မှစပြီး ဂျဒ်အဖို့မှာ လုံခြုံသည့်နေရာမရှိတော့ပြီ။ သူ့
အခန်းသို့လည်း ပြန်၍မဖြစ်တော့ပေ။ ဟိုတယ်တစ်ခုခုတွင်
၍ခိုအောင်းရမည်။ သူ့ရုံးခန်းထဲသို့ ပြန်သွားရမှာကလည်း
စစ် အန္တရာယ်ကြီးသည်။

သို့ပေမယ့် ဤတစ်ကြိမ်တွင် ရုံးခန်းသို့ပြန်ရဦးမည်။ တယ်
နံပါတ်တစ်ခုကို ပြန်လည်ရှာဖွေမှတ်သားခဲ့ရန် လိုအပ်နေ
သည်။

တက္ကစီကားခကိုပေးပြီး အဆောက်အဦ၏ ခန်းမကြီးသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်ခဲ့သည်။ တစ်ကိုယ်လုံးကလည်း နာကျင်နေသေးသည်။ သည် မြန်မြန်ဆန်ဆန် လှုပ်ရှားဖို့လိုသည်ကို သူသိသည်။ အတွက် အချိန်မရတော့ပေ။ သူ့ကိုရုံးခန်းရှိရာသို့ ပြန်လည် မည်ဟု ရန်သူများကတော့ မျှော်လင့်ကြမည်မဟုတ်။

သို့ပေမယ့် ဖြစ်လိုရာဖြစ်စေ သဘောထား၍ ပြုလုပ် တော့မဖြစ်ဟု သူစဉ်းစားသည်။ ယခု သူ့အဖြစ်က သူ့ကိုမည်သူ အရင်ဦးအောင် မိမည်လဲ။ ရဲလော၊ လူသတ်သမားလော သည်ကို စောင့်ဆိုင်းကြည့်ရမည့်အဖြစ်ပင်တည်း။

သူ့ရုံးခန်းသို့ရောက်သည့်အခါ တံခါးကိုဖွင့်ပြီး ဝင် နောက်တံခါးကို သော့ခတ်သည်။ အတွင်းခန်းက သူ့အတွင်း စိမ်းနေသည်။ နောက်ပြီး အန္တရာယ်ကိန်းအောင်းရာ ဖြစ်နေသည်။ ဤအခန်းထဲ၌ သူ့ဝေဒနာရှင်များကို ကုသဖို့ တော့ ဖြစ်တော့မည်မဟုတ်ပေ။

သူ့ဘဝကိုဖျက်ဆီးခဲ့သည် ဒွန်ဗင်တန်ကို သူအလွန်ဒေါ ဖြစ်မိသည်။ သူ့ကိုလုပ်ကြံရန် လာခဲ့သူနှစ်ဦးက သူတို့၏အ ပျက်သွားရသည့်အကြောင်းကို ဒွန်ဗင်တန်ထံပြန်၍ အစီရင်ခံ တွင် ဒွန်ဗင်တန်သည် ဒေါသအိုးပေါက်ကွဲသွားမည့်ပုံကို မျက်စိထဲ၌မြင်ယောင်လာသည်။ ဒွန်ဗင်တန်၏ စရိုက်ကို မှန်းဆထားသည့်အတိုင်း မှန်ကန်ပါက ဒွန်ဗင်တန်သည် အလ အမြန်ပင် သူ့ကိုနောက်ထပ်သတ်ဖြတ်ဖို့ အားထုတ်တော့မည် သာဖြစ်သည်။

ဂျုဒ်သည် အခန်းကိုဖြတ်လျှောက်သွားပြီး 'အန်' ၏ တ လီဖုန်းနံပါတ်ကိုယူသည်။ ဆေးရုံတွင်ရှိစဉ်က 'အန်' အကြော





တို့ စဉ်းစားနေရာမှ အချက်နှစ်ချက်ကို သတိထားမိခဲ့သည်။

အန်ကိုချိန်းဆိုထားသည့်အချိန်က ဟန်ဆင်ကို ချိန်းဆိုထား သည့်အချိန်၏ ရှေ့တွင်ဖြစ်နေသည်။ ဆေးကုခန်းမှ 'အန်' ထွက် သွားပြီးလျှင် ဟန်ဆင်ဝင်လာရသည်။

ဒုတိယအချက်က 'အန်' နှင့်ကာရိုသည် မကြာခဏ စကား ပြောနေတတ်သည်။ ကာရိုက ရိုးရိုးသားသား သဘောထားနှင့် အန္တရာယ်ဖြစ်စေနိုင်သည့်အကြောင်းကို 'အန်' အားယုံကြည် တ်ချ၍ ပြောခဲ့နိုင်သည်။ ဤသို့ဖြစ်ခဲ့လျှင် 'အန်' တွင် အန္တရာယ် ရှိနေပေပြီ။

အန်၏တယ်လီဖုန်းနံပါတ်ကိုရလျှင် တယ်လီဖုန်းကိုကိုင်ပြီး ထိုနံပါတ်ကိုဆက်သည်။ အတန်ကြာမှ အသံတစ်သံကြားရသည်။

"ဒီမှာ အထူးအော်ပရေတာ စကားပြောနေတယ်၊ ဘယ် နံပါတ်ကိုခေါ်နေပါသလဲရှင်"

ဂျုဒ်က အန်၏နံပါတ်ကို ပြောပြလိုက်သည်။ အတန်ကြာမှ အော်ပရေတာ၏အသံ ပေါ်လာသည်။

"ဝမ်းနည်းပါတယ်ရှင်၊ ရှင်ခေါ်နေတဲ့ နံပါတ်က နံပါတ်မှားပါ"

"ကျေးဇူးတင်ပါတယ်"

ဟုပြောပြီးမှ တယ်လီဖုန်းကိုချလိုက်သည်။

ဂျုဒ်သည် အတန်ကြာအောင်ထိုင်နေပြီး စဉ်းစားနေသည်။ သူ၏အော်ပရေတာက လွန်ခဲ့သည့်သုံးလေးရက်လောက်က အန် လွဲပြီး ဝေဒနာရှင်အားလုံးကို တယ်လီဖုန်းဆက်သွယ်ပြီး ကြောင်း ပြန်ပြောသည်ကို သတိရလာသည်။

သူမ၏တယ်လီဖုန်းနံပါတ် အစီအစဉ်ကို တယ်လီဖုန်း



www.burmeseclassic.com

www.burmeseclassic.com

လမ်းညွှန်ထဲသွင်းစဉ်က ပြောင်းလဲလိုက်သလားဟုသူက စဉ်းစား ကြည့်နေသည်။

သို့သော်လည်း သူမ၏ယောကျာ်းနာမည် သူမ၏ အိမ် ထောင်သည်အမည်နှင့်လည်း ထိုနံပါတ်ကိုမတွေ့ရပေ။

အရေးတကြီးဖြစ်နေသည်က 'အန်' နှင့်တွေ့ဆုံ၍ ပြောထိ သည့်စကားကို ပြောရန်ဖြစ်သည်။ သို့ကြောင့် သူမ၏လိပ်စာ ရှာဖွေပြန်သည်။ တွေ့ရှိလျှင် ကူးယူလိုက်သည်။ သူမ၏လိပ်စာ က ၆၀၇၊ ဝုတ်ဆိုက်ရိပ်သာ၊ နယူးဂျာစီဖြစ်၏။

၁၅ မိနစ်အကြာတွင် သူသည် အငှားကားငှားဌာနသို့ ရောက်နေပြီး ကားတစ်စီးငှားရမ်းလိုက်သည်။ ထို့နောက် ကား တစ်စီးကို မောင်း၍ထွက်လာခဲ့သည်။

သူသည် ပထမကားကို လမ်းတစ်လမ်းကိုပတ်၍ မောင်း လိုက်သည်။ သူ့နောက်မှ ချောင်းမြောင်းလိုက်ပါလာမည်ကို ရိ ရိမ်သောကြောင့် ခြေရာမခံနိုင်အောင် ပြုလုပ်လိုက်ခြင်းဖြ သည်။

စိတ်ချရမှ ဝါရှင်တန်တံတားကြီးကိုဖြတ်၍ နယူးဂျာစီသို့ ဦးတည်မောင်းခဲ့သည်။ လိပ်စာပါအတိုင်း မေးမြန်းစုံစမ်း၍ ရှာ ဖွေခဲ့ရာ နောက်ဆုံး၌ အန်၏ကျယ်ဝန်းသော ခြံကြီးရှိအိမ်က မတွေ့ရ။ ထိုနေရာတွင် ပေါင်းမြက်များ ဖုံးလွှမ်းနေသော မြေ ကွက်လပ်ကိုသာ မြင်ရလေ၏။

❖❖❖





## အခန်း (၁၉)

မြေကွက်လွတ်ကြီးကို တွေ့မြင်ရသည့်အခါတွင် သူဦးနှောက် များ ချာချာလည်သွားတော့သည်။ သူသည် ကားထဲ၌ထိုင်နေပြီး မြေကွက်လပ်ကြီးကိုငေးရင်း ရှုတ်ထွေးပွေလီနေသည့်ဖြစ်ရပ် များကို ပြန်၍နေသားတကျရှိအောင် စိစဉ်စဉ်းစားကြည့်နေသည်။

တယ်လီဖုန်းနံပါတ် မှားနေသည်က မှားယွင်းမှုတစ်ခုသာ ဖြစ်နိုင်သည်။ နောက်ပြီး လိပ်စာအမှားကလည်း မှားယွင်းမှုဖြစ် နိုင်သည်။ သို့ရာတွင် ထိုနှစ်မျိုးစလုံးတော့ တပြိုင်နက်မှားယွင်း မဖြစ်နိုင်။ အန်က တမင်သူ့ကို လိမ်လည်လှည့်ဖြားခဲ့ခြင်းသာ ဖြစ်ရပေမည်။

နောက်ပြီး သူမက သူ ဘယ်သူဖြစ်သည်၊ ဘယ်မှာနေသည် ဆိုသည်ကို လိမ်လည်ပြောခဲ့လျှင် ၎င်းပြင် အခြားဘာအကြောင်း နှင့် ပတ်သက်၍ လိမ်လည်နိုင်သေးသနည်းဟု စဉ်းစားကြည့် သည်။ သူပြန်လည် တွေးကြည့်သည့်အခါတွင် 'အန်' နှင့် ပတ်သက်၍ သူသည်ဘာမျှမယ်မယ်ရရ မသိပါချေ။

သူမသည် ကြိုတင်ချိန်းဆိုချက်မရှိဘဲနှင့် သူ့ရုံးခန်းသို့ လာ ပြီး ဆေးအကုသခံယူပါရစေဟု ဇွဲနှင့်ခွင့်တောင်းခဲ့သည်။ နောက်တစ်ဖန် သူ့ထံ၌ ရက်သတ္တလေးပါတ် ဆေးကုခံနေစဉ် ကာလအတွင်း သူမက သူ့ပြဿနာအခက်အခဲကို သေသေချာ ချာ ဖုံးကွယ်၍ထားခဲ့သဖြင့် သူမသိနိုင်ခဲ့။ နောက် သူ့ပြဿနာ ပြေလည်သွားပြီး သူမလည်းခရီးထွက်တော့မည်ဟု ပြောခဲ့သည်။

ဆေးကုသခံရန် လာသည့်အကြိမ်တိုင်းတွင် ဆေးကုသခ



www.burmeseclassic.com

www.burmeseclassic.com



ကိုငွေချေသည်။ ဘဏ်မှတဆင့် ချက်ဖြင့်မပေးသည်က ထူးခြား နေသည်။ ချက်လက်မှတ်နှင့် ပေးပါက ထိုဘဏ်မှတဆင့် သူ့ ထံသို့ ခြေရာခံလိုက်နိုင်သည်ကိုသိ၍လော။

သို့ပေမယ့် ဝေဒနာရှင်အဖြစ်နှင့် လာရောက်ပြီးနောက် ရုတ်တရက် ကိုယ်ယောင်ဖျောက်သွားရသည့်အကြောင်းက ဘာ တွေလဲ။ အဖြေမှာ တစ်ခုတည်းသာရှိနိုင်သည်။ ထိုအဖြေ တွေးမိလိုက်သည့်အခါ ဂျဒ်သည် စိတ်ထဲ၌ နင့်သွားမိတော့၏။

တစ်စုံတစ်ယောက်သောသူသည် သူ့ကိုလုပ်ကြံသတ်ဖြတ် ရန် ကြံစည်သည့်အခါတွင် သူ့ရုံး၌ လုပ်ကိုင်ဆောင်ရွက်ပုံများ သိလိုမည်။ သူ့ရုံးတွင်းအခြေအနေ၊ အနေအထားကို သိချင်မည်။ ထိုအချက်များကို စုံစမ်းရန်အတွက်မှာ ဝေဒနာရှင်အဖြစ်နှင့် ဝင် ရောက်လာခြင်းသာလျှင် အကောင်းဆုံးနည်းလမ်း မဟုတ်ပါ လော။

အန်က ထိုပုံစံအတိုင်း ဝင်ရောက်စုံစမ်းခြင်းပင် ဖြစ်နေ သည်။ ဒွန်ဗင်တန်က သူ့မကိုစေလွှတ်လိုက်ခြင်းသာ ဖြစ်နိုင် သည်။ သူမသည် သိလိုသည့်အချက်အလက်များကို သိရပြီး သည့်နောက်တွင် ခြေရာဖျောက်၍ ပျောက်ကွယ်သွားခဲ့လေပြီ။

အားလုံးသောသူမ၏ အပြုအမူများက ဟန်ဆောင်မှုများ ဖြစ်နေပြီ။ ဂျဒ်အဖြစ်ကလည်း ဟန်ဆောင်မှုများကိုအားလုံး စိတ် အားထက်သန်စွာနှင့် ယုံကြည်ခဲ့သည်။

သူမက ဤအကြောင်းများကို ဒွန်ဗင်တန်ကို ပြန်လည် ပြောပြသည့်အချိန်တွင် မည်မျှလောက် ရယ်မောမိမည်လဲ မပြော တတ်။





တစ်ဖက်က ကြည့်ပြန်တော့လည်း ထိုအတွေးများ မှန်ချင် မှလည်းမှန်ပေမည်။ အကယ်၍ အန်က အမှန်တကယ် သူမတွင် ပြဿနာရှိ၍ သူ့ထံသို့လာခဲ့ခြင်းဖြစ်ပြီး အခြားသူတစ်ဦးတစ် ယောက်ကို စိတ်အနှောက်အယှက် မပေးလို၍ နာမည် လိမ်ပေး ခဲ့သည်ဟု တွေးကြည့်လျှင် မဖြစ်နိုင်စရာမရှိ။ တဖြည်းဖြည်းနှင့် သူမပြဿနာက အလိုလိုပြေလည်သွားပြီး စိတ်ခွဲကုဆရာဝန်၏ အကူအညီကို မလိုအပ်တော့သည့်အဖြစ်မျိုးကလည်း ဖြစ်နိုင်စ ရာရှိသည်။

နောက်တစ်ဖန် သူမကိုအတင်းအကြပ် သူ့ထံသို့လာ ရောက် ၍ လိုအပ်သည့်အချက်အလက်များ စုံစမ်းခိုင်းသည်ဟု ဆိုလျှင် လည်း ဖြင်းနိုင်စရာအကြောင်းမမြင်။

သူ့အတွေးများက ချာချာလည်နေသည်။ ဘက်စုံမှနေ၍ ကြည့်နေသဖြင့် တိကျသောအဖြေကိုရောက်အောင်ပင်မစဉ်းစား နိုင်တော့ပေ။

သူသည် ကားထဲ၌ထိုင်၍ အတွေးဝက်ပါထဲ၌ တဝဲလည် လည် ဖြစ်နေသည်။ ဤသို့ထိုင်ပြီး စဉ်းစားရင်းနှင့်ပင် လူသတ် သမား၏တိုက်ခိုက်မှုကိုခံရလျှင်လည်း မသက်သာ။ သူကိုယ်တိုင် က စတင်တိုက်ခိုက်ရမည့်အခြေအနေ ဆိုက်နေသည်ကို သူ နား လည်သည်။

သူ့ဒုက္ခကို ပြေလည်အောင် အလျှင်အမြန် တစ်စုံတစ်ခုကို စတင်ဆောင်ရွက်ရလိမ့်မည်။ သို့မဟုတ်ပါက မက်ဂရီဗီက လက် ဦးမည်ဖြစ်သည်။

ကားကိုလှည့်၍ မန်ဟက်တန်ကို ပြန်လာခဲ့သည်။ သူ့ပထမ



www.burmeseclassic.com

www.burmeseclassic.com



ဦးဆုံး ဆောင်ရွက်ရမည့် ခြေလှမ်းက 'အန်' ကို တွေ့အောင်ရှာ မည်ဖြစ်သည်။ ဤပြဿနာတွင် အန်က သော့ချက်ဖြစ်နေသည်။ အန်ကတော့ ယခုအချိန်တွင် ရှာမရအောင် ငုတ်လျှိုးနေသည်။ သဘက်ခါဆိုလျှင် သူမက ဥရောပသို့ ရောက်နေမည်။

ဂျဒ်အတွက် အန်ကိုခြေရာခံလိုက်နိုင်ရန် အခွင့်အလမ်း တစ်ခုပဲရှိသည်ကို ရုတ်တရက် စဉ်းစားလိုက်မိသည်။

ခရစ္စမတ်ပွဲအကြိုနေ့ဖြစ်သဖြင့် ပင်၊ အမ်၊ လေယာဉ်ရုံး ... ခရီးသည်များ ကမ္ဘာအနှံ့ခြေဆန့်ကြရန် လေယာဉ်နေရာရရေး အတွက် လာရောက်ပြောဆိုနေကြသည်မှာ ရှုံးပြည့်မျှဖြစ်နေ သည်။

ဂျဒ်သည် စောင့်နေကြရသူများကြား တိုးဝင်လျက် 'ကောင်တာ' ရှိ ဝတ်စုံဝတ်လေယာဉ်အမှုထမ်း အမျိုးသမီးတစ်ဦးကို မန်နေဂျာ နှင့်တွေ့ဆုံလိုကြောင်း ပြောလိုက်သည်။ ထို သူငယ်မကလေး ခေတ္တစောင့်ပါ။ မန်နေဂျာတယ်လီဖုန်း စကား ပြောနေသည် ပြောသည့်အတွက်စောင့်နေရသည်။

အနီးအနားတွင် ဘာသာမျိုးစုံ အသံမျိုးစုံတို့ ဆူညံစွာ... နေကြသည်။ ဂျဒ်ကလည်း ထိုသူတို့နှင့်အတူ ကမ္ဘာ့အစွန် အ... သို့ လိုက်ပါသွားပြီး ပုန်းအောင်းနေရလျှင် ကောင်းလိမ့်မည်လော ဟုပင် တွေးမိသည်။

သူမှာ ယခုအခါ၌စိတ်ဓာတ်ရော ခန္ဓာကိုယ်ပါ နွမ်းနယ် မောပန်းလျက်ရှိသည်။ ပြေး၍ကော လွတ်နိုင်ပါမည်လား။ ... ဗင်တန်နောက်တွင် တပ်ထောင်တာ ဗိုလ်ထုရှိသည်။ သူက... တစ်ယောက်ထီးတည်း။





"ကျွန်တော် ဘာကူညီရပါမလဲ"

ဂျဒ်က လှည့်ကြည့်လိုက်သည်။ ကောင်တာနောက်တွင် အရပ်မြင့်မြင့် ပိန်ပိန်လူတစ်ဦးက ရပ်နေသည်။

"ကျွန်တော် မစ္စတာဖရင်းဒလီးပါ။ ဘာအကူအညီ လိုပါ သလဲခင်ဗျာ"

"ဟုတ်ကဲ့ . . ကျွန်တော် ဒေါက်တာစတီဗင်ပါ။ ကျွန်တော် ရဲ့ ဝေဒနာရှင်တစ်ဦးက ဥရောပကို လေယာဉ်နဲ့သွားဖို့ လက်မှတ် ဝယ်ယူပြီးပါပြီ၊ ကျွန်တော်က သူ့ကိုရှာနေတာပါ"

"နာမည်"

"အန်၊ အန်ဘလိတ်။ ဒါမှမဟုတ်ရင်လဲ မစ္စတာနှင့် မစ္စစ် အန်ထော်နီဘလိတ်လို့ နာမည်ပေးရင် ပေးခဲ့ပါလိမ့်မယ်"

"ဘယ်မြို့ကိုသွားမှာလဲ"

"အာ . . ကျွန်တော် သေသေချာချာတော့ မသိရဘူး"

"သူတို့သွားမှာက နံနက်အသုတ်လေယာဉ်လား၊ ညနေ ပိုင်းလေယာဉ်လား"

"အဲဒါလဲ ကျွန်တော်မသိခဲ့ဘူးဗျာ"

မစ္စတာဖရင်းဒလီးမှာ မျက်နှာထားပြောင်းသွားပြီး သုန်သုန် မှုန်မှုန် ဖြစ်လာသည်။

"ဒီလိုဆို ကျွန်တော်ဘယ်လိုမှ မကူညီနိုင်ဘူး"

ဂျဒ်သည် စိတ်ချောက်ချားသွားမိသည်။

"အတော့်ကိုအရေးကြီးနေတယ်ဗျာ . . သူမလေယာဉ်နဲ့ ထွက်မသွားခင် သူမကိုတွေ့ရမှဖြစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာဒေါက်တာ . . 'ပင် အမေရိကန်' လေယာဉ်တွေ နေ့စဉ်အဲမျှားအစား ထွက်နေကြတာဗျ။ ကမ္ဘာအနှံ့အပြား ပျံနေ တာ ခင်ဗျားလဲသိမှာပေါ့၊ အမ်စတာဒမ်၊ ဘာစီလုံ၊ ဘာလင် ဘာရပ်ဆဲ၊ လစ်ဘွန်း၊ လန်ဒန်၊ ခင်ဗျားရဲ့ဝေဒနာရှင်တွေက ဘယ် လိုင်းကနေ သွားမှာလဲ မသိရတော့ ခက်တယ်၊ ခင်ဗျားက သူ ဘယ်မြို့ကိုသွားမှာလဲ၊ ဘယ်အချိန်သွားမှာလဲဆိုတာမှ မပြောနိုင် ရင် ဘာမှမတတ်နိုင်ဘူးဗျ . . ကဲ ခွင့်ပြုပါဦး"

မန်နေဂျာက လှည့်ပြီးထွက်သွားတော့၏။

ဂျဒ်သည် ကောင်တာဘေးတွင်ရပ်လျက် ငိုင်နေသည်။ သူ ကတော့ ယခုတစ်ဖန် အရေးနိမ့်သွားရပြန်လေပြီ။

နောက် သူဘာဆက်လုပ်ရမည်ကိုပင် မတွေးနိုင်။ ထွက် ပေါက်တစ်ပေါက်မရှိဘဲ ချောင်မှာပိတ်မိနေသည့် သားကောင် ပမာ ခံစားနေရသည်။

မကြာမီ အီတာလျံလူမျိုး ဘုန်းကြီးများဝင်လာကြသည် သူတို့တတွေက အီတာလျံဘာသာဖြင့် ဆူဆူညံညံ ပြောဆို ကြသည်။ သူတို့အထဲတွင်ပါလာသူ အငယ်ဆုံး သူငယ်ကို ဝိုင်း နေကြဟန်တူသည်။

ထိုသူငယ်က အသက် ဆယ့်ရှစ်နှစ် ဆယ့်ကိုးနှစ်ခန့်သာ ရှိပေဦးမည်။ သူတို့သည် ဤအရပ်သို့ လာရောက်လည်ပ အပန်းဖြေကြပြီး ရောမမြို့သို့ ပြန်ကြမည့်သူများဖြစ်သည်။

သူတို့ကောင်တာအနီးသို့ ကပ်လာခဲ့ကြပြီး သူတို့အထဲ အငယ်ဆုံးဘုန်းကြီးကို လက်မှတ်သွားရောက်လဲရန် စေခိုင်းလိုက် သည်။ သူတို့က အင်္ဂလိပ်စကားလည်း မတတ်သဖြင့် အီတာ





ကားကို ကျယ်ကျယ်လောင်လောင် ပြောဆိုငြင်းခုန်နေလျက် ရှိနေသည်။

ဂျဒ်သည် သူတို့ကိုငေးကြည့်လျက်ရှေ့ဆက်ပြီးဘာလုပ်ရ မည်လဲ၊ ဘယ်အကွက်ရွှေ့ရပါမည်လဲ စဉ်းစားနေသည်။

ထိုအခိုက်တွင် သူတို့အသိုက်ထဲမှ 'ဒွန်ဗင်တန်' ဆိုသော ကားလုံးက မကြာခဏပေါ်ထွက်လာသဖြင့် ဂျဒ်သည် နားကို င်ပြီး ရင်တခုန်ခုန်နှင့် ဂရုစိုက်နားထောင်လိုက်မိသည်။

ထို့နောက် အလျှင်အမြန် ထိုနာမည်ကိုခေါ်နေသည့် ဘုန်း ကြီးခပ်ဝဝထံသို့ ကပ်သွားပြီး သူလက်မောင်းကို ဆွဲထားရင်းက ငမ်းမရ မေးမိသည်။

"ခင်ဗျား ဒွန်ဗင်တန်လို့ ဆိုလိုက်တယ်မဟုတ်လား"

ထိုဘုန်းကြီးက သူ့ကိုနားမလည်သကဲ့သို့မော့ကြည့်နေ သည်။ ဘာမျှပြန်မပြောဘဲ ဘေးသို့ရှောင်ထွက်ရန် ဟန်ပြင်လိုက် သည်။

"ခဏနေပါဦး . . ဒွန်ဗင်တန်ဆိုတာ ဘယ်သူလဲ၊ ကျုပ်ကို ပြောစမ်းပါ"

ဘုန်းကြီးများအားလုံးက သူ့ကိုစူးစိုက်ကြည့်နေကြပြီး နောက် ချင်းချင်း အီတာလျံဘာသာစကားနှင့် ဆူဆူညံညံ ပြောကြ သည်။

ဂျဒ်သည် သူဆုပ်ကိုင်ထားသည့်လက်ကို ဖြေပေးလိုက်ပြီး ဘုန်းကြီးနားနားကပ်လျက် ပီပီသသနှင့် 'ဒွန်ဗင်တန်' ဟု ပြော လိုက်ပြန်သည်။

ဘုန်းကြီးငယ်က ဂျဒ်မေးနေသည်ကို သဘောပေါက်သွား



www.burmeseclassic.com

www.burmeseclassic.com

ဟန်တူသည်။ သူက အင်္ဂလိပ်စကားကို တစ်လုံးစနှစ်လုံးစ တတ်သူဖြစ်သည်။ သူက အဓိပ္ပါယ်ပေါက်သွားသဖြင့် ရယ်မောလိုက်ပြီးမှ သူတို့နှင့်ပါလာသူ သူငယ်ဘက်သို့ လက်ညှိုးညွှန်ပြပြီး . . .

"ဒွန်ဗင်တန် . . လူထွားကြီး"

ဟု ဖြေလိုက်လေသည်။

ထိုအဖြေကိုကြားလိုက်ရလျှင် ဂျဒ်၏ဦးနှောက်ထဲတွင် ဝင်လက်သွားတော့သည်။ သူ လမ်းပျောက်၍ ယောင်ရမ်းလျှောက်နေရသော အန္တရာယ်ဝက်ပါလမ်း၏ သော့ချက်ကို တွေ့မြင်လိုက်ရပြီ။

❖❖❖





အခန်း(၂၀)

"ဖြေးဖြေး ပြောပါ၊ ဖြေးဖြေးပြောပါ၊ ခင်ဗျားပြောနေတာ ...န်တော်တစ်လုံးမှ နားမလည်သေးဘူး"

အင်ဂျယ်လီ၏ အက်ကွဲနေသောအသံ တယ်လီဖုန်းမှ ထွက်...သည်။ အင်ဂျယ်လီက သူ့အိမ်တွင် ဖျားနေသည်။

"ဝမ်းနည်းပါတယ် . . ကျုပ်အဖြေရပြီ . . အဖြေရပြီ"

ဂျဒ်က တယ်လီဖုန်းမှ အင်ဂျယ်လီ၏အသံကြားရသဖြင့် ...က်သက်သာရာရခဲ့၍ တယ်လီဖုန်းမှနေပြီး စကားပြောရာတွင် ...ုံးဗထွေးဖြစ်နေခြင်းဖြစ်သည်။

"ဘာအဖြေလဲ"

"ကျုပ်ကိုသတ်ဖို့ ကြိုးစားအားထုတ်နေတဲ့လူဟာ ဘယ်သူ...ဆိုတဲ့အဖြေပေါ့၊ ဒွန်ဗင်တန်ဆိုတာ ဘယ်သူလဲဆိုတာ ကျုပ်...ပြီ"

"ကျုပ်တို့တော့ ဒွန်ဗင်တန်ကို မြေလှန်ရှာခဲ့တာ မတွေ့ခဲ့...ကလား"

အင်ဂျယ်လီ၏အသံက သူ့အပြောကို ယုံကြည်ဟန် မရှိ။

"အဲဒါ ဘာပြုလို့လဲ ခင်ဗျားသိပြီလား . . ဒွန်ဗင်တန်ဆိုတာ ...ဂ္ဂိုလ်မဟုတ်ဘူး။ အင်္ဂါရုပ်ကိုဆိုတာ"

"ဟာ . . ကျုပ် နားမလည်ဘူး။ ဖြေးဖြေးနဲ့ ရှင်းရှင်း ပြော...ဗျာ"

ဂျဒ်က ဝမ်းသာအားရနှင့်အသံများပင် တုန်နေသည်။

"ဒွန်ဗင်တန်ဆိုတာ နာမည်မဟုတ်ဘူးဗျ။ ဒါက အိတ်လိပ်



www.burmeseclassic.com

www.burmeseclassic.com

စကား။ အဓိပ္ပါယ်က 'လူထွားကြီး' တဲ့။ ဒါကို မူးဒီက ကျုပ်တို့ ပြောပြဖို့ကြိုးစားခဲ့တာ။ အဲဒီ လူထွားကြီးက ကျုပ်ကို လုပ်ကြံနေတာ"

"နားမရှင်းဘူး"

"အင်္ဂလိပ်လိုပြောတော့ အဓိပ္ပါယ် သိပ်ပေါက်ဘူး။ ဒါပေမဲ့ အီတာလျံလိုပြောရင်တော့ ပြည့်စုံတဲ့အဓိပ္ပါယ် ပေါ်လာတယ် ဒီတော့ လူထွားကြီးဦးစီးပြီးဖွဲ့ထားတဲ့ လူသတ်သမားအဖွဲ့ကြီးမှာ ခင်ဗျားသိသလားလို့"

တယ်လီဖုန်းမှအသံက အတန်ကြာအောင် တိတ်ဆိတ်နေသည်။ နောက်မှအသံထွက်လာသည်။

"လာကိုဆာ နော်ဆထရာဆိုတဲ့ မာဖီးယားဂိုဏ်းကလား"

"ဒီပြင် ဘယ်သူက လူသတ်သမားတွေကို စုစည်းထားပြီ အက်ဆစ်၊ သေနတ်၊ ဗုံးတွေကို သုံးနိုင်မှာလဲ၊ ခင်ဗျားကို ကျုပ်ပြောခဲ့တာ မှတ်မိသေးသလား။ ကျုပ်တို့ရှာနေတဲ့ လူသတ်ကောင်က ဥရောပတောင်ပိုင်းသားဖြစ်ရမယ်ဆိုတာလေ . . သူက အီတာလျံလူမျိုးဗျ"

"အဓိပ္ပါယ်တော့ မရှိဘူး။ ဘာပြုလို့လာကိုဆာနော် ဆထရာဂိုဏ်းက ခင်ဗျားကိုသတ်ရမှာလဲ"

"ဒါကိုတော့ ကျုပ်မသိဘူး။ ဒါပေမဲ့ ကျုပ်ပြောတာတွေဟာ အမှန်ပဲ ဖြစ်ရမယ်ဆိုတာ ကျုပ်သိတယ်။ မူးဒီကလဲ ပြောခဲ့တယ် ကျုပ်ကိုလုပ်ကြံနေတာ အဖွဲ့အစည်းတစ်ခုတဲ့ဗျ"

တဖက်မှအသံသည် အတော်ကြာအောင် တိတ်ဆိတ်နေသည်။ အင်ဂျယ်လီသည် တစ်စုံတစ်ခုကို အလျင်အမြန်စဉ်းစား





ပြီး ဆုံးဖြတ်ချက်ချရန် ချိန်ဆနေပုံရသည်။

ဂျဒ်ကတော့ သတိမပြုမိ။

"ခင်ဗျားယူဆချက်ကတော့ တော်တော်ဆန်းကျယ်တာပဲ၊ ဒါပေမဲ့ ဖြစ်နိုင်စရာတော့ ရှိပါတယ်လေ"

ထိုအသံကြားလိုက်ရသဖြင့် ဂျဒ်၏စိတ်တွင် အတန်ငယ်ပေါ့ပါးသွားသည်။

အင်ဂျယ်လီက သူ့အယူအဆကို လက်မခံ နားမထောင်လျှင် အခြားမည်သူ့ထံသွား၍ ပြောရမည်မှန်း သူမသိပေ။

"ဒီကိစ္စကို ခင်ဗျားဘယ်သူနဲ့ ဆွေးနွေးသေးသလဲ"

"ဘယ်သူနဲ့မှ မဆွေးနွေးဘူး"

"ဒါဖြင့် ဘယ်သူ့ကိုမှမပြောနဲ့၊ ခင်ဗျားအတွေးမှန်ရင် ခင်ဗျားနှုတ်ဆိတ်နေမှ ခင်ဗျားအသက်ရှင်မယ်၊ ခင်ဗျားရဲ့ အိမ်ခန်းကိုရော ရုံးခန်းကိုရော မသွားနဲ့တော့"

"မသွားပါဘူး၊ ဒါနဲ့ မက်ဂရိဗီက ကျုပ်ကိုဖမ်းဆီးဖို့ ဝရမ်းချပြီး လိုက်ရှာနေတာ သိပလား"

"ဟုတ်တယ်၊ မက်ဂရိဗီက ခင်ဗျားကိုမိရင်တော့ ခင်ဗျားဌာနကို အသက်နဲ့အတူရောက်လိမ့်မယ်မထင်နဲ့ ဒေါက်တာ"

ဘုရားရေ . . သူထင်သည့်အတိုင်း မှန်နေပြီကော။

သို့ပေမယ့် မက်ဂရိဗီက လူသတ်အဖွဲ့ဦးစီးခေါင်းဆောင်တော့ မဟုတ်တန်ရာ။ တစ်ဦးဦးက ကြိုးကိုင်ထားမည်ဖြစ်သည်။

သူက . . .

ဒွန်ဗင်တန်၊ လူထွားကြီး။

"ကျုပ်ပြောတာ နားလည်ရဲ့လား ဒေါက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"နားလည်ပါတယ်ဗျာ"

ကုတ်အကျႌရှည် မီးခိုးရောင်ဝတ်ထားသူတစ်ဦးက တယ်လီ ဖုန်းရုံအပြင်ဘက် ထွက်ရပ်လျက် ရုံအတွင်းရှိဂျဒ်ကို ကြည့်နေ သည်ကို ဂျဒ်သတိထားမိသည်။ ထိုသူသည် ယခင်က သူတွေ့ခဲ့ ဘူးသည့် သူပင်လော။

"အင်ဂျယ်လီ"

"ဟုတ်ကဲ့"

"တခြားလူသတ်သမားတွေကိုတော့ ကျုပ် မသိရဘူး။ သူ ဟာ ဘယ်ပုံပန်းလဲဆိုတာ ဘာမှမသိဘူး၊ သူတို့ကို မမိခင် ကျုပ် ဘယ်လိုရှောင်ပုန်းနေရမှာလဲ"

"ကျုပ်တို့ အက်ဘီအိုင်ကို တန်းပြီးသွားမယ်၊ အဲဒီအဖွဲ့မှာ ကျုပ်မိတ်ဆွေတစ်ဦးရှိတယ်၊ သူက ခင်ဗျားကိုခုအတောအတွင်း မှာ ကာကွယ်ထားပေးလိမ့်မယ်၊ ဟုတ်ပြီလား"

"ကောင်းပါပြီ"

"ခု ဒေါက်တာ ဘယ်မှာလဲ"

"ပင်၊ အမ်၊ ညည်ခန်းအောက်နားက တယ်လီဖုန်းရုံလေး ထဲမှာလေ"

"ခင်ဗျား တခြားဘယ်မှမသွားပါနဲ့၊ လူစုလူဝေးထဲမှာ နေ နေပါ။ ကျုပ် ခုချက်ချင်း လာခဲ့မယ်"

တယ်လီဖုန်းကို တစ်ဖက်မှချသွားလိုက်၏။

❖❖❖





မက်ဂရိဗ်သည် ရဲစခန်းအတွင်း၌ထိုင်လျက် စိတ်မချမ်း မြေ့ရုံမက အတော်ပင် စိတ်ပျက်လက်ပျက်ဖြစ်နေဟန်ဖြင့် တယ် လီဖုန်းကို ချထားလိုက်သည်။

နှစ်ပေါင်းများစွာ လူသတ်သမားများ၊ မုဒိန်းသမားများနှင့် လူဆိုးမျိုးစုံနှင့် ဆက်ဆံတွေ့ကြုံလာခဲ့ရသည်။ သို့ပေမယ့် သူ သည် လူ၏အခြေခံသိက္ခာရှိမှု၊ ကြင်နာမှု စသည်တို့ကို ယုံကြည် ခဲ့သည်။

သို့ပေမယ့် ရဲအရာရှိ လူဆိုးလူသွမ်းကို ကြုံလိုက်ရသော အခါ လူကိုအလွန်ပင် စိတ်ပျက်သွားမိသည်။ ရဲအရာရှိ လူဆိုး လူသွမ်းက ရဲအဖွဲ့ကြီးတစ်ခုလုံးကို ညစ်နွမ်းဆိုးယုတ်စေနိုင် သည်။ ရဲအဖွဲ့ဝင်တို့က ဒုစရိုက်များကို တိုက်ဖျက်ရင်း အသက် စွန့်သွားရသည့်ကိစ္စများကို ပျက်ပြယ်အောင် ပြုနိုင်သည်။

မက်ဂရိဗ်သည် နေရာမှထလိုက်ပြီး စင်္ကြံလမ်းကိုထွက်၍ ကပ္ပတိန် ဘာတယ်လီရုံးခန်းဆီသို့ လာခဲ့၏၊ တံခါးကို တစ်ချက် ခေါက်ပြီး အတွင်းသို့ဝင်ခဲ့၏။

စားပွဲဟောင်းကြီးတစ်ခုနောက်တွင် ကပ္ပတိန် 'ဘာတယ် လီ' ထိုင်နေသည်ကို တွေ့ရ၏။ သူနှင့်အတူ အရပ်ဝတ် အရပ် စားနှင့် အက်ဘီအိုင်အဖွဲ့မှ အရာရှိနှစ်ဦး ထိုင်နေကြသည်။

မက်ဂရိဗ် အခန်းထဲသို့ဝင်လာသည်တွင် ဘာတယ်လီက မော့ကြည့်၍ . . .

"ဘယ့်နှယ်လဲ"

ဟု မေးလိုက်သည်။

"ကျွန်တော် ထင်တဲ့အတိုင်းမှန်နေပြီ၊ ရဲစခန်း ပစ္စည်းသိမ်း ဌာ အင်ဂျယ်လီ ဗုဒ္ဓဟူးနေ့က နေ့လည်ပိုင်းမှာ သူဆီက ကာရို



www.burmeseclassic.com

www.burmeseclassic.com



ရောဘတ်ဆီက ရခဲ့တဲ့သော့ကို ခဏယူသွားပြီး ညကျမှ ပြ
အပ်တယ်လို့ပြောပါတယ်၊ ဒါကြောင့် သော့ကိုပါရဖင်နဲ့ စစ်ဆေး
ကြည့်တော့ သော့တူလုပ်တဲ့ လက္ခဏာ မတွေ့ရတာပဲ၊ သူ
ဒေါက်တာစတီဗင်အခန်းထဲကို အဲဒီသော့ကိုသုံးပြီး ဝင်ကြ
ပေါ့၊ သော့ ခေတ္တယူသွားတဲ့အကြောင်း၊ ပစ္စည်းထိန်းကမေ
အစီ ရင်မခံတာက အင်ဂျယ်လီကိုယ်တိုင်က ဒီအမှုမှာ စုံစမ်း
ဆေးနေတဲ့လူဖြစ်လို့တဲ့”

“သူ အခုဘယ်မှာလဲ”

“မသိရသေးဘူး၊ သူနောက်ကို နောက်ယောင်ခံလိုက်
မျက်ခြေပြတ်သွားတယ်”

“သူက ဒေါက်တာစတီဗင်နောက်လိုက်ပြီး ဖမ်းဖို့ကြိုး
နေမှာပေါ့”

ဟု အက်ဘီအိုင်မှ အရာရှိတစ်ဦးက ဝင်ပြောသည်။

ကပ္ပတိန် ဘာတယ်လီက အက်ဘီအိုင်မှ အရာရှိအ
လှည့်၍ မေးလိုက်သည်။

“ဒေါက်တာစတီဗင်ကို အသက်နဲ့တွေ့ရဖို့ မျှော်လင့်
လမ်းရှိသေးသလား”

“ဒေါက်တာ့ကို ကျုပ်တို့က ရှာမတွေ့ခင် သူကတွေ့
ရင်တော့ မျှော်လင့်ချက်မရှိဘူး”

ကပ္ပတိန်ဘာတယ်လီက ထိုသဘောထားကို လက်ခံသ

“ပထမဦးဆုံး အင်ဂျယ်လီကိုရအောင်ရှာရမယ်။ အင်
လီကိုဖမ်းမိပြီး ဒီကိုခေါ်ခဲ့။ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သုံးချ
နည်းသုံး။ သူ့ကိုသာအမိဖမ်းခေါ်ခဲ့ မက်ဂရီဗီ”

❖❖❖





အင်ဂျယ်လီ၏ကားထဲမှ ရဲမှလွှင့်နေသော သတင်းသံကြား ရသည်။

“ကုဒ်၊ ကဆယ်၊ ကုဒ် ကဆယ်၊ ရဲကားအားလုံး နံပါတ် ၅ ကိုရှာပြီး သတင်းပို့”

အင်ဂျယ်လီသည် ရေဒီယိုကို အလျင်အမြန်ပိတ်လိုက် သည်။

“ခင်ဗျားကို ကျုပ်ကားနဲ့တင်ခေါ်လာတာ ဘယ်သူသိသလဲ”

“ဘယ်သူမှ မသိပါဘူး”

“လာကိုဆာ်နော်ဆထရာ အကြောင်းကိုကော ဘယ်သူနဲ့ ဆွေးနွေးခဲ့ဖူးသလဲ”

“ခင်ဗျားတစ်ယောက်ထဲနဲ့သာ ဆွေးနွေးခဲ့တာပဲ”

အင်ဂျယ်လီသည် ကျေနပ်သွားဟန်ဖြင့် ဦးခေါင်းညိတ် လိုက်သည်။

သူတို့ကားသည် ဂျော့ဝါရှင်တန် တံတားကြီးကိုဖြတ်၍ နယူးဂျာစီဘက်သို့ ဦးတည်မောင်းနေသည်။ ယခုတစ်ကြိမ်မှာတော့ နယူးဂျာစီသို့အသွားတွင် ယခင်ကကဲ့သို့ စိတ်ပျက်အားငယ် ထိတ်လန့်တုန်လှုပ်နေခြင်း မရှိတော့ပါ။

ဂျုဒ်သည် သူ့ဘေး၌ အင်ဂျယ်လီရှိသောကြောင့် ယခင်ကကဲ့သို့ သားကောင်အဖြစ်နှင့် ပြေးနေခြင်းမဟုတ်တော့။ မုဆိုးအဖြစ်ဖြင့် သားကောင်ကိုလိုက်နေကြသည် မဟုတ်ပါလော။

ဤအတွေး ဤအမြင်များက သူ့ကိုများစွာ ကျေနပ်နှစ်သိမ့် သွားစေခဲ့သည်။

အင်ဂျယ်လီ၏ တိုက်တွန်းချက်အရ ဂျုဒ်က [illegible]လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



သောကားကို မန်ဟက်တန်တွင် ထားခဲ့ပြီး အင်ဂျယ်လီစီး
သည့်အမှတ်မရှိ ရဲကားနှင့်လိုက်လာခဲ့သည်။ ကားက ယခုအ
တွင် 'အိုးတက်ပင်' သို့ ချဉ်းကပ်လာခဲ့ပြီ။

"ဒေါက်တာက တော်တော်ဉာဏ်ရည် ကောင်းတဲ့လူ
ယောက်ပါပဲ၊ လူသတ်မှု အရှုပ်ကြီးကိုရှင်းအောင် တွေးခေါ်
ခဲ့တယ်"

"ဒီလိုလဲ မဟုတ်ပါဘူးဗျာ၊ ဒီကိစ္စမှာ လူတစ်ဦးထက်
တဲ့အရည်အတွက်ရဲ့ လက်ရာဆိုတာ သိခဲ့ရင် ကျုပ် ဘယ်
အဖွဲ့အစည်းလဲဆိုတာ စဉ်းစားကြည့်ရင် ဖြစ်လာမှာပါ။
ကားထဲမှာ ဗုံးတွေ့တော့ သူက တစ်ခါထဲအဖွဲ့နဲ့ လုပ်ကြနေတ
ဆိုတာ သိသွားတယ်ဗျ"

နောက်ပြီး 'အန်' ကကော ဘယ်အခန်းမှာပါနေသေးသ
လဲ။ သူ့ကိုသတ်ဖြတ်ဖို့ အစီအစဉ်လုပ်ငန်းကြီးမှာ သူမကလဲ
ခန်းတကကျွှနေရာက ဝင်ယူသူတစ်ဦးပင်။ သို့ပေမယ့် သူမ
တော့ သူမမုန်းနိုင်။ မုန်း၍မရပါ။ မည်သည့်အချိန်ကာလမှာ
လည်း မုန်းတီးလိမ့်မည် မဟုတ်ပါ။

အင်ဂျယ်လီသည် ကားကိုလမ်းမကြီးမှခွာ၍ လမ်းငယ်
လေးထဲသို့ မောင်းဝင်လိုက်သည်။ ထိုလမ်းငယ်အတိုင်း မော
ခဲ့ရာတွင် သစ်တောစပ်သို့ ဦးတည်နေသည်။

"ခင်ဗျားမိတ်ဆွေက ကျုပ်တို့လာမှာကို သိသလား"

"သူ့ကို တယ်လီဖုန်းဆက်ပြီးပြီ၊ ခင်ဗျားကို အဆင်သ
စောင့်နေပါတယ်"

ဘေးမှလမ်းမြှောင်တစ်ခု တွေ့ရပြီး အင်ဂျယ်လီက တ





ကို ထိုလမ်းမြှောင်ထဲသို့ ချိုးဝင်လိုက်သည်။

တမိုင်ခန့်မောင်းမိလျှင် ခြံတံခါးကြီးကိုတွေ့ရပြီး ထိုတံခါးဝ
တွင် ကားရပ်လိုက်၏။ တံခါး၏အပေါ်တွင် တယ်လီဗီးရှင်း
ကင်မရာတစ်ခုကို တွေ့ရသည်၊ တံခါးကို လျှပ်စစ်အားဖြင့် အဖွင့်
အပိတ်လုပ်ပုံရသည်။ အသံတစ်ချက်မြည်ပြီး တံခါးပွင့်သွားသည်။

သူတို့အတွင်းသို့ရောက်လျှင် အလိုအလျောက် တံခါးကြီး
က ပြန်ပိတ်သွားသည်၊ သူတို့ကဆက်၍ လမ်းကွေ့ကောက်
ကောက်အတိုင်းမောင်းလာရာ သစ်ပင်များကြားမှ ကြီးကျယ်လှ
သော အိမ်ကြီးကို ဂျဒ်တွေ့မြင်ရသည်။ ထိုအိမ်ကြီး၏ အမိုးမြင့်
မြင့်ကြီးပေါ်၌ ကြေးဖြင့်ပုံသွန်းထားသည့် ကြက်ဖရုပ်ကို တွေ့ရ
သည်။

ထိုကြက်ဖတွင် အမြီးမရှိချေ။

❖❖❖



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

အသံလုံနီယွန်မီးဖြင့် ထိန်လင်းနေသော ရဲဌာနချုပ်ရှိ ဆက်သွယ်ရေးရုံးခန်းတွင်း၌ ရုပ်လက်တို့နှင့် ရဲအရာရှိ ၁၂ ဦး ကြီးမားလှသော တယ်လီဖုန်းခလုတ်ခုံကြီးတွင် အလုပ်ရှုပ် ကြသည်။

ထိုခလုတ်ခုံ၏အလယ်တွင် လေမှုတ်ပိုက်လုံးကြီးတ ရှိသည်။ ဖြင်ပမှပို့သည့် သတင်းကိုရလျှင် အော်ပရေတာမျာ ထိုသတင်းကို ရေးချလိုက်ပြီး ပိုက်လုံးကြီးထဲသို့ထည့်လိုက်လျှ အထပ်ထပ်ရှိ စာရေးက ထိုသတင်းပို့ချက်ကို ချက်ချင်း တ လှည့်ကားများနှင့် ရဲစခန်းများသို့ပို့လိုက်သည်။ ဖြင်ပမှ သတ ကလည်း အမြဲရောက်လာသည်။

တနင်္လာနေ့ နေ့လည်တွင် ဤဗဟိုဆက်သွယ်ရေးရုံး တွင် ပို၍အလုပ်များနေသည်။ တယ်လီဖုန်းအော်ပရေတာတို ကလည်း ပိုမိုဂရုပြု၍ အလုပ်လုပ်နေရသည်၊ အခန်းထဲသို့ ထောက်များ၊ အက်ဘီအိုင်အရာရှိများ ဝင်လိုက်ထွက်လိုက် အလုပ်များနေသည်။ သူတို့ကညွှန်ကြားချက်များပေးလို သတင်းများလက်ခံယူလိုက်နှင့် မအားလပ်အောင် ဖြစ်သည်

သူတို့သည် ဒေါက်တာစတီဗင်နှင့် ရဲစုံထောက် အင်ဂျ လီတို့ကို ဖမ်းမိရန်အတွက် ပိုက်ကွန်ဖြန့်၍နေကြခြင်းပင် ဖြစ် သည်။

မက်ဂရိုဗီ အခန်းထဲသို့ဝင်လာသည့်အခါတွင် ကပ္ပတိ ဘာတယ်လီနှင့် မြို့တော်ဝန်၏ မှူခင်းကော်မရှင်မှ အယ်လ





လီဗန်တို့ စကားပြောနေသည်ကို တွေ့မြင်ရသည်။

အယ်လင်ဆူလီဗန်ကို ယခင်ကပင် တွေ့ဆုံဖူးခဲ့သည်။ လီဗန်က ဖွဲ့ရှိပြီး ရိုးသားဖြောင့်မတ်သူတစ်ဦး ဖြစ်သည်။

မက်ဂရိုဗီကို တွေ့လိုက်လျှင် ကပ္ပတိန်ဘာတယ်လီက ဆူလီဗန်နှင့် စကားဖြတ်လိုက်ပြီး သူ့ဘက်သို့ပလှည့်ကာ ကြည့် နေသည်။

"အခြေအနေက တိုးတက်နေပါတယ်၊ ဒေါက်တာ စတီ ဗင်ကို ရုံးနဲ့မျက်နှာချင်းဆိုင် အဆောက်အအုံက ညစောင့်ကိုတွေ့ ပြီး မေးမြန်းကြည့်ပါတယ်၊ သူက ဗုဒ္ဓဟူးနေ့ည အလုပ်ဝင်ဖို့အ လာမှာ လူနှစ်ဦး စတီဗင်တို့အဆောက်အဦထဲ ဝင်သွားတာ တွေ့ မြင်ပါတယ်၊ လမ်းဖက်ကတံခါးက သော့ပိတ်ထားတာကို သူတို့ က သော့ဖွင့်ပြီး ဝင်လာတာ တွေ့ရပါတယ်၊ သူက ဒီလူနှစ်ဦး ဒီအဆောက်အဦမှာ အလုပ်လုပ်တဲ့သူတွေလို့ ထင်လိုက်တယ်"

"မင်းက သူ့ကိုဒီလူတွေကို မှတ်မိ မမှတ်မိ စုံစမ်းပြီးပြီလား"

"ဟုတ်ကဲ့ .. အင်ဂျယ်လီရဲ့ဓာတ်ပုံကိုပြတော့ သူပဲလို့ ပြောပါတယ်"

"သူနဲ့ပါလာတဲ့လူကိုကော မမှတ်မိဘူးလား"

"အဲဒီလူကိုတော့ ကောင်းကောင်း မမြင်လိုက်ရဘူးတဲ့"

"အဲဒီ ဗုဒ္ဓဟူးနေ့ညက အင်ဂျယ်လီက နေမကောင်းလို့ သူ့အိမ်မှာပဲ နေခဲ့တယ်လို့ အသိပေးထားတယ် မဟုတ်လား"

"ဟုတ်ပါတယ်"

ထိုအတောအတွင်း အော်ပရေတာတစ်ဦးက သတင်းတစ် ခု လာရောက်ပေးလိုက်သည်။ ထိုသတင်းက နယူးဂျာစီတပ်ပိုက်



www.burmeseclassic.com

www.burmeseclassic.com



လှည့်လည်နေသော ကင်းထောက်ရဲမှ ဖြစ်သည်။ ကပ္ပတိန် ဘာ
တယ်လီက တယ်လီဖုန်းကို ကောက်ကိုင်လိုက်ပြီး . . .

"မင်းတို့ သေချာလား၊ ကောင်းတယ် ဖြစ်နိုင်သမျှ ရဲတပ်
တွေကို အဲဒီနေရာကိုလှည့်ဖို့ပြောလိုက်၊ အကြောင်းထူးရင် ချ
ချင်း ငါ့ဆီသတင်းပို့"

ဟု ပြောလိုက်သည်။

တယ်လီဖုန်းကိုချလိုက်ပြီး မက်ဂရိုဗီတို့နှစ်ဦးဘက်သို့ လှည့်
လိုက်သည်။

"ကျုပ်တို့အစတော့ရပြီ၊ နယူးဂျာစီရဲကင်းက အော်ရိမ့် ဘ
နားမှာ အင်ဂျယ်လီတို့ကားကို တွေ့လိုက်တယ်။ လမ်းမ
ရဲကင်းထောက်တွေအားလုံး အဲဒီဒေသကို သွားကြပြီ"

"ဒေါက်တာစတီဗင်က ဘယ်မှာလဲ"

"သူက အင်ဂျယ်လီကားထဲမှာ အသက်ရှင်နေတုန်းပဲ၊ မ
ပါနဲ့ ရဲတွေက သူ့တို့ကိုရှာတွေ့တော့မှာပါ"

"မျှော်လင့်စရာတော့ ရှိတန်ကောင်းပါတယ်၊ ဒေါက်တ
စတီဗင်ကတော့ ဘေးရန်ကင်းတဲ့ တန်ခိုးရှိနေပုံပါပဲဗျာ၊ ကျ
တော် သူ့သူငယ်ချင်းဖြစ်သူ ဒေါက်တာဟက်ဒ်လီနဲ့တွေ့ပြီး
မြန်းကြည့်ခဲ့တယ်၊ ဒေါက်တာဟက်ဒ်လီက မျှားမကြာခင် တ
နေ့တုန်းက ဒေါက်တာစတီဗင်အခန်းထဲကို ဝင်ရောက်သွားေ
အခန်းထဲမှာ အင်ဂျယ်လီကိုသေနတ်ကိုင်ပြီး စတီဗင်အနား
တွေ့မြင်ရတယ်တဲ့၊ အင်ဂျယ်လီက ဖောက်ထွင်းခိုးသူတစ်ဦး
စောင့်နေတာပါလို့ လုပ်ကြံဇာတ်ခင်းပြလိုက်တယ်၊ ကျွန်ေ
တွေးမိတာက ဒေါက်တာဟက်ဒ်လီ ရုတ်တရက်ဝင်သွားမိ





ဒေါက်တာစတီဗင် သေဘေးက လွတ်သွားတာပဲ"

"ဒါနဲ့ မင်းကအင်ဂျယ်လီကို ဘယ်တုန်းကစပြီး မှုသကော
ဒ်လာသလဲ"

"ပထမဦးဆုံး အင်ဂျယ်လီဟာ ကုန်သည်အချို့ကို ငွေညှစ်
နေတယ်ဆိုတဲ့ သတင်းပေးချက်ရလာကတည်းကပဲ၊ ကျွန်တော်
ုန်သည်တွေဆီသွားပြီး စုံစမ်းကြည့်တော့ သူတို့က တစ်လုံးမှ
ပြောဘူး၊ ဘူးကွယ်နေတယ်၊ သူတို့က တော်တော်ကြောက်ရွံ့
နပုံရတယ်၊ ဘာဖြုလို့ ကြောက်ရွံ့နေသလဲဆိုတာ တွေးလို့မရ
ဘူး၊ ကျွန်တော်က အင်ဂျယ်လီကိုဘာမျှမပြောဘဲ သူ့ကို စောင့်
ကြည့်နေခဲ့တယ်၊ နောက် ဟန်ဆင်သတ်မှုဖြစ်လာတော့ အင်
ယ်လီက ကျွန်တော့်ဆီလာပြီး ဒီအမှုမှာ သူပါကူညီပြီး စုံစမ်းပါ
ရစေလို့ ပြောတယ်၊ သူက ကျွန်တော့်ကိုအလွန်ချီးမွမ်းမိတဲ့အ
ကြောင်း၊ ကျွန်တော်နဲ့အတူ အမှုလိုက်ချင်တဲ့စိတ်တွေ အစက
ည်းက ရှိနေတဲ့အကြောင်း ပြောသေးတယ်၊ သူမှာ သူ့အ
ကြောင်းနဲ့သူရှိမှန်းသိလို့ ကပ္ပတိန်ဘာတယ်လီရဲ့ ခွင့်ပြုချက်ယူ
ကျွန်တော်နဲ့အတူ လူသတ်မှုကိုထောက်လှမ်းစုံစမ်းကြတာပဲ၊
အမှုကို သူကိုယ်တိုင်စုံစမ်းစစ်ဆေးတာက သူကိုယ်တိုင် ဒီအမှု
တ်သက်နေတာကိုး ခင်ဗျာ . . အဲဒီအချိန်တုန်းက ဒီလူသတ်
တွမှာ ဒေါက်တာစတီဗင် ပတ်သက်နေသလား၊ မပတ်သက်
လားလို့ဆိုတာ အတိအကျမသိပါဘူး၊ ဒါပေမဲ့ ဒေါက်တာ
ဗင်ကိုသုံးပြီး အင်ဂျယ်လီကိုထောင်ဖမ်းဖို့ ဆုံးဖြတ်ခဲ့တယ်၊
က် ဒေါက်တာစတီဗင်ကို ဒီလူသတ်မှုတွေရဲ့ တရားခံဖြစ်
င် ဟန်ဆောင်ပြီးအမှုကိုဆင်ပြပြီး ဒေါက်တာစတီဗင်ကို



www.burmeseclassic.com

www.burmeseclassic.com

တရားခံအဖြစ် ဖမ်းရမယ်လို့ အင်ဂျယ်လီကိုပြောပြလိုက်တယ် အင်ဂျယ်လီက သူ့အပေါ်မှာ ယုံမှားသံသယကင်းနေရင် သတိ မထားဘဲ သူ့အကြံအတိုင်း အေးအေးဆေးဆေး ဆက်ဆောင် ရွက်နေမှာပဲလို့ စဉ်းစားခဲ့တယ်၊ ဒါပေမယ့် အင်ဂျယ်လီက စတီဗင် ကိုဖမ်းဆီးချုပ်နှောင်ဖို့ကိစ္စကို အကြောက်အကန်ကန့်ကွက်တယ်"

"ဘာပြုလို့လဲ"

ဆူလီဗန်က မေးလိုက်သည်။

"ဘာပြုလို့လဲဆိုတော့ သူက စတီဗင်ကို ကိစ္စတုန်းလို ချင်လို့ခင်ဗျ၊ စတီဗင် ထောင်ထဲရောက်နေရင် သူ့ရည်ရွယ်ချ ပျက်သွားမှာကိုး၊ နောက် စတီဗင်က အလွှတ်စုံထောက်တစ် ငှားတယ်၊ ကျွန်တော်က စတီဗင်ငှားတဲ့ အလွှတ်စုံထောက် မူ အကြောင်း စုံစမ်းကြည့်တယ်၊ မူးဒီဟာ တစ်ကြိမ်က မူးဒီနဲ့ အ ဂျယ်လီတို့ အချင်းများကြဖူးတယ်၊ မူးဒီရဲ့ အမှုသည်တစ်ဦး မူးယစ်ဆေးဝါးတွေ့မှုနဲ့ အင်ဂျယ်လီကဖမ်းတာကိုး၊ မူးဒီက အမှုသည်ကို တမင် အင်ဂျယ်လီက အမှုဆင်တာလို့ ပြောခဲ့တ မူးဒီပြောတာကလဲ မှန်နေတာ နောက်မှသိရပါတယ်"

"ဒါဖြင့် မူးဒီက ကံကောင်းထောက်မလို့ အမှန်ကိုသိသွ တာပေါ့"

"ကံကောင်းလို့တော့ မဟုတ်ဘူးခင်ဗျ . . . မူးဒီကလဲ ဉာ ထက်တဲ့ လူတစ်ယောက်ပါ။ သူက ဒီအမှုတွေမှာ အင်ဂျယ် ပတ်သက်နေတာသိတာ။ ဒေါက်တာစတီဗင်ရဲ့ကားထဲမှာ တွေ့တော့ ဒီပုံးကို အက်ဘီအိုင်ဆီ သွားအပ်လိုက်တယ်"

"အင်ဂျယ်လီက ဒီပုံးတွေ့သွားရင် သူကအစ ဖျောက်





ာစိုးလို့ပေါ့"

"ကျွန်တော်လဲ အဲဒီလိုပဲ တွေးမိပါတယ်၊ နောက်ပြီး တစ် ယာက်ယောက်က မှားယွင်းပြီး အဲဒီအကြောင်းနဲ့ပတ်သက်တဲ့ ာက်ဘီအိုင်က အစီရင်ခံစာကို သူ့လက်ထဲပေးအပ်လိုက်မိတယ်၊ အခါမှာ မူးဒီဟာ သူ့ကိုအမှုပတ်အောင်လုပ်နေပြီလို့ သူ သိသွား ာယ်၊ နောက်တစ်ချက်က မူးဒီက ဒွန်ဗင်တန်အကြောင်း စတီ င်ကိုပြောပြလိုက်တော့ အင်ဂျယ်လီပါ သိသွားပြန်ရော"

"လူထွားကြီးဆိုတာက 'လာကောဆနောဆထရာ' ပေါ့"

"ဟုတ်ပါတယ်။ အကြောင်းတစ်ခုခုကြောင့် လာကောဆ ာဆထရာက ဒေါက်တာစတီဗင်ကို လုပ်ကြံနေပါတယ်"

"ဒါဖြင့် မင်းက ကောဆနော်ဆထရာနဲ့ အင်ဂျယ်လီနဲ့ ယ်လိုဆက်သွယ်မှုရှိတယ်ဆိုတာ ဘယ်လိုလုပ်သိရသလဲ"

"ကျွန်တော်က အင်ဂျယ်လီငွေညှစ်နေတဲ့ ကုန်သည်တွေ ပြန်သွားတယ်။ ကျွန်တော်က 'လာကောဆနောဆထရာ' ရဲ့ ည်ကိုထုတ်ဖော်ပြောလိုက်တော့ အဲဒီလူတွေဟာ တုန်လှုပ် ာက်ခြားသွားခဲ့ကြတယ်။ အင်ဂျယ်လီက 'လာကောဆနောဆထ မိသားစုတွေထဲက မိသားစုတစ်စုအတွက်လုပ်ကိုင်ပေးနေ ယ်။ သူက လောဘကြီးလာပြီး သူ့အတွက်ပါသတ်သတ် ငွေ ပြီး ညှစ်ယူနေတာပဲ"

"လာကောဆနော်ဆထရာက ဘယ်လိုအကြောင်းကြောင့် က်တာစတီဗင်ကိုလုပ်ကြံနေရတာလဲ"

ဆူလီဗန်က မရှင်းသဖြင့် ဝင်မေးလိုက်သည်။

"ကျွန်တော်လဲ မပြောနိုင်သေးဘူး။ စုံစမ်းနေဆဲပါပဲ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com

အထဲမှာ ဖြစ်ရပ်နှစ်ခုက စုံစမ်းမှုကိုပိုခက်ခဲသွားအောင် လုပ်သွားတယ်။ ပထမက အင်ဂျယ်လီကို နောက်ယောင်ခံလိုက်နေတဲ့ က မျက်ခြေပြတ်သွားတယ်။ ကျွန်တော်က အင်ဂျယ်လီ ကြောင်း သတိပေးပြီး ကာကွယ်မှုပြုလုပ်မပေးရခင် ဒေါက် စတီဗင်က ဆေးရုံကထွက်ပြေးသွားတယ်"

xxx





အခန်း(၂၂)

အန်ထော်နီဒိမာကိုးက အမှန်ပင်ဥပဓိရုပ်ကောင်း၍ စိတ်ဓာတ်အင်အားပြည့်ဝသူဖြစ်သည်။ သူ၏ ဥပဓိရုပ်နှင့် စိတ်ဓာတ်ခံရှိန်က အခန်းတွင်းရှိသူတိုင်းအပေါ် လွှမ်းခြုံထားသကဲ့သို့ ထင်ရသည်။

'အန်' က သူမယောကျ်ားသည် ချောမောသည်ဟု ပြောချက်မှာ အပိုမပါသောစကားဖြစ်ပါသည်။ ဒိမာကိုး၏ မျက်နှာသွင်က ရောမမှ စံတင်မျက်နှာထားမျိုးဖြစ်သည်။ ဘေးတိုက်ပုံလည်း ပန်းပုထုရုပ်ပမာပင် ဖြစ်သည်။

သူက အသက်လေးဆယ်ကျော်ကျော်ခန့် ရှိပြီဟု ခန့်မှန်းသည်။ အရပ်မြင့်မြင့် အားကစားသမားခန္ဓာကိုယ်နှင့် ကြည့်၍ကောင်းသည်။ အသံက နက်ရှိုင်း၍ ဆွဲငင်ဓာတ်ပါသည်။

"အရက်တစ်ခွက်လောက် သုံးဆောင်လိုက်ပါဦး ဒေါက်တာ"

ဂျဒ်က ခေါင်းရမ်းပြလိုက်သည်။

သူ့ရှေ့ရှိ ပုဂ္ဂိုလ်သည် ပုံမှန်ခင်မင်စရာကောင်းသူတစ်ဦးဟု ထင်မြင်ကြမည်သာဖြစ်သည်။

ဒိမာကိုး၏ လှပစွာမွမ်းမံထားသည့် စာကြည့်ခန်းတွင် သူငါးဦး ထိုင်နေကြသည်။ ဂျဒ်၊ ဒိမာကိုး၊ ရဲစုံထောက် အင်ဂျယ်လီ ဂျဒ်ကိုလုပ်ကြံသတ်ဖြတ်ရန် သူ့အခန်းသို့ ဝင်ရောက်ခဲ့သူနှစ်ဦးဖြစ်သော ရော့ကီးနှင့် နစ်မက်ကရှိတို့ဖြစ်သည်။

သူတို့က ဂျဒ်ကိုဝိုင်းပြီး ထိုင်ကြသည်။ ဂျဒ်က သူ၏ရန်သူတို့ကို စေ့စေ့ကြည့်နေသည်။ ဂျဒ်က အင်ဂျယ်လီထောင်ထား



www.burmeseclassic.com

www.burmeseclassic.com

သော ထောင်ချောက်ထဲသို့ တည့်တည့်ကြီး တိုးဝင်လာခဲ့ပြီ ဖြစ်သည်။

ပို၍ဆိုးသည်က သူကိုယ်တိုင် အင်ဂျယ်လီကို တယ်လီဖုန်းဆက်ခေါ်ပြီး သူ့ကိုလာရောက်ခေါ်ပါရန် ဘီမန္တက ပြုခဲ့မိသည် မဟုတ်ပါလား။

အင်ဂျယ်လီက သစ္စာဖောက်၍ သားသတ်ရုံထဲသို့ အေးအေးဆေးဆေး ခေါ်သွင်းယူခဲ့သည်။

ဒီမာကိုးက ဂျဒ်ကိုစေ့စေ့ကြည့်လျက် အကဲခတ်နေသည်။

"ခင်ဗျားအကြောင်းကို ကျွန်တော် တော်တော်များများ ကြားသိခဲ့ရတယ်"

ဂျဒ်က မည်သို့မျှ စကားပြန်မပြော။

"ခင်ဗျားကို ဒီလိုပုံစံမျိုးနဲ့ ဒီကိုခေါ်ယူခဲ့ရတာကိုတော့ ခွင့်လွှတ်ပါဗျာ၊ ခင်ဗျားကို ကျွန်တော် မေးစရာကလေးတွေရှိနေလို့ ခေါ်ယူရတာပါ"

ဂျဒ်က သူ့ဘာမေးတော့မည်ကို သိသည်။ သည်အတွက် စိတ်ထဲ၌ အလျင်အမြန်ပြင်ဆင်ထားလိုက်သည်။

"ခင်ဗျားနဲ့ ကျုပ်မိန်းမ ဘာအကြောင်းတွေ ပြောကြသလဲ ဒေါက်တာ"

ဂျဒ်က အံ့သြနားမလည်သည့် အမူအရာနှင့် ပြန်ပြောလိုက်သည်။

"ခင်ဗျား မိန်းမ၊ ဟုတ်လား၊ ခင်ဗျားမိန်းမကိုလဲ ကျုပ် မသိပါကလား"

"အိုဗျာ ... ကျုပ်မိန်းမက ခင်ဗျားဆေးခန်းကို တစ်ပါတ်

သစ်ဆန်းစာပေ



ကြိမ် သုံးကြိမ်လောက် လာရောက်ခဲ့တယ်မဟုတ်လား"

"ကျုပ်ဆီမှာ အကုသခံတဲ့ ဝေဒနာရှင်တွေထဲမှာ ဒီမာကိုး မည်ပါတဲ့ လူတစ်ယောက်မှ မရှိပါဘူး"

"ဟုတ်ပါတယ်။ သူမက သူ့အပျိုဘဝနာမည်ပေးချင် ပေးပေါ့၊ အန်ဘလိတ်နာမည်နဲ့ လာမှာပေါ့"

ဂျဒ်က အံ့သြနားမလည်သလိုလုပ်ပြီးနေရာ ဗက်ကရို အစ်ကိုက ဂျဒ်အနားတိုးလာသည်။ ဒီမာကိုးက . . .

"ဟော့ . . . နေစမ်း"

ဟုအော်လိုက်သည်။

"ဒေါက်တာ . . ကျုပ်ကို မလိမ့်တပတ်လုပ်နေရင် ခင်ဗျား ကျုပ်က ခင်ဗျားမယုံကြည်နိုင်လောက်တဲ့ ဆုံးမနည်းတွေ သုံးလိုက်ရလိမ့်မယ်"

ဂျဒ်က ဒီမာကိုးကို ကြည့်လိုက်သည်။

ဒီမာကိုးသည် ရက်စက်ကြမ်းကြုတ်မှုကို ကျူးလွန်နိုင်သူဟု ထင်ပါသည်။ သူ့အသက်ကတော့ မျှင်မျှင်ကလေးသာသာ သည်။

"ခင်ဗျားလုပ်ချင်တာ လုပ်နိုင်ပါတယ်ဗျာ . . မကြာခင် ကလေးအထိပေါ့၊ အန်ဘလိတ်က ခင်ဗျားရဲ့မိန်းမဆိုတာ မသိခဲ့ဘူး"

"ဒါကတော့ ဟုတ်နိုင်ပါတယ်"

အင်ဂျယ်လီက ဝင်ထောက်လိုက်သည်။

ဒီမာကိုးက အင်ဂျယ်လီကိုဂရုမစိုက်ဘဲ ဂျဒ်ကိုကြည့်၍ လိုက်သည်။

သစ်ဆန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရက်သတ္တသုံးပါတ်မှာ ခင်ဗျားနဲ့ကျုပ်မိန်းမ ဘာအကြော တွေ ပြောကြသလဲ"

ဂျဒ်သည် အမှန်တရားကိုသိမြင်လိုက်ပေသည်။

အိမ်အမိုးပေါ်၌ ကြေးရုပ်ကြက်ဖကို မြင်တွေ့လိုက်သ အခါတွင် အန်သည် သူ့ကိုသတ်ဖြတ်ရန်အတွက် အစီအစဉ် ၌ ပါသူမဟုတ်ကြောင်း သိပြီးဖြစ်သည်။ အန်သည် မုဆိုး သိုက်မှ တစ်ဦးမဟုတ်ပါ။ သားကောင်တစ်ဦးသာဖြစ်သည်။ သ သည် အောင်မြင်သော ဆောက်လုပ်ရေးကုမ္ပဏီကြီး ပိုင်ရှင် ထော်နီကိုတွေ့ပြီး သူကဘယ်သူလဲဟု အသေအချာစုံစမ်းခြင်း ဘဲ လက်ထပ်ခဲ့ခြင်းဖြစ်သည်။

နောက် သူယောကျ်ားသည် သူထင်မြင်ယူဆထားေ အကျင့်စရိုက်ရှိသူတစ်ယောက်မဟုတ်ဘဲ ကြောက်မက်ဖွယ် နှင့် လျှို့ဝှက်အလုပ်များ လုပ်ကိုင်နေသည်ဟု သံသယဖြစ် ခဲ့သည်။ အကူအညီတောင်းစရာ မည်သူမျှမရှိ၍ စိတ်ခွဲကုဆရာ ထံ လာခဲ့သည်။

စိတ်ခွဲကုဆရာဝန်က လူစိမ်းဖြစ်သဖြင့် သူမက ယုံကြ စိတ်ချစွာ ဖွင့်ဟပြောဆိုနိုင်သည်ဟု တွေးတောခဲ့သည်။ သ မယ့် ဂျဒ်၏ဆေးခန်းထဲရောက်သည့်အခါ သူမယောကျ်ားအ ထားရှိသည့် သစ္စာတရားက လွှမ်းမိုးနေ၍ သူမ၏ ကြော မှုများကို ထုတ်မပြောခဲ့ပေ။

"ကျုပ်တို့က ထူးထူးထွေထွေ များများစားစား မပြော ပါဘူး၊ ခင်ဗျားမိန်းမက သူ့ရဲ့ပြဿနာအခက်အခဲကို ဖေ ဘူး၊ ဘာမှလဲ မပြောဘူးဗျ"





ဒိမာကိုး၏ မဲနက်သောမျက်စိက သူ့ကိုစူးစိုက်ကြည့်နေ ပေသည်။

သူက ချိန်ဆနေဟန်တူသည်။

"ခင်ဗျားဒီ့ထက်ကောင်းတဲ့အဖြေပေးဖို့ ကောင်းတယ်"

ဒိမာကိုးက 'လာကောဆနော့ဆထရာ' ဂိုဏ်းမှ ခေါင်း ဆောင်တစ်ဦးဖြစ်၍ ဂိုဏ်းခေါင်းဆောင် မိန်းမတစ်ဦးက စိတ်ခွဲ ကုဆရာဝန်ထံ သွားရောက်သည်ဆိုတော့ သူ့အလွန်ချောက်ခြား သွားမည်ဖြစ်သည်။

သို့ကြောင့် အန်၏ဖိုင်ကိုရယူရန် ကြိုးစားရင်းက လူသတ် မှုများ ကျူးလွန်ခဲ့သည်။

"သူမက အကြောင်းတစ်ခုခုကြောင့် သူ စိတ်မချမ်းသာတဲ့ အကြောင်း ပြောပြပါတယ်၊ ဘယ်လိုအကြောင်းလဲဆိုတာကို တော့ မပြောဘူး"

"ဒီလိုသာပြောရင် ဆယ်စက္ကန့်လောက်သာ ကြာစရာရှိ တယ်၊ ကျန်တဲ့အချိန်တွေမှာ ဘာပြောကြသလဲ၊ ကျုပ် ဘယ်သူ လဲဆိုတာ ပြောပြမှာပေါ့"

"သူမက ခင်ဗျားက ဆောက်လုပ်ရေးကုမ္ပဏီပိုင်ရှင်လို့ပဲ ပြောတယ်"

ဒိမာကိုးက ဂျဒ်ကို အေးစက်စက်နှင့်ကြည့်၍ အကဲခတ် နေသည်။

"ကျုပ် စိတ်ခွဲကုပညာအကြောင်း ဖတ်ထားပြီးပြီ၊ လူနာက သူ့စိတ်ထဲမှာရှိသမျှ အားလုံးအံထွက်ပြောပြတာပဲ"

"ဒါဟာ ကုထုံးရဲ့ တစ်စိတ်တစ်ဒေသပဲ၊ သူမက စိုးရိမ်တွင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိသမျှမပြောဘဲ ထိန်ချိန်နေလို့ ကျုပ်က မစ္စစ်ဒီမာကိုးကို ကူသလို့မဖြစ်တော့ဘူးဆိုပြီး ဝေဒနာဆက်မကူဖို့ ဆုံးဖြတ်ခဲ့တယ်"

"ဒါပေမယ့် ခင်ဗျားက သူ့ကိုဆုံးဖြတ်ချက်ကို မပြောခဲ့ဘူး မဟုတ်လား"

"ပြောစရာ မလိုတော့ဘူးလေ . . သောကြာနေ့က သူ့မလာတုန်းက သူမက ဥရောပကိုခရီးထွက်တော့မယ်လို့ ပြောသွားတယ်"

"အင်နီက စိတ်ပြောင်းသွားတယ်လေ . . ကျုပ်နဲ့အတူ ဥရောပကိုမသွားချင်တော့ဘူးတဲ့။ ဘာကြောင့်လဲဆိုတာ ခင်ဗျား သိသလား"

"မသိဘူး"

"ခင်ဗျားအတွက်ကြောင့်"

"ကျုပ် နားမလည်ဘူး"

"ခင်ဗျား နားလည်ပါလိမ့်မယ်၊ ညက ကျုပ်နဲ့သူနဲ့ စကားတော်တော်ကြာကြာ ပြောခဲ့ကြတယ်၊ သူက ကျုပ်ကို လက်ထပ်ခဲ့တာမှားတယ်လို့ ထင်နေပြီ၊ သူက ကျုပ်နဲ့အတူနေရတာ မပျော်ဘူးတဲ့၊ ဘာပြုလို့လဲဆိုတော့ ခင်ဗျားကို ချစ်ခင်နေလို့တဲ့၊ ဆေးခန်းထဲမှာ ခင်ဗျားတို့နှစ်ဦးထဲ ရှိတဲ့အချိန် သူက ကုတင်ပေါ်မှာလှဲပြီးနေတဲ့အချိန်မှာ ခင်ဗျားတို့ဘာဖြစ်ကြသလဲ ပြောပြစမ်းပါ"

"ဘာမှမဖြစ်ပါဘူး၊ ဒါနဲ့ ခင်ဗျားမိန်းမ ကျုပ်ဆီလာ ဆေးကုတာ ဘယ်လိုလုပ်ပြီး ခင်ဗျားသိရတာလဲ"

ဒီမာကိုးက ဂျဒ်ကိုစူးစူးစိုက်စိုက် ကြည့်နေသည်။

အတန်ကြာမှ နေရာမှထကာ စားပွဲရှည်ကြီးဆီသို့ လျှောက်





သွားပြီး စာအိတ်ဖွင့်ဓားကလေးကိုယူပြီး တဖန်လှည့်၍ လာသည်။

"ကျုပ်လူတစ်ယောက်က အန် ခင်ဗျားရုံးခန်းရှိတဲ့ အဆောက်အဦထဲ ဝင်သွားတာတွေ့ခဲ့ရတယ်၊ အဲဒီအဆောက် အဦထဲမှာလဲ သားဖွားဆရာဝန်တွေ အများကြီးရှိတာပဲ၊ သူမှာ ကိုယ်ဝန်ရှိလို့ ဆရာဝန်ဆီသွားပြတယ်လို့ ထင်ကြတယ်၊ နောက်က နောက်ယောင်ခံလိုက်တော့ ခင်ဗျားအခန်းထဲ ဝင်သွားတာ တွေ့ရတာပဲ။ အန်တိုနီ ဒီမာကိုးရဲ့မိန်းမက ကျုပ်ရဲ့ ပုဂ္ဂိုလ်ရေး ကိစ္စတွေကို ...တ်ခွဲဆရာဝန်ဆီသွားပြီး အံထုတ်ပြရတာတဲ့လေ"

"သူက မပြောခဲ့ကြောင်း ကျုပ်ပြောခဲ့ပြီးပြီ မဟုတ်လား"

"ဦးစီးအဖွဲ့က အစည်းအဝေးတစ်ရပ် လုပ်ပြီးပြီ၊ သူတို့က ကျုပ်ကိုယ်တိုင် သစ္စာဖောက်ကိုသတ်ပစ်သလို သူမကိုသတ်ပစ်မယ်လို့ ဆုံးဖြတ်လိုက်တယ်"

ဒီမာကိုးက အခန်းထဲတွင် ပတ်ချာလှည့်လျှောက်နေသည် ...လျှောင်အိမ်ထဲ၌သွင်းထားသည့် သားရဲကောင်ကြီးနှင့်ပင် တူနေသည်။

"ဒါပေမဲ့ သူတို့က ကျုပ်ကိုတောသားတစ်ယောက်လို အမိန့်ပေးနိုင်ဘူး။ ကျုပ်က အန်ထော်နီဒီမာကိုးဗျ . . . အကယ်၍ ...န်က ကျုပ်တို့အလုပ်နဲ့ ပတ်သက်တဲ့ကိစ္စတွေကို ခင်ဗျားကို ...ပြောပြခဲ့တာမှန်ရင် ခင်ဗျားကိုကျုပ်ကိုယ်တိုင် သတ်မယ်လို့ ကတိ...ခဲ့တယ်၊ အဲဒီလက်နှစ်ဖက်နဲ့ အသက်ထွက်သွားအောင် သတ်...ယ်"

ဒီမာကိုးက သူ့လက်နှစ်ဖက်ကို ထောင်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် . .

ဒီမာကိုးက ဂျဒ်ကုလားထိုင်ကို ပတ်ချာလှည့်ပြီး လျှောက်နေသည်။

ဂျဒ်ကတော့ လည်ပင်းယားလာမိ၏။

"ခင်ဗျားမှားနေပြီ ဒီမာကိုး"

"မဟုတ်ဘူး . . ကျုပ်မမှားဘူး။ မှားတာက အန်ဗျ။ သူက ဘယ်လိုများ ခင်ဗျားက ကျုပ်ထက် သာတယ်လို့ ထင်နေရသလဲ ဟင်"

ဗက်ကရိုညီအစ်ကိုက ရယ်မောလိုက်သည်။

"ခင်ဗျားက အလကားလူပါ၊ တစ်နေ့ တစ်နေ့ ရှုံးသွားဆေးကု၊ ငွေဘယ်လောက်များဝင်သလဲ၊ တစ်နှစ်မှာ တစ်သောင်း နှစ်သောင်း ငါးသောင်းဆိုပါတော့ ဒီငွေလောက်က ကျုပ်ရဲ့တစ်ပတ်အတွင်းဝင်ငွေတောင်မမှီဘူး"

ဒီမာကိုး၏မျက်နှာဖုံးက တဖြည်းဖြည်း ကွာကျလာသည်။ သူ၏ပကတိမျက်နှာကို မြင်လိုက်ရပြီ။

အန်က မျက်နှာဖုံးစွပ်ထားသော မျက်နှာသာမြင်ရသည်။ ယခု စိတ်အာရုံလှုပ်ရှားပြီး စိတ်ဖိစီးမှုဒဏ်ကြောင့် သူ့မျက်နှာဖုံး ကွာကျရာ ပကတိမျက်နှာကို ဂျဒ်ကကောင်းစွာ တွေ့မြင်ရသည်။

"ခင်ဗျားနဲ့ ဒီဟာမက ခင်ဗျားအခန်းထဲမှာ နှစ်ပါး ကြည်ကြပြီပေါ့"

"မဟုတ်ပါဘူး"

"ခင်ဗျားဆိုလိုတာက အန်ကို ခင်ဗျားဘယ်လိုမှ စိတ်မဝင်စားဘူးပေါ့"

"သူက ကျုပ်ရဲ့ဝေဒနာရှင်ပါပဲ"

"ကောင်းပြီ၊ ဒါဖြင့် ခင်ဗျားကိုယ်တိုင် သူ့ကိုပြောစမ်း"

"ဘာပြောရမှာလဲ"

"ခင်ဗျားကသူ့ကို စိတ်မဝင်စားဘူး၊ ဘယ်လိုမှ သဘောမထားဘူးဆိုတာပေါ့၊ ခင်ဗျားတို့နှစ်ဦးချင်းပြောဖို့ ကျုပ် ခွင့်ပြုလိုက်မယ်"

ဂျဒ်၏နှလုံးသားများက ခုန်ပြီး သွေးတိုးမြန်လာသည်။ ဤ အခွင့်အရေးသည် သူတို့နှစ်ဦးစလုံး၏ အသက်ကို ကယ်ဆယ်နိုင်မည့် အခွင့်အလမ်းပင်ဖြစ်သည်ဟု ယူဆသည်။

ဒီမာကိုးက လက်ပြလိုက်၍ အခြားသူများအခန်းထဲမှ အကုန်ထွက်သွားကြသည်။

ဒီမာကိုးက ဂျဒ်ဘက်သို့လှည့်ပြီး ပြုံးရယ်လျက် အေးအေးဆေးဆေး ပြောလိုက်သည်။ သူ့မျက်နှာဖုံးက သူ့မျက်နှာပေါ်သို့ ပြန်ရောက်လာခဲ့ပြန်သည်။

"အင်နီက ကျုပ်တို့အလုပ်နဲ့ပတ်သက်ပြီး ဘာမျှမသိရိုးမှန်ရင် သူ့ကိုချမ်းသာပေးမယ်။ နောက်ပြီး ခင်ဗျားက ကျုပ်နဲ့အတူ ဥရောပကို လိုက်ပါဖို့ တိုက်တွန်းပြောလိုက်ပါ"

ဒီမာကိုးစကားကို ကြားလိုက်ရလျှင် ဂျဒ်မှာ အာပင်ခြောက်သွားမိသည်။

ဒီမာကိုး၏မျက်စိတွင် အောင်နိုင်သူ၏ အရိပ်အယောင်ကို မြင်လိုက်ရသည်။

ဂျဒ်က ရန်သူကို အထင်သေးတွက်ချက်ခဲ့မိချေပြီတကား။







www.burmeseclassic.com

www.burmeseclassic.com



ဒီမာကိုးကတော့ စစ်တုရင်ကစားသူမဟုတ်။ သို့ပေမယ့် သူက ချက်ပိုင်ထားပြီကို ကောင်းစွာမြင်ထားပြီဖြစ်လေသည်။ သူ့နိုင်ကွက်က 'အန်' ပင်ဖြစ်သည်။ 'အန်' ကို ရွှေ့ကစားပြီး အနိုင်ယူတော့မည်ကို ဂျဒ်နားလည်လိုက်၏။ ဂျဒ်က မည်သည့်အကွက်ကိုရွှေ့ရွှေ့ အန်ကတော့အန္တရာယ်ကွင်းမှာ ရှိနေသည်။

အန်ကို ဒီမာကိုးနှင့်အတူ ဥရောပသို့လိုက်ရန် တိုက်တွန်းပေးလျှင် သူမသည် အန္တရာယ်စက်ကွင်းတွင် မိနေမည်။

ဒီမာကိုးက သူမကို အသက်ချမ်းသာပေးလိမ့်မည်မဟုတ်။ 'လာကောဆနောဆထရာ' ကလည်း ခွင့်ပြုမည်မထင်။

ဥရောပတွင် ဒီမာကိုးက **မတော်တဆ** ထိခိုက်မှုတစ်ခုခုကို ဖန်တီးမည်။ သို့ပေမယ့်အကယ်၍ ဥရောပသို့လိုက်ပါမသွားရန် တားမြစ်ပါက ဂျဒ်၏အကြောင်းတံကို သိရလျှင် သူမက ဝင်ရောက်စွက်ဖက်တော့မည်။

ထိုအခါတွင် အန်အတွက်သေမင်းကို ဖိတ်ခေါ်လိုက်ခြင်းသာဖြစ်ပေတော့မည်။ လွတ်မြောက်ရန် အခွင့်အလမ်းတော့ မရှိ။ ထောင်ချောက်နှစ်ခုမှ တစ်ခုကိုရွေးရန်သာ ကျန်တော့သည်။

ဒုတိယထပ် အိပ်ခန်းပြတင်းပေါက်မှ အန်သည်ဒေါက်တာစတီဗင်နှင့် အင်ဂျယ်လီတို့ဝင်လာသည်ကို ကြည့်နေသည်။ ပထမတွင် ဝမ်းသာအားရနှင့် ဂျဒ်တို့သည် သူမ၏ဒုက္ခမှ လာရောက်ကယ်တင်ခေါ်ဆောင်သွားဖို့ လာကြသည်ဟု ထင်မှတ်မိသည်။

ဒါပေမဲ့ အိမ်ထဲသို့ဝင်ကာနီး အင်ဂျယ်လီက သေနတ်ကိုထုတ်ပြီး ဂျဒ်နောက်ကျောကိုထောက်၍ အတင်းအကြပ် ဝင်ခိုင်းသည်ကိုတွေ့ရတော့မှ သူမ၏မျှော်လင့်ချက်များ ပျောက်ပျက်၍





သွားခဲ့ပေသည်။

အန်က လွန်ခဲ့သည် ၄၈ နာရီခန့်မှစပြီး သူမ၏ယောကျ်ား ဒီမာကိုး၏အကြောင်းစုံကို အမှန်သိရှိခဲ့ပေသည်။

ယခင်ကတော့ မရေမရာ၊ မတိကျသော သံသယမျှသာ စိတ်ထဲ၌ ခိုအောင်းနေခဲ့သည်။

သို့သော်လည်း သူမ၏သံသယဖြစ်မိသည့် အကြောင်းများက မယုံကြည်နိုင်လောက်အောင် ဆိုးရွားသဖြင့် မဟုတ်တန်ရာပါဘူးဟုနှစ်သိမ့်ပြီးမေ့ပျောက်ပစ်နိုင်ခဲ့သည်။

နောက်တွင် . .

ဒီမာကိုး၏အပြုအမူ လုပ်ရပ်များက ကြောက်လန့်ဖွယ်ရာ ကြမ်းတမ်းမှုရှိကြောင်းများကို တစတစ သိရှိလာခဲ့ရသည်။

တစ်ခါက . . .

သူ၏စာကြည့်ခန်းထဲ၌ အစည်းအဝေးလုပ်၍ စက်ရုံတစ်ခုကို ဖျက်ဆီးပြီး ပိုင်ရှင်များကို အစတုန်းရန် ဆုံးဖြတ်ချက် ချမှတ်လိုက်သည့်အကြောင်းကို နားနှင့်ဆက်ဆက် ကြားခဲ့ရသည်။

နောက်တစ်ကြိမ်တွင် တယ်လီဖုန်းကို ကောက်ကိုင်ရာတွင် ကြားလိုက်ခဲ့မှာ ဒီမာကိုးက . . .

"တို့ရောကိုက ပစ္စည်းတွေ ဒီနေ့ညသင်္ဘောနဲ့ လာမယ်။ လက်ခံယူဖို့ စီစဉ်ပါ။ အစောင့်က တို့ဘက်လူမဟုတ်ဘူး။ ရှင်းလိုက်"

ဟူသောစကား ကြားမိရာ ရင်များပင် ဖိုမိ၏။

ကာရိုရောဘတ် အသတ်ခံရပြီး ဂျဒ်ကိုလည်း ကားတိုက်ခံရသည်။



www.burmeseclassic.com

www.burmeseclassic.com

နောက် . . .

အလွတ်စုံထောက်မှုးဒီကို ကြွယ်ငါးလုံးအသားထုတ်ပိုး ရေးကုမ္ပဏီထဲ၌ အသတ်ခံရပြီး ထိုအချိန်တွင် ဂျဒ်ပါထိုအ ဆောက်အဦး၌ရှိကြောင်း သတင်းစာ၌ ဖတ်မိသည်။

ထိုကုမ္ပဏီကို သူမကကြားဖူးသလိုလိုရှိသည်။ တွေးကြည့် ရာ ထိုကုမ္ပဏီ၏ စာရွက်စာတမ်းများ၊ ဒီမာကိုး၏ စားပွဲအံဆွဲ ထဲ၌ တွေ့မြင်ခဲ့ဖူးသည်ကို အမှတ်ရခဲ့သည်။

ဒီမာကိုးသည် ဒေါသကြီးသည်ကိုလည်း တစ်ကြိမ်နှစ်ကြိမ် တွေ့ခဲ့ဖူးသည်။

လွန်ခဲ့သည့် ၄၈ နာရီအတွင်းကမူ အန်ထော်နီက သူမ၏ အိပ်ခန်းထဲသို့ဝင်လာပြီး ဂျဒ်ထံသွားခဲ့သည့်အကြောင်းများကို မေးသည်။ သူမက သူ့ကိုနောက်ယောင်ခံလိုက်ပြီး ချောင်းမြောင်း ရမည်လားဟု ဒေါသဖြစ်သွားခဲ့သည်။

နောက်မှ ကြောက်စိတ်များတဖွားဖွားပေါ်လာခဲ့သည်။ သူ ယောကျ်ား၏ ဒေါသရောင်လျှမ်းနေသော မျက်နှာကို တွေ့ရရာ တွင် သူသည် ဘာမဆိုလုပ်ရဲသူတစ်ဦးပါကလားဟု သိလိုက် သည်။ လူသတ်ရမည်ဆိုလျှင်လည်းသတ်မည့်သူပင်။

သူမကို မေးမြန်းစဉ်က အမှားကြီးတစ်ခုကို ပြုမိလိုက် သည်။ သူမက ဂျဒ်အပေါ် မည်သို့သဘောထားသည်ကို ပွင့်လင်း စွာ ပြောလိုက်မိသည်။ မဟာအမှားပေတည်း။

ဂျဒ်အပေါ်တွင် သူမက ချစ်ခင်စုံမက်သည့် စိတ်ထားရှိ သိသွားလျှင်ပင် ဒီမာကိုးသည် ရုပ်သွင်ပြောင်းသွားလောက် အောင် ဒေါသစိတ်၊ ရန်ပြုလိုစိတ်များ ဖြစ်ပေါ်လာဟန်တူသည်။

သစ်ဆန်းစာပေ



ဂျဒ်အတွက် အန္တရာယ်ကြီးသွားပြီဟု အန်က သိလိုက်သည်။

ထိုအခိုက် အခန်းတံခါးပွင့်လာပြီး ဒီမာကိုးဝင်လာကာ . .

"မင်းကိုတွေ့ချင်သူ ဧည့်သည်ရောက်နေတယ်"

ဟု ပြောလိုက်၏။

အန်က ကပိုကယို ဝတ်စားဆင်ယင်ပြီး စာကြည့်ခန်း ဆောင် ထဲသို့ ဝင်လာခဲ့သည်။

ဂျဒ်က အခန်းထဲ၌တစ်ယောက်တည်းထိုင်လျက် နေသည် ကို တွေ့ရသည်။

"ဟဲလို ဒေါက်တာစတီဗင် . . အန်တိုနီက ဧည့်သည် ရောက် နေတယ်လို့ လာပြောတယ်"

သူတို့သည် အမှန်စင်စစ် ဟန်ဆောင်ဇာတ်ခင်းနေရသည် ကို ဂျဒ်က နားလည်သည်။

အန်ကလည်း မိမိကဲ့သို့ပင် အခြေအနေကို အကဲခတ်နိုင် သည်ဟု သူယုံကြည်၏။

နောက်ပြီး အန်က သူ့ကိုစိတ်ချယုံကြည်၍ သူ့အကြံအ တိုင်း လိုက်နာလိမ့်မည်ဟု သူသိသည်။

သို့ပေမယ့် သူကဘာမျှ တတ်နိုင်မည်တော့ မဟုတ်။ လောကကြီးတွင် အချိန်နည်းနည်းပိုပြီး နေသွားရန်သာ သူတတ် နိုင်မည်ဖြစ်သည်။ အန်က ဥရောပကို ဒီမာကိုးနှင့်အတူ လိုက်ပါ ရန် ငြင်းဆန်လျှင် ဤမှပင် အန်ကိုသတ်ကြလိမ့်မည်။ သို့ဖြစ်၍ သေသေချာချာ စဉ်းစားပြီးမှ စကားလုံးကို ရွေး၍ပြောရသည်။

"မစ္စစ်ဒီမာကိုး . . ဥရောပကိုသွားလည်ဖို့အတွက် ခင်ဗျား စိတ်ပြောင်းသွားတာနဲ့ ဒီမာကိုးက စိတ်မကောင်းဖြစ်နေတယ်"

သစ်ဆန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အန်က ဂျဒ်၏စကားကို ဂရုစိုက်ပြီး နားထောင်သည်။ နောက် ချိန်ဆကြည့်နေသည်။

"ကျွန်တော်လဲ စိတ်မကောင်းဖြစ်မိပါတယ်။ ကျွန်တော်ကတော့ ခင်ဗျားဥရောပကို လိုက်သွားစေချင်တယ်"

အန်က ဂျဒ်၏မျက်နှာပေးကို သေချာစွာလေ့လာကြည့်နေသည်။

"ကျွန်မက ငြင်းရင်ကောရှင် . . နောက်ပြီး ကျွန်မဒီကနေထွက်သွားရင်ကော"

"အို . . ဒီလိုမလုပ်ပါနဲ့ မစ္စဒီမာကိုး၊ ခင်ဗျားယောကျ်ားက ခင်ဗျားဟာ ကျုပ်ကိုချစ်ခင်မေတ္တာ သက်ဝင်နေတယ်လို့ အထင်အမြင်မှားနေပါတယ်"

အန်က တစ်စုံတစ်ရာကို ပြောမည့်ဟန်ဖြစ်နေသည့်အ တွက် ဂျဒ်က အလျင်အမြန်ပင်ဆက်၍ ပြောလိုက်သည်။

"ကျွန်တော်က မဟုတ်နိုင်တဲ့အကြောင်း ရှင်းပြလိုက်ပါတယ်"

"ကျွန်မ သိပါတယ်။ ကျွန်မ ဒေါက်တာ့ဆီလာတာ မှား သွားပါတယ်။ ကျွန်မပြဿနာကို ကျွန်မဘာသာ ဖြေရှင်းလိုက်ရင် ကောင်းတယ်။ ကျွန်မကလဲ စဉ်းစားနေပါတယ်။ ဥရောပ အနားယူအပန်းဖြေလိုက်ရင် ကျွန်မအတွက် ကောင်းမှာပါ"

ဂျဒ်က သက်ပြင်းချလိုက်သည်။

အန်က သူပြောလိုသည့် အဓိပ္ပါယ်ကို နားလည်သွား ပြီ။ သို့ပေမယ့် အစစ်အမှန် ဘေးအန္တရာယ်ကို သူမအားမည် သတိပေးရမည်ကို သူမသိပါ။ သူမ၏ ဘေးအန္တရာယ်ကို သူ





ကိုယ်တိုင်သိပါသလား။

အကယ်၍ သိလျှင်လည်း သူမက ဘာများတတ်နိုင်မည်

ဂျဒ်က သူမကိုကျော်၍ စာကြည့်ခန်းပြတင်းပေါက်မှ သစ် ပင်ကြီးများကို လှမ်းမျှော်ကြည့်လိုက်သည်။ သူတို့၏ ခြံဝန်းနှင့် ဆက်စပ်နေသော တောထဲ၌ အန်က လမ်းလျှောက်ခဲ့သည်ဟု အန်ကပြောပြခဲ့ဖူးသည်။ ထိုတောထဲမှတဆင့် လွတ်မြောက်ရေး လမ်းပေါက်များ ရှိနိုင်မည်လော။

"ခင်ဗျားတို့ စကားလက်ဆုံပြောလို့ ပြီးကြပြီလား"

ဂျဒ်က လှမ်းကြည့်လိုက်သည်။

ဒီမာကိုးက အခန်းထဲသို့ အေးဆေးစွာပင် ဝင်လာသည်။ [illegible]နောက်မှအင်ဂျယ်လီနှင့်ဗက်ကရိုတို့ ညီအစ်ကို လိုက်ပါလာ [illegible]ည်။

အန်က သူ့ယောကျ်ားဘက်လှည့်ပြီး ဖြေကြားသည်။

"ပြီးပါပြီ . ဒေါက်တာစတီဗင်က ကျွန်မ ဥရောပကို ရှင်နဲ့ [illegible]က်ပါသွားသင့်တယ်လို့ အကြံပေးတယ်။ သူ့အကြံအတိုင်း [illegible]န်မကသွားဖို့ ဆုံးဖြတ်လိုက်ပါပြီ"

ဒီမာကိုးက ပြုံးလိုက်သည်။

သူကတော့ အနိုင်ရသူတစ်ဦးပီပီ ကျေနပ်ကြည်နူးနေသည်။ [illegible] တွေ့မြင်ရသည့် ပုံပန်းဟန်ပန်အမူအရာကိုကြည့်၍ သူသည် [illegible]အေးအေးနှင့် လူသတ်သမားတစ်ဦးဟု ယုံကြည်ရန် ခက်ခဲ [illegible]ည်။

ဒီမာကိုးက 'အန်' ဘက်သို့လှည့်ပြီး . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ မနက်ဖြန်မနက် ခရီးထွက်ကြမယ်။ မင်းအပေါ်ထပ်တက်ပြီး ပစ္စည်းတွေ သိမ်းပါလားကွယ်"

အန်က တုံ့ဆိုင်းနေသေးသည်။

သူမက ဂျဒ်ကို သူတို့နှင့်အတူ တစ်ဦးတည်း ထားမပစ်ခဲ့လို။

သို့သော်လည်း အခြေအနေအရ ဒီမာကိုးစီစဉ်သည့်အတိုင်း လိုက်နာရန်လိုသဖြင့် ဂျဒ်ကိုနှုတ်ဆက်ပြီး အခန်းထဲမှ ထွက်လာခဲ့သည်။

ဒီမာကိုးက လှပတင့်မောဖွယ်ရှိသော အချိုးကျနလှပ သော အန်ကို နောက်မှငေးကြည့်နေသည်။ အန် ထွက်သွားမှသူ့မျက်နှာကို ဂျဒ်ဖက်သို့ လှည့်လိုက်သည်။

သူ့မျက်နှာက အသွင်အပြင် ပြောင်းသွားပြန်သည်။ သူ့မျက်နှာတွင် မုန်းတီးစိတ်များပေါ်လာသည်။

"ကဲ သွားကြစို့ ဒေါက်တာ"

ဂျဒ်က အခန်းကိုလှည့်ပတ်ကြည့်လိုက်သည်။

သူလွတ်မြောက်ရေးအတွက် မည်မျှလောက်ရှိသည်ကို တိုင်းတာကြည့်ခြင်းပင်။

ဒီမာကိုးကတော့ သူ့အိမ်ထဲ၌ သူ့ကိုသတ်လိုမည် မဟုတ်ပေ။ သို့ဖြစ်၍ သူလွတ်မြောက်ရေးအတွက် အားထုတ်ကြိုးစားလိုလျှင် ဤနေရာမှာကြိုးစားရမည်။

လူသတ်သမား ညီနောင်က သူ့ကိုသတိနှင့်ကြည့်၍ အကဲခတ်နေသည်။ အင်ဂျယ်လိုက ပြတင်းပေါက်အနီး၌ ရပ်လျက် သေနတ်ကိုင်ထားသည်။

သတ်ဆန်းစာပေ



"ကျုပ်သာဆိုရင် အကဲစမ်းမကြည့်တော့ဘူး ဒေါက်တာ၊ င်ဖျားဟာ သေလူပါ။ ဒါပေမဲ့ ကျုပ်နည်းနဲ့ကျုပ် ခင်ဗျားကို သရှာပို့ရမှာ"

သူက ဂျဒ်ကို တံခါးဆီသို့ တွန်းလိုက်သည်။

အခြားသူများက ဘေးမှကပ်လိုက်ပြီး ခန်းမ၏ တံခါးဝ ဆီသို့ ါ လာခဲ့လေသည်။

အန်က အပေါ်ထပ်သို့ရောက်သည့်အခါ အောက်ထပ် း‌မကိုချောင်းကြည့်သည်။ ဂျဒ်နှင့်အခြားသူများ ထွက်လာမှ မက ကွယ်ပုန်းလိုက်၏။

သူမသည် အိပ်ခန်းထဲသို့အပြေးကလေးသွားကာ ပြတင်း ါက်မှကြည့်လိုက်ရာ ဂျဒ်ကို သူတို့က အင်ဂျယ်လို၏ကားထဲ တွန်းသွင်းလိုက်ကြသည်ကို တွေ့မြင်ရ၏

အန်သည် အလျင်အမြန် တယ်လီဖုန်းရှိရာသို့ လာခဲ့ပြီး ာ်ပရေတာကိုခေါ်လိုက်သည်။

"အော်ပရေတာ . . ကျွန်မ ရဲဌာနကိုလိုချင်တယ်။ အမြန် တ်ပေးပါ။ အရေးတကြီးကိစ္စ ရှိပါတယ်"

လူတစ်ယောက်၏လက်က သူမရှေ့ရောက်လာပြီး တယ် ဖုန်းကိုဆွဲချလိုက်သည်။ အန်က လန့်၍အော်လိုက်၏။ နစ်က မကိုကြည့်၍ မဲ့ပြုံးပြုံးလိုက်သည်။

❖❖❖

သတ်ဆန်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

အင်ဂျယ်လီက ကားရှေ့မီးကိုဖွင့်လိုက်သည်။

အချိန်က လေးနာရီထိုးပေပြီ။

သို့ရာတွင် . . .

နေရောင်ကို တိမ်တိုက်ကြီးများက ဖုံးအုပ်ထား၏။ သူ သည် တစ်နာရီခန့်ကားမောင်းလာခဲ့ပြီး ဖြစ်သည်။

ကားကို အင်ဂျယ်လီကမောင်းပြီး ရော့ကီဗက်ကရိက ဘေးမှထိုင်လျက်ပါလာသည်။ ဂျဒ်က နောက်ပိုင်းတွင် အန်ထောနီနှင့်အတူ ထိုင်နေသည်။

ကား ထွက်လာစအချိန်၌ ဂျဒ်က လမ်းပေါ်တွင် ရဲကား များ တွေ့လိုတွေ့ငြား သတိထား၍ စောင့်ကြည့်လာသည်။

ရဲကားနှင့်တွေ့လျှင် ရဲကားက သတ်မကောင်းဖြစ်အော တနည်းနည်းဖြင့်စွန့်ပြီး ပြုလုပ်လိုက်မည်ဟု ရည်ရွယ်ထားခဲ့သည်။

သို့သော် . . .

အင်ဂျယ်လီက ကားအသွားအလာနည်းပါးသည့် လမ်း သွယ်ကလေးများကိုရွေး၍ မောင်းလာခဲ့သည်။

ထိုလမ်းသွယ်ကလေးများတွင် ကားအသွားအလာ လုံး မရှိသလောက်ပင် ဖြစ်နေသည်။ သူတို့သည် လူနေအိမ်ခြေ နည်း ပါးသော ရပ်ကွက်များကိုဖြတ်လျက် မောင်းနေသည်။

မကြာမီတွင်၊

ကောင်းကင်သည် ညို့မောင်လာပြီး မိုးများရွာချလိုက် သည်

"ဖြေးဖြေးမောင်း"





ဟု ဒီမာကိုးက အမိန့်ပေးလိုက်သည်။

ပြီးနောက်မှ ဂျဒ်ဖက်သို့လှည့်လိုက်ပြီး . . .

"ဒီနေရာမှာ လူတော်တော်များများဟာ အမှားကိုပြုလုပ် ကြတယ်၊ ကျုပ်လို သေသေချာချာ စီမံချက်ချပြီး အလုပ်မလုပ် တတ်ကြဘူး"

ဟု ပြောလိုက်သည်။

ဂျဒ်က ဒီမာကိုးက လူနာတစ်ဦးအနေတွင်ထား၍ စူးစမ်း လာကြည့်ရှုသည်။ သူသည် စိတ်ကြီးဝင် စိတ်ရှုးရောဂါ စွဲကပ် နေသူဖြစ်သည်။

သူက ဆင်ခြင်တုံတရား၊ ယုတ္တိနည်းကျ ဆင်ခြင်မှုများကို ငြင်းပစ်ပယ်ခဲ့သူဖြစ်သည်။

သူ့ကို ဘယ်လိုနည်း ဘယ်လိုအကြောင်းချက်နှင့်မျှ တောင်းပန် ရမည်မဟုတ်။ သူ့တွင် အမှားအမှန် ပိုင်းခြားသိမြင်နိုင်သည့် ဏ် မရှိသဖြင့် ထောက်ထားခြင်း ကင်းမဲ့စွာ သတ်ဖြတ်နိုင်စွမ်းရှိ သည်။

ရှုတ်ထွေးနေသည့် လူသတ်မှုများ၏အဖြေကို သူ ယခု ငင်းလပြီ။

ဒီမာကိုးသည် လူသတ်မှုများကို သူကိုယ်တိုင် ကျူးလွန်ခဲ့ သည်မှာ သူ့ဂုဏ်သိက္ခာအတွက်ဟု သူကယူဆသည်။ သူ့ဇနီးက အပေါ်နှင့် သူ၏လာကောဆနော့်ဆထရာမိသားစုဂုဏ်ကို မှိန်အောင်ပြုခဲ့၍ ဂုဏ်ကိုဆယ်ရန်အတွက် လူများကို သတ် ခြင်းဖြစ်သည်။

ဂျွန်ဟာန်ဆင်ကိုမူ လူများ၍သတ်ခဲ့သည်။ အင်ဂျယ်လီက



www.burmeseclassic.com

www.burmeseclassic.com



လူများကြောင်း ပြန်လည်ပြောပြသည့်အခါ သူရုံးသို့တဖန် ပြန်[...]ရာတွင် ကာရိုနှင့်တွေ့ကြသည်။

ကာရိုက သူလိုချင်သည့် 'အန်' ၏တိတ်ခွေကို မပေးအ[...]နိုင်။

အဘယ်ကြောင့်ဆိုသော် . . .

"အန်" က မစ္စဒီမာကိုးဖြစ်ကြောင်း သူမက မသိရှာသေးကြောင့်ဖြစ်သည်။

ဒီမာကိုးသာ ဒေါသကိုထိန်းသိမ်းနိုင်လျှင် ကာရိုနားလည်သဘောပေါက်အောင် ရှင်းလင်းလျက် သူလိုချင်သောပစ္စည်းရရှိနိုင်မည်။

ယခုမူ . . .

သူ၏စိတ်ရောဂါကြောင့် သူ၏စိတ်ဆန္ဒကို အနှောက်[...]ယှက်အတားအဆီးဖြစ်မည့်အရာများအား သည်းခံနိုင်စိတ် [...]မရှိသောကြောင့် အရှူးအမူးဒေါသထွက်၍ ကာရိုကိုသတ[...]သည်။

ဂျဒ်ကို ကားနှင့်တိုက်သတ်ရန် အားထုတ်ခဲ့သူမှာလည်း ဒီမာကိုးပင် ဖြစ်သည်။

နောက်တစ်ကြိမ် . .

အင်ဂျယ်လီနှင့်အတူ ဂျဒ်ရုံးခန်းကို ချိုးဖောက်ပြီး ဂျဒ်[...]သတ်ရန် လာရာတွင် သူပါလာခဲ့သည်။

သူ့ရုံးထဲကို အတင်းအဓမ္မ ချိုးဖောက်ပြီး ဂျဒ်ကိုသေ[...]နှင့်ပစ်သတ်နိုင်လျက်နှင့် ပစ်သတ်မသွားသည်ကို ဂျဒ်က အံ့[...]င့်ခဲ့သည်။





ယခုတော့ . .

ဂျဒ်က သိခဲ့ပြီ။

မက်ဂရီဗီက လူသတ်မှုများကျူးလွန်သူသည် ဂျဒ်ဖြစ်သည်ဟု စွပ်စွဲနေသဖြင့် သူတို့က ဂျဒ်သေဆုံးခြင်းသည် နောင်တသံဝေဂရပြီး ကိုယ်တိုင်အဆုံးစီရင်သည့်ဟန် ဖန်တီးလိုခြင်းကြောင့်ဖြစ်သည်။

ထိုသို့ဖြစ်လျှင် ရဲများက ဆက်လက်စုံစမ်း စစ်ဆေးခြင်းပြုမည်မဟုတ်တော့ချေ။

ဂျဒ်က ဒီမာကိုးကို ကြည့်လိုက်ပြီး . . .

"အန်က ဘယ်လိုဖြစ်မှာလဲ"

ဟုမေးလိုက်သည်။

"မပူပါနဲ့၊ ကျုပ်က ကြည့်ရှုစောင်မလိုက်ပါ့မယ်"

ဂျဒ်သည် ရင်ထဲ၌ အမျက်ဒေါသများ ကြွလာသည်။

ဒါပေမဲ့ . . .

ဘာမျှတော့ မတတ်နိုင်။

"ကျုပ်က ကျုပ်တို့မိသားစုပြင်ပကသူကို လက်ထပ်ယူခဲ့ တာမှားတာပဲ"

ဟု ဒီမာကိုးက ပြောလိုက်သည်။

သူတို့သည် မြေပြင်သို့ရောက်လာကြသည်။

တခါတခါ စက်ရုံတစ်ရုံတစ်လေ တွေ့မြင်ရသည်။

"ကျွန်တော်တို့ ရောက်တော့မယ်"

အင်ဂျယ်လီက ပြောလိုက်သည်။

"အေး . . မင်းကတော့ အလုပ်ကောင်းပါတယ်၊ ဒို့ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင် မင်းကိုတစ်နေရာရာမှာ ခဏတော့ ဝှက်ထားရမယ်။ မင်း ဘယ်သွားချင်သလဲ"

"ကျွန်တော် ဖလောရီဒါကို သွားချင်တယ်"

"ကောင်းပြီ မင်းကိုဖလောရီဒါမှာရှိတဲ့ မိသားစုတစ်စုဆီ ပို့ပေးမယ်"

မကြာမီ . . .

ဂျဒ်သည် စက်ရုံကြီးတစ်ရုံကို တွေ့မြင်လိုက်ရသည်။

ကားသည် မကြာခင်တွင်ပင် တံခါးဝရှေ့တွင် ရပ်လိုက်သည်။

အင်ဂျယ်လီက မော်တော်ကားဟွန်းကို နှိပ်လိုက်လျှင် လူတစ်ယောက် တံခါးဝအနီးသို့ ရောက်လာ၏။

ဒီမာကိုးကို တွေ့လိုက်လျှင် သူကခေါင်းညိတ်ပြီး တံခါးသော့ကို ဖွင့်ပေးလိုက်သည်။

အင်ဂျယ်လီက ကားကိုမောင်းပြီး အတွင်းသို့ဝင်လာသည်။

နောက် . . တံခါးကြီးက ပြန်ပိတ်သွားသည်။

❖❖❖

၁၉ နယ်မြေရဲစခန်း ရုံးအတွင်း၌ မက်ဂရီဗီက ရဲစုံထောက်သုံးဦး ကပ္ပတိန်ဘာတယ်လီ၊ အက်ဘီအိုင်မှ အရာရှိနှစ်ဦးတို့နှင့်အတူ စာရင်းများစစ်ဆေးကြည့်ရှုနေသည်။

"ဒီစာရင်းက အရှေ့ပိုင်းမှာရှိတဲ့ လာကောဆနောဆထရာ မိသားစုများရဲ့စာရင်းပဲ။ မိသားစုတွေကတော့ အများသားပဲ။





အင်ဂျယ်လီက ဘယ်မိသားစုနဲ့ ဆက်သွယ်နေသလဲ မသိဘူး"

"အဲဒီမိသားစုစာရင်းကို စစ်ဆေးဖို့ ဘယ်လောက်ကြာ မလဲ" ဟုကပ္ပတိန်ဘာတယ်လီက မေးလိုက်သည်။

"မိသားစုပေါင်း ၆၀ ကျော်ရှိတယ်။ အနည်းဆုံး ၂၄ နာရီတော့ ကြာမှာပဲ"

"ဒေါက်တာ စတီဗင်က ၂၄ နာရီအထိ အသက်ရှင်နေနိုင်လိမ့်မယ်လို့တော့ မမျှော်လင့်နိုင်ဘူး"

မက်ဂရီဗီက ပြောလိုက်သည်။

ထိုအခိုက် . .

ယူနီဖောင်းနှင့်ရဲတစ်ဦး ဝင်လာသည်။

"ဘာလဲကွ"

မက်ဂရီဗီက မေးလိုက်သည်။

"အော်ပရေတာတစ်ဦးက အမျိုးသမီးတစ်ဦးရဲ့ ခေါ်သံကို ကြားရတယ်။ သူက ရဲဌာနချုပ်ကို ဆက်ပေးပါ။ အလွန်အရေးကြီးတယ်လို့ပြောပါတယ်။ နောက်ထပ် မခေါ်တော့ပါဘူး"

"ဘယ်ကနေ ခေါ်သလဲ"

"အိုးထပ်ပင်မြို့ကပါ"

"အော်ပရေတာက ခေါ်တဲ့တယ်လီဖုန်းနံပါတ် သိလား"

"မသိပါဘူး"

"ခက်သားပဲ"

မကြာခင် . .

မက်ဂရီဗီ၏ တယ်လီဖုန်းမြည်လာပြန်၍ ကောက်ယူကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာနားထောင်ပြီးမှ . . .

"ကောင်းပြီ . . သူတို့ကို ငါမလာမချင်း ဘယ်မှမသွားနဲ့ လို့ ပြောလိုက်။ ခု ငါလာခဲ့မယ်"

ဟု ပြန်ပြောလိုက်သည်။

နောက် မက်ဂရီဇီက အခြားသူများဘက်သို့လှည့်ကာ ရှင်းပြသည်။

"ရဲကင်းထောက် တစ်စီးက အင်ဂျယ်လီကားကို တွေ့လိုက်တယ်။ အင်ဂျယ်လီကားက လမ်း ၂၀၆ မှာ တောင်ဘက်ကို သွားနေတယ်တဲ့"

"သူတို့က နောက်ကမလိုက်ဘူးလား"

"ကင်းထောက်ကားက မျက်နှာချင်းဆိုင်မောင်းလာတော့ ပြန်အလှည့်မှာ အင်ဂျယ်လီကားပျောက်သွားတယ်လို့ ပြောတယ်။ အဲဒီဒေသကို ကျွန်တော်သိပါတယ်။ စက်ရုံတွေပဲရှိတယ်"

တဖန် . .

အက်ဘီအိုင်မှ ပုဂ္ဂိုလ်များဘက်လှည့်ပြီး . . .

"ကျွန်တော့်ကို အဲဒီနေရာရှိတဲ့ စက်ရုံတွေနဲ့ ပိုင်ရှင်တွေရဲ့ အမည် ရှာပေးစမ်းပါ။ ကျွန်တော်သွားနှင့်မယ်။ စာရင်းရရင် ကျွန်တော့်ကိုလှမ်းပြီး အကြောင်းကြားလိုက်ပါ"

ဟုပြောပြီး အလျင်အမြန် ထွက်ခွာသွားလေသည်။

❖❖❖





## အခန်း(၂၄)

အင်ဂျယ်လီသည် ကားဂိတ်အနီးမှ ဝိတ်စောင့်တဲကို ကျော်၍ စက်ရုံကြီးရှိရာသို့ မောင်းလာခဲ့သည်။

စက်ရုံကြီးက အတန်ကြီးမားသည်။ ကားက အနီးတွင် ရပ်လိုက်သည်။

အင်ဂျယ်လီနှင့် ဗက်ကရီတို့က အရင်ကားပေါ်မှ ဆင်းပြီး နောက်မှတံခါးကိုဖွင့်ပေးသည်။ ဗက်ကရီ၏လက်ထဲတွင် ခြေနတ်က လက်ကိုင်ထားသည်။

"ဆင်းပါ . . ဒေါက်တာ"

ဟု ပြောလိုက်သဖြင့် ဂျဒ်က ဖြည်းညှင်းစွာ ကားပေါ်မှ ဆင်းလိုက်သည်။

ဒီမာကိုးက သူနောက်မှကပ်ပါလာသည်။

သူတို့၏ရှေ့ ၂၅ ပေခန့်အကွာတွင် အလွန်ကြီးမားသော ပိုက်လိုင်းကြီးကို တွေ့ရသည်။

ပိုက်လိုင်းကြီးက မြင်ပမှလေများကို တဟူးဟူးနှင့် စုတ်ယူနေသည်။

"ဒါက တိုင်းပြည်မှာ အကြီးမားဆုံး ပိုက်လိုင်းကြီးပဲ၊ ခင်ဗျား ဒီပိုက်လိုင်းကြီးကို ဘယ်လိုအသုံးပြုတယ်ဆိုတာ သိချင်သလား"

ဒီမာကိုးက ညည့်သည်ကို ညည့်ခံနေသည့် အိမ်ရှင်တစ်ဦးပမာ ပြုံးမူနေပြန်သည်။

သူက ဟန်ဆောင်နေသည်တော့ မဟုတ်။ သူတကယ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ဂျဒ်ကိုစည့်ခံနေခြင်းဖြစ်သည်။

ဒီမာကိုးက ဂျဒ်ကိုမကြာခင်မှာ သတ်ဖြတ်တော့မည်။

သို့ပေမယ့် . . .

သူက သတ်ဖြတ်ခြင်းကို လုပ်ရိုးလုပ်စဉ် အမှုကိစ္စတစ်ခု အဖြစ်သာ သဘောထားသည်။

အသုံးမကျတော့သည့် အသုံးအဆောင်တစ်ခုကို ဖျက်ဆီး ပစ်လိုက်သည့်သဘောမျိုးပင်။

"လာစမ်းပါ ဒေါက်တာ ... အင်မတန် စိတ်ဝင်စားစရာ ကောင်းတာဗျ"

သူတို့ ပိုက်လိုင်းအနီးသို့ တိုးသွားကြသည်။

အင်ဂျယ်လီက ရှေ့မှဦးဆောင်သွားသည်။ ဒီမာကိုးက ဂျဒ်၏ဘေးတွင် ကပ်၍လိုက်ပါလာသည်။

နောက်ဆုံးမှ ရောဒ့ကီက လိုက်လာသည်။

"ဒီစက်ရုံက တစ်နှစ်တစ်နှစ် ဝင်ငွေဒေါ်လာ ငါးသန်းရ တယ်။ အားလုံးအလိုအလျောက် လည်ပတ်ခုတ်မောင်းတယ်"

သူတို့ပိုက်လိုင်းအနီး ကပ်လာမိလျှင် အသံများက နားမ ခံသာအောင်ပင် မြည်ဟီးနေသည်။

ကိုက်တစ်ရာခန့်အကွာတွင် သစ်တုံးကြီးများကို ခွဲစိပ်သည့် စက်ရှိသည်။

ထိုစက်က သစ်တုံးကြီးများကို ခွဲစိပ်ပေးပြီး ခွဲပျဉ်များကို ပိုက်လိုင်းထဲသို့ ပို့ပေးလိုက်လျှင် ပိုက်လိုင်းက လေဖြင့်စုတ်ယူ လိုက်လေသည်။

"သစ်တုံးဘယ်လောက်ကြီးကြီး ဒီစက်က ၃၆ လက်မ





ပိုက်ကြီးနဲ့ဆန့်အောင် ဖြတ်တောက်ပေးလိုက်နိုင်တယ်"

ဒီမာကိုးသည် သူ့အိတ်ထဲမှာ သုံးဆယ့်ရှစ်ဗို့ ခြောက်လုံး ပြူးတိုကလေးကို ထုတ်ယူလိုက်ပြီး . . .

"အင်ဂျယ်လီ"

ဟု ခေါ်လိုက်သည်။

အင်ဂျယ်လီက လှည့်ကြည့်လိုက်သည်။

"ကဲ . . ဖလောရီဒါကို သွားပေရော့"

ဟုပြောလျက် ရင်ပတ်တည့်တည့်ကို သေနတ်နှင့် ပစ် ထည့်လိုက်သည်။

အင်ဂျယ်လီ၏ ရှပ်အင်္ကျီအပေါက်တစ်ပေါက်တွင် သွေး များစွန်းသွားသည်။

အင်ဂျယ်လီမှာ ဘာဖြစ်သည်ကိုမသိသေးသလို အပြုံးတစ် ဝက်နှင့် စောင့်ဆိုင်းနားထောင်ဟန်ဖြင့် ရပ်နေသည်။

ဒီမာကိုးက နောက်တစ်ချက် ပစ်လိုက်မှ အင်ဂျယ်လီသည် လဲကျသွားတော့သည်။

ဒီမာကိုးက ရောဒ့ကီးကိုခေါင်းညိတ်ပြလိုက်စဉ် ရောဒ့ကီးက အင်ဂျယ်လီကို ပခုံးပေါ်ထမ်းတင်လိုက်ပြီး ပိုက်လိုင်း အဝသို့ သယ်သွားသည်။

ပိုက်လိုင်းကြီးက ကြောက်မက်ဖွယ်ရာအသံကြီးနှင့် လေကို စုတ်ယူလိုက်နေရာ ရောဒ့ကီးက နှုတ်ခမ်းဝသံမကျဲ လက် ကိုင်ကို ဆွဲထားပြီးမှ အင်ဂျယ်လီကို ပိုက်လိုင်းအဝသို့ ပို့ပေး လိုက်သည်။

ပိုက်လိုင်းထဲမှစုတ်အားဖြင့် အင်ဂျယ်လီ၏ခန္ဓာကိုယ်ကို စုတ်သွင်းယူသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ရှောကီးက ပိုက်လိုင်းနှုတ်ခမ်းအနီးရှိ ခလုတ်ကို လှည့်လိုက်သဖြင့် ပိုက်လိုင်းကြီးက အစုတ်ရပ်သွားတော့၏။

“အင်ဂျယ်လီက တော်တော်ဖျင်းတဲ့အကောင်ပဲ၊ ရဲတွေက သူ့နောက်ကိုအပူတပြင်းလိုက်နေတယ်၊ သူ့ကိုတွေ့သွားရင် ကျုပ်တို့ဆီကို သူလမ်းညွှန်ပြရမှာပဲ မဟုတ်လား”

ဒီမာကိုးက အေးအေးဆေးဆေး ဂျဒ်ကိုရှင်းပြနေသည်။

စကားဆုံးလျှင်ပင် . . .

ဒီမာကိုးက ဂျဒ်ဘက်သို့လှည့်လိုက်ပြီး သေနတ်ကို ချိန်ရွယ်လိုက်သည်။

သူ့မျက်နှာပေးက မြင့်မြတ်သောအမှုကို ပြုရမည့်သူကဲ့သို့ ထင်မှတ်စရာဖြစ်နေသည်။

သူ့အတွက် လူသတ်ခြင်းက ဘာသာရေးခံစားချက်တစ်ခု ဖြစ်နေဟန်တူသည်။

ဂျဒ်က သူသေရမည့်အချိန် ရောက်လာပြီဟု နားလည်သွားသည်။

သူသေရမည့်အတွက် ကြောက်ရွံ့ခြင်းတော့ မဖြစ်ပါ။

သို့သော် . .

ဤကဲ့သို့သော လူစားက အသက်ရှင်နေပြီး ‘အန်’ ကဲ့သို့သော မိန်းမနှင့် အခြားအပြစ်မဲ့လူများကို သတ်နေဦးမည့်အတွက် ဒေါသအမျက်ထွက်လာသည်။

သူက ထောင်ချောက်ထဲ၌ မိနေပြီး သူ့ကိုဖမ်းဆီးထားသူကို သတ်လိုသည်ဆန္ဒ ပြင်းပြနေသည့်သတ္တဝါနှင့် တူလှသည်။

ဒီမာကိုးက ဂျဒ်၏စိတ်ထဲ၌ ပေါ်ပေါက်နေသော အတွေးများကို ရိပ်မိသည့်အလား ပြုံး၍ကြည့်နေသည်။



“ခင်ဗျားရဲ့ ဗိုက်ကိုပစ်ဖောက်လိုက်မယ်၊ ဒါမှ ခင်ဗျား တော်တော်နဲ့အသက်မထွက်ဘဲ အင်နီအတွက်ပူပန်ပြီး သောကရောက်နေနိုင်တယ်”

ဂျဒ်က သူ့ကိုကြည့်ရင်းက အကြံတစ်ခုရလိုက်သည်။

“ဟုတ်တယ်၊ အန်နဲ့အတွက် ပူပန်ရမယ့်သူတစ်ယောက်တော့ ရှိသင့်တာပေါ့။ သူမက ယောကျ်ားစစ်စစ် တစ်ယောက်ကိုမှ မရလိုက်ရှာတာပဲဗျာ”

ဒီမာကိုးက သူ့ကိုနားမလည်သလို စူးစူးဝါးဝါး ကြည့်နေသည်။

“ခင်ဗျားရဲ့ ယောကျ်ားအင်္ဂါက ဘာလဲသိလား၊ ခင်ဗျားလက်ထဲက သေနတ်ပဲ၊ ခင်ဗျားမှာ သေနတ်မရှိ၊ ဓားမရှိရင် ခင်ဗျားဟာ မိန်းမကြီးပဲဗျ”

ဒီမာကိုးသည် ဒေါသအမျက်ပြင်းပြစွာ ထွက်လာသည်။

“ခင်ဗျားမှာ ယောကျ်ားအင်္ဂါမရှိဘူး၊ သေနတ်မရှိရင် ခင်ဗျားဟာ လူရယ်စရာ ဟာသတစ်ခုပဲ”

ဒီမာကိုး၏ မျက်စိတွင် အနီရောင်သန်းလာပြီ။

ရှောကီးက ဂျဒ်ဆီသို့ တစ်လှမ်းချင်းတိုးလာရာ ဒီမာကိုးက ဖယ်ပစ်လိုက်သည်။

“ခင်ဗျားကို ကျုပ် ဟောဒီလက်နှစ်ဖက်နဲ့ပဲ သတ်ပစ်မယ်” ဟုပြောကာ ဒီမာကိုးက သေနတ်ကိုလွှင့်ပစ်လိုက်သည်၊ နောက် ဖြေးဖြေးအေးအေးနှင့် ဂျဒ်ဆီသို့ လှမ်းလာသည်။ ဂျဒ်ကရှောင်ပြီး နောက်ဆုတ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်စင်စစ် . . .

ဂျဒ်က ဒီမာကိုးနှင့် ကာယချင်းယှဉ်ပြိုင်၍ မနိုင်နိုင်ပေ။

သူ့အနေနှင့် ဒီမာကိုး၏ နာမကျန်းဖြစ်နေသည့်စိတ်ကို နှိုးဆွပေးခြင်းဖြင့် သူ့စိတ်အစဉ်ကို ကစဉ့်ကလျားဖြစ်အောင် ပြုလုပ်ရန်သာရှိသည်။

ဒီမာကိုးကို အန္တရာယ်ပေးနိုင်သည့် ဟာကွက်မှာ သူ၏ ယောကျ်ားဂုဏ်တွင် မာနတက်သည့်စိတ်ဖြစ်သည်။

ထိုစိတ်ကို တိုက်ခိုက်ရမည်ဖြစ်သည်။

"ခင်ဗျားဟာ ယောကျ်ားစစ်စစ် မဟုတ်ဘူး၊ လိင်တူတစ်မက်တဲ့ မိန်းမရှာကြီးဗျ"

ဒီမာကိုးက စိတ်မပါဘဲ တမင်ရယ်မောလိုက်ပြီး သူ့ဆီသို့ တိုးလာသည်။

ဂျဒ်က ရှောင်ပေးသည်။

ရှောကီးက သေနတ်ကိုကောက်ကိုင်ပြီး . . .

"ဆရာကြီး . . သူ့ကိုကျွန်တော် လက်စတုံးလိုက်ပါရစေ"

ဟုဆိုသည်။

ဒီမာကိုးက အော်ဟစ်မောင်းနှင်ပစ်သည်။

သူတို့နှစ်ဦးသည် ကွေ့ပတ်ချောင်းမြောင်းပြီး ချက်ကောင်းရှာနေသည်။

ဂျဒ်က ရေစိုနေသော လွှစာမှုန့်များကိုနင်းမိပြီး ချော်အယဲ ဒီမာကိုးက ပြေး၍တိုက်ခိုက်ထိုးကြိတ်သည်။

သူ၏လက်သီးကြီးနှင့် ဂျဒ်၏ပါးစောင်ကို ထိုးလိုက်ရာ ယိုင်သွားသည်။





ဂျဒ်က တဖန် ကိုယ်ဟန်သတ်ပြီး ဒီမာကိုး၏ မျက်နှာကို ထိုးသည်။

အင်အားချင်းက ကွာသည်။

ကိုယ်လုံး ကိုယ်ထည်ချင်းကလည်း မမျှ။

နောက်ဆုံး ဂျဒ်မှာ ခံနိုင်ရည်မရှိတော့ဘဲ လဲသွားသည်။

ဒီမာကိုးက သူ့ကိုခွစီးထားပြီး လက်သီးဖြင့် အားရှိသရွေ့ တတ်ကာထိုးသည်။

"မောပြီလား ဒေါက်တာ"

"ကျုပ်က လက်ဖွေ့သမားတစ်ဦးဗျ၊ ခင်ဗျားကို လက်ဖွေ့နည်း သင်ခန်းစာပေးရမယ်၊ ပထမဦးဆုံး ခင်ဗျားရဲ့ ကျောက်ကပ်ကိုစပြီး ချေရမယ်၊ နောက် ခေါင်း၊ နောက်ဇေး၊ ခင်ဗျား တစ်စိကို ဖောက်ထုတ်ပစ်ရမယ် ဒေါက်တာ၊ ကျုပ် ခင်ဗျားကို ကြိတ်လို့မဝခင်မှာ ခင်ဗျားက သေနတ်နဲ့ ပစ်သတ်ပါတော့လို့ တောင်းပန်ယူရမယ်သိလား"

ဒီမာကိုးသည် သူပြောစကားအတိုင်း ဂျဒ်၏ကျောက်ကပ်ကို ၍ထိုးကြိတ်တော့သည်။

ဂျဒ်မှာ နာကျင်လွန်းအားကြီးလှ၍ သတိပင်လွတ်မည့် ခြေဆိုက်ခဲ့သည်။

❖❖❖

www.burmeseclassic.com

www.burmeseclassic.com



မက်ဂရီဗီတို့သည် လမ်းမကြီး ၂၀၆ ပေါ်တွင် တောင်ဖက်
သို့ရှေ့ရှု မောင်းနှင်နေသည်။

မကြာမီ . . .

ကားတွင်းရှိရေဒီယိုမှ အသံထွက်လာသည်။

"ကိုဒ်သရီး၊ ကိုဒ်သရီး အားလုံးရဲကားတွေ နားထောင်
နယူးယောက် ယူနစ် ၂၇၊ နယူးယောက် ယူနစ် ၂၇"

မက်ဂရီဗီက ရေဒီယိုမိုက်ကရိုဖုန်းကို ကိုင်လိုက်ပြီး . . .

"နယူးယောက် ၂၇ ပြောပါ"

ကပ္ပတိန်ဘာတယ်လီ၏အသံကြားရသည်။

"ကျုပ်တို့နေရာကို အတိအကျသိရပြီ။ မင်းစတုံးရဲ့ တော
ဘက် နှစ်မိုင်အကွာမှာ နယူးဂျာစီ ပိုက်လိုင်းကုမ္ပဏီရှိတယ်။
ကုမ္ပဏီကို ကြယ်ငါးလုံးကော်ပိုရေးရှင်းက ပိုင်တယ်။ အသ
ထုတ်ပိုးရေးစက်ရုံကို ပိုင်တဲ့ကုမ္ပဏီပဲ၊ ဒါဟာ တိုနီဒီမာကို
ဟန်ပြလုပ်ငန်းတွေပဲ"

"ကျွန်တော်တို့ ဂျဒ်ဆီကို သွားနေပါပြီ"

"မင်းတို့နေရာက ဘယ်လောက်ဝေးသလဲ"

"ဆယ်မိုင်"

"ကောင်းပြီ"

မက်ဂရီဗီက မိုက်ကရိုဖုန်းကိုချ ရေဒီယိုကိုပိတ်လိုက်
ကားကိုမောင်းထွက်သွားတော့၏။

❖❖❖



အခန်း (၂၅)

ဂျဒ်၏မျက်စိတွင်

ကောင်းကင်ကြီးက ချာချာလည်သကဲ့သို့ . .

နောက်ပြီး၊

သူ့ခန္ဓာကိုယ်ကြီးကို တူကြီးနှင့်ထုနေသည့်အလား ခံစား
နေရသည်။

ခန္ဓာကိုယ်မှ အစိတ်အပိုင်းများ တစ်ခုစီ ပြုတ်ကျကုန်ပြီ
ားဟု အောက်မေ့မိတော့သည်။

သူသည် အားမာန်တင်းပြီး ပါးစပ်ကိုဖွင့်၍ အော်ပြောလိုက်
န်သည်။

"ကျုပ်ပြောတာ မှန်နေပြီ၊ ခင်ဗျားဟာ လဲနေတဲ့လူတစ်ဦး
သာ တိုက်ခိုက်နိုင်တဲ့ မိန်းမရှာ"

သူ့ကို ထိုးကြိတ်ခြင်း ရပ်သွားပြီး လက်နှစ်ဖက်နှင့်ဆွဲပြီး
တ်ပေးလိုက်သည်။

"ခင်ဗျားဟာ သေလူပဲဒေါက်တာ။ ကျုပ် လက်နှစ်ဖက်နဲ့
ခင်ဗျားကို သေရွာပို့မှာ"

"ခင်ဗျားက တိရစ္ဆာန်ကြီးပဲ၊ နောက်ပြီး စိတ်ရောဂါသည်
ခင်ဗျားကို စိတ္တဇထောင်မှာ ချုပ်ထားဖို့ကောင်းတယ်"

ဒီမာကို၏အသံသည် ဒေါသဖြင့် တုန်နေသည်။

"ခင်ဗျားဟာ လူလိမ်"

"မလိမ်ဘူး၊ ကျုပ်ပြောတာက အမှန်။ ခင်ဗျားဦးနှောက် တ
ယ်ယွင်းနေပြီ၊ ခင်ဗျားစိတ်ဟာ မကြာခင်နောက်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်။ စိတ်မနှံ့တဲ့ကလေးလို ဖြစ်တော့မယ်"

ပြောရင်းနှင့် ဂျဒ်က နောက်သို့ဆုတ်ဆုတ်လာသည်။

သူ့နောက်တွင်

ပိုက်လိုင်းကြီးရှိနေသည်။

ဒီမာကိုးက သူ့ကိုခုန်၍အုပ်လိုက်သည်။ သူ့လက်ကြီးများနှင့် လည်မျိုကို ဖမ်း၍ညှစ်တော့သည်။

"မင်းရဲ့လည်ပင်းကို ချိုးပစ်မယ်"

ဟု ကြိမ်းဝါးလျက် အံခဲကာ ညှစ်သည်။

ဂျဒ်သည် အသက်ရှူမရအောင်ဖြစ်၍ ခေါင်းတွင်မူး နောက်လာသည်။

အသက်ရှူရန်အတွက် ရှိသမျှအားကိုထုတ်ပြီး ဒီမာကိုး၏လက်များကို ဖြည်ရန်စိတ်ကကြံသည်။

သို့သော်ပေမယ့် . .

၎င်းသို့ ပြုရမည့်အစား နောက်ကျောဘက် ကပ်နေသော ပိုက်ပိုင်း လေခလုတ်ကို စမ်းနေသည်။

လည်မျိုညှစ်ထား၍ သတိတလည်း လစ်ကာနီးနေပြီ။

ထိုအချိန်ကလေးတွင် . .

ခလုတ်ကိုတိုင်မိတော့၏။

သူသည် ရှိသမျှအားကိုထုတ်လျက် ခလုတ်ကိုလှည့်ဖွင့်လိုက်ပြီး ဒီမာကိုးကို ပိုက်လိုင်းဝရောက်လာအောင် ကိုယ်တိုတအား လှည့်လိုက်သည်တွင် . . .

ပိုက်လိုင်းကအသံကျယ်စွာဖြင့် စုတ်ယူသည်။ ဂျဒ်က ပိုက်လိုင်းဝရှိ သံမဏိကိုင်းကို အားနှင့်အတင်းဆွဲထားသည်။





သူ့လည်မျိုကို ညှစ်ထားသော ဒီမာကိုး၏လက်များ တဖြည်းဖြည်းပြေကာ အော်သံကြီးကြားလိုက်ရပြီး . . .

ပိုက်လိုင်းကြီးက ဒီမာကိုးကို စုတ်ယူသွင်းသွားတော့သည်။

ဂျဒ်က ထိုနေရာတွင် မတ်တပ်ရပ်လိုက်ပြီး မလှုပ်မရှားနိုင်အောင် ပင်ပမ်းနွမ်းနယ်သွားသည်။

နောက် ရောကီးထဲမှသူ့ကိုပစ်သတ်မည့် သေနတ်သံကို နားထောင်နေသည်။

မကြာခင် . .

သေနတ်သံကြားလိုက်ရသည်။

သူက ရောကီးတစ်ယောက် ဘာကြောင့်မှန်အောင် မပစ်နိုင်ပါလိမ့်ဟု အံ့ဩနေစဉ် သေနတ်သံများ ထပ်ကြားရသည်။

ပြေးသံ လွှားသံများကြားရသည်။

နောက်ပြီး သူ့နာမည်ခေါ်သံကို ကြားရသည်။

တစ်စုံတစ်ယောက်က သူ့ကိုလာပြီးဖက်လိုက်ကာ မက်ဂရီဗီ၏ အသံကိုကြားရသည်။

"ဘုရားရေ . . . သူ့မျက်နှာကိုကြည့်ကြပါဦး"

နောက် သန်မာသောလက်များက သူ့ကိုအော်မြည်နေ သော ပိုက်လိုင်းနားမှ ဆွဲခေါ်ယူသွားလေသည်။

သူ့ပါးပြင်ပေါ်တွင် ယိုစီးကျလာသည်ကို သူသိလိုက် သည်။ မျက်ရည်လော . . မိုးရည်လော . . ဘာပဲဖြစ်ဖြစ် သူ ဂရုမစိုက်တော့ပါ။

အားလုံးပင် ပြီးဆုံးသွားပေပြီ။

သူက ဖူးယောင်ပိတ်နေသော မျက်စိတစ်ဘက်တို့ဖြင့် မော့ယူ



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ပြီး မက်ဂရိုဗိကို ကြည့်ကာ . .

"အန်က သူ့အိမ်မှာ ဗီမာကိုးရဲ့ဇနီးလေ . . သူဆီသွားမှ ဖြစ်မယ်"

ဟု ပြောလိုက်သည်။

မက်ဂရိုဗိက ရဲကားဆီသို့လျှောက်သွားကာ ရေဒီယိုအသံလွှင့်စက်ကိုကိုင်ပြီး ညွှန်ကြားချက်များပေးလိုက်သည်။

ဂျဗ်က မတ်တပ်ရပ်လျက်က ယိမ်းထိုးနေသည်။ သူ့ရှေ့တွင် မြေပေါ်၌လဲနေသော အလောင်းတစ်ခုကိုတွေ့ရသည်။

သူက ရော့ကီးဗက်ကရိုဖြစ်သည်ကို သိသည်။

"ကျုပ်တို့နိုင်ပြီ"

ဟု သူကတွေးမိသည်။

"ကျုပ်တို့နိုင်ပြီ . . ကျုပ်တို့နိုင်ပြီ"

ဟု စိတ်ထဲမှ ရေရွတ်မိသည်။

သို့ပေမယ့် အမှန်တာ အောင်နိုင်လိုက်ခြင်းကတော့ ဘာမှ အဓိပ္ပါယ်မရှိသည်ကို သူသိပါသည်။

ဘယ်လိုအောင်နိုင်ခြင်းလဲ။

သူစဉ်းစားသည်။ သူကိုယ်သူ ယဉ်ကျေးသော လူသားဆရာဝန်၊ ရောဂါများကို ကုသပေးနေသူသည် အရိုင်းအစိုင်းတိရစ္ဆာန်အသွင်သို့ ပြောင်းသွားကာ သတ်ဖြတ်လိုသည့်စိတ်များ လွှမ်းမိုးခဲ့သည်။

စိတ္တဇနာရှိသူကို အရှုံးပါးဖြစ်သွားအောင် လုပ်ပြီးနောက် သတ်ခဲ့သည်။ တစ်သက်လုံး ဤအပြစ်ကြီးကိုထမ်း၍ သယ်သွားရဦးမည်။





မိမိကိုယ်ကို ကာကွယ်သည့်သဘောဖြင့်သာ ဤအမှုကို ကျူးလွန်ရသည်ဟု ပြောနိုင်ပေမယ့် သူကိုယ်တိုင်က ဤအမှုကို ကျူးလွန်ရာတွင် စိတ်ကျေနပ်မှုရယူခဲ့သည်။

ထိုစိတ်ထားအတွက် သူကိုယ်သူ ခွင့်မလွှတ်နိုင်တော့ပါ။

ဂျဗ်သည် ပင်ပန်းနွမ်းနယ်လွန်း၍ ရှေ့ဆက်စဉ်းစားခြင်း မပြုလိုတော့ပေ။ သူလိုချင်သည်က အန်ဘေးကင်းရန်ကင်း ရှိပါစေဟူသော ဆန္ဒပင်။

မက်ဂရိုဗိက သူ့အနီးသို့ရောက်လာပြီး . . .

"အန့်အိမ်ကို ရဲကားတစ်စီးသွားနေပြီ ဒေါက်တာ၊ ကျေနပ်ပြီလား"

ဟုမေးသည်။

ဂျဗ်က ကျေးဇူးတင်စွာနှင့် ခေါင်းညိတ်သည်။

မက်ဂရိုဗိက သူ့ကိုတွဲပြီး ကားဆီသို့ခေါ်ဆောင်သွားလေသည်။

မိုးလည်းတိတ်သွားပေပြီ။

ကောင်းကင်မှာလည်း လင်းလက်လာခဲ့သည်။

အနောက်ဘက်ကောင်းကင်တွင် နေရောင်ခြည်က ထွန်းလင်းလာချေပြီ။

လှပသော ခရစ္စမတ်ပွဲတော်ချိန်ကြီး ရောက်ပေတော့မည်။

ပြီးပါပြီ။

ဝင်းနိုင်ဦး (နေနံ)



www.burmeseclassic.com